
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဒေါ်ထွေးထွေးသိမ်း(မြ-၀၀၈၂၇)<br>ငွေမှုံကြယ်စာပေ၊အမှတ်-(၅၄၅)၊ကျောင်းလမ်း<br>၄/တောင်ရပ်ကွက်၊သာကေတမြို့နယ်၊ရန်ကုန်။<br>တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ | - | ဦးကျော်ရင်(မြ-၁၀၀၉၈)<br>(ရွှေခြသေ့ပုံနှိပ်တိုက်)<br>အမှတ်-၁၇၉၊၃၁လမ်း၊(၁၁)ရပ်ကွက်<br>ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ၂၀၁၇ခုနှစ်၊ဇန်နဝါရီလ။ |
| အုပ်ရေ | - | ၅၀၀အုပ် |
| တန်ဖိုး | - | ၁၀၀၀ကျပ် |
| ဖြန့်ချိရေး | - | မိုးသောက်စာပေ<br>အမှတ်-၂၂၃၊၃လွှာ၊၃၁လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။<br>ဖုန်း-၀၉၅၁၆၃၇၆၄၊၀၉၅၀၈၉၈၉၄ |

သျှင်မ ၈၉၅.၈၃
အချစ်နဲ့သာသာသက်ဆိုင်သည်၊သျှင်မ၊ရန်ကုန်။
ငွေမှုံကြယ်စာပေ၊၂၀၁၇။
(၃၂၄)စာ၊၁၅စင်တီမီတာ × ၁၈စင်တီမီတာ
(၁)အချစ်နဲ့သာသာသက်ဆိုင်သည်


# သျှင်မ

<u>စာရေးသူ၏အမှာစာ..၊</u>

'အချစ်နဲ့သာသာသက်ဆိုင်သည်' ဇာတ်လမ်းနှင့်ပတ်သက်၍ စာဖတ်ပရိသတ်များကို ကြိုတင်အဖွင့်အမှာစကားဖြင့် လေးစားစွာ ပန်ကြားအပ်ပါသည်။

ဤဇာတ်လမ်းတွင် ပါဝင်သောရွာငယ်နှင့် တောလေ့အထာများသည် စာရေးသူကိုယ်တိုင် နေထိုင်သိမြင်ခဲ့ရသမျှ သဘာဝအရင်းခံ အတိုင်းဖြစ်၍ ပြင်ဆင်ထည့်သွင်းခြင်း တစ်စုံတစ်ရာမျှ မပါဝင်ခဲ့ပါ၊ ထို့ကြောင့်..

တစ်ချို့စကားလုံးများ ဖော်ပြချက်များမှာယဉ်ကျေးမှုအနည်းငယ်ပျက်ပြားခြင်း ရိုင်းပြခြင်းများပါဝင်ပါက စာဖတ်ပရိသတ်အပေါ် မလေးစားစော်ကားလိုခြင်းစိတ်ထားနှင့် ရေးသားခဲ့ခြင်းမဟုတ်ကြောင်း စာရေးသူမှ အသိပေးတောင်းပန်အပ်ပါသည်။

နားလည်ခွင့်လွှတ်ကြည်ဖြူနှစ်သက်ခြင်းများစွာဖြင့် 'အချစ်နဲ့သာသာသက်ဆိုင်သည်' ဇာတ်လမ်းအား ဖတ်ရှုအားပေးနိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့သရင်းဖြင့်..

စာရေးသူ

**မိုးသောက်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁)

"ညအရေးမှာ လကလေးကသာတော့..ဟီ..ဟိ.."

"ဘာလဲ..လကလေးကသာတော့..ဟီ..ဟိ..ဆိုတာ.."

"ဟီး..ဟီး၊ဒီညမယ်ပပတို့ရဲ့ဟိုဥစ္စာဘာလဲ၊ ဘာဂျာနိုက်ဆိုလား .."

"ဘတ်(ချ်)လာနိုက်ပါဟာ..အဲ့ဒါယောကျာ်းလေးက လုပ်ရမှာ မဟုတ်ဘူးလား၊ ငါနဲ့ဘာဆိုင်လို့လဲ.."

"အတူတူပါပဲဟာ..ငါတို့ကိုဘာကျွေးမှာလဲပြော.."

"ဘာလို့ကျွေးရမှာလဲ.."

ရောက်ချလာတာလူတွေကတစ်အုံတစ်မကြီး၊ လှေကားခြေရင်းကနေမတ်တပ်ရပ်ပြီးတစ်ယောက် နှစ်ယောက်လက်ညှိုးထိုးရေတွက်လိုက်ပြီး ပပမျက်နှာလေးရှုံ့မဲ့သွားသည်။

"အမေကကြောင်သျှာပွင့်သုတ်လေး လုပ်ပေးထားတာနည်းနည်းလေးရယ်.. နင်တို့ကဆယ်ယောက်တောင်မှ..အဲ့ဒီတော့ငါ့အိမ်ကကြောင်သျှာပွင့်သုတ် စားလိုက်တဲ့သူ ဘယ်သူဆိုတာ.."

"ပပ..ငါ့အမေကနွားပေါက်လေးတစ်ကောင်တောင်မှ လက်ဖွဲ့ထားတာနော်.."

"မိပပ..ငါ့မှာငါတောင်တစ်ခါမှ မဝတ်ရသေးတဲ့ယောထမီလေး လက်ဖွဲ့ထားတာ.."





"အမလေး..သူ့ထမီက အလွန်ဆုံးတန်မှငါးထောင်ခြောက်ထောင်ပေါ့ ..ငါလက်ဖွဲ့ထားတဲ့ချိတ်က လေးသောင်းကျော်ပေးရတာသိလားပပ.. မြို့ပေါ်ကဒေစီကျော်လင်းပိုးထည်ဆိုင်ကနော်.."

"ဟား..ဟား..ရယ်ရတယ်၊ သူ့အစ်မဘွဲ့ယူတုန်းက ဝတ်ထားတာပပရေ၊ ဘယ်နှစ်နှစ်ရှိပြီလဲ တွက်ကြည့်ပါဦး.. မမစုတောင့်သမီးဦးလေးသုံးနှစ် ပြည့်နေပြီ၊ဟား..ဟား..ဟား.."

"ဟုတ်တယ်.. ဟုတ်တယ်၊ အဲ့လေးသောင်းက ရေလျှော်လို့မရ..နေရာတကာ ဝတ်လို့မရနဲ့၊ ခုဆိုတိုက်ဆွေးကြီး ဖြစ်ချင်ဖြစ်နေမှာ..ယောကျာ်းနဲ့လက်ချင်းချိတ်ပြီးများ အလှူမင်္ဂလာ ဆောင်ဝတ်မသွားလိုက်နဲ့နော်..လူတွေကြားထဲများ ဗွမ်းခနဲကွဲထွက်သွားမှ..ဟီး..ဟီး.."

"မိအေးနော်..ငနှာမ..နင်တွေ့မယ်.."

"ဘာလဲ၊ ဟား..ဟား၊ ခိ..ခိ.."

စိမ်းလဲ့အေးနဲ့မှုန်ရွှေရီတို့ တွေ့လိုက်ပြီဆို လိုက်တမ်းပြေးတမ်းနဲ့သာ အဆုံးသတ်တတ်ကာ၊ ခုလည်းသူမတို့နှစ်ယောက်လူစုလူဝေးထဲ ကနေထွက်သွားကြပြန်ပြီ..၊

"သွားပြီ ၊လျော့သွားပြီနှစ်ယောက်.. ရှစ်ယောက်ပဲကျန်တာဆိုရင်တော့.."

"မရဘူး..ဒီထဲမှာငါ့ကိုလုံးဝလက်ဖွဲ့မပေးဘဲ မောင်းတောင်ချိုင့်လေးကိုင် ဟင်းချိုချိုင့်လေးဆွဲနဲ့လုပ်အားလေးပြပြီး အဝတီးသွားတဲ့သူတွေပါသေးတယ်.."

"ငါလား..ငါ့ကိုစောင်းမပြောနဲ့နော်.. အုန်းနို့ခေါက်ဆွဲချက်တဲ့ အုန်းသီးတွေကို ဘယ်သူအလကားပေးတာလဲ.."

"ဒေါ်ယုဆီကဝယ်တယ်လို့ပြောတာပဲ.."

"အံမာ..ဒေါ်ယုကသူ့အုန်းသီးတွေနှသေးတယ်ဆိုပြီး.. ဆယ်



www.burmeseclassic.com

www.burmeseclassic.com



လုံးဆယ့်နှစ်လုံးပဲပေးတာ ငါ့အုန်းခြံထဲကချည်းပဲ.."

"မသိလိုက်ဘူး.."

ပပက လေ့ကားခြေရင်းကနေ ပြန်လည်းမတက်၊ ဆင်းလည်းမလာဘဲ လက်ပိုက်နေသည်..၊ထိုစဉ် အပြင်ကပြန်လာသည့် ဂုဏ်ကလူစုလူဝေးကိုမြင်ကာ.. ၊

"ဘာလုပ်နေကြတာလဲ.."

"ဟာ..ဆရာလာပြီ.."

"ဆရာမိန်းမလေး...ကျွန်တော်တို့ကို.."

"ဒေါက်.."

"အောင်မလေးဗျာ.."

တိုင်သည့်သူစကားမဆုံးခင် ခေါင်းကိုအုပ်ပြီးအော်၏။ ခဲလုံးက အောင်မိုးခေါင်းပေါ်ကနေ ဂုဏ်အကျီအိတ်ထဲသို့ခုန်ဝင်၏။

ရင်ဘက်ကိုတော့ ပစ်မှန်သွားသေးသဖြင့် ခဲကိုလက်နဲ့အုပ်ဖမ်းထားလိုက်မိကာ.. ၊

"ပပ ဘာလုပ်တာလဲ.."

ဒီကောင်မလေးနဲ့ ပတ်သက်လာတိုင်းအမြဲတမ်း ပြောရဆူရမဖြစ်ဘဲမပြီး..၊

"ကျွန်တော့်ကိုဆရာ..ကျွန်တော့်ကိုပစ်ထည့်လိုက်တာ.."

"ဟုတ်တယ်လေ.."

ပပက လက်ဖဝါးလေးနှစ်ဖက်ပွတ်သပ်ခါ၍ မေးဆတ်လိုက်ရင်း.. ၊

"ဆရာ့မိန်းမလေးလို့ဘာလို့ပြောတာလဲ..၊ မိန်းမလေးဆိုတော့ မိန်းမကြီးရှိသေးသလိုလို.."

"ပပ.."





ဂုဏ်မျက်နှာပူသွားကာ လှမ်းအော်လိုက်မိလျက်..၊

"ဘာလဲ..မင်းတို့ခဲဖိုးတောင်းနေကြတာလား၊ ပေးပြီးပြီလေ.."

"ခဲဖိုးမဟုတ်ပါဘူး၊ ဒီညဘတ်(ချ်)လာနိုက်မို့လို့ ဝိုင်းဖွဲ့စားကြမယ်လို့လာခေါ်တာ..အဲ့ဒါ ဒေါ်လေးကလည်းဧည့်ခံဖို့ အသုပ်သုတ်ထားပေးသာနဲ့.."

"ကျွတ်.."

ဝိုင်းတိုင်လိုက်ကြတာ မွစိမွစာတက်နေတော့သည်။ နောက်ဆုံးရွာထိပ်နဲ့ရွာလယ် အဝေးကြီးမှာနေသည့် ပပရဲ့အမေကိုယ်တိုင်ရောက်လာပြီး လက်သုပ်ကိုရော ယူလာသမျှ မုန့်ပဲသွားရည်စာတွေကိုပါ တည်ခင်းကျွေးမွေးလေမှ.. ၊

"ဟဲ့ သိလား..နင်တို့ကိုငါစကားထာဖွက်မယ်၊ ဖော်နိုင်ရင်ငါဖွက်ထားတဲ့ ချောကလက်တစ်ချောင်းလုံးကျွေးမယ်.."

စကားဝိုင်းဖွဲ့ပြီဆိုတာနှင့် ပပတို့နေရာမှမထတော့ပေ..၊လာကသာနေသည်..၊နွားတင်းကုပ်နှင့် စပါးကျီဘက်မှာရော အိမ်နောက်ဖေးမှာပါ မီးတွေအမြဲထွန်းထားသဖြင့် လင်းအားကလည်းအမြင့်ဆုံးဖြစ်နေသည်။

မီးရောင်အောက်မှာ သတို့သမီးဆိုသည့် မယ်ပပ၏ပုံစံကဆံပင်ပခုံးသာသာအဖြောင့်ဒီဇိုင်းလေးနှင့် အဖြူဘက်ပါနေသော မိုးပြာရောင်ဖျော့ဖျော့ ညဝတ်ဘောင်းဘီရှည်ပွပွ အကျီပွပွလေးကို ဝတ်ထားသည်။

ဖွေးနုဝင်းထိန်နေသည့် မျက်နှာလှလှလေးနှင့် စကားအလှန်များတတ်သည့် နှုတ်ခမ်းနီကြာလေးသည် အားလုံးထဲမှာ ထင်းနေသောအလှတရားတို့ကိုဖြစ်စေလျက်.. ၊



www.burmeseclassic.com

www.burmeseclassic.com



"သေချာနားထောင်နော်..မန္တလေးကထွက်လာတဲ့ကားကြီး တစ်စီးကလမ်းမှာပျက်တယ်၊ ခရီးသည်တွေလည်းကားပေါ်ကဆင်းပြီး နားနေကြတုန်း လူနှစ်ယောက်ရန်ဖြစ်ကြတယ်တဲ့..အဲ့ဒါနဲ့ခရီးသည်တစ်ယောက်က အဲ့ဒီနားကတစ်ယောက်ကို သွားမေးတယ်.."

စကားကိုရပ်၍ အားလုံးကိုအကဲခတ်လိုက်သေးသည်..၊စိတ်ဝင်တစားငြိမ်သက်နားစွင့်နေကြတာ မြင်မှဆက်၍..၊

"ရန်ဖြစ်နေတဲ့နှစ်ယောက်က ဘာတော်ကြတာတုန်းတဲ့..အဲ့ဒီတော့တစ်ယောက်ကပြန်ဖြေတယ်၊ ကျွန်တော့အဖေရဲ့သားနဲ့ ကျွန်တော့်သားရဲ့အဖေ.."

"ဟင်..နေဦးလေ၊ ဟဲ့..ငါတို့စဉ်းစားနေတာကို.."

"အေးလေ၊ နေပါဦးပပရဲ့.."

"တော်ပြီ၊ ညောင်းလှပြီ.."

ကွပ်ပျစ်ကျယ်ကြီးပေါ်ကနေ ဆင်းရပ်လိုက်ပြီး ပပကလက်လေးတွေမြှောက်၍ အညောင်းဆန့်သည်။

"နေဦးပပ..ဒီလိုတော့မလုပ်နဲ့.."

"အဲ့ဒါ စဉ်းစားလေ.."

"ဒါလေးများ.."

"ဘာလဲ..ပြော.."

"သိတယ်၊ ငါနီးနီးရလေးသိနေတာ..နေဦး၊ ကျွန်တော့်အဖေရဲ့သားနဲ့ ကျွန်တော့်သားရဲ့အဖေ..အဲ.."

"သိရင်လည်းပြောလေဟာ၊ ဟိုမိန်းမကအထဲဝင်တော့မယ်.."

"ကျွန်တော့်အဖေရဲ့သားဆိုတော့..အဲ.."

"ကျွန်တော့်သားရဲ့အဖေဆိုတော့..အင်း.."

"ဟား..ဟား..ဟား"





ဒါမျိုးဆိုပပတို့ ဝါးလုံးကွဲရယ်လေသည်..၊

ဂုဏ်ကတော့အိမ်ပေါ်မှာ အိပ်ရာထဲသေချာလှဲပြီး မင်္ဂလာဆောင်မှာရိုက်ထားတာတွေကို ပြန်ထိုးကြည့်နေမိသည်။ ဒါတောင်အပြင်ကရယ်သံတွေ အငြင်းပွားသံတွေက အိမ်ပေါ်ထိ အုန်းခနဲ ဝေါခနဲဝင်လာနေသေးသည်။

နာရီမော့ကြည့်လိုက်တော့ ညဥ့်တစ်နာရီခွဲနေပြီ..၊ သူ့သူငယ်ချင်းတွေနဲ့ ဘတ်(ချ်)လာနိုက်ဆိုတာ ဆယ်တစ်နာရီ ကျော်ကတည်းက ပြီးခဲ့ပါပြီ၊ ပပဆိုတဲ့မိန်းကလေးကအပေါင်းအသင်းလည်း မင်သည်။

နှုတ်ချိန်ထိအဆော့ကလည်းသန်သေးသည်..၊ အလောင်းအစားအလျှော်အစားကျတော့လည်း မိန်းကလေးမို့ ကစားဝိုင်းဝင်မပါခဲ့တာပဲရှိသည်။ ဘာလေးပဲအငြင်းအခုံဖြစ်ဖြစ် 'လောင်းမလား'ဆိုတာကရှေ့က.. ၊

ပိုဆိုးတာက သူများလို့ဂုက်ချက်ဆို သိပ်ဖော်ချင်သည်။ သူ့ရှေ့မှာဖုံးလားဖိလားလုပ်သွားပြီဆို ဒါကိုမရမကလိုက်ဖော်မည်။ တစ်ယောက်တည်းနဲ့မရရင် အုပ်စုဖွဲ့မည်။

မယ်ပပ ဆိုတဲ့ကောင်မလေးမှာ ချောတာလှတာလေးမှလွဲ၍..၊

"ဟယ်..ငါ့ ငါ့ဆံထုံး..ဆံထုံးဘယ်ရောက်သွားလဲ.."

"ပပ နေဦး၊ နင့်ဆံထုံးက နောက်မှာတန်းလန်းကြီး.."

"ဟားဟားဟား.."

"ခစ် ခစ် ခစ်..၊ကောင်းတယ်၊ သူများအစားအသောက်ကို တိုတိုထွာထွာပြေးလွှားကြည့်ပြီး အကုသိုလ်များနေတာလေ၊ ဟောဒီမှာသတို့သမီး ဆံထုံးအတုကြီးပြုတ်ကျသွားပြီ..လာကြည့်ကြပါဗျို့.."

"သေနာလေး..လာခဲ့.."



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား.."

ဆံထုံးမှာစံပယ်ပန်းလေးခွေလျက် လှတပတလေးပါ၊ ဒါပေမယ့်ရှိတ်ထမီကို လက်နှစ်ဖက်နဲ့စုံကိုင်'မ'၍ ဖိုးခွေးနောက်ကိုအတင်းလိုက်သည့်ပုံစံက ဆံထုံးကဂုတ်ပေါ်မှာ ခမောက်ကြီးချိတ်ထားသလို..၊

"ဟား ဟား ဟား.."

ဗီဒီယိုကြည့်နေရင်း ဂုဏ်တစ်ယောက်တည်းရယ်နေမိသည်။ သူရောသူမရောဒီရွာသားတွေပဲဖြစ်ရဲ့သည်။ အသက်အရွယ်မတူကြသည့်အလျှောက် ငယ်ငယ်တုန်းက ကစားကြပြီဆိုလည်း.. ၊

"အဲ့ဒီကောင်မလေးမပါစေနဲ့၊ အငြင်းသန်တယ်.."လို့ပြောပြီး ဝင်မဆော့ခိုင်းတဲ့ထဲမှာ သူကထိပ်ဆုံးက.. ၊

"ဂုဏ်ရှောင်ထည်ဆိုတဲ့ကောင်ကြီးကို ငါတအားမုန်းတယ်" ဆိုတာလည်းပပပဲပြောရဲတာဖြစ်သည်။

လူပျိုပေါက်တွေဖြစ်လာတော့လည်း ပပကတော့ကလေးသာသာ.. ၊

"ဂုဏ်ရှောင်ထည်ကြီးကို မကြိုက်နဲ့မမပိုး၊ အဲ့ဒီလူကြီးမှာ ဝဲတွေရှိတယ်.."

"ဟုတ်လို့လားဟယ်..ဂုဏ်ကဖြူဖြူခန့်ခန့်ကြီးပါ.."

"ဘယ်ကလာ..ညည့်ဆို ပပတို့ ဖိုးခွေးတို့ကိုစာလာသင်ပေးတာလေ၊ အမလေး..ခြေထောက်ကိုဟောသလိုဆင်းပြီး တဗျင်းဗျင်းကုတ်တာသိလား၊ စာတောင်ကောင်းကောင်းမသင်ပေးနိုင်ဘူး၊ ဟီး.. ဟီး.."

ရည်းစားလေးတစ်ယောက်ထားခွင့်ရမလိုရှိခဲ့သည်။ မယ်မင်းကြီးမကြောင့် ပျက်ခဲ့ရ၏။ သူကလည်း မညာတတ်တော့ ပိုဆိုးသည်။

"အံမယ်..ပပ ညာပြောတာမဟုတ်ပါဘူးနော်၊ မေးကြည့်ပါ





လား..၊သူ့ခြေထောက်မှာ.."

"ဟုတ်လားဂုဏ်.."

လို့ ပိုးလေးကမေးတာနှစ်ခါမမေးရ..၊

"အဟွန်း..နည်းနည်းပါးပါးပါ.."

ဆိုသည့်အဖြေရသွားတာနှင့် ပိုးလေးတို့လက်ပြသွားလေသည်..၊ သူ့ကိုအဲ့လိုလာဘ်ပိတ်အောင် အမျိုးမျိုးကြံဆောင်၍ အမုန်းပွားခဲ့သည့်မယ်ပပ၊ တကယ်တမ်းက နေပူလွန်းပြီး ရေတွေခမ်းတော့ ကန်သင်းထဲမှာ ရေနည်းနေသဖြင့်အင်းတွေချောင်းတွေကနေ ရေရအောင်လူကြီးတွေ ကြိုးစားနေတိုင်း သူလည်းပါဝင်နေရကာ ရေကြောင့်ယားနာတွေ ဖြစ်လာခဲ့တာဖြစ်သည်။

"မင်းကလည်းမင်းပဲ၊ ပပရှေ့မှာမှတဗျင်းဗျင်းကုတ်နေရသလား.."

"မကုတ်ရပါဘူးကွာ၊ အဲ့ဒီကောင်မလေးအပိုအလိုတွေသိပ်ပြောတာ တစ်ချီချီတော့ လဲနေအောင်ကိုနားရင်းအုပ်ထားဦးမယ်.."

သူချည်းပဲကြိမ်းဝါးသည်။ ခံလိုက်ရတာလည်း သူချည်းပဲဖြစ်၏။

"ဟောဒီမှာဒေါ်ဒေါ်သဲရေ..ဂုဏ်ရှောင်ထည်ကြီးပပကို လုပ်မလို့လိုက်လာတယ်၊ ဓါးရင်းတုတ်ကြီးနဲ့.."

သူမပဲကိုယ့်အိမ်ရောက်လာသည်။ ကိုယ်ဘာသာအပြစ် တွေလုပ်ထားပြီး သူတုတ်ကိုင်ပြီးထွက်လာတာမြင်တာနှင့်၊ အော်ပြေးတာလူကြားမကောင်း..၊

တကယ်ကိုငယ်သံပါအောင် အော်တော့တစ်ရွာလုံးအုံးအုံးကျွတ်ကျွတ်နှင့်..၊

ရွာမှာ ပပတို့မိသားစုက မဟာဆန်ဆန်နေထိုင်တတ်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည့်ချမ်းသာဆုံးမိသားစုဖြစ်သည်..၊လူကြီးတွေကရည်မွန်ယဉ်ကျေးကြသလောက် မောင်နှမနှစ်ယောက်ထဲမှာ သမီးအငယ်ဆုံးလေးပဲ ကျန်ခဲ့တာမို့ အလိုလိုက်ထားခဲ့ကြ၏။ ပျော်သလိုနေ ထင်သလိုဆော့လွတ်လပ်ခွင့်အပြည့်ပေးထားသည်..၊

သားအကြီးလေးရလာတုန်းက သူတို့ရဲ့စည်းမျဉ်းစည်းကမ်းတွေအတိုင်း စိုးရိမ်စိတ်တွေနဲ့ ချုပ်ချယ်တင်းကျပ်ခဲ့ကြသည်..၊ ထို့ကြောင့် လူလားမြောက်စအရွယ်မှာပဲ လူကြီးတွေမသိအောင် ရထားလိုက်ခိုးစီးကြရင်း အရှုမလှသေဆုံးသွားခဲ့၏။

ပပလေးကို နောက်လေးငါးနှစ်ကျမှ ထပ်ရခဲ့ကာ သူ့အစ်ကိုလိုဖြစ်သွားမည်စိုးသဖြင့် တည့်မတ်ဆုံးမတာလောက်သာ စည်းကမ်းထားခဲ့သည်။

ကျန်တာအားလုံးကိုလွတ်လပ်ခွင့်အပြည့်နှင့် သူမရဲ့ဘေးမှာအထိန်းတော်လိုမိန်းကလေးတစ်ယောက် ယောကျ်ားလေးတစ်ယောက်အမြဲပါနေရကာ..၊

"ဟေး..ရပြီ ရပြီ၊ ပေး..ပေး ဘယ်မှာလဲ၊ ချောကလက်.."

"မရှိဘူး.."

"ဟာ..မရဘူး၊ မညစ်နဲ့ မညစ်နဲ့နော်၊ ဖိုးခွေး ဆွဲထား.."

"ခစ် ခစ် ခစ်.."

"ဒုန်း ဒုန်း ဂျိမ်း.."

အိမ်ပေါ်တက်ပြေးလာပြီး တံခါးပိတ်လိုက်တာ တစ်အိမ်လုံးသိမ့်သိမ့်တုန်သွား၏။

"အမလေး..မောလိုက်တာ.."

"ဝုန်း.."

"ဟ.."





အသံတွေနဲ့အတူ လူအနားရောက်လာတာနှင့် ခုတင်ပေါ်ထိုင်ချလိုက်တာ ကျိုးပြီလို့ထင်မိတဲ့အထိ..၊

ဂုဏ် လှဲနေရာကနေငေါက်ခနဲ ထထိုင်လိုက်မိလျက်..၊

"ဘယ်လိုဖြစ်လာတာလဲ၊ ညဥ့်နက်သန်းခေါင်ကျမှ.."

"ငတ်နေကြတာလေ၊မကြားဘူးလား..သူများစားချင်လို့သိမ်းထားတဲ့ချောကလက်ကိုများ.."

"ညည်းမကျွေးချင် မပြောနဲ့ပေါ့.."

"ဘယ်တော့မှမကျွေးတာသိသားနဲ့ သူတို့ကလည်း ငတ်မှငတ်.."

"ငတ်လို့တော့ဟုတ်မလား၊ ဒီလိုညမျိုးဆိုတာ ပျော်ချင်ပါးချင်လို့လုပ်ကြတာပဲ.."

"အောင်မလေး..စကားများလိုက်တာ၊ စာသင်ချင်ရင်မနက်မိုးမလင်းခင် ကျောင်းကိုထပြေး၊ ဒီမှာ..ဒီကဘွဲ့ရပြီးသား.."

ပြောပြောဆိုဆိုနှင့် အိပ်ရာထဲဝင်လှဲပစ်လိုက်သည်..၊ စောင်ကိုခါးပေါ် ဆွဲတင်ပြီးမှပြန်လှည့်ကြည့်ကာ..၊

"ဒီမှာ ပန်ကာကိုအရှိန်လျှော့ပြီး သားမွေးယပ်လေးနဲ့ ခပ်နေသလိုပဲထားပေးနော်..လေကြမ်းကြမ်းတိုးနေရင် မအိပ်တတ်ဘူး.."

"မအိပ်နဲ့လေ၊ မင်းအတွက်လိုတိုးပိုလျှော့လုပ်ပေးနေရအောင်သူကိုညစောင့်ဒလဝမ်မှတ်နေလား.."

"စောင့်ရမှာပေါ့.."

ပပကလည်းစောင့်ခနဲထထိုင်လိုက်ကာ၊ ခြုံထားသည့်စောင်ကိုစုလုံးထွေးပြီး ရင်ခွင်ထဲမှာပဲပြန်ပိုက်လိုက်၍..၊

"သူများခိုင်းလို့ရတဲ့ ဖိုးခွေးတို့မေကျော်တို့ကို ရှင်ပဲမလိုပါဘူးမပိုပါဘူးပြောလိုက်တာ၊ ဒီက သူများကိုလက်ညှိုးထိုးခိုင်းနေကျ.."



www.burmeseclassic.com

www.burmeseclassic.com



“အံမာ..”

“အခု ရှင်ကြီးက သူတို့တာဝန်ကို ကိုယ့်သဘောနဲ့ကိုယ် လက်လွှဲယူခဲ့တဲ့အတွက်..”

“အပိုတွေလျှောက်ပြောမနေနဲ့၊ နှစ်ဘက်လူကြီးတွေသဘော တူလို့ ပေးစားခဲ့တာ ခင်ဗျားလေးကိုဘယ်သူကလိုချင်လွန်းလို့လဲ..”

“ရှင်ကြီးပဲ နေမှာပေါ့..”

ပပကစကားပြောပြီဆို မျက်စောင်းနဲ့အရင် အင်ထရိုဝင်သည်။ မဲ့ပြစ်ပြီးမှ ပြောရတာကိုသဘောကျ၏။

“ဟွန်း..သူများကိုလက်ထပ်ချင်လွန်းလို့တစ်ရွေ့နှစ်ရွေ့ ခုန်နေတာမသိတာကျလို့..”

“ဟား ဟား ဟား..”

“အဲဒါပဲ လူကြီးရှက်တော့ရယ်..”

ရှက်လို့ရယ်တာမဟုတ်ပါ၊ မယ်ပပကလေးလို ဆိုးတာလည်း လက်လန်သည်။ လည်သည့်နေရာမှာလည်း သူ့အပြင်နှစ်ယောက်မရှိ..၊ တည့်တည့်ကြီး အရိုက်ထိသွားပေမယ့် ဂုဏ်စိတ်မဆိုးဘဲ ရယ်နေမိသည်။

သူကလည်းတကယ်ပါ.. ၊

ဒီကောင်မလေးကိုမှ ဘာဖြစ်လို့ရင်ခုန်နေမိမှန်းမသိ..၊ ကျောင်းသွားတက်နေတာ ဘွဲ့ရတဲ့အထိပဲဆိုပေမယ့်၊ ရန်ကုန်မြို့နဲ့သူတို့ရွာက နေ့ချင်းပြန်လို့တောင်ရသည်မို့ မကြာခဏပြန်လာဖြစ်သည်။

သူမနဲ့အမှတ်တမဲ့တော့ တွေ့နေရတာပဲဖြစ်သည်၊ ဒါပေမယ့် ဘာမှထူးခြားတယ်လို့မဟုတ်ဘဲ ရွာကိုကျောင်းဆရာအဖြစ်ပြန်ရောက် လာကာမှ ဟိုတုန်းကမတည့်တာတွေ သူမကတစ်ကနေ ပြန်စပြီးလူကို မြင်တိုင်း ရန်သူကြီးလို.. ၊





သူ့ဘက်ကတော့ သူမနဲ့ခြားနားစွာဖြင့်.. ၊

“ဒေါက်..ဒေါက်..”

“လာပြန်ပြီ..နှစ်နာရီထိုးတော့မယ်၊ ဘယ်သူလဲ..”

“ဆရာ ကျွန်တော်တို့ပါ..”

“ဟင်..”

ဂုဏ်မျက်လုံးပြူးသွားသည်၊ ကြည့်လိုက်တော့ ပပကစောင် စုံကိုင်ပြီး ပက်လက်အတိုင်း လှဲချလိုက်တာဒိုင်းခနဲ..၊သူ့တံခါးထ ဖွင့်လိုက်တော့ စောင်ထုပ်တွေတစ်ထုပ်စီ ပိုက်လျက်ဖိုးခွေးနဲ့မကျော် တို့မောင်နှမ.. ၊

“မင်းတို့က ဒီအချိန်ထိဘာလို့..”

“ပပနဲ့ အိပ်မလို့ပါ..”

“ဘာ..”

ဖိုးခွေးသည် ပိန်ညှပ်ညှပ်မိန်းမလျာပုံလေးပေါက်နေတဲ့အ ကောင်း စိတ်ကလည်းဘာမှမထူး.. ၊

“ပပပေါ့၊ ကျွန်တော်တို့ကို ခါတိုင်းလိုပဲလိုက်အိပ်ရမယ်ဆို ပြီး..”

“ဟား..”

“ပပ..ဆရာ..ပပ..”

မကျော်ကပျာပျာသလဲပြောရင်း အိပ်ရာကထလာသည့်မျက် နှာနှင့်မျက်တောင်တွေကို ဖိခတ်ပွတ်သပ်၍.. ၊

“ကျွန်မတို့ကအပြင်မှာပဲ အိပ်နေတာပါ၊ အဲဒါ..သူလေ၊ ငါတို့ စကားများနေသံကြားရင် တက်လာခဲ့တဲ့..”

ကြည့်စမ်း.. ၊

“ဆရာက လည်းပင်းညှစ်နေမှာစိုးလို့တဲ့..”



www.burmeseclassic.com

www.burmeseclassic.com



"ပပ.."

ဂုဏ်ဒေါသထွက်လာကာ ပပဆီပြန်လှည့်သွားပြီး စောင်ကို ဆွဲခွာပစ်လိုက်လျှင်..၊

"အနီစွန်ကြီး.."

တင်ပါးနားကိုကုတ်နေသည့် လက်လေးမြောက်ခနဲဖြစ်သွားကာ ငုတ်တုတ်ငေါက်ခနဲ.. ၊

"ရှင်ကြီး သူများစောင်ကိုဘာလို့လာဆွဲတာလဲ.."

ရယ်ချင်သွားသည့်ဂုဏ်မျက်နှာကြီးက ရယ်ချင်ပက်ကျိဖြစ်သွားတာသိသာနေလျက်.. ၊

"ခင်ဗျားလုပ်ချင်ရာလုပ်နေမယ်မှန်း မသိလို့ပေါ့၊ ဒီမှာလူတွေ မိုးတိုးမတ်တပ်ကြီးတွေပဲ ရှိသေးတာ.."

"လူတွေမိုးတိုးမတ်တပ် ရှိနေတာကိုစောင့်ပြီးကုတ်ရအောင်.. ယားတာကလူရှင်းအောင်စောင့်ယားတာမဟုတ်ဘူး၊ ရှင်ကြီးတောင်မယ် ပပအတင်းတုတ်လှချေရဲ့ဆိုပြီး ဒီမိန်းမရှေ့မှာမှ ခြေနှစ်ချောင်းဆင်းပြီး တဗျင်းဗျင်းကုတ်ခဲ့ရတာလေ.."

"လျှောက်ပြောမနေနဲ့၊ သူများကိုပြောရဖို့ဆို ဟိုးရှေးရှေးတုန်းကကိစ္စတွေလည်း မမေ့ဘူး.."

"ဟွန်း..မိန်းကလေးစောင်ခြုံထားတာကို မပြောမဆိုဆွဲခွာပြီး သူများအလစ်ငိုက်နိုက်ချွတ်နေတာတွေ အလစ်ငိုက်ကြည့်ချင်လို့.."

"မင်း..နော်.."

"အား..လုပ် လုပ်ကြပါဦး.."

"ဟာ ကြည့်စမ်း၊ ဟော့..ညဦးနက်သန်းခေါင်ကြီးကြည့်စမ်း.."

ရုက်ရုက်နှင့်သူမဘေးကို ထိုင်ချလိုက်မိပါသည်..၊သံဖြူကြီးနှင့်ထအော်သဖြင့် ဂုဏ်အလန့်တကြားပါးစပ်ပိတ်ထားရလျှင်.. ၊





"ဖိုးခွေး..လုပ် လုပ်ပါဦး၊ ငါ့ကိုလည်ပင်းညှစ်..ဂစ်..ဂစ်.."

"ဆရာ..ဆရာမလုပ်ပါနဲ့.."

ဖိုးခွေးကလည်း ဂုဏ်ကိုယ်လုံးကွယ်နေသဖြင့် တကယ်လည်ပင်းညှစ်နေပြီထင်ကာ ခုတင်ပေါ်အတင်း ခုန်တက်သည်။

"တကယ်လုပ်နေတာလား.."

မေကျော်မျက်လုံးပြူးသွားကာ ကိုင်ထားသမျှကိုလွှတ်ချပစ်၏။

"ဆရာနော်..အဲ့လိုတော့အနိုင်မကျင့်နဲ့၊ ပပကိုလွှတ်လိုက်.."

သူမအော်လိုက်ရင်း ခုတင်ပေါ်ခုန်တက်လိုက်လျှင်.. ၊

"ကျွိ..ဂျွတ်..ဝုန်း.."

"အား..သေပါပြီ.."

လူလေးယောက်ခုန်ပေါက်တက်သည့် အားတွေ ကိုမခံနိုင်ဘဲခုတင်ကျိုးကျကာ၊အိမ်ကြမ်းခင်းကနေ တစ်ထပ်လုံးသိမ့်သိမ့်ဘုန်းသွားလျှင်.. ၊

"ဟဲ့..ဟိုဘက်အိမ်က ဘာသံလဲ.."

"ပပနဲ့ဆရာတို့ပဲဖြစ်မယ်၊ သူတို့..သူတို့.."

"ဂုဏ်တို့အိမ်ကလား၊ ကိုထွန်းခင်ရေ..သွားကြည့်ပါဦး၊ လင်မယားသတ်ကုန်ပြီလား၊ ဒီကောင်မလေးကကလေးစိတ်ရယ်.."

ပတ်ဝန်းကျင်အိမ်အသီးသီးမှာ မီးတွေလင်းလာခဲ့ကြလျက်.. ၊

"ဟားဟားဟား..ဆရာတို့လင်မယားခုတင်ကျိုးကြတာ.."

"အောင်မလေးဟဲ့..မယ်ပပတို့လင်မလိုချင်လို့ပဲ.."

"ဟား ဟား ဟား.."

ညတွင်းချင် သတင်းကြီးသွားခဲ့လျက်..သန်းခေါင်ကျော် ရယ်သံများဖြင့်.. ၊

¤ ¤ ¤ ¤



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂)

"ဟာ..ဆရာ့.."

"ဆရာဂုဏ်လာပြီ.."

"ဟဲ..ဟဲ.."

ခါးကနာနေသည်..၊ 'ဟဲ..ဟဲ' ဆိုသည့်ပြုံးစိစိမျက်နှာတွေသွားတွေအဖြီးသားဖြစ်မလာဖို့ အားတင်းလျှောက်ခဲ့ရင်း ကိုယ့်စားပွဲရောက်တော့ ရုတ်တရက်ထိုင်လို့တောင်မရ.. ၊

မယ်ပပ ကြိုလ်ကောင်မလေး.. ၊

"ဆရာ.."

"ဘာလဲ၊ အဲ..ဆောရီး၊ ကျွတ် ဆောရီးဆရာမ..ကျွန်တော်.."

"အဟွန်း..ရပါတယ်၊ ဆရာနေမျှားမကောင်းလို့လားဟင်..မျက်နှာမကောင်းလို့.."

"ကောင်းပါတယ်၊ ခါး..အဲ ကြက်ဟင်းခါးသီးဝယ်ဖို့ သတိရလို့.."

"ဆရာကကြက်ဟင်းခါးသီးဝယ်မယ်၊ ဘာလုပ်မလို့လဲဆရာ..ဆရာစားချင်လို့လား.."

"အင်း ဟုတ်တယ်၊ စားချင်လို့..ဟိုလေ အခါးလည်းကြောက်





တော့.."

"ဒါများဆရာရယ်၊ စိတ်ချ..မနက်ဖြန်အနီထမင်းချိုင့်ထည့်လာခဲ့မယ်၊ လုံးဝမခါးစေရဘူး.."

"ဟာ..နေပါစေ၊ ဆရာမကညှော်သည်ပဲ ကျွန်တော်ကတောင်ပြန်ပြီး ညှော်ခံကျွေးမွေးရမှာကို.."

စကားသာပြောနေရပေမယ့် ခါးထဲကသပ်ထိုးထားသလိုတောင့်နေတာ ခံရခက်နေလေသည်..၊ ဆရာမနီနီဦးကလည်း ရင်နီးခင်မင်နေကြသဖြင့် မိတ်ဆွေဝတ္တရားကျေဖို့သာ ကြိုးစားနေသည်ဖြစ်ရာ..၊

"အနီ့ကိုအားမနာပါနဲ့ဆရာရယ်..ဆရာ့မင်္ဂလာဆောင်မှာစိတ်ကူးထားသလောက် လက်မဖွဲ့လိုက်နိုင်လို့ အနီကစိတ်မကောင်းဖြစ်နေတာ.."

"မဟုတ်တာဆရာမရယ်..ရပါတယ်၊ ကျွန်တော်.."

လွတ်လွတ်လပ်လပ်သာ နာကျင်ခွင့်ရပါလျှင် 'အ' ဆိုသည့်အသံထွက်သွားလောက်သည်..ဒါပေမယ့် သူခပ်ဖြည်းဖြည်းထိန်းပြီးထိုင်လိုက်ကာ..၊

"ဆရာ.."

"ဟင်..ဗျာ.."

"ဆရာနေရတာ တစ်ခုခုအဆင်မပြေဖြစ်နေတဲ့ပုံပဲ..မင်္ဂလာဆောင်ပြီးကာစပဲ လေးငါးရက် တစ်ပတ်လောက်တော့ နားလိုက်ပါလား.."

လာပြီ မင်္ဂလာဆောင်ကိစ္စ.. ၊

ဆရာမနီနီဦး ညကကိစ္စကိုကြားထားလို့များ ဒါကိုစနောက်ဖို့ဒီထိရောက်အောင်ဆွဲယူ ပြောနေတာလား။ သူမရိုးရိုးပြောနေတာလား၊ ဆန်းဆန်းလားတော့ မသိပေမယ့် နီနီဦးမျက်နှာကို ဂုဏ်သေချာပြန်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိ၏။

ထိုစဉ် ဆရာမျိုးမင်းနဲ့ကိုထူးနိုင်တို့ သူ့အတန်းထဲဝင်လိုက်လာကြကာ..၊

"ကဲ ဆရာမဒေါ်နီနီဦးတောင် အကဲခတ်မိပြီဆိုတော့..မင်းဖုံးဖိမနေနဲ့တော့.."

"ဟုတ်တယ် ခါးနာလာသလား၊ ကျောအောင့်လာသလား..မင်းမျက်နှာကြီးမှာပေါ်နေတာ ဝန်ခံလိုက်.."

"ဟာ..ကိုမျိုး.."

ဆရာမကိုအားနာသွားသဖြင့် လှမ်းတားလိုက်မိသည်။ ထိုအခါကျမှ ပိုအဆင်ဆိုးကာ နီနီဦးယောကျ်ားလေးချင်း ဘာတွေပြောနေကြတာလဲဟု တွေးမိသွားပြီး.. ၊

"အနီက ရိုးရိုးမေးတာပါနော်.."

ရှက်ကိုးရှက်ကန်းပြောပြီး တစ်ချိုးတည်းလစ်တော့သည်။

"မနီ မဟုတ်ဘူးဗျ၊ ညက ဂုဏ်တို့လင်မယား.."

"ဟော့လူ.."

မျိုးမင်းပါးစပ်ကြီးကို အသည်းအသန်ထပိတ်ရရင်း ခါးကလည်းအောင့်နေကာ..၊

"ဘာတွေလျှောက်နှောက်နေတာလဲကွာ.."

"ဟ..ငါကမိန်းကလေးတစ်ယောက်ရှေ့ထားပြီး မဟုတ်ကဟုတ်ကတွေပြောစရာလား၊ ဘာလဲ..မင်းကရောညက ခုတင်ကျိုးတယ်ဆိုတာ မင်းတကယ်သောင်းကျန်းမိလို့လား.."

"ကိုမျိုး.."

"ဒေါသတွေထွက်ပြမနေနဲ့..မေးတာကိုပဲဖြေ.."

အနယ်နယ်အရပ်ရပ်က လာရောက်ပြီးတာဝန်ထမ်းဆောင်





နေကြတာပေမယ့် မျိုးမင်းတို့နဲ့ဂုဏ်က သူငယ်ချင်းတွေလို ရင်းနှီးနေကြသာဖြစ်သည်။

"ပြောစမ်းပါ..ခါးနာနေတယ်မို့လား.."

"ခါးနာတာက ရိုးရိုးနာတာကွ.."

"ဖြစ်ရလေ ကိုယ့်လူရာ.."

သေချာရှင်းပြတော့လည်း စုတ်သတ်ကာရယ်နေကြလျက်၊ မသုံ့တဲ့သူကမယုံ၊ ယုံပြန်တော့လည်း..၊

"မိန်းမရကာမှ ခါးကဘာမှမဟုတ်ဘဲနာရတယ်လို့.."

ကိုထူးနိုင်ကရယ်ကာ.. ၊

"ဒီမှာဂုဏ်..မင်းဒီကျောင်းကစာသင်ခန်းမှာပဲ ဆရာကြီးလိုနေစမ်းပါကွာ၊ ကိုယ့်မိန်းမကိုတော့ တခမ်းတနားကြီးချစ်မနေနဲ့ ငတ်သွားလိမ့်မယ်.."

"ဟား.."

"အချစ်ငတ်မှာကိုပြောတာပါ၊ စာတွေးတွေးစမ်းပါ..ဟဲ ဟဲ.."

ကျောင်းဆရာတွေဆိုပေမယ့် အချင်းချင်းစုမိကြပြီဆို နာမည်တွေပဲခေါ်ကြပြီး ကျောင်းတုန်းကသူငယ်ချင်းတွေလို တရင်းတနှီး.. ၊

"မယ်ပပဆိုတဲ့ချာတိတ်မလေးက အရမ်းလှလို့'မယ်ပပ'လို့နာမည်ပေးခဲ့တာတဲ့၊ ငါတို့ကဒီရွာသားမဟုတ်ပေမယ့် သိပါတယ်ကွ.."

"ဟုတ်တယ် ခုလည်းလှတာပဲဟာ၊ မိန်းကလေးတွေရဲ့အလှက ရင့်ကျက်မှုရှိလာလေလှလာလေပဲ၊ ပင်မှည့်သစ်သီးတွေလိုပေါ့ဗျာ.."

"ပြီးတော့ ပုတ်ပြဲပြုတ်ကျကုန်ရော.."

"ပုတ်ပြဲပြုတ်ကျတာက မိန်းမမှမဟုတ်ပါဘူးကိုယ့်လူရာ..သတ္တဝါတိုင်းက အနိစ္စလောကထဲမှာ အိုကြနာကြသေကြမှာချည်းပဲ.."

"ဟုတ်ပဗျာ..ဟုတ်ပ၊ ဟဲ..ဟဲ ဒါပေမယ့်မိန်းမရခါစလူပျိုကြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ တရားတွေဟောပြီး သံသရာလွတ်လမ်းမပြပါနဲ့ဦး၊ တော်ကြာ မိန်းမရကာမှ ခါးနာရတာလည်း 'ဒုက္ခ' ဆိုပြီးတောထွက်သွားပါဦးမယ်.."

ဂုဏ်ကရယ်လိုက်ရင်း မျက်နှာလွှဲ၍.. ၊

"ထွက်စရာလား.."

"ဟော.."

"ဟုတ်လား..ငါထင်တယ်၊ ရုပ်ကြီးက ဟားဟားဟား.."

"ဒါဆိုလည်း ခြေသွက်လက်သွက်လေးရှိစမ်းပါ၊ မင်္ဂလာဦးညမှာ ရန်ဖြစ်ပြီးတော့ ခုတင်ကျိုးရတယ်လို့.."

"ပြောပါဦးဂုဏ်ရ..မင်းကသူ့ကိုချစ်တယ်မို့လား.."

"မပြောတတ်ဘူး.."

"ပြောတတ်ပါတယ်ကွာ၊ မင်းမျက်နှာကြီးကို နှလုံးပီတိဂွမ်းဆီနှစ်နေတာအသိသာကြီး.."

"ကိုမျိုး.."

ကိုထူးနိုင်က မျိုးမင်းကိုအံ့ဩသလိုကြည့်ကာ..၊

"နှလုံးပီတိဂွမ်းဆီထိ မဟုတ်ဘူးလား.."

"ဟုတ်ပေမယ့် သူကထိရှုထိတာလောက်မကဘူး၊ ဒါတောင်ဝန်မခံချင်လို့.."

"တော်ပါတော့ကွာ၊ ဟိုမှာကျောင်းသားတွေ အတန်းထဲဝင်လာကြတော့မယ်.."

"ကလေးတွေကမင်းတို့မင်္ဂလာဆောင်ကို စိတ်မဝင်စားပါဘူး သူတို့ကဆရာစားပွဲကို နားစွင့်နေမှာလည်းမဟုတ်ဘူး.မေးတာကိုဖြေစမ်းပါ၊ ဘယ်လိုလဲ.."

"ဘာ.ဘယ်လိုလဲလဲ၊ ချစ်တာမချစ်တာ ကိုယ့်ဟာကိုယ်





တောင်စိတ်မဝင်စားဘူး.."

"လာပြန်ပြီ.."

"အေးလေ၊ ငါတို့ကယောကျာ်းလေးချင်းမို့လို့.."

"ငါဆိုမင်းထက် နှစ်နှစ်စောပြီး မိန်းမယူတာနော်၊ အိမ်ထောင်ရေးနဲ့မိန်းမအကြောင်း မင်းထက်အများကြီးပိုနပ်တယ်၊ အိမ်ထောင်ကျပြီဆိုရင် မိန်းမတွေအများကြီးလိုက်ယူဖို့မလိုဘူး၊ အဲ့ဒီမိန်းမနဲ့တင် အများကြီးအကြောင်းသိလို့ရတယ်.."

"အင်း..ပြောပါဦး.."

"သိချင်ရင်လည်း သိချင်တယ်ပေါ့ကွာ၊ ပြောပြလို့သာနားထောင်ရမှာလိုလို.."

မျိုးမင်းအသံကြီးကြောင့် ဂုဏ်ကရယ်ကာ.. ၊

"ဘာပဲဖြစ်ဖြစ် မင်းလည်းပြောချင်တယ်မို့လား.."

"အေးပါ၊ နားရှိတော့လည်းထောင်ဖို့တာဝန်လေးယူပေါ့၊ ကျေးဇူးပါပဲ.."

စိတ်ကတိုတော့ ရွဲ့လိုက်မိသေးသည်..ပြီးမှ.. ၊

"မိန်းကလေးတိုင်းက အတူတူပဲကွ.."

"ဟုတ်တယ်၊ မင်းပြောမှသိတာ.."

"ဟား ဟား ဟား.."

"လာမယ်လေ၊ ပြောဖို့ပတ်ပျိုးတာ ဘာရယ်တာလဲမင်းက.."

"ဟားဟားဟား.."

ကိုထူးနိုင်ရယ်ပဲရယ်နေကာ.. ၊

"မှတ်ထားနော်ဂုဏ်..မိန်းကလေးတိုင်းအတူတူပဲတဲ့.."

"ငါပြောချင်တာက ကြီးကြီးငယ်ငယ် သူတို့ရဲ့အတွင်းအပြင်.."



www.burmeseclassic.com

www.burmeseclassic.com



"သိတယ်..အတူတူပဲ.."

"ဟား ဟား ဟား ဟား.."

ဒီတစ်ခါ ကိုထူးနိုင်ထရယ်လိုက်တာ အတန်းထဲဝင်ထိုင်သည့် ကျောင်းသားလေးတွေပါ တအံ့တသြလှမ်းကြည့်ကြလေသည်။

ပြီးတော့ သုံးယောက်စလုံးရယ်နေမိကြကာ.. ။

"ဟုတ်တယ်၊ ငါကလည်းစကားကို ဒီနေရာမှာပဲတစ်တစ်နေတယ်.."

"အံမယ်..ခုမှရှပ်ကြီးက.."

မျိုးမင်းရယ်နေကာ ကိုထူးနိုင်ပခုံးကို လှမ်းထိုးလိုက်ပြီး..၊

"ခွေးကောင်တွေ..ငါပြောတာက ပပကငယ်ပေမယ့်.."

"လာပြန်ပြီ..မင်းစကားကိုကြီးတာငယ်တာတွေထဲက ထွက်လို့မရဘူးလား.."

"ကောင်မလေးကငယ်နေလို့..ဒီကောင်က သူ့ကိုယ်သူငါကြီးတယ်ဆိုပြီး.."

"တော်ပြီ တော်ပြီ..မပြောနဲ့တော့.."

"မဟုတ်ဘူးဂုဏ်..မင်းအကြောင်းငါသိတယ်၊ လင်နဲ့မယားဖြစ်နေကာမှ ငါကြီးတယ်ဆိုပြီး သိက္ခာပုဒ်ကြီးတွေနဲ့ ဆက်ဆံနေလို့မရဘူးကွ၊ အထူးသဖြင့် မိန်းကလေးတွေက သူတို့ကိုငယ်တယ်ပြောရင် မကြိုက်ဘူး.."

"ဟုတ်လားဂုဏ်..မင်းအဲ့လိုသွားပြောမိသလား.."

"မပြောမိဘူးထင်တာပဲ.."

"ကိုထူး..မင်းတို့ကိုငါအကောင်းပြောနေတာ..ငါကြီးတဲ့လူ ကဗဟုသုတဖြန့်ဝေနေရင် သေချာနားထောင်.."

"တောက်..ကွာ.."





ဟင်..၊

သုံးယောက်စလုံးနားရွက်တွေ ထောင်သွားကြသည်..၊ဘယ်က တက်ခေါက်သံလဲ..၊

ထိုစဉ် သူတို့ဘေးက ပြတင်းပေါက်မှာ ရှာသားစိန်တုတ်၏ မျက်နှာကြီးပေါ်လာကာ..၊

"ဆရာ ဟား..အတော်ပဲ၊ ဆရာ့မိန်းမကျွန်တော့်ကို လုပ်ချလိုက်တာဆရာ.."

"ဟင်.."

"ဘာလုပ်ချလိုက်တာလဲကွ..မင်းလိုပြိတ္တာပေါက်ကြီးကို.."

စိန်တုတ်က မျိုးမင်းကိုလှည့်ကြည့်၍..၊

"ဟုတ်တယ်၊ ပြိတ္တာပေါက်ဖြစ်ဖြစ် ဂေါ်ဇီလာလောက်ကြီးကြီး အဲ့ဒီကောင်မလေးကဘယ်သူမှ ဂရုမစိုက်ဘူး..လူကကြည့်တော့နုံပြည်စုတ်လောက်.."

"ဟိတ်ကောင်လေး..ဆရာဂုဏ်ကသူ့ယောကျ်ားနော်.."

"မတတ်နိုင်ဘူးဗျာ..ဆရာ့မိန်းမကတော်တော်ကိုဇွာတာ.."

"အခုဘာတွေဖြစ်လာလို့တုန်း.."

"မဏ္ဍာပ်ဆောက်ထားတဲ့လက်ခ ကျွန်တော်သွားတောင်းတာ မပေးနိုင်ဘူးတဲ့.."

သူတို့တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြ၏။ ဂုဏ်က မျက်မှောင်ကုတ်သွားလျက်..၊

"အဲ့ဒါတွေကိုအမေရှင်းပေးပြီးပြီမဟုတ်ဘူးလား.."

"ဒီမနက်မှအားလုံးရှင်းပေးနေတာလေဆရာရဲ့၊ မဏ္ဍာပ်သမားအားလုံးကိုရှင်းပေးပြီး ကျွန်တော့်အတွက်ကျတော့မပါဘူး.."

"ဟေ့ကောင်..မင်းကမဏ္ဍာပ်အငှားသမားတွေနဲ့ ဘာဆိုင်



www.burmeseclassic.com

www.burmeseclassic.com



လို့လဲ.."

"အေးလေ..မင်းကလည်း.."

"ဆရာတို့ရယ်..ဒီလိုပဲဝိုင်းကူဝိုင်းလုပ်ပေးနေကြတာ.."

"အေး..အဲ့ဒါသူများတွေတောင်းကြလို့လား.."

စိန်တုတ် မကြည်မလင်မျက်နှာဖြစ်လာကာ ကြားဝင်ဝင်ပြောနေသည့်မျိုးမင်းကို ဘုကြည့်ကြည့်၏။

"သူများတွေက ရပ်ကြည့်နမ်းဖြူးလုပ်သွားတာကိုး၊ ကျွန်တော်ကခါးတောင် မြှောင်အောင်ကျိုက်ပြီး.."

"ကဲပါ ဟုတ်ပါပြီ..ရော့ ရော့.."

စောစောစီးစီး ကျောင်းဝင်းထဲထိလိုက်ပြီး ကြွေးတောင်းခံနေရသဖြင့် ဂုဏ့်မျက်နှာကတည်တည်ကြီး ဖြစ်နေခဲ့လျက်.. ၊

"ရပြီလား..အဲ့လောက်.."

ပေးလိုက်သည့်တစ်ထောင်တန်သုံးရွက်ကို မြင်မှပွတ်သပ်ပြုံးကြည်သွားကာ.. ၊

"ဒါလေးပေးလိုက်ရင်ရပြီဟာကို ဆရာ့ပပလေးကဘာပြောလဲသိလား၊ မထ္တာပ်ဆောက်ဖို့အတွက် ပစ္စည်းရောအလုပ်သမားပါ ငှားထားတာထပ်မပေးနိုင်ဘူးတဲ့၊ ဖင်ကြားညပ်အောင်ခါးတောင်းကျိုက်ပြီးပိုက်ဆံတောင်းချင်လို့ လုပ်အားပြနေတာမသိတာ ကျလို့တဲ့.."

စိန်တုတ်က ခပ်ပေါပေါယောင်ချာချာရယ်ပါ.. ၊

ပိုက်ဆံမရခင်ကဒေါသတွေထွက် တက်ခေါက်နေပြီး၊ ရသွားသည့်မျက်နှာမှာဒေါသမပါတော့ဘဲ ရှုံ့တွတွကြီးဖြစ်နေလျက်.. ၊

"ဖင်ကြီးတပြောင်ပြောင်နဲ့ လိုက်ကုန်းပြီး.."

"ဟေ့ကောင်.."

"ဆရာ့ပပပြောတာ ပြောပြချင်လို့ပါ၊ ကျွန်တော်ဒီတိုင်းပဲ ခါး





ထောင်းကျိုက်တတ်တဲ့ဟာ ဖင်ပေါ်အောင်တမင်ကျိုက်တာ မုန်းလွန်းလို့ဘဲ၊ မြန်မြန်ထွက်မသွားရင် ရိုက်လွှတ်မှာဆိုပြီး ပုဆိန်ရိုးကြီးထဆွဲတာ ဗျ.."

"ဟား ဟား ဟား.."

တားနေသည့်ကြားက စိန်တုတ်ကစကားကို ဆုံးအောင်ပြောသွားသေးသည်။ မျိုးမင်းတို့ကရယ်နေကာ.. ။

"စိတ်ညစ်သွားတာလားဂုဏ်.."

"ဒါညစ်စရာမဟုတ်ပါဘူး..ချစ်စရာလေးပါ၊ ဟားဟားဟား.. မင်းအပျင်းပြေမှာတော့ သေချာတယ်ကွ၊ တစ်ခုပဲရှိတယ် ပုဆိန်ရိုးစာမမိအောင်တော့ရှောင်ပေါ့.."

ရယ်သံတွေကြောင့် ပြုံးနိုင်ဖို့တော့ကြိုးစားပါသည်၊ ဒါပေမယ့် စိတ်တိုတာသာကျန်ရစ်ခဲ့လျက်.. ၊

ဒီကောင်မလေးကြောင့်ခက်သည်။

ပြောတာဆိုတာ နေထိုင်တာတွေကို သူဘာယ်လိုပြုပြင်ပေးရမလဲ.. ၊

သူမကို သူလည်းနိုင်တာမဟုတ်.. ၊

¤ ¤ ¤ ¤



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃)

"အမေ့ ပပရော.."

"မသိလိုက်ဘူးသားရေ..နေ့လည်ထမင်းစားပြီးတည်းက ဖိုးခွေးတို့နဲ့ ထွက်သွားကြတာ.."

စိတ်ညစ်သွားကာ လက်ထဲကအိတ်ကိုရှူးကေ့စ်ပေါ် လှမ်းတင်ထားလိုက်ရင်း...၊

"ဒီကောင်မလေးတော့ မဟုတ်တော့ဘူး.."

ဒေါ်မြတ်နွယ်က ဆန်ကောတစ်ချပ်နဲ့ ပဲတွေပြာနေရင်း မော့ကြည့်၏။

"ဘယ့်နှယ်မဟုတ်တော့တာလဲ..ဘာဖြစ်လို့လဲ.."

"အမေရာ သူ့အပျိုမှမဟုတ်တော့တာ.."

"မနေ့ကမှမင်္ဂလာဆောင်တယ်၊ ဒီနေ့ အိမ်ထောင်ရှင်မကြီးလိုနေနိုင်ပါ့မလားသားရယ်၊ ပပအကြောင်းလည်း မသိတာကျနေတာပဲ၊ မင်းတို့ယောကျာ်းလေးတွေ အဲ့ဒါတွေခက်တာ.."

"ကျွန်တော်က.."

"ဟုတ်တယ်လေ၊ ကိုယ့်ဇနီးမယားဖြစ်လာပြီဆိုတာနဲ့ အဲ့ဒီမိန်းမကကိုယ့်ကိုခြေဆုပ်လက်နယ် ပြုစုရမယ်၊ ခါးဝတ်ပုဆိုးမြွေခွယ်ကျိုးလိုဖြစ်ရမယ်နဲ့ လောဘတွေဝင်လာကြတာပဲ၊ တစ်ယောက်နဲ့တစ်





ယောက်ရာသက်ပန် ပေါင်းစည်းသွားကြတယ်ဆိုတာ နားလည်မှုတွေဖလှယ်ပြီး ညီညွတ်မျှတမှုရှိမှဖြစ်မှာပေါ့..နှစ်ဖက်စလုံးက ကိုယ်လိုချင်တာကိုယ်ဖြစ်ချင်တာချည်း အရယူချင်နေလို့ဖြစ်မလား.."

"အမေ အဲ့ဒါတွေ အမေ့ချွေးမကိုတော့ ပြောမပြလိုက်ဘူးလား.."

"ပြောရမှာပေါ့..ဒါပေမယ့် ခုမြေ့လို့မဖြစ်သေးဘူး၊ သူက သား ထက်အသက်ငယ်တယ်၊ အစတည်းက လွတ်လွတ်လပ်လပ်နေလာခဲ့တဲ့ မိန်းကလေး၊ ပြီးတော့ ခုချိန်မှာသားတောင်မှ ဒီလိုလောဘတွေရှိနေရင် သူမှာလည်း ရယူချင်နေတာတွေ မရှိလဲနေမလား..ဥပမာ သားကသူ့ကို အလေးထားဂရုစိုက်စေချင်တာမျိုး.."

ဒေါ်မြတ်နွယ်က ညည့်ခမ်းမှာသွားထိုင်လိုက်သည့် ဂုဏ့်မျက်နှာကို လှမ်းကြည့်၍..၊

"နောက်ပြီး ငါ့ကိုလာအမိန့်ပေးကြည့်စမ်း၊ လာဆူကြည့်စမ်း..သူ့မိန်းမဖြစ်ပြီဆိုပြီး ခေါင်းငုံ့ခံမယ်ထင်နေရင် ငါ့အကြောင်းသိအောင်ပြလိုက်မယ်ဆိုတာမျိုးတွေ.."

ဂုဏ်က အံ့အားသင့်သွားသလို လှမ်းကြည့်တော့ဒေါ်မြတ်နွယ်ကရယ်လိုက်ပြီး.. ၊

"သိလွယ်အောင်ပြောရရင် နဂါးမှန်းသိအောင်အမောက်ထောင်ပြချင်နေတဲ့အချိန်မျိုးမှာ သားကတစ်မျိုး အမေကတစ်မျိုး ဟိုလိုနေပါ..ဒီလိုလုပ်ပါပြောနေကြရင် ကလေးကဘယ်လိုထင်သွားမလဲ.."

ကလေးတဲ့..၊

သွားပြီ...။

မယ်ပပရဲ့ဆိုးမျိုးကို ကုစရာဆေးမရှိတော့ဘူးဆိုတာ သူနားလည်လိုက်သည်..၊ ဟုတ်နိုးနိုးနဲ့နားထောင်နေပြီးမှ အမေကိုကဒီကောင်



www.burmeseclassic.com

www.burmeseclassic.com



မလေးအပေါ်မှာချစ်မြတ်နိုးမှုများစွာနဲ့ နားလည်နေတာ သူဘယ်သူ့ကိုပြေးတိုင်ရမလဲ.. ၊

"မနက်က ကျွန်တော်စာသင်နေတဲ့နေရာထိ စိန်တုတ်လိုက်ပြီးအကြွေးတောင်းတာ အမေသိလား.."

"သိသားပဲ.."

"သိတယ်.."

ဒေါ်မြတ်နွယ်က ဘေးတံခါးဘက်လှည့်ပြီး ပဲနဲ့ဆန်ကောကိုလှပ်ပြရင်း..၊

"မင်းဆီကပိုက်ဆံရလာတော့ စိန်တုတ်ဒီထိပြန်လာပြောတာပဲ မသိဘဲနေမလား.."

"အဲဒီတော့ ဟိုကောင်မလေးမရှိဘူးလား.."

"ရှိတယ်လေ..ဒါပေမယ့်သူကမပေးသင့်လို့ မပေးဘူးပြောလိုက်တာကို မင်းကထုတ်ပေးလိုက်တော့ စိတ်တိုသွားတာပေါ့၊ ဘာလဲ..ကျေးဇူးတင်တယ်ပြောစေချင်လို့လား.."

"အမေရယ်..အမေပြောလိုက်တာတွေက ပပဘက်ကချည်းပဲ စိန်တုတ်ကပေါ်တောတောလေးပါ.."

"ခွေးတောင် ရူးနေတဲ့ခွေးကိုက်ရင်သေတတ်တယ်သား၊ လူတိုင်းကိုတစ်ပြေးတစ်ညီတည်းထားပြီး ချိန်ဆကြည့်ရဘူး၊ စာနာစိတ်ထားတာကောင်းပေမယ့် ကိုယ့်စိတ်နဲ့နှိုင်းကြည့်တာလည်းမကောင်းဘူး၊ ကိုယ်ခိုးတတ်တိုင်း သူများကိုငြိုးလို့မရဘူးလေ..ကိုယ်မခိုးတတ်လို့သူမခိုးလောက်ပါဘူးလို့ တွက်လို့လည်းမရဘူး.."

"ကျွန်တော်နားလည်ပါတယ်အမေရာ..အမေ့သားအလယ်တန်းပြကျောင်းဆရာဖြစ်နေပါပြီ.."

"ကျောင်းဆရာဖြစ်ဖြစ်..ပါမောက္ခဖြစ်ဖြစ်၊ ကိုယ့်ကိုယ်ကိုသ





ဘိမထားမိတဲ့ လိုအပ်ချက်တွေဆိုတာရှိကြတာပဲ..အဲဒါကိုဘေးလူကမြင်တယ်၊ သူစိမ်းတစ်ရံဆံကအတင်းပြောမယ်၊ မိဘကတော့ဆုံးမမယ်၊ ပြောရင်အေးဆေးနားထောင်နေစမ်းပါသားရယ်..မင်းမှာရှိနေတဲ့လိုအပ်ချက်က 'ငါဆရာကိုဏ်းဝင်နေပြီ'ဆိုတဲ့အသိပဲ.."

ပပအကြောင်းလေးပြောပြီး စိတ်ပျက်ညည်းညူမလို့ပြင်လိုက်မိပါသည်။ ဖြစ်သွားတာသူသာလူဆိုး... ၊

"ကျွန်တော်က စိန်တုတ်ကိုကျေးသင့်ပေးသင့်ပါတယ်လို့ပြောနေတာမဟုတ်ပါဘူး..၊ဒါပေမယ့် သူလာတောင်းတာကျောင်းမှာလေ စိတ်ထဲရှိတာတွေပြောနေလိုက်တာလည်း ကြားလို့မကောင်းတာတွေ.."

"အဲဒါနဲ့ပဲပေးလိုက်ရလားသားရယ်..ပိုက်ဆံကိုအမိကပြောနေတာမဟုတ်ဘူး၊ ဒီကောင်လေးက အားကောင်းမောင်းသန်အရွယ်ကြီးဖြစ်နေသားနဲ့ တခြားလူငယ်တွေလို ဘာတစ်ခုမှလက်ကြောတင်းအောင်လုပ်တာမဟုတ်ဘူး၊ ပြီးတော့..လင်နဲ့မယားဆိုတာတစ်ယောက်အပေါ်တစ်ယောက် လေးစားသမှုထားရတယ်.."

"အဲဒါကို အမေ့ချွေးမလေးသိအောင်ပဲ ပြောပြပါ၊ကျွန်တော်က.."

"သားပဲ အခုမလေးစားကြောင်းပြလိုက်တာလေ၊ လင်ကဖြစ်ဖြစ် မယားကဖြစ်ဖြစ်..တစ်ယောက်ကလက်နဲ့ရေးရင် တစ်ယောက်ကခြေနဲ့ဖျက်တာကောင်းလား၊ ဘေးတစိမ်းတွေရှေ့မှာ တစ်ယောက်ကိုတစ်ယောက် ငြိုငြင်ငေါက်ငမ်းတာမပြုရဘူး..၊တစ်ယောက်ပြောတဲ့စကားကိုတစ်ယောက်ကအလေးထားရတယ်.."

"အမေ့ကိုအဲဒီကိစ္စ ကျွန်တော်ကတိုင်မလို့ ပြန်လာတာ.."

"ပပကတော့မတိုင်ပါဘူး၊ ဟိုကောင်လေးပိုက်ဆံကိုင်ပြီးသာပြောနေတော့ သူ့ဟာသူဒေါသထွက်ပြီး ပြောလွှတ်လိုက်တာကို



www.burmeseclassic.com

www.burmeseclassic.com



အမေကကြားတာ.."

သူကတော့အတိုင်အတော ထူသည်ပေါ့..၊

"တော်ပါပြီအမေရယ်..ကျွန်တော်မပြောတော့ပါဘူး.."

"ဒါကဘယ်ကိုတုံး.."

"ညကအိပ်ပျက်ထားတော့ ခေါင်းတွေမကြည်လို့ပါ.."

ပြောပြီးမှ ကိုယ့်စကားကိုသတိထားမိကာ.. ၊

"ဆရာမျိုးတို့နဲ့ ဦးလူလှဆိုင်က ထလာတာကိုကည့်နက်နေတာလေ၊ အိမ်ပြန်ရောက်တော့ ရန်ဖြစ်ရတာယ်၊ အဲ့ဒါတွေနဲ့အိပ်မရတာကိုပြောတာ.."

"ဟောတော်..အမေကရောဘာကြောင့် အိပ်ရေးပျက်ပါတယ်မေးမိလို့လား..,"

"ပြောပြတာလေ..တော်ကြာအမေတို့ပဲ.."

ရှင်းမှပိုရှုပ်ကုန်သည်။ ဘာဆက်ပြောရမှန်းလည်း မသိတော့ဘဲ အပေါ်ထပ်ကိုတက်လာခဲ့မိ၏။ သားဖြစ်သူရှက်သွားတာကို လိုက်ကြည့်ပြီး ဒေါ်မြတ်နွယ်ပြုံးနေမိသည်..။ပြီးမှ.. ၊

"ပုရုးမရေ.."

"ရှင်..ဒေါ်ကြီး.."

"သွား..နင်တို့အစ်ကိုထမင်းစားမယ်ထင်တယ်၊ ပြင်ပေးထားလိုက်..!"

"ဟုတ်ကဲ့..ဟုတ်ကဲ့.."

"ဟာ..မပြင်နဲ့၊ အစ်ကိုစားမှာမဟုတ်ဘူး.."

အပြင်မှာ ထော်လော်ဂျီလေးကိုရေဆေးနေသည့် ဗညားက ကြားသွားပြီး လှမ်းအော်၏။ ထိုအသံကိုအပေါ်ထပ်ရောက်သွားပြီဖြစ်သည့်ဂုဏ်လည်း ကြားနေရသည်။





"ဒေါ်လေးကလည်း အစ်ကိုကပပလာမှ အတူတူစားမှာပေါ့ဗျာ..တော်ကြာ သူ့မိန်းမကိုစောင့်ချင်တာတောင် ဒေါ်လေးပြောလိုက်တာနဲ့ မစောင့်ရဘဲနေဦးမယ်.."

ဗညားရဲ့စကားကြောင့် ဂုဏ်ပြုံးလိုက်မိသည်။ ပပကိုသူဘာဖြစ်လို့ သဘောကျခဲ့မိမှန်း ကိုယ့်ကိုယ်ကိုတောင်နားမလည်နိုင်ပေ..၊

သူမလေးက သတိမထားဘဲမနေနိုင်လောက်အောင် လှနေလို့လား၊ ကိုယ့်ကိုမကျေနပ်စိတ်များနဲ့ မုန်းနေလို့ပဲစိတ်ဝင်စားသွားမိတာလား၊ကိုယ်တိုင်မသေချာခဲ့ဘဲ လူကြီးချင်းသဘောတူနေကြသည်ဆိုတာ သိလိုက်တာနဲ့ သူချက်ချင်းခေါင်းညိတ်ခဲ့သည်..၊ပြီးတော့ ဒီသီတင်းကျွတ်တာနဲ့ လက်ထပ်ချင်ပါသည်လို့ သူပဲပြောခဲ့တာဖြစ်သည်။

ကိုယ့်ထက်အသက်ငါးနှစ်လောက်ငယ်ပြီး အကြောင်းမယ်အမျိုးမျိုးနှင့် မုန်းတီးနေပါသော သူမလေးကိုမှသူလိုချင်ခဲ့တာ မှားပြီလို့တော့မတွေးမိပေမယ့် စိတ်ညစ်ဖွယ်များနဲ့စတင်လာခဲ့သည့် အိမ်ထောင်ဆိုသောခရီးလမ်းသည်။

"မမြတ်ရေ.."

"ရှင်..လာလေ မမနု၊လာပါ..ထိုင်ပါ.."

သူစဉ်းစားနေတုန်း ပပရဲ့အမေဒေါ်ခင်နုနုရောက်လာသံကြားလိုက်ရ၏။ ထို့ကြောင့် အဝတ်အစားလဲပြီး ပြန်ဆင်းလာခဲ့မိသည်..၊ ဒီခ်ကအုတ်ညှပ်နှစ်ထပ်တိုက်ပေမယ့် အပေါ်နဲ့အောက်ဘာပြောပြောအသံကြားနေရကာ.. ၊

"မမြတ်ပါမသွားဘဲကိုး.."

"ဟင်..ဘယ်ကိုလဲမမနု.."

"သမီးငယ်လေးတို့ ဟိုဘက်ရွာကိုသွားကြတယ်ဆို.."

"ဟုတ်လား..နေ့လည်တည်းကထွက်သွားကြတာတော့



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်၊ ဒါပေမယ့် အေးငြိမ်းတို့လယ်ထဲဘက်မှာပဲ ခါတိုင်း လို စကားဝိုင်းဖွဲ့နေကြတယ်မှတ်တာ..”

“ဂုဏ်ရော..”

“သားခုနပဲ ပြန်ရောက်တယ်မမနု..”

ဒေါ်ခင်နုနုမျက်နှာမကောင်းဖြစ်သွားကာ အိမ်ပေါ်တောင် တက်မလာနိုင်ဘဲ တံခါးဝမှာပဲရပ်နေလျက်.. ၊

“ခက်တော့တာပဲ..မိုးတောင်ချုပ်တော့မယ်မမြတ်ရယ်..”

“အဲ့ဒါ ကျွန်မအပြစ်ပါ..တကယ်ဆို..”

“မဟုတ်တာမမြတ်ရယ်..သမီးအတွက် ကျွန်မတကယ်မျက်နှာပူမိပါတယ်၊ သူ့အဘိုးကလည်းမြေးကိုစိတ်မချတိုင်း အိမ်ထောင်ချပေးရမလား့ဆိုပြီး တဗျစ်တောက်တောက်နဲ့..”

ဒေါ်မြတ်နွယ် မျက်နှာပျက်သွားကာ..၊

“ဦးလေးက ကျွန်မတို့ကိုများငြိုငြင်နေသလားမမနုရယ်..”

“မဟုတ်ဘူးမမြတ်..အဲ့လိုမဟုတ်ပါဘူး၊ သူကသမီးငယ်ကို ခုချိန်ထိကလေးလို့ပဲထင်နေတော့၊ ဘယ်နေရာမှာမှ အဆင်ပြေပြေနေတတ်မှာမဟုတ်ဘူးဆိုပြီး မြေးဘက်ကစိတ်ပူနေတာပါ..၊ မိသားစုထဲမှာ ဘယ်လိုဆိုးဆိုး သူစိမ်းတွေနဲ့ကျတော့..”

“အဲ့ဒါမျိုးတော့ စိတ်မပူပါနဲ့မမနုရယ်၊ ကလေးအကြောင်းကို တစ်ရွာလုံးကသိတယ်၊ ချစ်လည်းချစ်ကြ..နားလည်းလည်ကြပါတယ်၊ သည်းမခံနိုင်လောက်အောင်လည်း ဘာမှမဆိုးပါဘူး..၊ခုကိစ္စကတော့ သူတမင်ဦးတည်သွားတာ မဟုတ်ဘဲပြီးတော့မှ စိတ်ကူးပေါက်ပြီးဆက်သွားကြတာနေမှာပါ..ဟိုဘက်ရွာ ဒီဘက်ရွာကအလှမ်းဝေးပေမယ့်..သူတို့ကလူအုပ်စုတောင့်တော့ သွားနေကျလမ်းတွေပဲဆိုပြီး..”

ဒေါ်မြတ်နွယ်ရှင်းပြနေတာကို နားထောင်ရင်း ဒေါ်ခင်နုနု





ခေါင်းညိတ်နေရပေမယ့် မျက်နှာပူမိသည်..၊အမေချင်းတိုင်ပင်ပြီးက လေးတွေကိုလက်ထပ်ပေးခဲ့ကြသည်။

‘ဂုဏ်ရောင်ထည်’ ဆိုတာရွာမှာ ဥစ္စပေါ ရုပ်ချောပညာတတ် ဆိုသည့်အရည်အချင်းကောင်းများနဲ့ ပြည့်ဝနေပေမယ့် ကိုယ့်သားသမီး လေးကတော့ မိဘအရှိန်အဝါတစ်ခုတည်းနှင့် တစ်ရွာလုံးရဲ့ ဗွာစော်ကဲ လေးဖြစ်နေတာပါ..၊ရွာမှာလူချမ်းသာနှစ်ဦးရဲ့ သားနဲ့သမီးကို အသက်ဆက်ပေးကြသည်ဆိုတာသတင်းကြီးနေသည်..၊ ဒါပေမယ့် တစ်ချို့မျက်နှာပေါ်က အပြုံးတွေကတော့ ကျောင်းဆရာ နဲ့ဒီလို မိန်းကလေး ဘယ်လိုပေါင်းသင်းကြမှာလဲဆိုသည့် ရင်မောခြင်းတွေနဲ့ ဖြစ်၏။

တော်သေးတာက ဒေါ်မြတ်နွယ်ဆိုသည့် ယောက္ခမကလည်း ရိုးရိုးအေးအေးနှင့် စိတ်ထားနူးညံ့သူမို့..၊

“ဒါဆို သမီးလေးဟိုဘက်ရွာရောက်နေတယ်ဆိုတာ ဂုဏ်မ သိသေးဘူးပေါ့နော်..”

“မသိဘူးမမနု..စိတ်မပူပါနဲ့၊ သားနဲ့အိမ်ကကောင်လေးတွေ ဘိုလိုက်ခိုင်းလိုက်ပါ့မယ်..”

ထိုစဉ် ဂုဏ်အိမ်ပေါ်ထပ်က ပြန်ဆင်းလာသဖြင့်..၊

“ဟော..သား..”

ဒေါ်ခင်နုနုမျက်နှာပြုံးသွားသည်..၊ ပညာတတ်လူငယ်တစ် ယောက်ပီပီ စိတ်ခတ်အဆင့်အတန်းကအစ ဂုဏ့်မျက်နှာပေါ်လွင်နေ ဘာ ဘယ်အချိန်ကြည့်ကြည့် ရှင်းသန့်ကြည်စင်နေတဲ့ကောင်လေး..၊

“သားရယ်..သားညီမလေးကိုအစစအရာရာ နားလည်ပေးပါ နော်၊ သူ့ဘက်ကမှားယွင်းမှုတွေ ရှိနေမှာကိုဒေါ်လေးသိတယ်၊ အဲ့ဒါတွေ အတွက်ဒေါ်လေးကပဲ..”



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ..ပပကကျွန်တော်တို့နဲ့စိမ်းတဲ့လူမှမဟုတ်တာ၊ တစ်ခုပဲဒေါ်လေးကိုပြောချင်တာ.."

သူဒါကိုပြောချင်လို့ပဲ ဆင်းလာတာပါ.. ၊

"ဘာများလဲသားရယ်..ပြောလေ၊ ပြော.."

"သူကပြောရင် နာခံချင်တာမဟုတ်ဘူး.."

"ဟုတ်တယ်..ဒေါ်လေးသိတယ်.."

"ကျွန်တော်နဲ့အပြောအဆို ကတောက်ကဆဖြစ်တဲ့အခါ မိဘအားကိုးနဲ့ ဆိုးဆိုးဆတ်ဆတ်ဆင်းထွက်သွားတာမျိုး ရှိရင်ရှိလာမှာ အဲ့ဒါမျိုးဆို ဒေါ်လေးတို့ကလက်မခံထားဖို့ပါ.."

ဟင်..၊

ပြုံးနေသည့်ဒေါ်ခင်နုနုမျက်နှာ ဒီတိုင်းပြုံးနေရမလို မဲ့ရတော့မလိုဖြစ်သွားကာ.. ၊

"ဟို..သားပြောတာဟုတ်ပါတယ်၊ လင်မယားစကားများတိုင်း အထုပ်ဆွဲဆင်းတာတော့ မလုပ်ရဘူးလေ၊ ဒါပေမယ့်..သားရယ်စကားများရန်ဖြစ်တာလောက်နဲ့တော့ သူဆင်းလာမှာမဟုတ်ပါဘူး.."

ကလေးအရွယ်တွေတည်းက လူကြီးတန်းတွေနဲ့ ဝင်ဆော့ခွင့်မရတာဂုဏ့်ကြောင့်.. ၊

ဂုဏ်တို့တွေကစားနေကြပြီဆို ပပကပါဝင်ကစားခွင့် မရတိုင်းနောက်ယှက်တတ်လေရာ အရွယ်မတူပေမယ့် ငယ်ငယ်တည်းကရန်တကျက်ကျက်ဖြစ်နေခဲ့ကြတာလည်း ပပနဲ့ဂုဏ်ပဲဖြစ်သည်.. ၊

အကြီးမားဆုံးသည် ပပတက္ကသိုလ်တက်ခွင့်မရဘဲ အဝေးသင်နဲ့ပဲ ကျောင်းတက်ခဲ့ရတာလည်း ဂုဏ့်ကြောင့်ဖြစ်ရခြင်းများစွာတို့သည် ပပနဲ့ဂုဏ်ဘယ်သောအခါမှ သင့်မြတ်ခြင်းမရှိခဲ့ရသော အကြောင်းများပဲဖြစ်၏။





အားလုံးကိုခြုံငုံသုံးသပ်ကြည့်ပါလျှင် မသင့်မြတ်ခဲ့သည့်အခြေအလာတွေ ရှိခဲ့သည့်ကြားက သူတို့ကိုပဲလက်ထပ်ပေးခဲ့ကြတာမို့ ရန်ဖြစ်နေခြင်းကတော့ ဆက်လက်ခိုင်မြဲနေမှာပဲ မဟုတ်ဘူးလား.. ၊

ဒေါ်ခင်နုနုရဲ့အတွေးတွေက ဂုဏ်ဘယ်လိုအခြေအနေမျိုးကို ပြောချင်တာလဲဆိုတာကနေ အများကြီးလျှောက်တွေးနေမိခဲ့လျက်.. ၊

"ဒီလိုလေသားရယ်..လင်နဲ့မယားလျှာနဲ့သွားဆိုပေမယ့်၊ တစ်ယောက်ကိုတစ်ယောက် အမုန်းစွဲသွားစေနိုင်တဲ့အထိ လက်ပါခြေပါဖြစ်ကြရင်တော့ မကောင်းဘူးလေ.."

"ဩော်..စိတ်မပူပါနဲ့မမနုရယ်၊ သားကိုယောကျ်ားကောင်းတစ်ယောက်ဖြစ်လာအောင် ကျွန်မအမြဲသွန်သင်ဆုံးမနေတာပါ၊ ပြီးတော့..လူကြီးမိဘတွေကြားမှာ ဒီလိုရိုင်းစိုင်းတာမျိုးလည်း လုပ်လို့မရပါဘူး၊ စိတ်ချပါ..အဲ့ဒါမျိုးမဖြစ်စေရဘူးလို့ ကျွန်မကတိပေးပါတယ်.."

"ကတိတော့လွယ်လွယ်မပေးနဲ့ အမေ.."

ဟင်..၊

ဂုဏ်ဝင်ပြောလိုက်တာကြောင့် ပြုံးလိုက်မိသည့် ဒေါ်ခင်နုနုမျက်လုံးပြူးသွား၏။

"ကျွန်တော်ဆိုလိုချင်တာက ဒီလိုပါ၊ ပပအကြောင်းလည်း ဒေါ်လေးသိသားပဲ..သူကလက်ထရွယ်တာနဲ့ ထအော်ချင်အော်မှာ၊ တော်ကြာမဟုတ်တရုတ်တွေလျှောက်ပြောရင် ဒေါ်လေးတို့ပဲစိတ်ကသိကအောက်ဖြစ်မှာ.."

ဒီစကားကြားမှ ဒေါ်ခင်နုနုဘဝင်ကျသွားပုံရကာ၊ ပပတို့ကိုသူမတို့ပါ လူလွှတ်ရှာခိုင်းမယ့်အကြောင်းပြောပြီး ပြန်သွား၏။

"ဒီကောင်မလေးလုပ်တာနဲ့ လူကြီးတွေမျက်နှာပျက်ရမယ့် အဖြစ်မျိုးရောက်ကြဦးမယ်..တကယ်မလွယ်ဘူး.."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဘက်ကစပြီး ပြောစရာမလုပ်ဖို့ပဲလိုတာသား..၊သူ့သမီးအကြောင်း သူတို့သိသလို၊ ကိုယ့်သားကိုပဲအမေကတော့ သတိပေးရမယ်၊ မိကောင်းဖခင်သားသမီးပီသပါ၊ ယောကျ်ားကောင်းဖြစ်ဖို့ကြိုးစား.."

အိမ်ထဲမှာ လက်နှိပ်ဓာတ်မီးဝင်ယူရင်း ပြုံးလိုက်မိသည်။

'သူကောင်းရင်..ကိုယ်မဆိုးပါဘူး' လို့သာပြောလိုက်ရင် အမေဖနောင့်နဲ့ထပေါက်မလားမသိ..၊

¤ ¤ ¤ ¤ ¤





အခန်း(၄)

သူများရွာကအလှူမှာ နေ့လည်ပိုင်းအငြိမ့်ပါသည်ဆိုလို့ ပြေးလာကြည့်ကြတာဖြစ်သည်..၊တကယ်ဆိုအငြိမ့်ပြီးတာနဲ့ ပြန်လို့ရပေမယ့် ထိုအလှူပွဲမှာ ကိုယ့်ရွာဘုန်းကြီးကျောင်းက ဆရာတော်နှစ်ပါးပါနေသဖြင့် ကပ္ပိယနဲ့ကိုရင်တွေတောင် ထမ်းပိုးလို့မနိုင်နိုင်တဲ့ လှူဖွယ်ပစ္စည်းတွေကို ဝိုင်းကူသယ်ဖို့ဆက်နေဖြစ်ခဲ့ရင်း..၊

"ငါတို့ရွာကိုရောက်ရင်တော့ မိုးချုပ်သွားမှာပဲနော်.."

"ဟုတ်တယ်..ငါတို့ကဖြစ်တယ်၊ ပပကိုခုလောက်ဆို လူကြီးတွေစိတ်ပူနေလောက်ပြီ၊ မင်္ဂလာဆောင်ပြီးကာစလည်းဖြစ်သေး၊ ညကလည်းဆရာနဲ့ရန်ဖြစ်ထားတာ..အိမ်ကဆင်းပြေးသွားတယ်ထင်ရင် ထင်နေမှာ.."

"ဟဲ့..နင်တို့ကပြောပြီးမှ လာကြတာမဟုတ်ဘူးလား.."

"အစက ဒီထိလာဖို့မှစိတ်ကူးမရှိတာ..ပြီးမှစိမ်းလဲ့က အငြိမ့်သွားကြည့်ရအောင် လှည်းကြုံလည်းရှိတယ်ဆိုလို့.."

လှည်းကြုံရှိသော်လည်း ရွာချင်းကူးသည့်လမ်းမမှာ မိုးတွင်းက သစ်ပင်လဲကျပြီး လမ်းပျက်သွားတာကို ပြင်နေတုန်းမို့ လမ်းတစ်ဝက်တောင်မရောက်ဘဲ လမ်းဆင်းလျှောက်ကြရသည်..၊

ခုလည်း ဆရာတော်တွေပြန်ကြွဖို့ကျတော့ လှူဖွယ်ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပါနေသဖြင့် အခက်ကြုံနေခဲ့၏။ နောက်တော့မှ ပပတို့အုပ်စုမှာ ယောကျ်ားလေးနှစ်ယောက်နဲ့ မိန်းကလေးလေးယောက်ရှိနေတာကြောင့် ဝိုင်းကူသယ်ကြမည်လို့ တာဝန်ယူခဲ့သဖြင့်..၊

"ပပတို့ ရရဲ့လား.."

"ဟင်..ရပါတယ်ကပ္ပိယကြီးရဲ့၊ တစ်ယောက်တစ်ဆွဲပဲရှိတာ.. ပေါ့ပေါ့ပါးပါးပါ.."

ကပ္ပိယကြီးက ဆွမ်းဆန်တော်အိတ်ကြီးကို ပခုံးတစ်ဖက်မှာ ထမ်းထားပြီး လာမေးရှာကာ..၊

"အေး အေး..မနိုင်တာရှိရင် ကျုပ်ပခုံးပေါ်ထပ်တင်လိုက်လို့.."

"မတင်ပါဘူးရပါတယ်၊ ဒါကဖြတ်လမ်းလားဟင် ကပ္ပိယကြီး .."

အလှူကပြီးလို့ပြန်ကြတော့ လမ်းတစ်ဝက်လောက်ပဲ နွားလှည်းစီးလို့ရမှာမို့ ခြေကျင်ဆက်လျှောက်ရမည့် လမ်းကိုတွက်ကြည့်ခဲ့သည်..၊

ဖြတ်လမ်းကကြမ်းပေမယ့် ခရီးတိုသည်ဟု ကပ္ပိယကြီးကပဲ အကြံပေးကာ ဆရာတော်တွေလည်း ဖြတ်လမ်းကမဲလိုက်ကြကြတာဖြစ်သည်..၊

"ဟုတ်တယ်..ဒီဘက်မှာလယ်ကွင်းတွေပဲ ဖြတ်ရမှာလေ၊ လမ်းမကနေဆိုရင် သချိုင်းကုန်းမြေဘက်က ကွေ့ထွက်ရမှာ အဲ့ဒီရောက်ရင် နေဝင်ရီတရောဖြစ်နေမှာဆိုတော့ သိပ်မကောင်းဘူးလေ.."

"ဟာ..ဟုတ်တယ်၊ အဲ့ဒါကိုမတွေးမိဘူးကြည့်စမ်း.."

သတ္တိအကောင်းဆုံးဖိုးခွေးက အလန့်တကြားဝင်ပြော၏။ သူတို့အဖွဲ့မှာယောကျ်ားလေးဆိုလို့ သူနဲ့သိန်းဇံပဲပါကာ သိန်းဇံကလည်း လူမကြောက်ပေမယ့် သရဲတော့ကြောက်သည့်သူ..၊





မိန်းကလေးတွေအတွက်အားကိုးဖွယ်ရာသည် ဆရာတော်ကြီးတွေပဲဖြစ်ကာ ခြေလှမ်းတွေသိသာစွာ သွက်သွားကြသည်..၊

"ပပ ငါတို့ကိုစောင့်ဦးလေ.."

"မြန်မြန်လျှောက်ပေါ့ဟ.."

"ဟိုမှာ ဟိုနှစ်ကောင်ကလည်း သချိုင်းသံကြားလိုက်တာနဲ့ ခြေထောက်မှာစက်တပ်လိုက်တာကျနေတာပဲ..ကြည့်ဦး.."

"ဟုတ်တယ်..ငါကသူတို့ကိုပြန်စောင့်ရှောက်မလို့ အမီလိုက်နေတာ.."

"မယ်ပပရယ်..နင့်မှာခြေလွတ်လက်လွတ်လျှောက်နေရ တော့ မြန်လို့ရတာပေါ့၊ ဖိုးခွေးတို့နဲ့အကြောင်းပြကောင်းမနေပါနဲ့.."

"ဘာလဲ..ငါတို့အတင်းပြောနေကြတာလား.."

ပပနဲ့စိမ်းလဲ့အေးတို့ စကားနိုင်လုနေကြတော့မယ့်အဖြစ်မှာ ဖိုးခွေးတို့ပြန်လှည့်မေးလိုက်သည့် မေးခွန်းကြောင့်ဦးတည်ရာပြောင်းသွားခဲ့၏။

"ဟုတ်တယ်..နင်တို့သတ္တိကောင်းတာတွေကို ချီးမွမ်းနေတာ၊ ဟိုမှာခြေလွတ်လက်လွတ်လျှောက်ပြီး ပြေးတော့မလိုလုပ်နေတဲ့ သူကတစ်မျိုး .."

"စိမ်းလဲ့နော်..ငါ့မှာလည်းသင်္ကန်းအိတ်ဆွဲထားရတာပဲ၊ ခုလေးတင်မေကျော့်ကိုပေးလိုက်တာ..လက်နာလို့ခဏလေး.."

"ဟုတ်သားပဲ စိမ်းလဲ့ရာ..ပပအစား ငါတို့မောင်နှမ အကုန်ဆွဲလာတာပဲဟာ.."

ဖိုးခွေးက ပပဘက်ကဝင်ပြောကာ၊ ဆရာတော်နှစ်ပါးဆီလှမ်းကြည့်လိုက်ရင်း..၊

"ဒါပေမယ့်နည်းနည်းတော့မြန်မြန်လျှောက်ကြ..ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



တို့အကုန်လုံးရှေ့ရောက်သွားရင် ငါတို့အုပ်စုပြတ်ကျန်ခဲ့မှာ.."

ဆရာတော်နှစ်ပါးစလုံး ရှေ့နောက်တန်းစီသလို ကြွနေပေမယ့် ဆရာတော်တိုနဲ့ကပ်လျက်မှာပဲ ကပ္ပိယတွေနဲ့ကိုရင်တွေ ဝန်းရံနေကာ ပပတို့ကနောက်မှာနည်းနည်းအလှမ်းကွာ ကျန်ရစ်ခဲ့၏။

ဗိုးချွေးပြောလိုက်ကာမှ နေဝင်ရီသရောအချိန်ကို သတိရကာ ခြေလှမ်းတွေသွက်သွားကြသည်..၊

"တောင်ပိုင်းဆရာတော်ကလည်း အသက်သာကြီးတာနော်၊ လျှောက်တာမြန်လိုက်တာ.."

စိမ်းလဲ့အေးက အရင်စလိုက်သည့်ပြဿနာဖြစ်သည်၊ တောင်ပိုင်းဆရာတော်က ပပတို့ဆရာတော်ဖြစ်ကာ၊ ရွာမြောက်ပိုင်းကဆရာတော်ကတော့ မြောက်ပိုင်းသူစိမ်းလဲ့အေးတို့ဆရာတော်ဖြစ်သည်..၊

ရွာမှာလည်း တောင်ပိုင်းမြောက်ပိုင်းခွဲခြားထားတာမဟုတ်ပေ..၊သို့သော် အလှူအတန်းပြုကြ သီတင်းသီလဆောက်တည်ကြသည့်အခါမှာတော့ ကိုယ့်အပိုင်းကကျောင်းမှာပဲ ကိုယ်ပြုကြတာမို့..၊

"တို့မြောက်ပိုင်းဆရာတော်ကတော့ အသက်ရောဝါရော ငယ်ပေမယ့် ဖြည်းဖြည်းမှန်မှန်ပဲလျှောက်တော့ ငါတို့ကတော့ ဖြည်းဖြည်းလျှောက်လိုက်လို့ရတယ်..အေးဆေးပဲ.."

သူမပြောလိုက်တာကို ဆရာတော်နှစ်ပါးစလုံးကြားကြသည်၊ ကပ္ပိယကြီးတွေလည်း သူ့ဆရာတော်ကိုကြည့်လိုက် ကိုယ့်ဆရာတော်ကိုပြန်ကြည့်မိလိုက်ဖြစ်သွားခဲ့၏။

လူငယ်တွေမို့သံဃာတော်ကိုပြောအပ်တာလည်းပါ၊ မပြောအပ်တာလည်းပါနေကာ ဆရာတော်တွေရှူပူကြိမ်းမောင်းမလား စိုးရိမ်သွားမိတာဖြစ်သည်..၊

ပပတို့က ဂရုမထားဘဲ အုပ်စုနှစ်စုနီးနီးရောက်အောင်





လျှောက်နေကြလျှက်..၊

"ငါတို့တောင်ပိုင်းဘုန်းဘုန်းကတော့ လောဘတကြီးသွားနေတယ်..နင်တို့ဘုန်းဘုန်းကတော့ နင်တို့ကိုစောင့်ခေါ်နေတယ်ပေါ့..ဟုတ်လား..စိမ်းလဲ့.."

"ဟဲ..ဟဲ ဒီလိုတော့လည်းမဟုတ်ပါဘူး၊ ငါပြောချင်တာက သံဃာတော်လည်းဖြစ်နေတော့ သိက္ခာတော်နဲ့အညီ ကြွချီတော်မူနေတာ ပိုပြီးကြည်ညိုဖွယ် ဖြစ်တာမျိုးပါ..ဟီး ဟီး.."

"ငါတို့ဘုန်းဘုန်းကတော့ ကြည်ညိုဖွယ်မရှိဘူးပေါ့.."

လူငယ်တွေက ဆရာတော်ကြီးတွေမျက်နှာဘယ်သို့ ရှိနေသည်ကိုသတိမထားကြပေ၊ ကပ္ပိယတွေ သတိပေးဖို့နောက်လှည့်ကြည့်ပေမယ့် သူတို့တွေကကိုယ့်အာရုံနဲ့ကိုယ်..၊

"ကြည့်လေ..ငါတို့ဘုန်းဘုန်းက ပိန်ပိန်ပါးပါးဆိုတော့ မြန်မြန်လျှောက်မယ်ဆို ပိုပြီးလျှောက်လို့ရတာပဲ.."

"ဟား ဟား ဟား.."

ပပက လက်ခုပ်လက်ဝါးတီးပြီး ရယ်ချလိုက်ကာ.. ၊

"နင်တို့ဘုန်းဘုန်းက ခြေထောက်တစ်ဖက်ဒဏ်ရာရထားလို့ကောင်းကောင်းလမ်းမလျှောက်နိုင်တာကြာပြီလေ၊ မသိတာကျလို့စိမ်းလဲ့ရယ်..ဟား ဟား.."

"ဟဲ့ အဲ့ဒီဒဏ်ရာကကြာလှပြီ၊ ငါတို့ဘုန်းဘုန်းက သစ်ပင်တောင်တက်နိုင်တယ်သိရဲ့လား.."

"ဩော်..သိက္ခာတော်နဲ့အညီ.."

"တက်နိုင်တယ်လို့ပြောတာ တက်တယ်လို့မပြောဘူး.."

"လာရှီးမနေစမ်းပါနဲ့ မိစိမ်းလဲ့ရယ်၊ မလျှောက်နိုင်လို့ကျန်ခဲ့ရင်ကျန်ခဲ့တယ်ပေါ့၊ ငါတို့ဘုန်းဘုန်းက သီလသမာဓိတန်ခိုးနဲ့ ဝဝဖိုင့်



www.burmeseclassic.com

www.burmeseclassic.com



ဖိုင့်ကျန်းကျန်းမာမာရှိနေတာ မတွေ့ဘူးလား၊ ရှေ့ဆုံးကနေကြွနေတာများ သိကြားမင်းလူ့ပြည်ဆင်းလာပြီး ရထားမှူးဟန်ဆောင်တဲ့ အတိုင်းပဲ ဘုရားလောင်းမဟော်သဓာသုခမိန်လေးရဲ့ဉာဏ်ပညာကိုစမ်းသပ်တာလေ..သိတယ်မှတ်လား၊ချွေးမထွက် အသက်ရှူမပြင်း မောပန်းဟန်လုံးဝမရှိတာလေ..”

ရှေ့ကကြွနေသည့် တောင်ပိုင်းဆရာတော်ကြီး ခြေလှမ်းမှားသွားသည်၊ နှုတ်ခမ်းဖွင့်ထားခြင်းက တင်းတင်းစေ့ခြင်းသို့ရောက်ကာ..၊

“အဟမ်း..”

ချောင်းဟန့်သံကြောင့် မြောက်ပိုင်းဆရာတော်က တောင်ပိုင်းဆရာတော်ကိုလှမ်းကြည့်သည်၊ ပြီးတော့ခြေထောက်က သိပ်အဆင်မပြေသလိုရှိပေမယ့် ပုထုဇဉ်ပီသစွာ မခံချင်စိတ်နှင့် အရှိန်ထပ်တင်၏။

ကပ္ပိယတွေ သတိထားမိကုန်ကာ မျက်လုံးတွေပြူးကုန်ကြသည်။

“နောက်ကကြည့်ပြီး သိပ်ကြွားမနေစမ်းပါနဲ့ပပရယ်၊ ဝတဲ့လူတွေပိုတောင် အမောမခံနိုင်သေးတယ်..”

“ခံနိုင်တာမခံနိုင်တာနင်ကြည့်လိုက်ပါလား.. နင့်ဘုန်းဘုန်းလေလိုလွင့်သွားရင်တောင် ငါတို့ဘုန်းဘုန်းကိုမီမှာ မဟုတ်ဘူး..”

“ဟုတ်တယ်နော်..အကျွာကြီးပဲ၊ ဟီး ဟီး..မီချင်ရင်စောင့်လေ..ဆယ်နှစ်..ဆယ်နှစ်..”

“ဖိုးခွေးနော်..နင်ဝင်မပါနဲ့..”

“ဟုတ်တယ် ဟော့ကောင်၊ ငါလည်းမြောက်ပိုင်းသားနော်..အုပ်စုလိုက်ဖိုက်တင်ပလေးသွားမယ်..ဟွန်း..”

“ဖိုက်တင်ပလေးစရာမလိုပါဘူး..အမှန်ကိုဝန်ခံလိုက်ရုံပါပဲ..”

“ဘာလို့ဝန်ခံရမှာလဲ..အသက်ငယ်တဲ့ဘုန်းဘုန်းကပဲ အ





သက်ကြီးကြီးဝဝ ဘုန်းဘုန်းကို လိုက်မမီဘူးဖြစ်ရဦးမယ်..”

သူမတို့လှမ်းကြည့်လိုက်တော့ ဘုန်းတော်ကြီးနှစ်ပါးက သိပ်ဓွာတော့သည့် အနေအထားကိုရောက်နေပြီဖြစ်ရာ စိမ်းလဲ့အေးဝမ်းသာအားရဖြစ်သွား၏။

“တွေ့လား..တွေ့လား၊ ဟား ဟား..ပြောစမ်းပါဦး၊ဆယ်နှစ်..ဆယ်နှစ်ဆိုတာ..”

ပပနဲ့ဖိုးခွေးတို့လှမ်းကြည့်ပြီး မျက်နှာပျက်သွားကြသည်..၊ မကျော်ကလည်းအခံရပ်နိုင် ဖြစ်သွားကာ.. ၊

“ကြည့်လည်းကြည့်ပါဦး.. မမီသေးဘဲမပြောနဲ့ မီမှပြောနော်တို့ဘုန်းဘုန်းကအေးဆေးပဲ နင်တို့မြောက်ပိုင်းဘုန်းဘုန်းကသာ မီအောင်ကြိတ်လိုက်နေတာ၊ သူကနောက်မှာကျန်ခဲ့တာဆိုတော့ ငါတို့ပြောတာကြားချင်ကြားမှာပေါ့..”

“ကြားကြားမကြားကြား နင်တို့ဘုန်းဘုန်းကလည်း ဒီလိုဖြစ်အောင်ကြိုတွေးပြီးလျှောက်ပြနေတာ မဖြစ်နိုင်လို့လား..”

“ဟော ဟော..စိမ်းလဲ့ရေ၊ ငါတို့ဘုန်းဘုန်းလည်းမီသွားပြီဟ..”

“ဟား ဟား..ဟား တွေ့လား၊ ပြောဦးလေ..ဆယ်နှစ်..”

“စောင့်ကြည့်ပါဦးစိမ်းလဲ့ရယ်..တီဗီထဲမှာမာရသွန်ပွဲတွေမကြည့်ဖူးဘူးလား၊ ပန်းဝင်မှအနိုင်အရှုံးပေါ်တာပါ..”

လူငယ်တွေရဲ့စကားတွေကြားကာ ဆရာတော်နှစ်ပါးပခုံးချင်းယှဉ်လျှောက်တဲ့အထိ သူနိုင်ကိုယ်နိုင်လျှောက်မိကြပြီး.. ၊

“ကိုယ်တော်က ဘာလို့ဒီလောက်မြန်မြန်လျှောက်နေတာလဲ..”

“ကိုယ်တော်ကရောမလျှောက်လို့လား..”



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တော့်မှာမျက်နှာတွေနီပြီး နှာမှုတ်သံတောင်ထွက်နေပြီ.."

"ကိုယ်တော်လည်း ခြေတစ်ပေါင်ကျိုးဖြစ်နေပါပြီ.."

ကိုယ်တော်နှစ်ပါး ပခုံးချင်းတိုက်မတတ်လျှောက်ရင်း အနိုင်လုပြောနေကြသည်၊ ကပ္ပိယတွေစိုးရိမ်တကြီးဖြစ်လာကာ လူငယ်တွေကိုဆက်မပြောတော့ဖို့ တားဆီးရန်ပြင်၏။ သို့သော်.. ၊

"လောင်းမလား..ကဲ.."

"လောင်းလိုက်လေ..ငါတို့ဘုန်းဘုန်းကရွာအရင်ရောက်မှာ.."

"အောင်မလေး..လေး တောင်ပိုင်းဘုန်းဘုန်းကိုများ နိုင်သွားတယ်ဆိုရင် နင်လောင်းမှာထက်ဆယ်ဆ.."

ဟာ..သွားပြီ.. ၊

ဆရာတော်နှစ်ပါး ကသုတ်ကယက်တွေလျှောက်ကြရင်း အပြေးတပိုင်းတွေဖြစ်ကုန်ကြလျှင်.. ၊

"ဆရာတော်ဘုရား.."

"အရှင်ဘုရား စောင့်ပါဦးဘုရား.."

ကပ္ပိယတွေပါ ပြေးလိုက်ကြရရင်း.. ၊

¤ ¤ ¤ ¤





အခန်း(၅)

"ဒေါက်တာ..ကျွန်မတို့ဘုန်းဘုန်းကို အရင်လိုက်ကုပေးပါနော်.."

"အဲမာ..ဒီမှာဆေးခန်းထိရောက်လာတဲ့လူနာ..အဲ..ဘုန်းဘုန်းနာ.."

"ပပရယ်..နင်ဖယ်စမ်းပါ.."

မေကျော်က ပပကိုဖယ်လိုက်ပြီး ဆရာဝန်ရှေ့မှာရပ်ကာ.. ၊

"ကျွန်မတို့ဘုန်းဘုန်းက ဒီရှေ့ရောက်နေပါပြီဆရာ လိုက်မသွားပါနဲ့.."

"ဘယ်မှာလဲ.."

ဆေးခန်းထဲပြန်လှည့်ဝင်သည့် ဆရာဝန်ခြေလှမ်းတုံ့သွားသည်။ စိမ်းလဲ့အသံလေးကစာနေလျက်.. ၊

"ဘယ်မှာလဲဘုန်းဘုန်း..အလကားဒေါက်တာကြီး၊ သူတို့ဘုန်းဘုန်းလည်းမလာသေးဘဲနဲ့ လျှောက်ပြောနေတာ.."

"လာမှာမှမဟုတ်တာ ဟိုမှာအမောဖောက်နေတာ သတိရအောင်ပဲမနည်းလုပ်ထားရတာတဲ့.."

"ဟဲ့..နင်တို့ဘုန်းဘုန်းခြေထောက်က အစတည်းကဒဏ်ရာရှိ



www.burmeseclassic.com

www.burmeseclassic.com



ပြီးသား၊ ထပ်နာသွားရင်လည်း အော်ဟစ်နေရလောက်အောင်မဖြစ်ဘူး ..ပပတို့တောင်ပိုင်းကျောင်းကိုပဲလိုက်ခဲ့ပေးပါဆရာ..နော်.."

"ပေါ်ပြီတွေ့လား..ဘုန်းဘုန်းဒီထိပါမလာဘဲနဲ့ ဆရာ့ကိုဖြတ်ခုတ်တာ.."

"ခုတ်တော့ဘာဖြစ်လဲ၊ ငါတို့ဘုန်းဘုန်းကအသက်ရောဝါရောကြီးတယ် မြန်မြန်ကုသဖို့လိုတယ်.."

"ပပနော်..နင်ခုမှ.."

"ဟဲ့ ဟိုမှာ..ဟိုမှာသွားဆုံနေကြပြီ၊ လုပ်ကြစမ်း...ဒီတစ်ခါဆိုသတ်ကုန်ကြလိမ့်မယ်.."

ဆိုင်ကယ်လ်ပေါ်ကနေ ဒေါ်ခင်နုနုလှမ်းအော်ကာ နောက်ကပါလာသည့် ဆိုင်ကယ်လ်နဲ့ရွာသားနှစ်ယောက် ဆင်းပြေးလာကြ၏။

ထို့အတူ နောက်ထပ်နွားလှည်းနှင့် မြောက်ပိုင်းကစိမ်းလဲ့တို့လူတွေရောက်လာကြကာ.. ၊

"ဆရာခေါ်ပါဆို ဒီမှာလာပြီးရန်ဖြစ်နေကြတယ်ဟုတ်လား.."

"စိမ်းလဲ့ရေ..ညည်းကိုမြင်လိုက်ရမှဖြင့် တစ်ခါမှငြိမ်းချမ်းဖွယ်မရှိပါလားအေ.."

"အဲ့ဒါပဲကြည့်တော့မငွေရှုံရေ..ဒီမှာလည်းစိတ်မချလို့ လိုက်လာခဲ့ရတာ.."

"မမနုကိုယ်တိုင်လာတာလား.."

လူကြီးတွေကတော့ အဆင်ပြေနေကြကာ.. ၊

"ဆရာရယ်..တောင်ကျောင်းဆရာတော်ကြီးက အသက်ကြီးပါတယ်..အဲ့ဒီကိုလိုက်သွားပေးပါ၊ ကျွန်မတို့ဦးပဥ္စင်းက သူ့ဟာသူဆေးစည်းထားလို့ နည်းနည်းပါးပါးနေသာထိုင်သာရှိနေပါပြီ.."

"ဟုတ်တယ်..ဆရာတော်ကြီးကအရေးကြီးတယ်၊ ကျွန်တော်





အဲ့ဒီကို လိုက်သွားကြမယ်လေ၊ ဆရာတော်ကြီးကိုဆေးကုပြီးမှ တ်ကျောင်းကိုဆက်ပင့်သွားကြတာပေါ့.."

"ဟာ..ဦးကြီးဘဆောင်ကလည်း.."

"စိမ်းလဲ့.."

လူကြီးတွေကမျှတသွားကြပေမယ့် စိမ်းလဲ့ကရှုံးနိမ့်သူဖြစ်သည့်အတွက် မျက်နှာလေးကစူပုတ်ပုတ်လေးဖြစ်နေသည်။ ပပက လေးပိုက်ထားလျက် ပျော်တပြုံးပြုံးဖြစ်နေ၏။

တစ်ရွာလုံးအထွတ်အမြတ်ထားကိုးကွယ်ကြသည့် ဆရာကြီးနှစ်ပါးအတွက် အားလုံးပဲယောက်ယက်ခတ် ဗျာများနေကြသ ာက်ပြဿနာကို စတင်ခဲ့သည့် ပပနဲ့စိမ်းလဲ့တို့ခြောက်ယောက်က ၊

"ပပ ငါတို့တော့မလွယ်ဘူး ထင်တယ်နော်.."

ဖိုးခွေးကဆရာဝန်ပင့်သွားသည့် လှည်းကိုလှမ်းကြည့်ပြီးလန့် ၏၊

"ဟုတ်တယ်ပပ.. နင့်ယောက္ခမလှမ်းကြည့်သွားတဲ့ အကြည့် ည်း စိတ်ပျက်နေတဲ့ပုံပဲ.."

"မသိဘူး ဒီလိုဖြစ်အောင် တမင်လုပ်တာမှမဟုတ်တာ.."

"ဟဲ့..ပပ.."

လှည့်ကြည့်လိုက်တော့ စိမ်းလဲ့တို့အုပ်စု.. ၊

ရွာဆေးခန်းရှေ့မှာပဲ သူမတို့ခြောက်ယောက်ပြန်စုမိကြကာ.. ၊

"ဆေးကုတဲ့ကိစ္စတွေပြီးရင် ငါတို့မလွယ်ဘူးထင်တယ်.."

"ခံပေါ့.."

"အံမယ်..အဲ့ဒါနင်စတာနော်.."

"ဘာ.."



www.burmeseclassic.com

www.burmeseclassic.com



ပပနဲ့စိမ်းလဲ့ မသင့်မြတ်ခြင်းတွေနဲ့ နောက်ထပ်မျက်နှာချင်းဆိုင်မိကြလျှင်.. ၊

"ကဲ..နင်တို့ကလည်းဟာ.."

ဘယ်ကျော်နဲ့ဖိုးခွေးတို့က စိတ်ပျက်သံတွေနဲ့ တားဆီးကြရင်း.. ၊

"နင်တို့ဖြစ်နေကြတာ ငါတို့လည်းပါပါတယ်ဟ၊ ဘယ်သူမှလွန်တာမဟုတ်ဘူး၊ ဒီလိုပဲပြောရင်းစကားနိုင်ရင်းနဲ့ ဖြစ်ကုန်ကြတာ.."

"ဟုတ်တယ်..ဘုန်းဘုန်းတို့ကြားပြီး သူနိုင်ကိုယ်နိုင်တွေဖြစ်ကုန်တာဥစ္စာ၊ ငါတို့က ပြေးပါ..ပြိုင်ပါလို့ပြောတာမှ မဟုတ်ဘဲ.."

"ဟုတ်ဟုတ်..မဟုတ်ဟုတ် ညည်းတို့မှာအပြစ်ရှိတယ်.."

စကားသံသည် သူတို့ဘေးကိုရောက်လာသော ပပရဲ့အဖေ ဦးမောင်နိုင်ဖြစ်နေလျက်.. ၊

"အပြစ်ရှိတာမှ သေးသေးလေးမဟုတ်ဘူး၊ အပြစ်ကြီးကိုရှိနေတာဆရာမောင်..ဒီကောင်မလေးကို ကျွန်တော်ကောင်းကောင်းဆုံးမပါ့မယ်.."

နောက်ထပ်ရောက်လာသူက စိမ်းလဲ့အေးရဲ့အဖေ ဦးကြာဖံ.. ၊

"ဟွန်း..ကြာဖံကြော်မကြိုက်ပါဘူးဆိုမှ ပါလာပြန်ပြီ.."

"ပပနော်..နင်ငါ့အဖေကို.."

"ဟိုနှစ်ယောက်ပါးစပ်တွေမပိတ်သေးဘူးလား.."

"ဘယ်ကျော်.."

"ကျွန်တော်မပါဘူးဦးလေးကြာ..သူတို့သင့်မြတ်အောင် ကျွန်တော်တို့ကဖြောင့်ဖျနေတာ.."

"ကျွန်တော်တို့လည်းမပါဘူး.."

"သမီးတို့က.."





"တော်ကြ.."

ဘယ်ကျော်တို့ဖိုးခွေးတို့ပါ ဆူခံထိကြလျက် ပပနဲ့စိမ်းလဲ့တို့ဖခင်တွေနောက်သို့ အသီးသီးပါသွားကြလေသည်။

ထိုကိစ္စနဲ့ပတ်သတ်ပြီး ပပသည်နာမည်ကျော်ကြားလူသိများခဲ့ပြီး စိမ်းလဲ့ကနောက်ဆက်တွဲ ခပ်ဝါးဝါးမျှသာ.. ၊

"ဘယ်လိုဖြစ်ရတာလဲမသိပါဘူးဟယ်..သူဌေးဦးမောင်နိုင်တို့ကဖြင့် အရမ်းအေးတာနော်..လှူလိုက်တန်းလိုက်တာလည်း လှူပြီဆို ရွှေမိုးငွေမိုးရွာတာကျနေတာပဲ.."

"ဟုတ်တယ်..မယ်ပပလေးကျမှ ပြောမကောင်းဆိုမကောင်းလေးဖြစ်လာတာ အံ့ရောပဲ.."

"အဲ့ဒါပေါ့ဟာ..မိဘကဘုရားဒကာ ကျောင်းဒကာဖြစ်ပေမယ့် သားသမီးကသားသတ်သမားဖြစ်ရင်ဖြစ်လာတာပဲ၊ မိဘကအရက်သမားလောင်းကစားသမားဖြစ်နေပြီး သားသမီးတွေက ထူးချွန်ရည်မွန်နေကြတာလည်း အများကြီးပဲလေ.."

"ဒါပေါ့..အစဉ်အဆက်ကောင်းပါမယ်လို့ ဘယ်သူမှမပြောနိုင်ဘူး၊ ငါတို့ဘေးအိမ်က ဆယ်အိမ်မှူးဆိုကြည့်ပါလား..ရပ်ကျိုးရွာကျိုးဆို သူ့ကိုယ်ကျိုးစွန့်ပြီး ဆောင်ရွက်တာ ဆယ်အိမ်မှူးပေမယ့်..မသိန်တစ်ရပ်ကွက်လုံးကဥက္ကဋ္ဌကျနေတာပဲ..အရမ်းအလုပ်လုပ်တာပဲလေ.."

"အင်း..သူ့သားကျတော့ရပ်ကျိုးရွာကျိုးဆောင်ရွက်ဖို့နေနေသာသာ မြို့ပေါ်တက်လိုက် ရွာတကာလှည့်ပြီးရှိတာလေး ဖြုန်းတီးလိုက်နဲ့ ပြန်လာရင်မိဘအိမ်ကရော ဆွေမျိုးတွေအိမ်ကရော ရသ သောက်နိုက်တာပဲ မပေးရင်ခိုးသွားတာကရှိသေး.."

"အဲ့ဒါပြောတာပဲလေ..မိဘကဘုရားဒကာဖြစ်တိုင်း သားသမီးကျောင်းဆောက်ဘုရားတည်ရမှန်းသိတာမဟုတ်ဘူး.."



www.burmeseclassic.com

www.burmeseclassic.com



ရွာထဲမှာ အိမ်တိုင်းပဲဒီသတင်းကိုပြောနေကြကာ..။

"ပပလေးကချစ်စရာလေးပါ..ထင်ရာလုပ်တတ်တာလေးတွေကမှားမှားယွင်းယွင်းဖြစ်ကုန်ရှာတာ သူ့မိဘတွေချမ်းသာပုံမျိုးနဲ့တခြားကလေးသာဆို ဆိုးလိုက်မှာမှ.."

"ဟုတ်ပါတယ် ခုလည်းကလေးတွေက စကားနိုင်လုကြတယ်၊ ဘုန်းဘုန်းတို့ကလည်းပုထုဇဉ်တွေပဲမို့လား၊ မခံချင်စိတ်တွေနဲ့ မသိမသာပြိုင်မိကြရင်း မထိန်းနိုင်ဖြစ်ကုန်တာပါ.."

"ဘယ်သူမှမမှားပါဘူး..မထင်မှတ်ဘဲဖြစ်ကုန်တာတွေပါ.."

"ဒါပေမယ့် တို့ဆရာတော်ကြီးကကောင်းလို့ ပျံလွန်တော်မူတော့ဖို့ သီသီလေးပဲနော်.."

တစ်ချို့ကအကောင်းပြောနေကြပြီး ဘုရားတနေကြ၏။ ဦးမောင်နိုင်တို့ဒေါ်ခင်နုနုတို့ကတော့ တစ်ဦးတည်းသောသမီးဖြစ်သူအတွက် ရှက်လွန်းလို့ခေါင်းမဖော်နိုင်..။

"တောက်..ဆရာတော်ကြီးသာ တစ်ခုခုဖြစ်သွားရင် ကြည့်စမ်း.."

ဦးမောင်နိုင် ခေါက်တုံ့ခေါက်ပြန်လျှောက်နေရင်း ဒီကောင်မလေးကိုအပြစ်ဘယ်လိုပေးရမလဲ စဉ်းစားနေတာနည်းမျိုးစုံ..။

"ဟုတ်တယ်ကိုမောင် ဒါကိုတော့ခွင့်လွှတ်လို့ မရတော့ဘူး.."

ဒေါ်ခင်နုနုကလည်း သမီးဘက်ကာကွယ်ခဲ့သမျှ ဒီတစ်ခါတော့ မျက်နှာပူစရာဖြစ်လာပြီမို့ မတတ်နိုင်တော့ဘဲ..။

"မမြတ်တို့ကတော့ သူ့ကိုအပြစ်တင်ကြမှာမဟုတ်ဘူး..ကျွန်မသိနေတယ်၊ ဘာတွေဖြစ်လာလာ အပြစ်မရှိဘူးပဲပြောဦးမှာပဲ..ပြီးတော့.."

"အဲဒါတွေနင်တို့ကို ငါပြောနေသားပဲ.."





ဦးတိုင်းကျော်ဝင်လာကာ ဆေးတံဖွာရင်းထွက်လာ၏။ ကြီးမားကျယ်ဝန်းသောတိုက်ခံ ပျဉ်ထောင်အိမ်ကြီးက ဟိုတုန်းကဆိုဒီမြေးလေးကြောင့် စိုပြေသာယာနေခဲ့ကာ ခုဆိုဆည်းလည်းသံလေးကို မကြားရတော့ပေ..။

ဦးတိုင်းကျော်ကတော့ မြေးမလေးအပေါ်ဘယ်တုန်းကမှ စိတ်မရှည်သည်းမခံနိုင်ခြင်း မဖြစ်ခဲ့ဘူးသည့်အတိုင်း..။

"ခုတော့ ကိုယ့်မြေးကိုဆုံးမဖို့အပြင် ယောက္ခမတွေ ယောကျ်ားတွေငြိုငြင်နေကြမလားလို့ပါ ထည့်ပူနေရပြီ.."

"ဒါကတော့ အဖေရယ်.."

"ငါ့မြေးကိုဘာဖြစ်လို့ ဒီလောက်တောင်အိမ်ထောင်ချပေးချင်နေသလဲ နင်တို့ကိုငါနားကိုမလည်နိုင်ဘူး၊ လူငယ်ချင်းမေတ္တာမျှနေကြတာကို တားမရလို့ဆိုရင်မပြောပါဘူး၊ ကလေးကလည်းသဘောမကျ..ခုမှကလေးသာသာအရွယ်လေးကို.."

"အဖေကလည်းဗျာ..အဖေ့မြေးကိုကလေးလို့ပဲ ဘာဖြစ်လို့ထင်နေရတာလည်း သူလည်းမငယ်တော့ဘူး၊ ဂုဏ်ကလည်းအသက်ကြီးတဲ့လူပျိုကြီးမဟုတ်ပါဘူး..ကျောင်းဆရာလုပ်နေတော့ စိတ်ဓာတ်ခည်းကမ်းစိတ်ချရတယ်၊ နဂိုကတည်းကမိကောင်းဖခင်သားသမီး.."

"မိကောင်းဖခင်သားသမီးရဖို့က ရတုန်းဒိုင်ဗင်ထိုးယူထားရအောင်ရှားပါးနေလို့လား.."

ခက်ပါလား..။

ဦးတိုင်းကျော်က ရွှေကြိုးတပ်ရှပ်အကျီလက်ရှည်လည်ကတုံးမွှေကြီးနှင့် အညိုရောင်ကွက်ကျဲပုဆိုးကို ခါးပတ်ပြားကြီးနဲ့ ဝတ်ထားတာ ရှေးခေတ်လူကြီးတွေလိုခန့်ညားနေ၏။

မုတ်ဆိတ်ပါးပါး နှုတ်ခမ်းမွှေးကားကားကဇရာရဲ့ အရိပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်အဖြူရောင်တွေ ဖြစ်နေခဲ့ပေမယ့် သားနဲ့ချွေးမရှေ့မှာတော့ ကလေးဆိုးကြီးလိုပင်.. ၊

"ကြည့်လုပ်ကြ..ငါ့မြေးကိုအိမ်ပြန်ခေါ်လာပြီး ကလေးနဲ့မတန်တဲ့ပြစ်ဒဏ်မျိုးပေးလို့ကတော့ ငါကြည့်နေမှာမဟုတ်ဘူး"

လူကြီးတွေပြောနေကြတာကြားကာ ပပနောက်ဖေးခန်းထဲကနေ ကျေနပ်အားရဖြစ်နေ၏။ ဒီတစ်ခါ အဖေသူမကိုညှာမှာ မဟုတ်ဘူးဆိုတာသိနေသဖြင့် ထိတ်လန့်နေခဲ့မိသည်။အမေ့ကိုလည်း အားကိုးဖွယ်မမြင်တာကြောင့် အဘိုးအပေါ် ထပ်တက်သွားတာနှင့် အဘိုးအခန်းထဲလိုက်သွားပြီး အကာအကွယ်ယူထားဖို့ ခြေလှမ်းပြင်မိ၏။ သို့သော်.. ၊

"သမီးငယ်.."

အဖေ့ခေါ်သံက နားထဲမှာမိုးကြိုးပစ်သည့်အတိုင်း.. ၊

"အပေါ်ထပ်တက်ဖို့ စိတ်မကူးနဲ့၊ သမီးကိုဒီနေ့ဒဏ်ပေးရမယ်.."

"မရပါဘူး..ပပကအပိုမှမဟုတ်တော့တာ၊ ဒေါ်လေးလာခေါ်ရင် ပြန်လိုက်သွားမှာ.."

"ဒါကျတော့ အိမ်ထောင်သည်ဖြစ်ရတာကို ဖော်ကျူးနေတယ်ဟုတ်လား.."

"သမီးလေး.."

အမေ့ကိုမြင်လိုက်ရတော့လည်း စိတ်ဓာတ်ကျဆင်းဖွယ် ညိုးငယ်စွာနှင့်.. ၊

"သမီးဒီမှာနေရဦးမယ်..တစ်ရွာလုံးကအော့ကြောလန် အောင်လုပ်ခဲ့တဲ့ပြဿနာကို အမေတို့ကမှမဆုံးမရင် ဘယ်သူမှသမီးကို ကျေနပ်မှာမဟုတ်ဘူး.."





"အမေကလည်း ဘယ်သူကမှဆိုတာတော့ မဟုတ်သေးပါဘူး..တစ်ချို့ကပပဘက်ကပါ.."

"လာသေးတယ်.."

ဦးမောင်နိုင် ဒေါသတွေထွက်လာပြန်ကာ.. ၊

"ဘယ်သူလာခေါ်ခေါ်ပြန်မလိုက်ရဘူး၊ မမြတ်တို့ကသမီးကိုဆုံးမမယ့်လူတွေမဟုတ်ဘူး..ဒီတော့မိဘကပေးတဲ့ပြစ်ဒဏ်ကို ကျေကျေနပ်နပ်ခံရမယ်၊ ပြီးမှ ပြန်လွှတ်မယ်.."

"ခံပြီးမှတော့မပြန်ပါဘူး..ဖေကြီးတို့ပဲပြစ်ဒဏ်တွေပေးလိုက်ယောကျာ်းပေးစားလိုက်နဲ့ ပပကဘာဖြစ်ဖြစ်ယူနေရတာ ပပချည်းပဲဆိုးတယ်ဖြစ်နေတာ..အဲ့ဒါတွေက ဘယ်တော့ကုန်မှာလဲလို့..ကဲ.."

"သမီးတိတ်စမ်း.."

"တိတ်ပါပြီ မပြောတော့ပါဘူး..ဟီး..ဟီး.."

ပပက ဘောင်းဘီရှည်ပွပွလေးနဲ့မို့ ကုလားထိုင်လက်ရမ်းမှာသွားခနဲခွထိုင်၏။ ပြီးတော့ ငိုလည်းငိုသည်။

အိမ်အပေါ်ထပ်ကိုလည်း မော့ကြည့်ကာ.. ၊

"အဘိုးရေ..ပပကိုအဘိုးလာကူနော်၊ အဘိုးပါဖေကြီးတို့နဲ့အတူတူဆိုရင် ပပအဘိုးကိုဘယ်တော့မှ မခေါ်တော့ဘူး.."

"ဟဲ့..ဟဲ့.."

"သမီးငယ်.."

လင်မယားနှစ်ယောက်စလုံး ထိတ်ထိတ်ပျာပျာဖြစ်သွားကာ၊ ဒေါ်ခင်နုနုက ပပလက်လေးကိုဆွဲခေါ်ကာ.. ဦးမောင်နိုင် အပေါ်ထပ်ကိုနိုးရိမ်တကြီးကြည့်၏။

ဒီမြေးအသံကြားလို့ကတော့ အဖေဘယ်လိုမှခန့်ခန့်ကြီး နား



www.burmeseclassic.com

www.burmeseclassic.com



ထောင်နေမှာမဟုတ်..၊

"နန..မင်းသမီးကိုအခန်းထဲထည့်ပိတ်ထားစမ်း.."

¤ ¤ ¤ ¤





အခန်း(၆)

"ဘယ်လိုနေလဲသား..ဆရာတော်ကြီးသက်သာသွားပြီတဲ့လား.."

"သက်သာသွားပြီအမေ..ရုတ်တရက်အမောလွန်ပြီး အကြောဆိုင်းသလိုဖြစ်သွားတာပါ.."

"တစ်ညလုံးကြီးဆိုတော့ စိတ်ပူစရာပေါ့သားရယ်..ပြန်ကောင်းမသွားဘဲနဲ့ ဆရာတော်သာတစ်ခုခုဖြစ်သွားရင် မတွေးရဲစရာ.."

ဒေါ်မြတ်နှယ်တကယ်ပဲ ရင်ဘက်ဖိရင်းသက်ပြင်းချလိုက်မိသည်။ ညတုန်းက မိုးချုပ်မှပြန်ရောက်လာကြပြီး ဆရာတော်နှစ်ပါးကကျောင်းရောက်ကာမှ အိပ်ရာထဲလဲကုန်ကြတာဖြစ်သည်။

ညတွင်းချင်းဆရာဝန်ပင့်ကြပေမယ့် ဆရာမြို့ပေါ်ရောက်နေ၏။ မနက်မိုးလင်းမှလာမည်ဆိုတော့ ကျန်းမာရေးမှူးနဲ့တိုင်းရင်းဆေးဆရာရောနေ့ဘုးပေါင်းကာ နှိပ်နယ်ပြုစုကုသရင်း တစ်ရွာလုံးအလုပ်ရှုပ်ကုန်တာမိုးလင်းတဲ့အထိ.. ၊

"ညက ပပကိုအိမ်ခေါ်သွားကြပြီး ဘယ်လောက်တောင်ဆူနေကြမလဲ မသိဘူး.."

"ဆူတာကောင်းတယ်အမေ..ရိုက်ကိုရိုက်ပေးရဦးမှာ၊ ဒီကောင်မလေးအရမ်းဆိုးနေပြီ.."



www.burmeseclassic.com

www.burmeseclassic.com



"သားရယ်..ပပကအဘိုးနဲ့မမနုကိုပဲ ဆိုးရဲတာပါ..ဖအေကို တော့ကြောက်ရှာပါတယ်၊ ခုလည်းသူ့အဖေတော်တော်စိတ်ဆိုးနေတာ ကလေးအရိုက်တွေဘာတွေများ ခံနေရလား.."

ကိုယ့်အမေကိုပဲ သနားရမလိုဖြစ်လာကာ ပင်ပန်းနေသည့် ကြားကပြုံးလိုက်မိသည်။

"ပပက အမေမွေးထားတာမဟုတ်ဘူးနော်..အမေ့ချွေးမ.."

"ဘာရယ်.."

"မေ့နေမှာစိုးလို့ပါ.."

"အမေကမမေ့တော့ မင်းကဝမ်းတောင်သာရဦးမှာ..ချွေးမနဲ့ ယောက္ခမမသင့်မြတ်ကြလို့ သူများတွေဘယ်လောက်စိတ်ဆင်းရဲနေကြ ရလဲ မကြားမိဘူးလား.."

"ဟုတ်ပါတယ်..အမေ့ကိုကျေးဇူးတင်လို့ပြောတာပါ.."

"မှတ်ထားပါ့မယ်ငါ့သားရယ်..မအေကိုကျေးဇူးတင်တဲ့ မျက် နှာက ဒီမျက်နှာမျိုး.."

သူ ရယ်ရင်း အပေါ်တက်လာခဲ့သည်။ အချိန်ကိုကြည့်တော့ နေ့လည်ဆယ့်တစ်နာရီထိုးနေပြီဖြစ်၍ ရေချိုးပြီးအပြင်ထွက်လာကာ မှ.. ၊

"ဘယ်ကိုလဲသား.."

"ပပကိုသွားခေါ်မလို့.."

"မခေါ်နဲ့သား.."

ခေါ်မြတ်နွယ်က မျက်နှာမကောင်းဘဲရှိကာ.. ၊

"ခုန အမေပြောနေတာအဲ့ဒါပဲလေ၊ ပပကိုပြစ်ဒဏ်ပေးရမယ် တဲ့..ဒါမှမှတ်မှာတဲ့.."

"ဘယ်လို.."





"အမေတို့ဆိုရင် ဒီကောင်မလေးဆိုးနေဦးမှာပဲတဲ့၊ ပြီးတော့.. အမေတို့က.."

"နေပါဦးအမေ..သူတို့ကကျွန်တော်တို့ကို ကလေးထိန်းငှား တာလား.."

"မဟုတ်ပါဘူးသားရယ်..အချင်းချင်းတွေမို့လို့ ပွင့်ပွင့်လင်း လင်းပြောပြတဲ့သဘောပါ၊ နောက်ဆုံးရိုက်နက်ဆုံးမဖို့ဖြစ်လာရင် တောင် အမေတို့ကညှာနေမှာပဲဆိုတာ သူတို့သိတယ်.."

"ရိုက်တာမရိုက်တာ ညှာဖို့မညှာဖို့ကိုလည်း သူတို့စီမံခန့်ခွဲ ဖို့မလိုဘူး..ကျွန်တော်ယူထားတဲ့မိန်းမကို သူတို့ခေါ်ဆုံးမတယ်ဆိုတာ သဘာဝမှမကျတာ.."

နူးညံ့နေတတ်သည့် ဂုဏ့်မျက်နှာမှာ တင်းမာခြင်းတွေ အစား ထိုးဝင်လာ၏။

"သားရယ်..အစတည်းက မမနုကနားလည်အောင်ပြောပြ ထားခဲ့တာပဲမို့လား၊ သူ့သမီးလေးရဲ့ကောင်းပြစ် ဆိုးပြစ်ကိုသည်းခံနား လည်ပြီး ဆိုဆုံးမနိုင်မယ့်အိမ်ထောင်ဘက်မျိုးက သားပဲဖြစ်နိုင်တယ် ဆိုတာ.."

"သားပဲဆိုရင် ဒီထိသူတို့လိုက်ပါနေဖို့မလိုဘူးလေ..ကျွန် တော့်လက်ထဲထည့်ပေးပြီးရင် ကျွန်တော့်အပိုင်းပဲ၊ ပြီးတော့..သူတို့ဘယ် လိုသဘောနဲ့ပဲဖြစ်ဖြစ် ပပကိုကျွန်တော်ကိုယ်တိုင်လိုချင်လို့ တောင်းယူ ခဲ့တာ.."

"ဟုတ်ပါတယ်..ဒါပေမယ့် အမေပြော..ဟဲ့ သား၊ သား..ခဏ နေဦး.."

"ကျွန်တော်ဘာမှပြောခဲ့မှာမဟုတ်ဘူးအမေ၊ စိတ်ပူမနေနဲ့.. ပပကိုပြန်ခေါ်လာရုံပဲ.."



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်ပြီးပြောသွားသည်။ ဒါပေမယ့် ဒေါ်မြတ်နွယ်စိတ်မချနိုင်ဘဲဖြစ်နေမိ၏။ ဒေါ်ခင်နုနုတို့က နားလည်တတ်ပေမယ့် ခုချိန်မှာဦးမောင်နိုင်က သမီးရဲ့လုပ်ရပ်တွေအတွက် ရှက်ဒေါသတွေကြီးနေသည်။

အဘိုးဖြစ်သည့်ဦးတိုင်းကျော်က နဂိုကတည်းကမြေးကိုလက်ထပ်ပေးချင်ခဲ့တာမဟုတ်.. ။အဆင်မပြေဖွယ်တွေ တွေးနေရင်းဒေါ်မြတ်နွယ်သက်ပြင်းတချချဖြစ်နေမိ၏။

သားတော်မောင်ကို တွေးမိတော့လည်းပြုံးချင်ချင်ပါ.. ।

ဒီမိန်းကလေးကို လက်ထပ်ခဲ့တာ သူပဲဘာဖြစ်တယ် ညာဖြစ်တယ်နဲ့.. ।

¤ ¤ ¤ ¤





အခန်း(၇)

"မုန့်တော့ကျွေးလို့ရပါတယ်၊ ဘာဘာတုတ်ကလဲ.."

"မကျွေးရဘူးလို့မှာထားတာကလေးရဲ့၊ ရော့..ရေပဲသောက်နော်.."

ဖေကြီးကတကယ်ရက်စက်တာလား.. ।

ပပနည်းနည်းတော့ တုန်လှုပ်စပြုလေသည်၊ ပြီးတော့ ဝမ်းနည်းလာခဲ့၏။ ငယ်ငယ်တည်း တခြားမိသားစုတွေလိုပဲ ပပကိုလွတ်ထပ်စွာ သွားလာဆော့ကစားစေခဲ့သည်။

တစ်ခုခုအပြစ်ရှိလာပြီဆို ဆူရုံပြောရုံ ကျိုးကြောင်းရှင်းပြရုံနဲ့ပြီးရင်ပြီး ။ဒါမှမဟုတ်လို့ကတော့ 'အား'လို့မအော်မချင်း ထိုင်ထလုပ်ခိုင်းသည်။ ခြံကြီးကိုအပြင်ကနေ မရပ်မနားပတ်ပြေးခိုင်းသည်။

တစ်ခါတလေ ခြေတစ်ပေါင်ကျိုးရပ်နေခိုင်းတာမျိုးလည်းရှိ၏ ။ ခုလိုတော့ ထမင်းမကျွေးဘဲမထားခဲ့ဖူးပေ.. ။ညတုန်းက အမေလာကျွေးတဲ့ငှက်ပျောသီးလေး နှစ်လုံးပဲစားခဲ့ရကာ ရေပြီးရင်းရေ မျိုချနေခဲ့၏ ।

သူများတွေလို ဗိုက်တွေဘာတွေအောင့်ပြီး လူးလိမ့်ပြလိုက်ချင်သမယ့် ဗိုက်ကလည်းမအောင့်.. ।



www.burmeseclassic.com

www.burmeseclassic.com



"ရှူး…"

ဟင်… ၊

ဒါမျိုးဆိုအသံက နားထဲအကျယ်ကြီးဝင်၏။ မော့ကြည့်လိုက်တော့ တံစက်မြိတ်သွပ်တန်းနဲ့ ခေါင်မိုးအောက်ကြားမှာ ဖိုးခွေး… ၊

"ဖိုးခွေး…"

"ဟုတ်တယ်…အောင်မလေး ဟိုဘက်မှာခုနတက်နေတုန်း ချော်ကျတာနာလိုက်တာဟာ…ရှော့…ရှော့…"

"ဘာလဲဟင်…"

"နင့်ဖို့…ငါနဲ့မကျော် အိမ်ကနိုးထုတ်လာခဲ့တာ…"

"ထမင်းလား…"

"ဟော့အေး…ငါးမုန့်ကြော်…"

"ဟား…"

ဖိုးခွေးကုပ်ကပ်တွယ်နေသည့် အောက်စပ်ကိုဝမ်းသာအားရပြေးသွားပြီးမှ စိတ်ပျက်စွာခြေဆောင့်မိ၏။

"နင်တို့ကလည်း ဒီထိရောက်အောင်လာပြီးမှ ဒါပဲယူလာရသလား…"

"ဟ…နင်က အဘိုးရဲ့ဝတ်ပြုခန်းထဲရောက်နေတာ ငါတို့ဘယ်ကမှလာလို့မရဘူးလေ၊ ဒီနေရာကိုတက်လာဖို့လက်တွေက ဘာမှထပ်ကိုင်လို့မရတော့ဘူး…"

ငါးမုန့်ကြော်ထုပ်လေးကို ပါးစပ်မှာကိုက်လာခဲ့လျက် တံစက်မြိတ်အောက်သွပ်တန်းကြားရောက်မှ လက်တစ်ဖက်လွှတ်၍ အထုပ်ကိုကမ်းပေးနိုင်၏။

"ရော့…ယူလေ၊ လူကြီးတွေခေါင်းရင်းကပက်လာရင် သွပ်တန်းပေါ်မှာ ငါ့ကိုကားရားကြီးတွေ့သွားမှာ…"

မိုးသောက်စာပေ



"ငါဒီလောက်တော်ပြတ်နေတာကို ငါးမုန့်လေးနဲ့…"

"နင်ဒီတိုင်းနေရဦးမယ်ဆိုရင် ဒေါ်ကြီးကကြည့်နေမှာမဟုတ်ဘူး၊ ငါတို့လည်းဒီတစ်ခါ ဗိုက်ဝမယ့်ဟာတစ်ခုခုယူလာပါ့မယ်…ရော့…ဒါမယူဘူးလား…"

"ယူမှာ…ချလိုက်…"

ငါးမုန့်ထုတ်ကို လွှတ်ချပေးပြီးမှ ပြန်မဆင်းဖြစ်သေးဘဲ ပပထိုင့်ကြည့်နေမိသည်…နက်ပြာနဲ့နီညိုကွက် ရုပ်အကျီလက်ရှည်ကိုသက်မောင်းရောက်အောက် အတင်းလိပ်တင်ထားကာ အညိုရောင်အောက်ရှည်ဖားဖားကြီးနဲ့ဖြစ်၏။

ဒါက ဘုရားခန်းမဟုတ်ပေမယ့် ဘုရားစင်ငယ်လေးရှိသည့် ပြင် ဘုရားစာအုပ်တွေ အခန်းပတ်လည်မှာ နည်းနည်းနောနောမဟုတ်ဆဲ… ပြီးတော့ တရားထိုင်သည့်ကော်ဇောအထူလေးက သုံးပေပတ်လည်လောက်ပဲရှိသည်။

ခုတင်မပြောနှင့် အိပ်ရာမရှိ အခင်းမရှိ… ၊

ညတည်းက ဒီထဲထည့်ခံထားရသည်ဆိုတော့ ပပတော်တော်ဒုက္ခခံစားနေရရှာမည်၊ သူငယ်ချင်းတွေမို့ စိတ်မကောင်းဖြစ်ရရှင်း သွပ်ထိပ်တန်းမှာ ဖိဆုပ်ထားသည့်လက်က နာလာတာကိုတောင်သတိမရနိုင်၊ ထိုစဉ်… ၊

"ဟိတ်…"

အောက်ကအော်လိုက်သံကြောင့် ဖိုးခွေးတုန်ခနဲဖြစ်သွားသည်။ ပြန်ငုံ့ကြည့်လိုက်တော့ ဂုဏ်ကိုတွေ့လိုက်ရကာ… ၊

"ဟာ…ဆရာ၊ ဆရာလိုက်လာတယ်ဟ…သိလား…"

အောက်ကိုငုံ့ပြောလိုက်ရင်း ပြန်လှည့်ကြည့်လိုက်တော့ ဂုဏ်ကိုမတွေ့ရတော့ပေ… ၊

မိုးသောက်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ ထိတ်လန့်သွားသည်။

ဆရာကလည်း ပပကိုအလိုမလိုက်ခဲ့တဲ့လူစာရင်းထဲမှာပါသည့်သူ..၊ အထဲကိုဝင်သွားပြီး သူခေါင်းမိုးပေါ်ရောက်နေတာကို ပြေးတိုင်နေတာလား.. ၊

ဒါဆိုရင်တော့ ပပဆီသူလာမှန်း အဘိုးနဲ့ဦးလေးမောင်သိသွားမှာပေါ့.. ၊

ဒီတိုင်းပြန်ဆင်းလို့ မရတော့မှန်းသိလိုက်ကာ နေကျဲကျဲတောက်ပူနေသည့် သွပ်မိုးဘက်ခြမ်းကို လှမ်းကြည့်မိ၏။ စည်းကမ်းနဲ့ပတ်သက်လာရင် ခွင့်မလွှတ်တတ်သော ဦးလေးမောင်ရဲ့ကြိမ်ဒဏ်ကို ခံမလား၊ သွပ်ပူလောင်ပြီး ခြေဖဝါးတွေရေကြည်ဖုထမှာကို ခံမလား..။

"ပပ ငါ..ငါတော့သွားပြီထင်တယ်.."

"ဟမ်..ဖိုးခွေး နင်ဘာလုပ်နေတာလဲ၊ သွားတော့လေ.."

သူပြောသမျှတွေ ပပဘာမှမကြားတာကိုသိလိုက်ကာ စိတ်ပျက်ဖွယ်တွေ ထပ်မပြောတော့ဖို့ဆုံးဖြတ်၍.. ။

"ဟိတ်.."

"ဟင်.."

ဖိုးခွေးဆုံးဖြတ်ချက်ချလိုက်ပေမယ့် သူ့ငယ်ချစ်ကိုချစ်သောသစ္စာတရားကြောင့်ထင်သည်။ ဂုဏ်က သူတက်လာသည့်ဘက်ကိုလက်ညှိုးထိုးပြ၍.. ၊

"လှေကားနဲ့ဆင်း.."

"ဟုတ်ကဲ့..ဟုတ်ကဲ့ဆရာ.."

ဖိုးခွေးတို့က ပပရဲ့ကိုယ်ရံတော်လိုဖြစ်နေပေမယ့် ဂုဏ်ကိုတော့ရိုန်ကြသည်။ ကျောင်းဆရာမဖြစ်ခင်တုန်းက ကိုကြီးလို့ခေါ်ကြကာ ဆရာဖြစ်လာတော့လည်း 'ဆရာ'လို့ပဲ ခေါ်ခဲ့ကြ၏။





သူဘယ်လိုပုံစံဖြစ်လာလာ မပြောင်းမလဲထောင့်မကျိုးစွာရှိနေသည်က ပပတစ်ယောက်သာရှိခဲ့သော်လည်း.. ။

"ဟော..သားရောက်လာပြီ.."

အသံကလှိုက်လှဲဝမ်းသာပုံပေါက်ပေမယ့် ဒေါ်ခင်နုနုမျက်နှာကတော့ မပီပြင်သောအပြုံးနဲ့ ဖြစ်နေခဲ့၏။

ဦးမောင်နိုင်ကတော့ အထဲကထွက်လာတာနှင့် မျက်နှာချင်းဆိုင်ဖြစ်သွားသည့်တိုင် ခေါင်းပဲညိတ်ပြကာ.. ။

"ထိုင်ကွာ.."

"ကျွန်တော် ပပကိုလာခေါ်တာပါ.."

ထိုင်လိုက်တာနှင့် လိုရင်းကိုတန်းပြောလိုက်မိကာ.. ။

"ခုနကပဲ ဆရာတော့်ကျောင်းကပြန်လာတာပါ.."

"အေး..ဆရာတော်သက်သာရဲ့လားကွ.."

"သက်သာပါတယ်..ညနေပပနဲ့လာပြီး လိုအပ်နေတဲ့ဆေးဝါးတွေလာပို့ပါဦးမယ်လို့လည်း လျှောက်ခဲ့တယ်.."

ဂုဏ်က ဦးမောင်နိုင်မျက်နှာကို အကဲခတ်လိုက်သေးသည်။ ...၊

"ကျွန်တော်က ပပအိမ်ပြန်ရောက်နေပြီထင်တာ အမေကဒီမှာ...လို့.."

ဒေါ်ခင်နုနုမျက်နှာမသာမယာနှင့် ဦးမောင်နိုင်ကိုလှမ်းကြည့်...၊ ဦးမောင်နိုင်က ကိုယ့်သမီးအတွက် မျက်နှာပူနေတာလား၊ ဒေါ...ပြဦးမှာလားမသိ.. ။

မျက်နှာခပ်လွှဲလွှဲဖြစ်သွားသဖြင့် ဒေါ်ခင်နုနုရင်မောနေမိ၏။

"ဒီကလေးကြောင့်လည်း ခက်ပါတယ်ကွာ..မင်းတို့သားအမိ...း သူ့ကိုထိထိရောက်ရောက်ဆုံးမမှာမဟုတ်ဘူး၊ အဲ့ဒါကိုသိလို့မှတ်



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် ဆုံးမမယ်ဆိုပြီး ညတည်းကအခန်းထဲထည့်ပိတ်ထားတာ.."

"ဗျာ.."

"ဟုတ်တယ်သားရယ်၊ သူ့ကိုရေပဲတိုက်တာ..ထမင်းမုန့်ပဲသွားရည်စာတောင်မကျွေးဘူး.."

"ခုထိ..ဘာမှမစားရသေးဘူးလား.."

အူရားဖားရားထပြောပြီးမှ ခင်ပွန်းဖြစ်သူကိုမရဲတရဲငဲ့ကြည့်ပြီး ခေါင်းခါပြ၏။ ဂုဏ်မျက်နှာတည်သွားသည်။ ဒါကြောင့် ဖိုးခွားကိုခေါင်မိုးပေါ်မှာ ခိုးချောင်းခိုးဝှက်တွယ်ကပ်နေတာ မြင်ရသည်ပဲ.. ၊

"ခု..သူ့ကိုပြန်ခေါ်သွားလို့ရပြီလား၊ ဦးမောင်.."

"မရသေးဘူး.."

ပြီးနေကာမှပြန်မစဖော်ချင်လို့ အပြီးသတ်ဖို့ကြိုးစားလိုက်မိသည်။ ဒါပေမယ့် ဦးမောင်နိုင်စကားကြောင့် နည်းနည်းတော့တင်းသွား၏ ။

"သူ့ပုံစံပြင်လာအောင် ဆုံးမမှဖြစ်မယ်ကွ.."

"ဘယ်လိုပြောလိုက်တာလဲကိုမောင်ရယ်၊ ကလေးကိုထမင်းမကျွေး ဟင်းမကျွေးဘဲ..ဘယ်နှစ်ရက်တောင်ထားမလို့လဲ.."

"ကျွေးမယ်၊ ဒါပေမယ့်..တစ်ခုလိုချင်ရင် တစ်ခုပေးရမယ်၊ သူ့ဆီကပြုပြင်ပါ့မယ်ဆိုတဲ့ကတိ.."

"ကျွန်တော်တစ်ခုပြောပါရစေ.."

ဂုဏ်မျက်နှာတည်နေကာ ဇနီးမောင်နှံနှစ်ယောက်စလုံးကိုကြည့်လိုက်ပြီး.. ။

"ပပက ကျွန်တော်စာသင်ပေးနေတဲ့ ကျောင်းသားမဟုတ်ပါဘူး.."





ဦးမောင်နိုင်က စိုက်ကြည့်နေ၏။ ပြီးမှ ခေါင်းညိတ်၍.. ။

"ဟုတ်တယ်.."

"ကျွန်တော်လက်ထပ်ယူထားတဲ့ဇနီးကို မိဘကပြန်သိမ်းပြီးဆုံးမရတယ်ဆိုတာ.."

"မဟုတ်သေးဘူးကွ..အဲ့ဒါ မင်းတစ်ခုခုအထင်လွဲသွားတာ၊ ငါတို့လုပ်ကြတာက မင်းလက်ထဲကိုမိန်းမကောင်းမိန်းမမြတ်လေးအဖြစ်ထည့်မပေးလိုက်နိုင်ရင်တောင် မိဘဆိုဆုံးမထားတဲ့ မိန်းကလေးပုံစံနဲ့ပေးလိုက်ချင်တာ ဒါမှ..တို့လည်းစိတ်ချရမယ်၊ မင်းတို့အိမ်ထောင်ရေးအတွက်လည်းကောင်းမယ်.."

"ဦးလေးမောင်ဆန္ဒတွေက နောက်ကျနေပြီဦးလေးမောင်..၊သူ့ကိုလက်ထပ်ပေးဖို့ စဉ်းစားတည်းက အဲ့ဒါတွေပြီးနေရမှာ.."

ဦးမောင်နိုင်နဲ့ဂုဏ် မျက်လုံးချင်းဆုံသွားကြပြီး ခဏတော့တိတ်သွားခဲ့၏။

ဒေါ်ခင်နုနုအခြေအနေကို အကဲခတ်မိရင်း စိုးရိမ်စိတ်တွေဖြစ်သာခဲ့လျက်.. ၊

"ဟုတ်ပါတယ်၊ သူတို့အိမ်ထောင်ရေးကောင်းဖို့ဆိုးဖို့က သားဂုဏ်နဲ့လည်းဆိုင်ပါတယ်..သမီးကိုအစတည်းကသားနဲ့ သင့်တော်မယ်ထင်လို့စီစဉ်ခဲ့ကြတာပဲကိုမောင်ရယ်.."

"ငါကတော့ ဘယ်သူ့အတွက်ဖြစ်ဖြစ် မြေးမနဲ့အဆင်မပြေနိုင်ဘူးဆိုတာပဲသိတယ်ဟေ့.."

ဦးတိုင်းကျော်က ပုဆိုးကွက်ကျဲကြီးနှင့် ခါးပတ်ပြားကြီးတခင်းဝင်းတိုက်ပုံတကားကားနှင့် ထွက်လာ၏။ သွားဖုံးအနည်းငယ်အောက်ကာ နှုတ်ခမ်းပါးတို့က အတွင်းကိုပြန်ကုတ်သလိုရှိနေသည့်ချက်လုံးပြူးပြူးမျက်နှာသည် ဦးတိုင်းကျော်၏ တယူသန်စိတ်ကြီးမှုကို



www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြနေကြ၏။

သူကဦးမောင်နိုင်တို့ဇနီးမောင်နိုင်နောက်မှာ ဆေးတံကြီးကိုင်၍သွားရပ်လိုက်တော့ ဂုဏ်နဲ့မျက်နှာချင်းဆိုင်ဖြစ်သွားပြီး..။

"မြေးမကို ငါတို့ပြန်ခေါ်ထားရဦးမယ်..ဒဏ်ပေးချင်လို့မဟုတ်ဘူး၊ ဆုံးမသွန်သင်ဖို့.."

"ဒါဆို ကျွန်တော်ကဘာလဲ.."

"မင်းကသူ့ယောကျ်ားပဲ..ဒါပေမယ့်.."

"ကလေးထိန်းဆိုလည်း ဟုတ်တယ်ပေါ့.."

ဂုဏ်က ဆက်တိုက်မေးခွန်းထုတ်လျက် သူ့အကြည့်တွေမှာ ရှိုင်းစိုင်းမှုတွေပါသွားမှာစိုးကာ ဖျတ်ခနဲမျက်နှာလွှဲပစ်လိုက်ကာ..။

"အဲ့ဘိုးတစ်ခွန်းပဲပြောလိုက်ပေါ့၊ ကျွန်တော့ကိုကလေးထိန်းအဖြစ်ပဲသဘောထားတယ်ဆိုရင် ခုချက်ချင်းလှည့်ပြန်သွားပါမယ်.."

"မင်းကသူ့ယောကျ်ားပါဆိုပြီး ငါ့မြေးကိုပိုင်ဆိုင်ကြောင်းတွေလာပြတာပေါ့.."

"ကျွန်တော်အဲ့လိုမလုပ်ချင်ပါဘူး.."

"ငါတို့ကမသိတတ်ဆိုးရွားလို့ လုပ်ရပါတယ်..ဒီလိုလား.."

သူငြိမ်နေလိုက်တော့ ဦးတိုင်းကျော်ခွေ့ခွေ့ခုန်သွားသည်။

"ကဲပါ..တော်ကြပါတော့၊ ကျွန်မတောင်းပန်ပါတယ်..သမီးလေးလည်းတော်တော်ဖိုက်ဆာနေရှာပြီ..အဖေနဲ့ကိုမောင်တို့ သူ့ယောကျ်ားလာခေါ်တာပြန်ထည့်ပေးလိုက်ကြပါ.."

"ငါကတော့ ငါ့မြေးမကို.."

"အဖေ တော်ပါတော့.."

ဦးမောင်ကိုယ်တိုင်တားဆီး၍ သမီးကိုခေါ်သွားခွင့်ပြုပြီးမှ ဦးတိုင်းကျော် မကျေမနပ်ကျန်ခဲ့လေသည်။





"အဲ့ဒါမင်းတို့ကြောင့်..ငါ့မြေးကိုမပျော်ရင် ပြန်လာခဲ့လို့ငါမှာ ်ကပြီးသား.."

"ဘယ်လိုအဖေ.."

"အဖေဘယ်လိုပြောလိုက်တာလဲ.."

ဦးတိုင်းကျော်က ဆေးတံကိုမီးမရှိဘဲ ဖွတ်ဖွာနေပြီးမှ နှုတ်ခမ်းကြားက ဆောင့်အောင့်ဖြတ်၍..။

"မင်းပဲ..အဲ့ဒါမင်းအပြစ်.."

သားဖြစ်သူကိုပဲ လက်ညှိုးထိုး၍.. ။

"မိဘကဆုံးမတာ ဘယ်လိုပုံစံမျိုးလဲ၊ ခုတော့ သူ့ယောကျ်ားကယ်တင်ရှင်ကြီးဖြစ်သွားပြီ..ယောကျ်ားလက်ကိုဆွဲပြီး ပြန်လိုက်သွားလိုက်တာကောက်ကောက်ကိုပါလို့.."

"အဖေရာ..အဲ့လိုဖြစ်တော့လည်း ကောင်းတာပဲမဟုတ်ဘူးလား၊ အဖေ့မြေးတစ်ခုခုကိုစွဲလမ်းခုံမင်သွားမှ ကိုယ်လိုအပ်တဲ့အရာဘယ်လိုတန်းဖိုးကြီးသလဲနားလည်မှာ.."

"အံမာကွာ..ငါ့ကို ကဗျာသံ စာသံနဲ့.."

"မဟုတ်ပါဘူး၊ တကယ်ဆို ဂုဏ်ဒီ့ထက်တောင်ပြောသွားသင့်သေးတယ်၊ ကျွန်တော်ထင်တာက..အင်း.."

ပြောမယ့်စကားတို့ တုံ့နှေးသွားပြီးမှ.. ။

"မိဘမျက်နှာနဲ့လက်ထပ်လိုက်တယ်ပဲထင်တာ၊ ဒါကြောင့်..ခင်းငယ်ဒီလောက်ဆိုးရင်တော့ ဂုဏ်တို့ဒေါသထွက်မှာပဲလို့ တွေးပြီးအများမပြောခင် ကိုယ့်ကလေးကိုကိုယ်ဆုံးမမယ်လို့.."

"အံမာ..မင်းက ဒီလောက်တောင်တွေးထားတယ်ဟုတ်လား..င်းပြောတဲ့ပုံက ငါ့တို့မြေးကချေးထုပ်ကြီးလိုပါလား.."

ဒေါသထွက်ပြီဆို ဦးတိုင်းကျော်ဘယ်တော့မှ တိုးတိုးသက်



www.burmeseclassic.com

www.burmeseclassic.com



သာမရှိ.. ။

"ငါတို့စည်းစိမ်ဥစ္စာတွေနဲ့ ငါ့မြေးကို.."

"စည်းစိမ်ဥစ္စာတွေက ဘဝလက်တွဲဖော်ကောင်း ထဖြစ်လာမှာမဟုတ်ဘူးအဖေရဲ့.."

သူ့စကားကိုဖြတ်ပြောလိုက်သဖြင့် ဦးတိုင်းကျော်အကြည့်တွေဒေါ်ခင်နုနုဆီ တန်းခနဲရောက်၏။

"ဘာပြောလိုက်တယ်ညည်းက.."

"နုနုပြောတာဟုတ်တယ်အဖေ..ကျွန်တော်တို့ဘာတွေပုံပေးနိုင်ပေးနိုင် ပစ္စည်းဥစ္စာ၊အရှိန်အဝါတွေဆိုတာ အနိစ္စသဘောပဲ.."

"အိမ်ထောင်ရေးဆိုတာလည်း အနိစ္စသဘောပဲကွ၊ ဒီနေ့ညားနေကြပြီး မနက်ဖြန်ကွဲသွားရင် အဲ့ဒီအိမ်ထောင်ရေးက အနိစ္စ၊ ဒီနေ့လင်မယားပေမယ့် မနက်ဖြန်ကွဲသွားကြရင် အဲ့ဒါလည်းအနိစ္စပဲ..ငါ့ကိုအနိစ္စဒုက္ခတွေ လာရှုတ်ပြမနေနဲ့..မင်းတို့ထက်တတ်တယ်.."

ပြောပြီးတင်ကျန်ရစ်သည့် ဒေါသတွေကမပြီးနိုင်.. ။

"အဲ့ဒီကျောင်းဆရာဆိုတဲ့ သတ္တဝါလေးကို ကျောင်းဆရာမို့လို့သိမ်မွေ့မှာပဲ ပြည့်ဝမှာပဲထင်နေကြတာလား၊ ဟွန်း..ခုပဲလူကြီးတွေကိုပြောသွားတာကြည့်၊ လူကြီးပါးစပ်နဲ့ဖြေဖို့ ခက်တာတွေပိတ်ဆို့မေးတတ်တယ်၊ သင်းပဲစကားတတ်တာကိုး.."

ဦးတိုင်းကျော်မပြီးဆုံးနိုင်အောင် ဒေါကန်ရင်းလှည့်ဝင်သွားတော့၊ ဦးမောင်နိုင်မျက်နှာ ပြုံးမလိုမဲ့မလိုနှင့်.. ။

'အဖေကလည်း တစ်မျိုး..'

⌑ ⌑ ⌑ ⌑





အခန်း(၈)

"ဟာ..ဟိုမှာ ဒေါ်ဖြူတုတ်အကြော်ဆိုင် ထွက်နေပြီ.."

"ဟော့.."

စိတ်ကလှုနဲ့ တစ်ထပ်တည်းရောက်သွားတတ်သည့် ပပမျှာ ဒီတစ်ခါတော့ အကြော်ဆိုင်ကိုလှစ်ခနဲပြေးမသွားနိုင်ဘဲ စကက်ရှည်ကြီးကို ပြန်မနင်းမိအောင် သေချာ'မ'နေရသဖြင့်.. ။

"ဖယ်စမ်းပါ.. ဒီမှာဘာမှမစားရသေးဘူး.."

"အိမ်ရောက်ရင်ထမင်းစားရမှာ.."

"သိတယ်လေ..ဒီမှာထမင်းမစားရတာ ဘယ်လောက်ကြာပြီမှတ်လဲ.."

"ထမင်းကြမ်းနဲ့ဆို သုံးနပ်.."

"သုံးနပ်ပဲပေမယ့် နာရီနဲ့တွက်ကြည့်ရင် နည်းသလား၊ ဦးဂုဏ်ရောင်သူများလက်ကိုလွှတ်နော်.."

"မလွှတ်နိုင်ဘူး..ဗိုက်ထဲမှာအစာခံမရှိဘဲ ဆီကြော်မုန့်တွေတန်းစားတာ အန္တရာယ်ရှိတယ်.."

"ဘယ်သူပြောတာလဲ.."

"ပပ.."



www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုလာသဖြင့် မလွှတ်တမ်းဆွဲထားရသည့် လက်ကို ဆောင့်ခါလွှတ်လိုက်ရင်း.. ။

"မင်းဘယ်သူ့ပြောစကားမှ နားမထောင်တတ်တာ ဘာအကျင့်လဲ..ဟင်.."

"ဘယ်လိုလုပ်သိမှာလဲ..ဘယ်သူပြောပြော ပပမလုပ်ချင်တာတွေ၊ လုပ်ချင်တော့တားမြစ်ကြတာတွေ အဲ့ဒါတွေကြောင့်နေမှာပေါ့၊ နည်းနည်းပါးပါးလုပ်ကြည့်ပါစေ ဆိုတာမရှိဘူး..ဒီမှာ.."

ပပက အကြော်တဲလေးဆီပြေးထိုင်မယ့် အစီအစဉ်ကိုဖျက်လိုက်ပြီး သူ့ဘက်ကိုလှည့်လိုက်ကာ.. ။

"အိမ်ကနေရှောရှောရှူရှူလိုက်လာခဲ့တာ ဒီမှာထမင်းငတ်နေလို့သိလား၊ ရှင်ကြီးနောက်ကိုလိုက်ချင်လွန်းလို့ ထင်နေလား.."

"လိုက်ချင်တာမလိုက်ချင်တာတွေကို ငါကလည်း စိတ်မဝင်စားဘူး၊ လိုက်ချင်ချင်မလိုက်ချင်ချင် ပြန်ခေါ်ဖို့ဆုံးဖြတ်ချက်နဲ့လာခဲ့တာ ..အဲ့ဒီတော့အခုမင်းပြန်ပါလာတာ မင်းဆန္ဒနဲ့မဟုတ်ဘူး..ငါခေါ်လာတာပဲ ရှင်းရဲ့လား.."

"ဘာ.."

ဒေါသထွက်ပြဖို့ လက်သီးနှစ်ဖက်ဆုပ်လိုက်ပေမယ့် ဂုဏ်က လက်ကောက်ဝတ်လေးတစ်ဖက်ကို မိမိရရဖမ်းဆုပ်လိုက်ပြီး ဆွဲခေါ်သွားခဲ့၏။

အတင်းဖိဆုပ်ကိုင်ထားတာတောင် ပပကလက်သီးဆုပ်ပြီး လိမ်ကျစ်ရုန်းနေတာ အိမ်ပြန်ရောက်လာတဲ့အထိ.. ။

"ဟော..ဘယ်လိုဖြစ်လာကြတာလဲ၊ ဒီတိုင်းလျှောက်ပြန်လာတာလားသားရယ်၊ အမေကစက်ဘီးယူသွားတယ်ထင်တာ.."

စက်ဘီးယူသွားရင်လား..ဟွန်း..။





ဂုဏ်ရဲ့ခပ်ချဉ်ချဉ်အကြည့်က ပပဆီရောက်သွားသည်။ ဒီလောက်ထိဖိဆုပ် ဆွဲခေါ်တာတောင် ဒီထိရုန်းရုန်းဖယ်ဖယ်လုပ်လာခဲ့တာ၊ စက်ဘီးနဲ့သာတင်ခေါ်လာခဲ့လျှင် အကြော်ဆိုင်ရှေ့မှာ ဒိုင်ဗင်ထိုးဆင်းသွားမှာ မြင်စေချင်သေးသည်။

အမေ့ကိုတော့ ဘာမှမပြောဖြစ်တော့ပေမယ့်.. ။

"သူထမင်းမစားခဲ့ရသေးဘူးအမေ၊ ပပထမင်းစားပြီးအေးဆေးနားတော့ ဘယ်မှမထွက်နဲ့.."

ပြောလို့မှမဆုံးသေး.. ။

"ဟော..ဟော ဟိုမှာပပ ပြန်ရောက်နေပြီ.."

"အတော်ပဲ ပပရေ့..ငါတို့အလှူခံထွက်ကြမလို့၊ နင်ပါလိုက်ခဲ့နော်..ဟိုဘက်ရွာထိသွားမှာ.."

"ဘာ.."

အုပ်စုလိုက်ကြီး အင်တိုက်အားတိုက်ဝင်ရှုလာကြပြီးမှ ဒေါ်ခြတ်နွယ်နဲ့ဂုဏ်တို့ မျက်နှာတွေကြောင့် ခြေလှမ်းလေးတွေနှေးကုန်ကြ၏။ ပြီးတော့ ဂုဏ်ရဲ့'ဘာ'သံမှာ ထိတ်လန့်သွားကြကာ.. ။

"ဘာ..ဘာဖြစ်လို့လဲဟင်၊ တိမ်ပြာတို့က တန်ဆောင်တိုင်ပွဲအတွက်နှစ်တိုင်း ထွက်ခံနေကျကို.."

"ဟုတ်တယ်..ဒီနှစ်ကိုယ့်ဘာသာထွက်ခံကြ၊ ပပမလိုက်ရဘူး.."

အားလုံးဟင်ခနဲ စိတ်ပျက်သွားကြလျှင် စိန်တုတ်ကလက်သီးသက်မောင်းတန်းပြီး နောက်ဆုံးကနေ ရှေ့ထွက်လာကာ.. ။

"ဆရာပြောတာမှန်တယ်..နင်တို့ပဲထွက်ခံသင့်တာပေါ့၊ ပပနာဆရာရှိတယ်.."

"အယ်.."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့..စိန်တုတ်၊ သေနာရဲ့.."

"ဘာတုံး..ဘာလဲစိန်တုတ်၊ စိန်တုတ်ဘာပြောပြော လူကိုပေါ့သလိုချာသလိုနဲ့လာမတားနဲ့၊ အကုန်သိတယ် အပျိုတွေဘယ်ထွက်ခံခံကာမပိုင်လင်မရှိဘူး၊ ပပခံလို့မရဘူး၊ ပပကလင်ရှိတယ်.အဲ့ဒါဆရာပဲ.."

"စိန်တုတ်.."

"ဗျာ..ဆရာ၊ စိန်တုတ်ဆရာ့ဘက်ကပါ..ဆရာကစိန်တုတ်ကို ပိုက်ဆံပေးထားတဲ့မိတ်ဆွေကောင်း.."

စိန်တုတ်ရဲ့'ခံ'ခြင်းများစွာသော စကားလုံးတွေထဲမှာ အလှူခံခြင်းမပါဘဲ နားဝင်ဆိုးရွားစွာ ချုပ်ငြိမ်းသွားခဲ့ပြီး.. ။

"မင်းကို ဒေါ်ကြီးခိုင်းစရာရှိတယ်၊ နောက်ဖေးမှာရေစည်ရွှေ့ချင်လို့ လာ..လာ.."

"ဒေါ်ကြီးက ပိုက်ဆံပေးမှာလား.."

"အေးပါ..ပေးမှာပေါ့.."

ဒေါ်မြတ်နွယ် စိန်တုတ်ကိုခေါ်ထုတ်သွားမှ.. ၊

"ဖြစ်ရလေ..ငါ့နယ်နော်၊ ကိုယ့်ကိုယ်ကိုဘယ်ဘဝရောက်နေမှန်းတောင်မသိတော့ပါဘူး.."

"ပပလိုက်မယ်..ဖမယ်.."

"ပပ.."

"ဦးဂုဏ်ရောင်ကလည်း ပပဘာမှမဖြစ်ပါဘူး.."

"ညည်းဘာမှမစားရသေးဘူး၊ လူကလည်းနွမ်းနေပြီ.."

"မနွမ်းပါဘူး၊ သွားလာရင်း အကြော်ဝင်စား..အဲ.."

"အကြော်မစားရပါဘူး၊ အိမ်မှာပန်းသီးကိတ်တွေရှိတယ်၊ အမေနဲ့ကြီးတော်တို့ ဘုန်းကြီးကျောင်းကိုလှူဖို့ ဖယ်ပြီးသား၊ ငါတို့စားဖို့ချန်ပေးထားတာ.."





"ဟုတ်တယ်..သီတဂူတို့အိမ်မှာလည်း ကွတ်ကီးထုတ်တွေရှိတယ်၊ ဟုတ်တယ်နော်..သီတဂူ.."

"ရှိပါ့..အများကြီး.."

"ပပလိုက်မယ်နော်ဒေါ်လေး..သွားပြီ.."

လူကိုအကြည့်တစ်ချက်နဲ့ ပတ်ဝေ့သွားပြီး အမေ့ကိုလှမ်းအော်ပြောသွားသည်။ ပြီးတော့ ငွေယုံလက်ကိုဆွဲပြီး လိုက်သွားလေသည်။

"ကျွတ်.."

နေပူကျဲကျဲက ရွာရဲ့စိမ်းလန်းစိုပြေသော သစ်ပင်ကြီးငယ်တို့ကို အပြိုင်အဆိုင်ထိုးဖောက်ဖို့ ကြိုးစားရင်းအားပျော့နေပေမယ့် အချိန်ကမွန်းတည့်ပါတော့မည်..။

ရွာနှစ်ရွာစပ်ကြားနေရာတွေမှာ အရိပ်ရှိတာမဟုတ်၊ ဒီကောင်မလေးကြောင့်စက်ပါပြီ.. ။

"ဟောတော်.."

ဒေါ်မြတ်နွယ် အပြင်ထွက်လာတော့ ဂုဏ်တစ်ယောက်တည်း ခါးထောက်ရပ်ရင်း မျက်နှာကြီးမှန်ကုတ်နေတာ မြင်လိုက်ရသဖြင့် အံ့ဩသွားကာ.. ။

"ပပ ပါသွားပြီလား.."

"အဲ့ဒီကောင်မလေးစိတ်ဆောင်နေတာအမေ၊ ထမင်းမစားရဘာသုံးနပ်ရှိပြီတဲ့.."

"ဘယ်လို.."

ဒီမှာပြန်ပြောပြနေတုန်း ဒေါ်မြတ်နွယ်စိတ်တွေပူကာ..။

"ဗညားရေ..၊ ဟဲ့ ဗညားရော.."

"လာပါပြီကြီးကြီး.."



www.burmeseclassic.com

www.burmeseclassic.com



ဗညားက ဆန်အိတ်တွေထပ်ပြီး တစ်ထုပ်စီစည်းနေရာက ကပျာကယာထပြေးလာ၏။

"ပူစူးရော.."

"ခုနကတော့ နောက်ဖေးမှာမေကျော့်နဲ့ မီးဖိုချောင်ဝင်ကူမလို့ လို့ပြောနေသံကြားတယ်ကြီးကြီး..ခေါ်ပေးရမလား.."

"အေး..ခေါ်စမ်း.."

အိမ်ထဲမှာအော်ခေါ်သံတွေ တဖျစ်တောက်တောက်ရေရွတ်သံတွေ ဆူညံသွားခဲ့ပြီး.. ။

"ဗိုက်အောင့်ပျောက်ဆေးနဲ့ အစာကြေဆေးတွေယူပြီး ပပတို့ကိုမှီအောင်လိုက်စမ်း..။အဲ့ဒီမှာဖိုးခွေးတို့ပါတယ် သူတို့လက်ထဲကိုဆေးတွေပေးပြီးသေချာ.."

"ကြီးကြီး..ဗိုက်အောင့်ပျောက်ဆေးဆို သမီးကဂျဲလ်မက်(တ်)ပဲသိတာ.."

"မဟုတ်ပါဘူး..ပပသောက်တတ်တာ ဟိုက်ဒရိုဆဲလ်နဲ့ စပါကူဘင်(န်)၊ အဲ့ဒါယူသွား၊ ပပဘာတွေစားလဲသေချာ.."

"ကြီးကြီး..သမီးအင်္ဂလိပ်စာမဖတ်တတ်ဘူး.."

"အောင်မလေး..ငါ့စကားဆုံးအောင်ပြောပါရစေ.."

အမေနဲ့ပူစူးတို့ ပြောမကောင်းဆိုမကောင်းဖြစ်နေကြတုန်း သူထွက်လာခဲ့မိသည်၊ သီတင်းကျွတ်ကျောင်းပိတ်ရက်ပေမယ့် ကလေးတွေစာမေးပွဲဖြေထားသည့် အဖြေလွှာတွေစစ်ရဦးမယ်.. ။

ဒါပေမယ့်စိတ်ကတော့ ပပဆီပဲရောက်နေမိကာ ဒီမိန်းကလေးကိုပဲ စိတ်ပူရ ခေါ်သွက်ရနှင့် ကိုယ့်အိမ်ထောင်ရေးအတွက်တောင် ရတက်မအေးနိုင်ဖြစ်လာခဲ့တဲ့အထိ.. ။

¤ ¤ ¤ ¤





အခန်း(၉)

ပပတို့ကတော့ ညနေမစောင်းခင်မှာပဲ 'ရေနီ'ရွာဘက်ကို ရောက်သွားပြီဖြစ်ကာ..၊

"မြို့မရွာကြီးရဲ့ ရွာဦးကျောင်းစေတီမှာ ဘုံကထိန်အလှူအဘွက်ဒါနပြုပါခင်ဗျ.."

သူတို့အုပ်စုတွေက လူများသလောက် အားလုံးသွက်လက်ချက်ချာကြတာမို့၊ အလှူခံသွားလာကြတဲ့ လမ်းတစ်လျှောက်မှာ ဖုန်တဆောင်းထောင်း ဆူညံသံတွေလွှမ်းလျက်.. ။

"ဟိုမှာ..အကြော်ဆိုင်သိမ်းပြီလားမသိဘူး.."

"သိမ်းသိမ်း မသိမ်းသိမ်းအဲ့ဒီဆိုင်မှာ ဝင်နားမယ်၊ ဗိုက်ဆာရေနေယ်.."

"အံမယ်..ငါတို့အလှူခံလာတာအများကြီးပဲကို၊ တော်ကြာသူနိုးကျုပိုးတွေ ဝိုင်းလုရင် ဘယ်လိုလုပ်မလဲ.."

"ငါတို့ရဲ့ ရွာနီးချုပ်စပ်မှာ ဒါမျိုးမရှိဖူးပါဘူးဟ..ကျောင်းနဲ့နှုန်းနဲ့ ဖွံ့ဖြိုးတဲ့နေရာတွေမှာလူဆိုးသူခိုးဆိုတာ.."

"ဟိတ်..ပါတာတွေအားလုံး ဒီစားပွဲပေါ်ချလိုက်စမ်း.."

ဟင်..၊



www.burmeseclassic.com

www.burmeseclassic.com



ဟမ်.. ။

အားလုံးအသံတွေတိတ်ကျသွားကြသည်။ လှည့်ကြည့်လိုက်တော့ အရပ်ရှည်ရှည်လည်ပင်းရှည်ရှည်နှင့် မျက်လုံးကသိသာအောင်ပြူးနေသေသည်။

ဒါပေမယ့် ဝတ်စားထားပုံအရတော့ သူခိုးဂျပိုးပုံမဟုတ်ဘူးထင်ရသည်၊ ပပတို့ကြောက်ရမှာလား လန့်ရတော့မလား။ ဘာမှန်းလည်း မသိဘဲကြောင်တောင်တောင် ပြန်ကြည့်နေမိဆဲ.. ။

"ဟိတ်..ပြောနေတာမကြားကြဘူးလား.."

လက်ထဲမှာ တစ်တောင်လောက်ဝါးဆစ်တစ်ချောင်းကို ကိုင်ထားတာတော့ တွေ့သည်။ ထိုအရာက ဝါးဆစ်ရိုးရိုးပဲလား။ ရှာတွင်းဖြစ်ဟန်းမိတ်(ဒ်)ပဲလား ဘာလားဆိုတာမသိ.. ။

ရှာလမ်းတစ်လျှောက်မှာ လူကရှင်းနေသည်။ ရှာအထွက်မို့ ရှာစဉ်ရှာဆက်လည်း သိပ်မနီးလှသဖြင့် လောလောဆယ်အနီးအနားမှာ ကူညီမယ့်သူဆိုတာမမြင်.. ။

သို့သော် သူ့မှာလည်းနောက်ထပ်လူတွေပါလာတာ မမြင်သည်မို့..၊

"ဒီလူ..ဘာလဲဟ.."

ယောကျ်ားလေးတွေက မျက်နှာအရင်တင်းသွား၏။ ဖိုးခွေးက ပပစိတ်ကိုသိနေသဖြင့် ယောကျ်ားလေးချင်းကပ်မနေဘဲ ပပနားတိုးလာပြီး.. ။

"ပပ..ဘာမှသွားမစနဲ့နော်၊ သူ့နောက်မှာလူတွေရှိနေနိုင်သေးတယ်၊ ပြီးတော့..သူ့လက်ထဲကဟာ ဓားထင်တယ်.."

"ဟိတ်..ဘာလဲတိုးတိုးကြိတ်ကြိတ်နဲ့.."

"ဟမ်..မဟုတ်ပါဘူး.."





ဖိုးခွေးတုန်ခနဲဖြစ်သွားသည်။

"ဖြန်း.."

"အမလေး.."

အကြော်ဆိုင်ခုံကစားပွဲက တစ်တောင်လောက်ပဲမြင့်သည်။ ...တော့ ဆိုင်ကလည်းသိမ်းထားပြီးပြီမို့ ဈေးသည်မရှိပေမယ့် သိမ်း...ည်းထားသည့်တောင်းကြီးက ဘေးမှာဒီတိုင်း.. ။

တစ်နေ့ကုန်ရောင်းချထားပုံပေါ်သည့် စားပွဲကလည်းဆီကွက်...ွ ဆီကြေးတစ်ချို့တက်နေတာတွေနှင့် ပပတို့စားပွဲနားမှာ ရှိနေကြ...တောင် စားပွဲနားမကပ်ကြပေ.. ။

ဒါပေမယ့် ထိုလူကတော့ သူ့တုတ်နှင့်စားပွဲကို တမင်တကာ...န်းခနဲရိုက်ပစ်လိုက်ကာ မိန်းကလေးတွေလန့်ဖျန့်ပြီး ဘေးရှဲသွားကြ...ာ့ကျေနပ်သွားပုံနှင့်..။

"ဟဲ..ဟဲ..ဟဲ မင်းတို့အရမ်းငယ်ပါသေးတယ်.."

"ဟုတ်တယ်..ငယ်ပေမယ့် ကျွန်မတို့မှာလူကိုးယောက်တောင်...ိုင်ကတစ်ယောက်တည်းနော်.."

ဟမ်..။

ရယ်နေသည့် ပါးစပ်တန်းလန်းကို အဆုံးမသတ်နိုင်ဘဲ မျက်...ုံးက ပပဆီရောက်လာသည်။ ဖိုးခွေးတံတွေးဂွိခနဲ မျိုချလိုက်ရင်း၊...ယ်ကျော်နဲ့ဘုန်းရောင်တို့ကို လှမ်းကြည့်လိုက်မိ၏။

ဘုန်းရောင်တို့ကတော့ ပပလိုကောက်ခါငင်ခါ မပြောတတ်...ပေမယ့် ပပလိုပဲဂရုမစိုက်သည့် အကြည့်တွေကိုယ်စီနှင့်.. ။

"နင်က ဘာပြောလိုက်တာလဲ.."

"မကြားလိုက်ပြန်ဘူးလား၊ ဒါဆိုထပ်ပြောမယ်..တုတ်တစ်...ောင်းလူတစ်ယောက်တည်းနဲ့ ဒီကလူကိုးယောက်ဆိုတော့ ဘက်မညီ



www.burmeseclassic.com

www.burmeseclassic.com



ဘူး..ရှင်လူပြန်စုရင်အချိန်မီသေးတယ်.."

"ဘာ.."

"ဒုန်း.."

"အမလေး.."

နောက်တစ်ခါ ဟုတ်နဲ့စားပွဲကိုရိုက်လိုက်တော့လည်း မိန်းကလေးတွေအော်သံထွက်လာပြန်၏။ ထိုအသံကြောင့် သူ့ရဲ့ခြောက်လှန့်ခြင်းအတွက် ဝမ်းသာအားတက်သွားသည့် မဲ့ပြုံးနှင့်.. ။

"ဟဲ ဟဲ..ဟဲ..ပြေးခေါ်ဖို့မလိုဘူး၊ သူတို့ခုပဲလာကြတော့မှာ.."

ပပက မေးဆက်၍.. ။

"ဘယ်နှစ်ယောက်လာမှာလဲ.."

"ဆယ်ယောက်.."

"ဩော်..တစ်ရွာလုံးဓားပြတွေပဲပေါ့.."

"ဘာပြောတယ်..နင်.."

"ဟုတ်တယ်လေ၊ ရွာလေးက တစ်ဖက်ခြမ်းတည်းနဲ့ အိမ်ခြေကျိုးတိုးကျဲတဲ..ဒီရွာကဓားပြတိုက်နေတာမဟုတ်ရင်..ရှင်တို့တွေဘယ်ကြွက်တွင်းထဲ ဝင်အောင်းနေကြမှာလဲ.."

"နင်တော်တော် သတ္တိကောင်းနေပါလား၊ ဟေ့..ဟိုနောက်ကဖလားကိုင်ထားတဲ့နှစ်ယောက် အဲ့ဒါတွေငါ့ကိုပေးစမ်း.."

"အံမယ်.."

"မပေးပါဘူး.."

"မပေးနဲ့သန္တာ၊ မပေးနဲ့.."

"စိမ်းလဲ့ မပေးနဲ့နော်.."

ယောကျာ်းလေးတွေက စိုးရိမ်တကြီးလှမ်းတားကြသလို မိန်းကလေးတွေကလည်း ပိုက်ဆံတွေနဲ့ဖလားတွေနား ပြေးကပ်နေလိုက်ကြ





[illegible]။

ထိုလူမျက်နှာပျက်သွားကာ နောက်ကလူတွေကိုခေါ်သလို [illegible]ကြည့်၏။ ပပက ဘယ်ကျော်တို့ကိုလှမ်းကြည့်ပြီး မျက်ရိပ်ပြလိုက်[illegible]သည်။ အချင်းချင်းခေါင်းညိတ်ပြလိုက်ကာ..။

"ဟဲ့..အဲ့ဒါဘာလုပ်မလို့လဲ.."

"ဘာလုပ်လုပ်.."

ပပက စိမ်းလဲ့ကိုကျော်၍ ဘုန်းရောင်ကမ်းပေးသည့် ဓာတ်မီး[illegible]သိမ်းယူလိုက်ကာ.. ။

"ဓားပြတိုက်တာဆိုလည်း လူရှိန်အောင်လုပ်ပြလေ၊ ဘယ်မှာ[illegible]..ရှင့်လူတွေတကယ်ရောက်လာရင်ပေးမယ်.."

ပပက ဓာတ်မီးကိုချိုင်းကြားမှာညှပ်ထားပြီး ထိုင်ဖို့နေရာရှာ[illegible]လိုလို ဘာလိုလိုနှင့်ရွေ့တိုး၏။ ဒီကောင်မလေးချည်းပဲ အသံထွက်[illegible]နေပါလားဆိုသည့်အကြည့်နှင့် မျက်လုံးကြီးကတဝင်းဝင်းဖြစ်နေ[illegible] ။

"နင်တွေ့မယ်..ဟိုကောင်တွေလာရင် လေကျယ်ရဲဦးမလား[illegible]ညှိရသေးတာပေါ့.."

"ပပ..နင်သိပ်စွာမနေနဲ့.."

"နေစမ်းပါ.."

ဟိုပုဝ္ဂိုလ်နောက်ကို လှည့်၍လည်ပင်းရှည်နေတုန်း ပပရှေ့[illegible]ာ.. ။

"ခွပ်.."

"အား..သေပါပြီ.."

"ချက္ကာ.."

"ခွပ်.."



www.burmeseclassic.com

www.burmeseclassic.com



"ချ..ချ..မထနိုင်အောင်ချပစ်.."

"အောင်မလေး.."

"ဘုန်း.."

"သေပါပြီ..လုပ်ကြပါဦး.."

"ဘာခုမှ လုပ်ကြပါဦး၊ ကဲဟာ..ကဲဟာ.."

နည်းနည်းလေးမှ ဝင်မပါကြတာဖိုးခွေးနဲ့မေကျော်တို့ပဲရှိသည်။ ခါးပြခေါင်းကို ပပကခတ်မီးနဲ့ရိုက်ခွဲပစ်လိုက်သည့်နောက်မှာ ဖက်ပိုးအုပ်တဲ့သူ လက်သီးနဲ့ထိုးတဲ့သူတွေဝိုင်းအုံ့ပြီး.. ။

"ရပြီ..ရပြီ၊ သူ့သခ်န်းစာကောင်းကောင်းရသွားပြီ.."

"ဟာ..ဟိုမှာဟေ့၊ ဘာတွေဖြစ်ကုန်တာတုံး.."

"တက်ခါး..တက်ခါးလဲနေတာဟ.."

"သေသွားတွေလားမသိဘူး.."

ရွာသားတွေလေးငါးယောက်ပြေးလာကြတာ မိန်းမကြီးသုံးယောက်နဲ့ယောကျာ်းကြီးနှစ်ယောက်.. ။

တစ်ယောက်ရဲ့လက်ထဲမှာ ဘုန်းကြီးသံဃာတွေကိုင်သည့် ဘေးလွယ်အိတ်သေးသေးလေးကို စုလုံးကိုင်ထားလျက်.. ။

"ဘာတွေဖြစ်ကြတာတုံးကွယ်.."

"တက်ခါးရေ.."

မထင်မှတ်သည့်အခြေအနေအရ ရုတ်တရက်ကြားဖြတ်ဝင်လာပေမယ့် သူမတို့တစ်ခုခုမှားသွားပြီဆိုတာ ပပတို့အားလုံးသိလိုက်ကြ၏။

ဒါပေမယ့် တက်ခါးဆိုသူကတော့ လူးလိမ့်ညည်းညူရင်းဖြင့်..၊

¤ ¤ ¤ ¤





## အခန်း(၁၀)

သူတို့ဘက်က ရွာထိလိုက်လာကြသည်၊ ပပတို့ဆီပြေးလွှားရောက်လာကြသူတွေပဲဖြစ်ကာ သူတို့လက်ထဲမှာလည်း ဘုံကထိန်အတွက်လှူဖို့ ပိုက်ဆံကိုလွယ်အိတ်ထဲမှာ ထည့်လာကြသော်ငြား.. ။

"ကျွန်မတို့ရွာက အိမ်ခြေလေးနှစ်ဆယ်တောင် မပြည့်ပါဘူးရှင်..၊ရွာဆိုပေမယ့် ရွာစဉ်တွေထဲမှာ မြေဝယ်မနေနိုင်လို့ ကိုယ့်ဘာသာ ကမူတွေကိုဖြို ခြံတွေရှင်းပြီး နေခဲ့ကြတာပါ၊ မြေမဝယ်နိုင်တဲ့လူတွေ တဖြည်းဖြည်းစုမိပြီး..တစ်ရွာတစ်ကျေးဖြစ်နေတာပါ.."

"ဟုတ်တယ်လေ.. အဲ့ဒါကြောင့်ပပတို့ကလည်း ဖြတ်ကျော်ခဲ့ကြတာပါ၊ အလှူတောင်ဝင်မခံခဲ့ဘူး.."

"မှန်ပါတယ်သမီးရယ်..ဒေါ်ကြီးတို့ကလည်း အလှူခံတွေကငဲ့ညာပြီး ရှောင်သွားကြလွန်းလို့၊ ဒီနှစ်တော့လှူမယ်ဆိုပြီး သမီးတို့ပြန်အလာကိုစောင့်နေကြတာပါ.."

"ကျုပ်က မှုစ်သွားရှိုးနေတာနောက်ကျတော့ ကျုပ်ကိုစောင့်နေကြရင်းနဲ့၊ ဒီကလေးတွေပြန်ကုန်မှာစိုးလို့..တက်ခါးကိုအရင်လွှတ်ပြီးတားနိုင်းထားတာပါ.."

တက်ခါးဆိုတဲ့သူက ခေါင်းမှာပတ်တီး၊ လက်မှာပတ်တီး



www.burmeseclassic.com

www.burmeseclassic.com



နှင့်နှုတ်ခမ်းထောင့်မှာလည်းငွမ်းတွေ ပလပ်စတာတွေမွစာတက်နေကာ ခေါင်မြတ်နွယ် ထုတ်ခင်းပေးထားသည့်တန်းလျားအစွန်းမှာ ချည်စောင်တစ်ထည်ကိုခေါင်းကနေခြုံထားပြီးရှုံ့မဲ့မဲ့ထိုင်နေ၏။

ငတက်ခါးလို့ ခေါ်ပြီးရှင်းပြနေတော့ ဝိုင်းအုံ့ခဲနေကြသည့် ပတ်ဝန်းကျင်အိမ်နီးချင်းအားလုံးက ပပတို့အုပ်စုဆီ မျက်လုံးတွေရောက်လာကြ၏။

အထူးသဖြင့် ပပကိုသာတရားခံအကြည့်နဲ့ဖြစ်ရာ.. ။

"လိုက်တားရင်တားတယ်ပေါ့၊ ကြီးကြီးတို့လူက ပါတာအကုန်ထုတ်ဆိုပြီးဓားပြတိုက်နေတာ .."

"ဟုတ်တယ်..သူက အတည်ပေါက်နဲ့နောက်တတ်တဲ့ကောင်လေးပါကွယ်.."

"နောက်တာဆို နောက်တာမှန်းသိသာပါတယ်..သူ့ပုံစံက နောက်တာနဲ့မှမတူတာ.."

ပပကလည်း ကိုယ့်အပြစ်လို့မှတ်ယူထားပုံမရှိဘဲ ခါးလေးတစ်ဖက်ထောက်ပြီး ကဲ့ရယ်နေသေးသည်။

"နောက်တာဆိုပေမယ့်..လွယ်ရင်တော့ ယူမယ့်ပုံကြီး.."

"ဟုတ်တယ်..ကျွန်တော်တို့နဲ့စကားပြောသေးတယ် သူကအတည်ကြီးပိုက်ဆံတောင်းနေတာ.."

"ဟုတ်တယ်..ကျွန်မတို့ညာတာမဟုတ်ဘူး ပပကမေးတော့ နောက်ထပ်လူတွေလာဦးမှာလို့တောင်ပြောသေးတယ်..ဒါပေမယ့် ခေါ်ကြီးတို့ကိုပြောတာမဟုတ်ဘူး.."

"ကျွန်တော်တို့ကို ဆုံးမမယ့်ဓားပြတွေတဲ့..."

"ဟုတ်ပါတယ် သားလေးတို့ရယ်.. ခေါ်ကြီးတို့လည်း ဘယ်လိုရှင်းပြရမှန်းကိုမသိတော့ပါဘူး.."





"ကြီးကြီးကရှင်းပြနေရမှာမဟုတ်ဘူး သူ့ကိုသေချာပြန်မေးရမှာ..ပပတို့ပြောသလို သူတကယ်ဓားပြတိုက်ခဲ့တာ ဟုတ်လား မဟုတ်ဘူးလားဆိုတာ.."

"အဲ့တာက ဒီလိုပါကွယ်.."

"ဒီကောင်က ရုပ်ရှင်ရှူး..ခဏခဏဓားပြလုပ်ပြီးသရုပ်ဆောင်တာ.."

"ဟွန်း...အပိုတွေ.."

ပပကမဲ့လိုက်ပြီး မျက်နှာလေးပါဆက်ခနဲလွှဲပစ်၏။ ဘယ်ကျော်တို့ စိမ်းလဲ့တို့ကလည်း ပပမျက်နှာမှာငြိမ်းချမ်းရေးကိုရှာမတွေ့ရဘဲ ဘယ်သူကမှ ဓားထွက်ပြီးအလံဖြူပြကြမှာမဟုတ်ပေ၊

"ကဲ..ဒီက အစ်မကြီးတွေလည်းထိုင်ကြပါဦး..အစ်မတို့ရွာက သာရွာ.."

"နာမည်လည်းမရှိပါဘူး၊ဒီလိုပဲ..ဟိုခေါ် ဒီခေါ်ပါ၊ ကျွန်မတို့ဘတော့ အဲ့ဒီနားမှာ ပဒိုင်းပင်တွေများလွန်းလို့ ပဒိုင်းရွာလို့ပဲသတ်မှတ်ထားတာ..ကျွန်မတို့ရွာက ဆင်းရဲပါတယ်အစ်မရယ်..ရေနီရွာကြီးဘက်မှာအလုပ်သွားလုပ်ကြတယ်..ကိုယ့်မြေလေးကိုယ်ရှင်းပြီး စားပင်သီးနှံလေးတွေ တစ်နိုင်တစ်ပိုင်စိုက်ကြတယ် ဒါပါပဲ.."

ပြောပြရင်း ဒဏ်ရာတွေဗလပွနှင့် ငတက်ခါးကို လှမ်းကြည့်တာ.. ။

"ငတက်ခါးက မကျန်းမာတဲ့သူ့အဖိုးကိုလုပ်ကိုင်ကျွေးနေတဲ့ကောင်လေးပါ၊ အရူးအပေါလိုနေပေမယ့် စိတ်ရင်းလည်းကောင်းပါတယ် တစ်ခါမှ သူများပစ္စည်း မသိအောင်မယူခဲ့ဖူးပါဘူး၊ ကျွန်မတို့ဘာလုနည်းစုပါ..သူ့စာရိတ္တကို အာမခံနိုင်ပါတယ်ရှင်.."

"ဟုတ်ပါတယ်ဗျာ..ခု အလှူငွေထည့်ဝင်ကြဖို့စုကြတော့



www.burmeseclassic.com

www.burmeseclassic.com



လည်း သူ့ချွေးနည်းစာလေးနဲ့ပြေးလာရှာတာပါ၊ အလှူခံအဖွဲ့ကိုသွား တားထားမယ်ဆိုပြီးထွက်သွားတာလဲ ပျော်လို ရွှင်လို့ပါပဲ ဓားပြတိုက် ဖို့ကြံစည်တယ်ဆိုတာ အစ်မကြီးတို့ပဲစဉ်းစားကြည့်ပါဦး..."

ဒါကဖြစ်နိုင်နေပြီမို့ ဓားပြတစ်ယောက်တော့ မဖြစ်နိုင်ဘူ လို့ပဲအတည်ပြုရတော့မှာဖြစ်သည်..မိန်းမကြီးရှင်းပြနေတုန်း ငတက်ခ ကကြူကြူပါအောင်ငိုပါတော့သည်။

နှုတ်ခမ်းတွေဖူးယောင်နေသဖြင့် စကားလည်းမပြောနိုင် သူ့ကိုဝိုင်းထိုးကြသည့် ဘယ်ကျော် တို့ကိုလှမ်းကြည့်လိုက် ရှုံ့မဲ့သွား လိုက်ရှိုစဉ် ဘယ်ကျော်က လက်သီးပြ လိုက်သည့်အချိန်မှာ မျက်ရည် ဖြိုင်ဖြိုင်ကျလာခဲ့ခြင်းဖြစ်လေသည်။

"ငိုသေးတယ်ဟယ်..ရှုပ်ဆိုးလိုက်ပါဘိ."

ပပကရှုံ့မဲ့ပြောပြီး မျက်စောင်းထိုးတာတောင်မေးဖျားပင့်ပြ မဲ့မဲ့ရွဲ့ရွဲ့.. ၊

"ပပ.."

"ရှင်.."

ဒေါ်မြတ်နွယ်က ပပမျက်နှာလှမ်းကြည့်ပြီး သတိပေးက အေးလူတွေကိုပြန်လှည့်ပြုံးပြ၍.. ။

"ဘာပဲဖြစ်ဖြစ် အစ်မကြီးတို့က အလှူငွေထည့်ချင်လို့တော ပိုက်ဆံကိုင်ပြီးပြေးလာကြတာပဲ..အခြေအနေကိုကျွန်မတို့နားလည် တယ်.."

ပြောပြီးအေးလူတွေကိုကြည့်လိုက်တော့၊ 'ဟုတ်သည်'လို့ ပြောနေသလိုခေါင်းညိတ်ကြတာမြင်ရသဖြင့် ဒီလူတွေအပေါ် ဂရုဏာ သက်နေကြပြီမှန်းဒေါ်မြတ်နွယ်နားလည်သွားသည်။

"အခု ဒီထိလိုက်လာပြီး လူကြီးတွေရှေ့မှာမှကလေးတွေအပြ





ကိုပြောပြတိုင်ကြားတဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်.."

"ဟုတ်တယ် မနွယ်.. ကျွန်မတို့ကလေးတွေကို သူတို့တွေ ဝိုင်းသမပြီး လက်တုံ့ပြန်လိုက်ရင်ပြဿနာရှင်းဖို့ကနောက်မှ..လောလော ဆယ်ကလေးတွေသေကြေကျိုးကန်းကုန်မှာပဲ.."

ဒေါ်ယုက ဒေါ်မြတ်နွယ်နားကပ်ပြီးတိုးတိုးပြောကာ.. ၊

"သူတို့ဆေးဖိုးဝါးခ လိုချင်ရင်ပေးသာပေးလိုက်တော့ မနွယ်.."

"ဒီကိစ္စ ကျွန်မတို့ဘက်က ဘာများ.."

"ဘာမှ မလုပ်ပေးရပါဘူးအစ်မကြီးရယ်..ဒီလူနာက ဒဏ်ရာ တွေများနေတော့လေ ကျွန်မတို့လည်းမကူညီနိုင်ဘူး..သူတို့အင်အား နဲ့လဲ ဆေးကောင်းဝါးကောင်းမတတ်နိုင်ရှာပါဘူး၊ သူ့ကို ဒီရွာကဆေး ခန်းမှာ ဆေးလေးကုသပေးဖို့ လာတောင်းပန်တာပါ.."

"ဟုတ်ပါတယ် ကျွန်မတို့ကလည်း ဒီငွေလေးကို ရွာက ဘုံကထိန်အတွက် ပါဝင်ချင်တာ..လူနာအတွက် ဆေးကုပေးဖို့ အထဲပါ သွားရင်၊ ကထိန်အလှူကိုလက်လွှတ်ရမှာလေ.."

"စိတ်ချပါ စိတ်ချပါ..ဆေးကုပေးရုံတင်မကပါဘူး၊ ဒီသူငယ် လေးအလုပ်မလုပ်နိုင်တဲ့အတွက် သူ့ရဲ့လူမမာအဘိုးအတွက်စား သောက်စရိတ်ပါ ကျွန်မတို့က.."

"ဒါပေမယ့် မမြတ်ရေ အားတော့နာပါတယ်နော်..ကျွန်မတို့ က မမြတ်တို့လိုချမ်းသာတာမဟုတ်ဘူး.. အဲ့ဒီစရိတ်စကတွေထဲတော့ ဆွဲမထည့်ပါနဲ့..."

ငွေယုံအဒေါ်က ပေါ်တင်ပဲပြောပြီး ငွေယုံလက်ကိုဆွဲထွက် သွား၏။

"ကျုပ်ထင်တယ်..ပပကတော့ ခြေမြန်လက်မြန်တကယ့်စွ



www.burmeseclassic.com

www.burmeseclassic.com



စော်ကဲပဲ..လာ..လာ စိမ်းလဲ့ ပြန်မယ်.နင့်အမေကို ဘုန်းကြီးကျောင်း မှာဝင်ခေါ်ရဦးမှာ.."

သူလည်းမပါ..သူလည်းမဆိုင်သည့်သဘောတွေအသီးသီး ပြပြီး..ကိုယ့်ကလေးတွေကိုယ်ခေါ်ထုတ်ထွက်သွားကြ၏။ ဒေါ်မြတ်နွယ် ကလည်း ဘယ်သူတွေဆီကမှ စုဆောင်းပေးလျှော်ဖို့စိတ်ကူးမရှိခဲ့ပါ..

ကျွန်မတို့လို့သုံးလိုက်ရတာက ကိုယ့်မိသားစုဝင်တွေရဲ့သ ဘောအတူတူပဲရှိကြတာကို ပြောနေကျအတိုင်း ပြောမိတာသာဖြစ်၏။ ရယ်ရမလား ငိုရမလားမသိသော်လည်း ဒေါ်မြတ်နွယ်ထိုလူတွေကို လည်း အပြစ်မမြင်မိတော့ပေ.. ။

အမိကက ကိုယ့်ရဲ့သမီးချွေးမလေးအပေါ် လက်ညှိုးထိုးလာ ကြမှာတွေကို ပျောက်ပျက်သွားအောင် ကာကွယ်ပေးဖို့ပင်.. ။

"ဘယ်လိုဖြစ်ကုန်ကြတာလဲ.."

"အေးနော်..ဒေါ်ယုကလည်း သူ့အုန်းခြံကြီးတွေနဲ့ ဒီလောက် ချမ်းသာနေတာတောင်မှ.."

"မင်းကလည်း ဝင်မပါစမ်းပါနဲ့.."

"မပါလို့တော့ရမလားတော့.."

"ဟုတ်ပါတယ်ကိုအေးမောင်ရယ်..စိမ်းလဲ့အဖေဦးကြာခံကို လည်းကြည့်ပါဦး၊ ယောကျာ်းကြီးတန်မဲ့ ဥစ္စာခြောက်နေတာ၊ ဘာဖြစ် ဖြစ် ပြဿနာဖြစ်ခဲ့ကြတာအုပ်စုလိုက်ကြီးပဲ ပပမှာပဲအပြစ်ရှိတာ ကျလို့.."

"ဒါတော့မပြောနဲ့လေမရွှေရီ..ယောကျာ်းလေးတွေပါသွား တာခြေလွန်လက်လွန်မဖြစ်ရအောင် မိန်းကလေးတွေကတောင် တားရ ဦးမှာကို ခုကြားလိုက်ရတာ ပပကစဆော်တာတဲ့..ကဲ.."

ဦးသာဗျောက လိုချင်သည့်အခြေအနေရောက်အောင် ဆွဲပြော





သွားကာ.. ။

"ဘယ်ကျော်ဆိုတဲ့ကောင်..လာဒီဘက်ကို.."

"အဖေကလည်းဗျာ..ကျွန်တော်တို့လည်းဝိုင်းရိုက်ကြတာပဲ တကယ်ဆိုလျှော်ပေးဖို့ မလိုပါဘူး.."

ဘယ်ကျော်ကပြောရင်း ဒေါ်မြတ်နွယ်ဘက်လှည့်ကာ.. ။

"ဒေါ်ကြီးကလည်း သူကစားပြတိုက်လို့ ကျွန်တော်တို့ကပြန် ခံခဲ့တာပါ..ဘာမှ.."

ဒေါ်မြတ်နွယ်က လက်ကာတားလိုက်ကာ.. ။

"တော်ကြတော့ တော်ကြတော့၊ မင်းလည်းမင်းအဖေနဲ့ပြန် လိုက်သွားပါ၊ ကျန်တဲ့လူတွေရောပဲ..ဒီကိစ္စမှာဘယ်သူမှ ပါဝင်ကုန်ကျ လို့မလိုပါဘူး၊ ဆေးဖိုးဝါးခဖြစ်တဲ့အတွက် ကျွန်မဘာသာထောက်ပံ့ ဆးဖို့လည်း မတွန့်တိုဘူး၊ အားလုံးပြန်ပါ ရပါတယ်.."

"ဟာ..ဆရာ.."

ခေါ်သံကြောင့် ဂုဏ်ပြန်ရောက်လာပြီမှန်းသိလိုက်ကာ၊ ဒေါ် မြတ်နွယ်က လှည့်ကြည့်၍.. ။

"သား.."

"ဘာတွေဖြစ်နေတာလဲ အမေ.."

လူနာနဲ့ပတ်တီးတွေကို တအံ့တသြခေါက်တုံ့ခေါက်ပြန် ကြည့်ရင်း.. ။

"သူတို့က.."

"ဒီလိုသားရဲ့.."

ဒေါ်မြတ်နွယ်က ရှင်းပြရင်းနဲ့ပဲ နွားလှည်းပြင်နိုင်းလိုက်ကာ၊ သားနဲ့မှတ်ကြီးတို့ကို လူနာကိုဆရာဝန်ဆီသွားပို့ခိုင်းလိုက်၏။

"မေကျော့ကိုပိုက်ဆံပေးလိုက်သမီး..မေကျော်လိုက်သွား လိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်.."

"ဒေါ်လေး..အဲ့ဒါက.."

ပပကလည်း အလျှော်ပေးရခြင်းကို ဘဝင်မကျပေ၊ ဒါပေမယ့် ဒေါ်မြတ်နွယ်က အပြောမခံဘဲလက်ကာပြလိုက်ပြီး ပိုက်ဆံသွားယူပေးလိုက်သာ ပြောသောကြောင့်.. ။

"ရော့..မေကျော့.."

အိပ်ခန်းထဲက ပြန်ထွက်လိုက်ပြီး မေကျော့လက်ထဲကို ပိုက်ဆံထည့်ရင်း.. ။

"လျှော်ရတော့မယ်ဆိုရင်လည်း အားလုံးဝိုင်းထုကြထောင်းကြတာ ပပကပဲဘာလို့လျှော်ရတာလဲ၊ ဒေါ်လေးကလည်းတကယ်.."

"ဘာကိုတကယ်တာလဲ..အဲ့ဒီပြဿနာဘယ်သူရှာခဲ့တာလဲ.."

အားလုံးကိုသိလာသည့်နောက်မှာ ဂုဏ်ဒေါသက ပပဆီတိုက်ရိုက်ကျရောက်ခဲ့၏။

"ပပ.."

"အ.."

လက်မောင်းတစ်ဖက်ကို ဖျတ်ခနဲဆွဲလှည့်လိုက်သဖြင့် ပဝ ဒယိမ်းဒယိုင်လေးပါလာကာ.. ။

"ဦးဂုဏ်ရောင်..သူများနာတယ်နော်.."

"နာတော့ နာမှန်းသိလား..မင်း.."

"သိတယ်လေ၊ ရှင်ကြီးမသိရင် ပပကိုလွှတ်လိုက်၊ ရှင့်လက်မောင်းကိုဝါးရင်းတုတ်နဲ့ ရိုက်ပစ်မယ်.."

"အေး..သိတယ်၊ မင်းလက်က 'တွေမရှောင် သေအောင်လုပ်ပစ်ရဲမှန်း'.."

"အား.."





"တောက်.."

လွှတ်လိုက်တာတောင် ဒေါသတကြီးဆောင့်ခါလွှတ်လိုက်သဖြင့် ပပနံရံဘက်ကို ယိုင်ထွက်သွားသည်။ ဂုဏ်ကအနားကနေ လစ်ထွက်ဖို့ပြင်လိုက်သည့် မေကျော့လက်ထဲကပိုက်ဆံအိတ်ကို ဆတ်ခနဲဆွဲယူလိုက်ကာ.. ။

"ဒီမှာပဲနေခဲ့ကြ..ဒီတစ်ခါပြဿနာထပ်ရှာလို့ကတော့..ဟွန်း.."

ပုဆိုးတစ်ဖက်စ အသာမ၍လှမ်းထွက်သွားသည့် ခြေလှမ်းကတော့တလွှားလွှားနှင့်.. ။

"သေလိုက်ပါလား.."

ပပက နောက်ကနေလက်သီးဆုပ်နဲ့ရွယ်ပြီး နှုတ်ခမ်းကိုက်ဘျန်ခဲ့ရင်း.. ။

"ရှင်ကြီး အဲ့လိုကြိမ်းဝါးမသွားဘူးဆိုရင် ပပကရေချိုးထမင်းစားတော့မလို့၊ ဒါပေမယ့်..ခုတော့.."

"ကြိမ်းဝါးသွားတာမဟုတ်ပါဘူးသမီးရယ်၊ သမီးကိုသူများဆွကဲ့ရယ်မှာစိုးရိမ်လို့ စိတ်တိုသွားတာပါ.."

"ဒေါ်လေး..အဟွန်း.."

စကားပြောမိတိုင်း ဒေါ်လေးကနောက်ကရောက်ရောက် နေဘတ်သဖြင့် ပပသူနိုးလူမိခံရတာ ခဏခဏပင်.. ။ဒေါ်လေးကိုပဲ လိုက်ချောင်းပြီးနားထောင်နေတယ်လို့ ထင်ရမလား၊ သူမကပဲရှေ့မကြည့်နောက်မကြည့်ပြောမိနေတာလား.. ။

"အခု ပပပြဿနာရှာတာမဟုတ်ဘဲနဲ့..ဦးဂုဏ်ရောင်ပြောသွားတာ ဒေါ်လေးကြားသားနဲ့.."

မျက်နှာပူပူနဲ့ပဲ အရှိန်နဲ့အတင်းတုပ်ဖို့ ရှေ့ဆက်မိသေးသည်၊ ဒေါ်မြတ်နွယ်က ပပကိုစိတ်ဆိုးသည့်ပုံလည်း မရှိပါ..၊ ထို့ပြင် ပြုံးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပပရဲ့ခေါင်းလေးကို ချစ်စနိုးလှမ်းပွတ်လိုက်ရင်း.. ။

"သူ သမီးအတွက်ဆိုအရမ်းစိတ်ပူတာသမီးရဲ့ တကယ်ဆိုခု ချိန်ထိ သူအေးဆေးမနားရသေးဘူး.."

ပပက နှုတ်ခမ်းလေးစူကာ.. ၊

"ဒေါ်လေးက ပပကြောင့် ကို..ဦးဂုဏ်ရောင် ပြဿနာချည်းပဲ လိုက်ရှင်းနေရတယ်လို့ ပြောချင်တာလား.."

"ကိုကိုလို့အရင်လိုပဲ ခေါ်ပါလား..သမီးရယ်.."

ပုပကခေါင်းခါဖို့ အဆင်သင့်ဖြစ်နေခဲ့လျက်၊ ဒေါ်မြတ်နွယ်ကို အားနာဖို့လည်း သတိမရ.. ။

"မခေါ်ပါဘူး..ပပသူ့ကိုမုန်းတယ်.."

"မုန်းတယ်.."

ပပက ခေါင်းညိတ်လိုက်ပြီး.. ။

"ဒေါ်လေးမှသိဘူးမလား၊ မမပိုးနဲ့ရှယ်တူမို့လို့ ကိုကိုလို့ခေါ် တာကို 'သူ့ကိုမလေးစားဘဲနဲ့ ကိုကိုလို့မခေါ်နဲ့ နားခါးတယ်' တဲ့.."

"ဟုတ်လား..သားကပြောခဲ့တယ်ပေါ့.."

"ပြောတယ်လေ၊ ပပကလည်းဘယ်လိုအကျင့်ပါသွားမှန်း မ သိလို့ခေါ်တာပါ၊ သူ့ကိုချစ်လွန်းလို့ ခေါ်တာများမှတ်နေလားမသိဘူး၊ မမပိုးကိုသူ့ဘာသာပိုးနေပြီး ပပကဖျက်တယ်ဆိုပြီးတော့..ဟွန်း.."

ဒေါ်မြတ်နွယ်က ပပပြောပြနေသည့် မျက်နှာလေးကိုသေချာ ပြန်ကြည့်နေပြီး ခေါင်းညိတ်လျက်.. ။

"သမီးက တကယ်ဖျက်ခဲ့လို့လား.."

ပပက ခေါင်းခါပြရင်း ဖြေရှင်းသည့်မျက်နှာလေးနဲ့ကြည့်သည်။

"မဟုတ်ရပါဘူးဒေါ်လေးရယ်..အိမ်မှာစာလာသင်နေတော့ သူ့အကြောင်းတွေပပက အကုန်သိနေပေမယ့်.."





"ဟုတ်လား..ဘာတွေများလဲသမီး.."

"ခြေထောက်မှာ ဝဲတွေစွဲပြီး ကုတ်လိုက်တာမှ.."

လက်ဆယ်ချောင်းကို ကွေးပြီးခြေထောက်နှစ်ချောင်းကို စုံကိုင် သည့်ပုံအားပါးတရလုပ်ပြတော့ ဒေါ်မြတ်နွယ်ရယ်နေမိ၏။ ပပမျက်နှာ လေးက ဖြူဝင်းနေကာ၊ နှာတံသိပ်ပေါ်တာလည်းမဟုတ်ဘဲ မျက် တောင်ကော့ကော့မျက်ဝန်းပြာပြာလေးတွေနှင့် နှုတ်ခမ်းသားလေးတွေ ကပန်းရင့်ရောင်နှင်းဆီငုံလေးကပ်ထားသလိုရှိကာ အရုပ်မလေးလိုလှ ၏။

အထူးသဖြင့် မျက်လုံးဝိုင်းလေးတွေ ရွှန်းတောက်နေသဖြင့် သူမပြောသမျှစကားတိုင်းက သက်ဝင်တက်ကြွနေတတ်၏။ ချစ်စဖွယ် အမူအရာလေးတွေနှင့် ချစ်ဖွယ်သောစကားကိုဆိုလျှင် သူများထက်ပို၍ ဆွဲဆောင်မှုရှိနေတတ်ကာ ရန်လိုအမုန်းပွားပြီဆိုရင်လည်း သူများပြော သည့်စကားလုံးတွေထက် ပြင်းထန်တာဆယ်ဆ.. ။

"ဟုတ်ပါပြီသမီးရယ်..ကဲပါ ကုတ်မပြပါနဲ့တော့၊ အဲ့ဒီတုန်း သမီးကိုကိုက ရေဆိုးတွေနေ့စဉ်ရက်ဆက် လိုက်ကိုင်နေရလို့ဖြစ်သွား တာပါ.."

သမီးကိုကိုဆိုတော့ ပပမသိမသာနှခေါင်းလေးရှုံ့၏။

ဘယ်သူကခေါ်မှာမို့လို့လဲ.. ၊

"သူဘယ်လောက်တောင် အသန့်အပြန့်ကြိုက်လဲ သမီးသိ သားပဲ.."

သိတာပေါ့၊ အသန့်ကြိုက်တာမဟုတ်ဘူး.. ။

အဲ့လိုအထာနဲ့ သူများကိုနှိပ်ချင်တာ.. ၊

"မယ်ပပ..သွား၊ လက်တွေအရင်သွားဆေးခဲ့.."

"မိန်းကလေးတဲ့..ကိုယ့်အသားအရေလေးဝင်းဝင်းစက်စက်နဲ့



www.burmeseclassic.com

'မျက်နှာမှာသနပ်ခါး ပေါင်မှာသေးကြောင်း' ဒီလောက်တောင်ညစ်ပတ်ရလား.."

"လုပ်..မရပ်နဲ့၊ နောက်ထပ်ထိုင်ထအခါနှစ်ဆယ်.."

"ဟုတ်တယ်၊ ခြံကိုပတ်ပြေးရမယ်၊ နင့်အဖေကညှာပေမယ့် ငါကမညှာဘူး၊ စာမရတဲ့အပြစ်ရော ညစ်ပတ်တဲ့အပြစ်ရော ဆရာကို ပြန်ခံပြောတာရော တစ်ပြစ်ကိုငါးခေါက်၊ အားလုံးဆယ့်ငါးခေါက်တင်းတင်းပတ်ပြေးရမယ်.."

သင်းနှိပ်စက်ခဲ့သမျှ အမိန့်အာဏာတွေ.. ၊

နားထဲမှာ အချိန်မရွေး လတ်လတ်ဆတ်ဆတ်ကြီးရယ်..၊

ဒါကြောင့် ကိုယ့်အလှည့်ရောက်လာတော့ ပိုပိုသာသာလေး အော်ရယ်ပြီး သာသာထိုးထိုးလေးပြောပေးလိုက်သည်။ဘာဖြစ်လဲ.. ၊

"သမီး.."

"ရှင်.."

အတွေးများနှင့်ငြိမ်သွားစဉ် ပပကိုယ်လေးကိုဒေါ်မြတ်နွယ်က ဖက်ထားလိုက်ကာ.. ၊

"ငယ်ငယ်တုန်းက သမီးကိုကိုကို ကိုကိုလို့ဘယ်သူခေါ်ခိုင်းခဲ့တာလဲ.."

"ကိုကိုပ် အဲ့ဒီလူကြီး.."

"အဟွန်း.."

"သူကမမပိုးကိုကြိုက်ပြီး ပပကမမပိုးညီမမို့လို့ ကိုကိုလို့ခေါ်တဲ့.."

မမပိုးကိုဖားပြီး အစ်ကိုကြီးသိပ်လုပ်ချင်တာ.. ၊ဟွန်း..၊

"ဒါပေမယ့် သမီးနဲ့သားကအစ်ကိုကြီးနဲ့ညီမလေးပုံ တကယ်ပေါက်ပြီး သမီးလေးကဆိုးတာတွေ သားကလက်တရွယ်ရွယ်နဲ့ မရိုက်





ရက်မဆူရက် ဆွဲပွေ့ ဆွဲချီသွားတတ်တာတွေလေ၊ အဲ့ဒါတွေက သိပ်ကို နွေးထွေးတဲ့ ပုံရိပ်တွေပဲ.."

"မရိုက်ရက်တာမဟုတ်ပါဘူး..ဒေါ်လေးတို့ဖေကြီးတို့ကို ကြောက်လို့မရိုက်တာပါ.."

"သမီးရယ်.."

"သူလားမဆူရက်တာ..အော်လိုက်ငေါက်လိုက်တာမှ သူ ကျောင်းဆရာဖြစ်ချင်ခဲ့တာ ပပကြောင့်ဒေါ်လေးသိလား.."

"ဟော.."

"ဟုတ်တယ်..သူကိုယ်သူဆရာကျနေတာပဲလို့ ပပကပြန် ပြန်ပြောလို့.."

"ဒီလောက်နဲ့တော့ သမီးရယ်.."

"ရှိသေးတယ်..အဲ့ဒါကိုကိုကိုယ်တိုင်ပြောတာ 'နင်ပြောလို့ကို ဲ ဆရာဖြစ်အောင်လုပ်မှာ ဆရာဝန်ဖြစ်ရင်တောင် ဆေးထိုးအပ်မကိုင် ဘူး၊ ကြိမ်လုံးကိုင်ပြီးရွာပြန်လာမယ်' တဲ့.."

"အဟွန်း..အဟွန်း.."

ဒေါ်မြတ်နွယ် သဘောကျစွာရယ်မိတော့သည်။ ပပကဂုဏ် ခုံကို ပခုံးတွေပါအောင် ဟန်ပါပါခါးထောက်၍ လက်ညှိုးထောင်ပြီး ဆရာလေသံလုပ်ပြနေ၏။ ပြီးမှ.. ၊

"သူပြောတာမဟုတ်လို့လား၊ ဆေးတက္ကသိုလ်တက်နိုင်ရဲ့ သားနဲ့ ဒီလိုနေရာမှာကျောင်းဆရာပြန်လာလုပ်တယ်လေ.."

"ဆေးတက္ကသိုလ်တက်နိုင်ပေမယ့် အဲ့ဒီနှစ်မှာသူ့အဖေဆုံး သွားတော့ ဒေါ်လေးကခြံလုပ်ငန်းတွေနဲ့ လယ်ယာမြေအငှားချထားတာ တွေနဲ့ တစ်ယောက်တည်းဖြစ်နေတာလေသမီးရဲ့..ဆေးတက္ကသိုလ်က ခေါ်နိုင်ပိုယူရတယ်၊ ဆရာဝန်ဖြစ်ပြီဆိုတာနဲ့လည်း ပြီးဆုံးသွားတာမ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ဘူး..သားကသူ့အမေအတွက်ငဲ့ညှာခဲ့တာပါ.."

အဲ့ဒီအချိန်ထိ ပပဆိုတဲ့ကောင်မလေးကို အရင်ကသူပြော တာတွေသူ့ရင်ထဲမှာရှိနေပါ့မလား.. ။

ပပကတွေးလိုက်မိပေမယ့် သူများပြောတာကိုလွယ်လွ လက်မခံတတ်သည့်အကျင့်က ရှိနေသည့်မို့.. ။

"ပပကတော့ သူ့ကိုမကျေနပ်တာတွေ အများကြီးပဲ၊ ဒေါ်လေ ကိုတော့ချစ်ပါတယ်..ဒါပေမယ်.."

"သမီးကိုကိုကလည်း သမီးကိုချစ်ပါတယ်.."

ဒီလူကြီးကလား..ဟွန်း.. ။

"မချစ်ဘဲနဲ့ ဆရာလုပ်ချင်တာလောက်နဲ့တော့ သမီး တောင်းမယူပါဘူးကွယ်၊ သူပြန်လာတည်းက..သမီးကို.."

"ဖေကြီးနဲ့အမေတို့က သူကျောင်းဆရာဖြစ်လာတည်းက ကိုသူ့လက်ထဲထည့်ချင်နေတာလေ.."

"မဟုတ်တာသမီးရယ်..ဒါဆိုဒေါ်လေးမေးပါဦးမယ်၊ သမီး သားနဲ့လက်ထပ်ဖို့ မမနုတို့ကအတင်းရိုက်ပြီး တိုက်တွန်းခဲ့တာလား

"ဟင့်အင်း.."

ဒေါ်မြတ်နွယ်သဘောကျသွားသည်၊ သို့သော် ပပကသူမ ရည်ရွယ်ရင်းကို ဆက်ပြောလျှင်.. ။

"ရွာထိပ်ကစတိုးဆိုင်ကြီးက ဒေါ်ဒေါ်ချိုဆိုတဲ့မိန်းမကြီး မခံချင်လို့ပပကိုယ်တိုင် လက်ခံခဲ့တာ.."

"အဲ့ဒါလည်း ဒေါ်လေးသိပါတယ်..သူ့သားကသမီးကို ဘောကျနေမှန်းသိလို့ မြို့ထဲကဆွေမျိုးမကောင်းတဲ့ထဲက မိန်းကလေးတ ယောက်နဲ့ လက်ထပ်ပေးလိုက်တာလေ.."

ပြီးတော့ ရွာထဲမှာလည်း စကားတွေကျန်ခဲ့သေးသည်။





"မယ်ပပကိုတော့ ရန်သူမျိုးငါးပါး ကပ်ကြီးသုံးပါးထက် ကြောက်တယ်ဟေ့..သူ့ကိုများချွေးမတော်ရရင် မိုင်းဗုံးနင်းမိတဲ့လူထက် အဖြစ်ဆိုးမယ်.." တဲ့.. ။

"ဘာပဲဖြစ်ဖြစ်သမီးရယ်..လက်ထပ်ပေါင်းသင်းကြတဲ့လူ နှစ်ယောက်ကရှေးရေစက် ဆုံကြလို့ပါ၊ သမီးကိုကို့ကို ကိုကိုလို့ပဲပြန် ခေါ်နော်သမီး၊ သမီးထက်လည်းအသက်ကြီးတယ်၊ သူကကျောင်း ဆရာလေ..ကိုယ့်ခင်ပွန်းကိုဇနီးက ဦးဂုဏ်ရောင်လို့ခေါ်တာ နားဝင်ဆိုး ပါတယ်ကွယ်.."

ပပ နာခံဖို့စိတ်မကူးပေမယ့် ဒီနေ့ဒီစကားကို နောက်ထပ်မ ငြင်းချင်တော့သဖြင့် ငြိမ်နေလိုက်ရ၏။

"ပြီးတော့ အများသူငါလိုဒေါ်လေးလို့ အမေ့ကိုမခေါ်နဲ့ တော့.."

လာပြန်ပြီ.. ။

"အဲ့ဒါကလည်း အမြဲတမ်းဒီတိုင်းခေါ်လာခဲ့တော့.."

"အကျင့်ပါနေပြီဆိုတာ အမေသိပါတယ်၊ ဒါပေမယ့်ဒေါ်လေး ဆိုလို့ခေါ်တဲ့အသံတွေထဲမှာ ကိုယ့်သမီး..အဲ ချွေးမလေးရဲ့ခေါ်သံကို တော့ ခွဲခြားနားထောင်ချင်တာပေါ့၊ အမေဆိုရင် အမေနှစ်ယောက်ဆုံမိ တဲ့အခါ ရှုပ်ကုန်လိမ့်မယ်၊ အမေ့ကိုသမီးက မေမြတ်လို့ခေါ်နော်.."

ပပအံ့သြသွားမိသည်၊ သူမအတွက်လက်ထပ်ခြင်းက ဒီနေ့ သိတာတစ်ခုမှ ထူးခြားပြောင်းလဲမသွားခဲ့ပေမယ့် ပြောင်းလဲဖို့လိုအပ်နေ တဲ့တွေ ဒီလောက်တောင်များပြားနေခဲ့သလား.. ။

ကိုယ်မကြည့်လို့ မသိခဲ့တာလားတော့မသိ.. ။

¤ ¤ ¤ ¤



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

"လူနာဘယ်လိုနေလဲသား.."

"သက်သာသွားပါပြီ.."

ဂုဏ်မျက်နှာမသာမယာနှင့်ရှိကာ၊ စက်ဘီးဒေါက်ထောက်ထား ခဲ့ပြီး အိမ်ထဲတန်းဝင်လာ၏။

"ဗညားရေ..မနက်ဖြန်ခြံထဲကကုန်တွေတိုက်ရမှာ..ရွာ မြောက် ပိုင်းကလှည်းတွေသွားပြန်သိမ်းထားဦး.."

"ဟုတ်ကဲ့ကြီးကြီး.."

"အေး နွားတွေတင်းကုတ်ထဲမှာပြန်ချည်ထား.."

"ဟုတ်ကဲ့..ခုပဲသွားမလို့ပါ.."

နွားတွေရှိပေမယ့် အားလုံးကိုနွားကျောင်းသမားထံမှာပဲအပ်နှံ ထားကာ အလုပ်လုပ်ဖို့ရှိမှ သွားပြန်ခေါ်တာဖြစ်သည်၊ အထူးသဖြင့် ကိုယ့်နွားတွေကအသက်ကြီးနေပြီမို့ သိပ်လည်းမခိုင်းဖြစ်တာကြာပါပြီ။

ခုချိန်မှာ ကိုယ့်ရဲ့ကျေးဇူးရှင်တွေလိုသဘောထားပြီး သူတို့ကို ကျန်းမာရေးလေးမကြာခဏစစ်ပြီး သက်တောင့်သက်တာမွေးမြူထားခဲ့ ၏။

အချိန်အခါကိုက နွားတွေကိုချည်းခိုင်းနေဖို့ မလိုတော့သည်





ဓာတ်အခါ.. ၊

"ဘာ..ဒီအချိန်ထိ..ဟုတ်လား.."

ဂုဏ့်အသံကြောင့် ဒေါ်မြတ်နွယ်အိမ်ထဲ ကမန်းကတန်းဝင် လိုက်ခဲ့ရင်း.. ၊

"ဘာဖြစ်လို့လဲ..သား.."

"ဘာဖြစ်ရမှာလဲအမေ..ပပ ညနေတည်းကအပြင်ထွက်သွား တာဆို.."

"ဟုတ်တယ်..အမေ့ကိုပြောသွားတာပါသားရဲ့.."

တော်ရုံဆို ထိန်းထိန်းသိမ်းသိမ်းလေးဖြေလိုက်လို့ ရသားနဲ့ 'ညနေတည်းက' ဆိုတာကြီးပါထည့်ပြောပြလိုက်သော ပုစွန်းကို ဒေါ်မြတ် နွယ်စိတ်ပျက်စွာ ကြည့်မိ၏။

ပုစွန်းကလည်း ဒေါ်မြတ်နွယ်အကြည့်ကိုနားလည်ကာ အပြစ် ရှိသလိုလေးငုံ့သွားပြီး.. ၊

"ညနေဆိုပေမယ့် မိုးချုပ်စ.."

"တော်စမ်း.."

"သားရယ်.."

"အမေကလည်း ဒီကောင်မလေးကိုဆိုနေရာတကာ အလို လိုက်နေတာပဲအမေရာ..သူ့မိဘကတောင်မှ အပြစ်ရှိရင်ခွင့်မလွှတ် ဘူး.."

"အမေကယောက္ခမလေသားရဲ့..ခုမှကိုယ့်မိသားစုထဲရောက် လာစလေ .."

"ရောက်လာကာစဆိုတာ ဘယ်အချိန်ထိအမေသတ်မှတ်မှာ လဲ..မင်္ဂလာဆောင်တဲ့ညကနေ ဘယ်နှစ်ရက်ဘယ်နှစ်လမြောက်အထိ လဲ.."



www.burmeseclassic.com

www.burmeseclassic.com



မေးတာမဟုတ်ဘဲနဲ့ မေးခွန်းတွေထုတ်ကာ ကိုယ့်အခန်းထဲ ကိုယ်ဝင်လာခဲ့မိသည်။

မင်္ဂလာဦးဆိုတာလည်း ခုတင်ကျိုးကျတဲ့ပြဿနာနဲ့ မိုးလင်းခဲ့ရသည်။ ပြီးတော့ ဆရာတော်နှစ်ပါးအတွက် ဘုန်းကြီးကျောင်းနဲ့ဆေးခန်းပြေးလွှားခဲ့ရတာ လူးလားခေါက်တုံ့.. ။

ပြီးတော့ တစ်ခါမှမဖြစ်ဖူးသည့်အတိုက်အခံ အငြင်းပွားရခြင်းမျိုးကို သူမကြောင့် ဦးတိုင်းကျော်တို့နဲ့ဖြစ်ခဲ့ရ၏။

ခုထပ်ပြီးဒဏ်ရာဗလပွနဲ့ လူနာကိုဆေးခန်းနဲ့ဟိုရွာဒီရွာ ပြန်ပို့ပြန်ခေါ်နှင့် ပြေးလွှားနေခဲ့ရတာသူတစ်ချက်မှ မနားရသေးပေ.. ။

"ကျွတ်.."

ပပနဲ့ပတ်သက်လာကာမှ အမေ့ကိုလည်းသနားလာမိသည်။ ဟိုဘက်ကမိဘကိုရင်ဆိုင်ရ သူ့ဘက်လှည့်ပြီးဖာထေးရနှင့် ဒီကောင်မလေး ဘယ်လိုအလိုက်ကမ်းဆိုးမသိတာလေးလဲ.. ။

ဒါပဲအထပ်ထပ်တွေးရင်း တစ်ယောက်တည်းရေရွတ်မိတဲ့အထိ စိတ်တွေလည်းညစ်ရပါ၏။

ဆရာမျိုးမင်းကလည်း ဒီနေ့သူ့မျက်နှာကိုကြည့်ပြီး သတိပေးခဲ့သေးသည်။

"ငါပြောတုန်းကတော့ ငါတို့ချင်းကအကြောင်းသိခတ်သိတွေပါဆို..ခုတော့ညစ်နေပြီမို့လား၊ မညာနဲ့ဂုဏ် အလုပ်ပင်ပန်းတာလောက်နဲ့ မင်းဒီလောက်ကျဆင်းမနေဘူးငါသိတယ်၊ အဲ့ဒါမှတ်ထား.. 'အသက်အရွယ်အယူအဆ မတူကြတဲ့သူချင်းပေါင်းသင်းဖို့က တကယ်မလွယ်တာ'တဲ့.."

"အသက်ငယ်တဲ့အပြင် ပပကအရမ်းလှတာနော်..မင်းစိတ်ညစ်ရဦးမှာ ငါမြင်ယောင်တယ်၊ သူ့မှာ ငယ်ဂုဏ်ရှိတယ်၊ အလှမာန်





ကော်ဖို့လည်းရှိသေးတယ်၊ ပြီးတော့..မင်းတို့ထက်ချမ်းသာတယ်မို့လား.."

"ဘယ်ကမလဲ၊ ပပကသူ့ကို 'ငယ်မှုန်း'.." လို့ကိုထူးနိုင်က ပြောခဲ့သေးသည်။

အိပ်ရာထဲလှဲချလိုက်ရင်း တင်းကျပ်နေသမျှစိတ်ကိုရော ကိုယ်ခန္ဓာကိုပါ ဖြေလျှော့သည့်သက်ပြင်းတစ်ချက်က 'ဟူး'ခနဲ.. ။

သူဘာလို့ဒီလောက်စိတ်တွေ ရှုပ်ထွေးနေရတာလဲ.. ။

ပပကိုသူတကယ်ခွင့်လွှတ်သည်းခံပြီး ချစ်နိုင်ရဲ့လား၊ ပပကငယ်စဉ်က ခလုတ်တိုက်လဲပြိုခဲ့သည့် ဒေါသဖြစ်ဖွယ် ဝိစိကွစတွေအပေါ်မှာ မကျေနပ်မှုန်းတီးနေတာတွေ ဘယ်အထိဆုပ်ကိုင်ထားမှတ်မှာလဲ.. ။

သူ့ရဲ့ရင်မောဖွယ်အတွေးတို့သည် ပပအတွက်ကတော့ ဘာမှမဟုတ်ခဲ့သော.. ။

"ကဲ..ကဲ..ကိုသောကြာသူတို့အလှည့်ပေးလိုက်ဦး.."

"ဟာ..ငါတစ်ရာဖိုးကျန်သေးတယ်လေ.."

မိုက်(စ်)ကိုင်ထားပြီဆို ပိုက်ဆံတွေသာရက်ရောစွာ ထွက်လာပြီး မိုက်(စ်)ကိုတော့မချချင်ကြ.. ။

"မင်းပိုက်ဆံရှိသလောက် ဆိုချင်နေလို့မရဘူးကွ..ဒီမှာတန်းစီနေကြတာအများကြီးပဲ.."

"ဘာလို့တန်းစီနေကြသလဲ..ကိုယ့်အိမ်မှာကိုယ်ပြန်ပြီး တီဗီနဲ့ပြိုးဆိုင်ပါလား.."

"ဒါဆိုမင်းပြန်လေ.."

"ငါ့မှာတီဗီမှမရှိတာ.."

"ကဲပါ..သောကြာဆိုပါစေကွာ၊ ဒါပျော်ပွဲရွှင်ပွဲပဲ.."



www.burmeseclassic.com

www.burmeseclassic.com



ပဒေသပင်ကြီးတွေစိုက်ထူထားသည့် ရွာလယ်ဇမ္ဗူရုံမှာ မဏ္ဍပ်ထိုးထားသည့် မဏ္ဍပ်ထဲမှာလူတွေကြိတ်ကြိတ်တိုးနေလျက် ကာရာအိုကေဆိုရမယ့် အရေးအတွက်သူ့ထက်ငါကြိုးစားနေကြတာဖြစ်၏။

"ဦးတဲ့မပဲ..လုဆိုနေရပါတယ်ဆို အရေးထဲသလိပ်ကပ်နေသေးတယ်၊ အဟမ်း..အဟမ်း၊ အဟန့်..ဟင်း.."

"ကဲ..မြန်မြန်ဆို..ဟိုမှာဆိုနေပြီ.."

"အဟန့်..ဟမ်း၊ မန်းကေသီ ကြည့်လှဲ့လှဲ့အပြုံးလေးများနဲ့ ကိုယ့်ကိုအတည်..ဖိတ်ခေါ်သည်..ဟ.."

"ခဏလေး.."

"ဦးတဲ့မပဲ.. မင်းတို့စက်စုတ်ကလည်းကွာ.."

သီချင်းဆိုလိုက်တာနှင့် ဒီနေရာမှာပဲထစ်ထစ်နေ၏။

"ရပြီ..ရပြီ.."

"အဟမ်း..မန်းကေသီ..ကြည့်လှဲ့လှဲ့အပြုံးလေးများနဲ့ ကိုယ့်-အင်.."

"ဟာကွာ..ခဏလေးသောကြာ.."

"ဦးပဲ.."

"ခွေထစ်နေတဲ့ဥစ္စာ..၊ ခင်ဗျားကလည်း တဦးတည်း ဦးနေတော့တာပဲ.."

"ဟုတ်ပ..သောကြာတစ်ကောင်ဟာ အဲ့ဒါမပါရင်မပြောတတ်တော့ဘူးလားမသိဘူး.."

"ဘယ်ပြောတတ်မလဲ၊ အဲ့ဒါကသူ့အတမ်းတရဆုံးပစ္စည်း.."

"ဟီး..ဟီး၊ သူများတွေကငယ်ငယ်တည်းကပါတယ်လေ၊ သောကြာကမပါဘူး.."

"ဟော့ကောင်တွေ.."





"ဟား..ဟားဟား.."

သောကြာဒေါကန်ကာ မိုက်(ခ်)ကိုလည်းမချဘဲကုန်းအော်၏၊ တစ်ရွာလုံးဆီ သူ့အော်သံကြီးပြန့်နှံ့ကျယ်လောင်သွားလျက်.. ။

"ဦးမို့လို့ ဒါပဲထည့်ပြောနေကြတာလား.."

"ကိုသောကြာကြီးနော်..ဆဲချင်ရင် မိုက်(ခ်)ကိုချပြီး ပြီးမှဆဲ.."

"ငါဆဲနေတာမဟုတ်ဘူးကွ၊ ငါ့အကျင့်ကိုစုတုံးလုပ်ပြီး မင်းတို့မိုက်(ခ်)လုချင်လို့.."

"သိရင်ပြီးရော..ဒီတစ်ခါအဲ့ဒါကိုတမ်းတရင် မိုက်(ခ်)လုပြီးသားပဲ.."

"အံမာ..ရမလား.."

"ကဲ..သောကြာ..ရပြီ ဆိုတော့.."

စက်ဖွင့်သမားက လက်ပြပြီးလှမ်းအော်လိုက်လျှင် သံစဉ်တွေနဲ့သောကြာမျက်နှာကြီး ပြုံးကျသွား၏။ အသားကမဲသည်၊ သွားကခေါသေးသည်။ နှုတ်ခမ်းကြီးတွေအပေါ်ထူ အောက်ထူနှင့်သဘောကောင်းပုံရှိသော သောကြာကတစ်ရွာလုံးရဲ့အချစ်တော်ဆိုလည်းဟုတ်သည်။ သူကိုယ်တိုင်ကလည်းအလိုလိုက်ခံထားရသည့် ကလေးဆိုးကြီးနှယ်..။

"အဟမ်း.. မန်းကေသီ..ကြည့်လှဲ့လှဲ့..ဟ.."

"ဟားဟား..ဟား.."

ရွာသားတွေဝိုင်းရယ်တော့ သောကြာဒေါတွေပါကာ..၊

"ဦးမို့ရယ်ကြတာလားကွ.."

မိုက်(ခ်)နဲ့အော်ဆဲသလိုကြီးဖြစ်နေလျက် ဒီတစ်ခါတော့စက်က သူ့ဟာသူချက်ချင်းပြန်သွားနေရာ.. ၊

"သီချင်းလေးဆိုရတာတောင် စက်ကတစ်မျိုး လူတွေကတစ်မျိုး ဦးပဲ..၊ မန်းကေသီ..ကြည်လှဲ့လှဲ့.."



www.burmeseclassic.com

www.burmeseclassic.com



"လာခဲ့စမ်း..မိုက်ရိုင်းတဲ့ကောင်သေပေတော့.."

"ဟုတ်တယ်..ဒါတော့ သည်းမခံနိုင်ဘူးမမကေသီ၊ လဲ့လည်း အသေထောင်းမှာ.."

"ဟာ..ဘာလဲ၊ ဘာလုပ်တာလဲမကေသီ.."

"နင့်ကိုသတ်မလို့လေ..နင်ရည်းစားစကားပြောတာ ငါလက်မခံလို့ အသံချဲ့စက်ကနေ ငါ့ကိုဆဲနေတာသူတောင်းစား.."

"လဲ့ကိုလည်းဆဲတယ်..လဲ့လည်းပါတယ်၊ ကဲဟာ.."

"ဟား ဟား..ဟား.."

မိုးကေသီနဲ့ ကြည်လဲ့လဲ့တို့ လူတွေကြားထဲကတိုးဝင်လာကာ ကွပ်ပျစ်ကြီးပေါ်မှာ အကျအနထိုင်ဆိုနေသည့် သောကြာကိုအတင်းဆွဲချပြီး.. ။

"သေပါပြီ..မဟုတ်ပါဘူးဟ၊ လုပ်ကြပါဦး..အား.."

"ဘာမဟုတ်ရမှာလဲ၊ ငါ့ကိုနင် ဒီ်ပဲ မိုးကေသီလို့ခုနတင်အော်ဆဲတာ.."

"သူများကိုလည်း တလဲ့တည်းလဲ့နေတာ သေ..သေ..ကဲ၊ ကိုယ့်တူမအရွယ် သမီးအရွယ်ကို အဲ့ဒါသီချင်းဆိုချင်ဦး.."

"ဟားဟား..ဟား.."

ဘယ်သူမှဝိုင်းမဆွဲဘဲ ဗိုက်နှိပ်ရယ်ကြလေသည်။ အပျိုကြီးမိုးမှောသီက ထုထောင်းရိုက်ပုတ်လို့အားရမှ ပြေကျလုလုဆံပင်တွေကို ကလစ်ပြန်ဖြုတ်ပြီး ပြန်ညပ်လိုက်ရင်း.. ၊

"မပြောချင်လို့ ဟွန်း..လူကိုမရိုက်ချင်ရိုက်ချင်အောင် ဒီနေရာမှာပဲပြန်ပြန်ပြီး ရစ်နေတာ.."

"မဟုတ်ဘူး..ခွေးကိုကအဲ့ဒီနားမှာထစ်နေတာဟ၊ ဟိုကောင်မင်းရှင်းပြလေ..ဟီး..ဟီး၊ သေပါပြီ.."





မကြီးမငယ်နှင့် သောကြာပုဆိုးစတစ်ဖက်ဆွဲ၍ ငုတ်တုတ်ကထဘဲအော်ငိုလေသည်။

"သောကြာရာ..မင်းကံကိုကဆိုးတာကွ၊ ဟားဟား.."

"သောကြာ..သောကြာ၊ ခွီ..ခွီ..ခွီ.."

"ဒီ်းမို့လို့ ရယ်နေကြတာလား..သူများတကာခံနေရတာကို..ဟီးဟီး.."

"ပါလာပြန်ပြီ..မွေးရာပါက.."

"ပါးစပ်ကပါတာ ပါပါစေကွာ၊ သူ့မှာတကယ်မှမပါတာဆို.."

"ဖယ်ကြ..အလေနတောတွေ၊ ဆန်ကုန်မြေလေးတွေ..ဒီ်းမို့ရယ်နေကြတာလား.."

ပုဆိုးကိုစလွယ်သိုင်း ပခုံးမှာချိတ်လိုက်ပြီး ဖိနပ်တွေတစ်ဖက်စီလိုက်ကောက်သည်။ ပြီးတော့ ဒီတိုင်းပြန်သွားရင်း ဘာတွေပြောသွားမှန်းလည်းမသိ.. ။

သောကြာအဖြစ်က ငယ်ငယ်တည်းက ဆယ်ပေကျော်လောက်ရှိသည့် ထန်းပင်ပေါ်ကနေ ပွတ်လျှက်လျှောကျခဲ့တာဖြစ်သည်။ ဒီတိုင်း လျှောကျလာခဲ့ပြီး မြေကြီးနီးတော့ဖောက်ထိုးကျခဲ့၏။ သို့သော် အောက် မှာခြုံပုတ်ကြီးရှိနေသောကြောင့် လူကမသေဘဲ သူ့ပစ္စည်းလေးတော့ ဆုံးပါးခဲ့ရှာ၏။

ထိုစဉ်က ကံကောင်းချင်တော့ နယ်လှည့်ကျန်းမာရေးစစ်ဆေးရေးအဖွဲ့တွေရှိနေကြတာနှင့်ကြုံခဲ့၏။ ဆရာဝန်ပါရဂူတွေက စေတနာမေတ္တာအပြည့်နှင့် ခွဲစိတ်ကုသပေးခဲ့ကြပြီး ဆေးရုံကြီးကနေ ရွာကိုပြန်လာတဲ့အထိအားလုံးတာဝန်ယူခဲ့ကြ၏။

သို့သော် ပြောမကောင်းဆိုမကောင်းဖြစ်လာသည့်ပြင် ပြော



www.burmeseclassic.com

www.burmeseclassic.com



ချင်ရာပြောတတ်လာသည့် ဂေါက်ချောင်ချောင်ပုံစံလေး ဖြစ်သွားခဲ့တာကိုတော့ ဘယ်သူမှဘာမှမတတ်နိုင်ခဲ့ပေ.. ။

ထို့ပြင် 'မင်းပစ္စည်းရော' လို့စနောက်ခံရပါများခြင်းကြောင့် ဦး လို့မပါမပြီးပြောတတ်ခြင်းကိုလည်း အားလုံးကနားလည်နေခဲ့ကြ၏။

"နင်တို့ကလည်း စစရာမရှိသောကြာကိုမှ ဝိုင်းစနေကြတယ် သူ့ခမျာ သနားပါတယ်ဟာ.."

"အံမာ..အဲ့ဒီအရူးက ရူးနေတာနဲ့ပဲ ဘယ်သူမှဗိုလ်မထားတမ်း သောင်းကျန်းနေတာ မခံနိုင်ပါဘူး.."

"ဟုတ်တယ်..ဒီလောက်တော့ပညာပေးထားမှ၊ ကဲ..ကဲ ပြန်စမယ်၊ လွှမ်းမိုးထည့်လိုက်ဟော့..ဒီတစ်ခါ ငါ့အလှည့်.."

"ငါ့အလှည့်ဆို တစ်ယောက်ကိုတစ်ရာဖိုးပဲရမယ်၊ ဘယ်မှာလဲပိုက်ဆံပေး.."

ပပက ဖလားကြီးတကားကားနှင့် အလုပ်ရနေ၏။

"ပပရာ..နင်ကလည်း ခုနသောကြာပေးထားတာ တစ်ရာဖိုး ကျန်သေးတယ်လေ.."

"အဲ့ဒါကသောကြာ..နင်နဲ့မဆိုင်ဘူး.."

"ငါတို့နဲ့သောကြာကသူငယ်ချင်း.."

"ဟုတ်လား..ခုနသောကြာခံရတာကောင်းတယ်လို့ ဩဘာပေးနေတာ နင်မဟုတ်ဘူးလား.."

"ကဲ..ရော့ဟာ၊ ရော့.."

ခါးကြားမှာ လိပ်ကျစ်ထားသည့်ပိုက်ဆံလေးထုတ်ရင်း မိုက်(စ်)ကိုလည်း ချိုင်းကြားမှာဖိညှပ်ထားသေးသည်။ ဘယ်နေရာဖြစ်ဖြစ် ပပပဒါရိုက်တာ.. ၊





"စိမ်းလဲ့.."

"ဟော.."

"ရော့..ပိုက်ဆံတွေယူထားလိုက် ဖလားငါ့ကိုပေး၊ သေချာစာရင်းထဲထည့်နော်၊ အဲ့ဒါနဲ့ငါတို့ကဆေးပဒေသပင်လုပ်မှာ.."

"အေးပါ..စိတ်ချစမ်းပါ.."

"ဆေးပဒေသပင်လုပ်ချင်တယ်ဆိုရင် ဘယ်လောက်သီးမလဲပြော..ပဒေသပင်မှာစိတ်ကြိုက်သီးဖို့ဝယ်ပေးမယ်၊ အခုပြန်မယ်..လာ.."

ရောက်လာတာကဒေါ်ခင်နုနုဖြစ်ကာ၊ မဏ္ဍပ်ထဲမှာထည့်ပေးထားသည့် သုံးဆယ့်ရှစ်လက်မတီဗီကြီးနဲ့ ဘောက်(စ်)တွေအောက်စက်တွေအားလုံးကလည်း ဒေါ်ခင်နုနုတို့ကပဲ ထည့်ပေးထားတာဖြစ်၏။ ထို့ကြောင့် ရောက်လာတာမြင်သည်နှင့် သိမ်းနိုင်းတော့မှာပဲထင်ကာ လူငယ်တွေ ပြူးပြူးပျာပျာဖြစ်ကုန်ကြကာ.. ။

"ခုမှဆယ်နာရီပဲရှိပါသေးတယ် ကြီးကြီးနုကလည်း.."

"ဒေါ်လေးနုနု မသိမ်းပါနဲ့ဦးနော်.."

ဒေါ်ခင်နုနုကလည်း ပပကိုပဲလာခေါ်တာမို့ ပပရဲ့လက်လေးအစ်ဖက်ကိုဆွဲခေါ်ထုတ်ခဲ့ရင်း.. ၊

"သားလေးမွေးထားတဲ့မအေက ခုလောက်ဆိုနှစ်ရေးသုံးရေးအိပ်ရေးဝနေလောက်ပြီ၊ ငါ့မှာ့သမီးမိန်းကလေးမွေးထားပြီး မအိပ်နိုင်ဘူး၊ ညည်းတော်တော်ဆိုးပါလားပပရယ်..ဟင်.."

"ဘာဆိုးလို့လဲ မေကြီးရယ်.."

ပပက မရုန်းပေမယ့်မလိုက်ချင်သလို ခြေကန်လေးလံနေကာ သီချင်းတွေဆိုလျက် ဆူညံစိုပြေနေခဲ့သော မဏ္ဍပ်ကိုလည်း ပြန်လှည့်ကြည့်သေးသည်။

"မေကြီးတို့ပဲ လက်လွှတ်ချင်လို့အိမ်ထောင်ချပေးတာဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့.."

"ပြောတတ်တယ်သမီးရယ်..ညည်းမှအပြောကောင်း.."

"မေကြီးကခေါ်ပြီး ဒဏ်ပေးလို့ထမင်းလည်းငတ်ခဲ့ရပြီးပြီ.."

"အခုထမင်းဝလို့ ထင်ရာပြန်လုပ်နေတာလားသမီး.."

"မဏ္ဍပ်မှာမိန်းကလေးတွေမှအများကြီးပဲ..အမေ့လိုဘယ်သူမှ လိုက်မခေါ်ပါဘူး.."

"ဘယ်ခေါ်မလဲ သူတို့ကအပျိုတွေလေ.."

"အပျိုကပိုအရေးကြီးတာမဟုတ်ဘူးလား.."

"မယ်ပပ.."

"ပြောပြတာပါ..မေကြီးတို့ပဲ အပျိုတုန်းကလည်းမလွှတ်..အို တော့လည်း.."

စကားထဲမှာပါသွားပြီးမှ 'အို'သွားသည့်အဖြစ်ကိုသတိရ သည်..။

သူမ 'အို' ခဲ့ပြီလား..၊

"ပြောလေ..အိုတော့ဘာဖြစ်လဲ.."

"အိုမှမအိုသေးတာ.."

"ဘယ်လို..ဘာ့ရယ်.."

"အယ်..ဟို.."

"ပပ.."

ဒေါ်ခင်နုနုက မှောင်ရိပ်ကျနေသည့် လမ်းဘေးမှာပဲတုံ့ခနဲရပ် ပစ်လိုက်ကာ.. ၊

"အိမ်ထောင်ရေးကိုဘာများမှတ်နေသလဲပပရယ်၊ ညည်းအ တွက်အမေ တစ်နေ့မှရတက်မအေးရပါလားဟင်.."

"မေကြီးတို့အဲ့ဒါခက်တာပဲ..ပပနဲ့ကိုကိုနဲ့ဘာမှမဖြစ်ဘူး၊ ဝ





ဘယ်လိုနေနေ ကိုကို.."

ပါးစပ်ကထွက်ချင်သလို ထွက်နေပြီးမှ သတိရတာနှင့်တိခနဲ ရပ်ပစ်မိကာ.. ၊

"အဲ့ဒီလူကြီးက ပပမှာအပြစ်ရှိလေသဘောကျလေပဲ..အဲ့ဒါ ပပသိတယ်.."

"ဘာ.."

"ဟုတ်တယ်..သူကပပကိုဆရာလုပ်ချင်တာ၊ ပပကိုဆရာ လုပ်ဖို့ပြန်လာတာ.."

"ပပ..ညည်း.."

စိတ်တိုရလွန်းလို့ ဘယ်လောက်ထိတိုနေသလဲဆိုတာ ပြစရာ တောင်မရှိ..၊

"အမေ့ကိုစိတ်ဆင်းရဲမှုတွေနဲ့ နေ့စဉ်ပူလောင်နေရအောင် ညည်းလုပ်နေတာလားသမီးရယ်၊ ဟင်..ပြောစမ်း.."

"မပူနဲ့ပေါ့အမေရယ်..၊အမေတို့ပဲ ဒီလူကြီးနဲ့ဆို စိတ်ချရမယ် ဆိုပြီး.."

"စိတ်ချရမလား..စိတ်ပူဖို့ရှိသေးလားဆိုတာကိုပဲ စောင့်ကြည့် ချိန်မရလိုက်ဘူး၊ မင်္ဂလာဆောင်ပြီးတည်းက ညည်းတောက်လျှောက် ငြိုလ်မွေနေတာ.."

"မေကြီးနော်..ပပကို.."

"ဟုတ်တယ်..အဲ့လိုပဲပြောချင်တော့တယ်.."

ညည်းတွားရင်း ပြန်ဆက်လျှောက်လာခဲ့မိသည်။ ရွာလမ်းမ နှာမှောင်ရိပ်ကျနေတာတွေပဲများကာ ကောင်းကင်ပြင်၏သဘာဝလင်း အားကြောင့် သွားလာနေကျ လူတွေအတွက်ကတော့ မြင်နေရတာပဲဖြစ ၏၊



www.burmeseclassic.com

www.burmeseclassic.com



"မေကြီး..ဖေကြီးနဲ့အဘိုးမသိအောင် နိုးထွက်လာတာမို့လား.."

"ဟုတ်ပြီကောအေး..ဒီအချိန်ရွာလယ်ခေါင်မှာ သီချင်းသံတွေနဲ့ ဝက်ဝက်ကွဲနေတည်းက အဲ့ဒီနေရာမှာသေချာပေါက်ညည်းရှိနေမှာကိုသိလိုက်လို့ပေါ့.."

"ရှိတော့လည်းစိုးရိမ်စရာမရှိပါဘူး၊ ပြီးတော့..ဒေါ်လေးကိုပပပြောခဲ့တာပဲဟာ၊ ပြီးတော့ကိုယ့်ရွာသားတွေချည်းပဲ..ဘာပူစရာရှိလို့လဲ.."

"မပူဘဲနေပါ့မလား..ညည်းလက်ထပ်ပြီးတာရက်ပိုင်းလေး ရှိသေးတာလေ၊ ဂုဏ့်ကိုဘယ်လိုယောကျာ်းမျိုးများ ညည်းထင်နေလို့လဲ၊ နည်းနည်းမှလည်းဂရုမစိုက်ဘူး၊မက်မောရမှန်းလည်းမသိဘူး..ညည်းရထားတာရွှေထုတ်ရော ချေးထုတ်မှန်းရောသိရဲ့လား.."

"ဘုန်း..ဘုန်း.."

ဟင်..၊

နောက်ကအသံကြားလိုက်ကာမှ လန့်ဖျန့်လှည့်ကြည့်လိုက်လျှင်.. ၊

"ဟောတော်..ကြည့်စမ်းညည်း.."

"ရှဉ့်..ရှဉ့်ကြီးအမေ့ အကြီးကြီးပဲ၊ ခဏလေး.."

"ဘုန်း.."

"ပပမလုပ်နဲ့၊ မသတ်..ဟဲ့၊ ငါ..ငါ့ဆီပြေးလာဦးမယ်၊ အောင်မလေး.."

"ဟာ..သွားပြီ၊ သေချာထိသွားသားနဲ့.."

မအေခြိစည်းရိုးတန်းပေါ် ပက်လက်ကြီးလဲကျနေတာကိုထုရကောင်းမှန်းမသိဘဲ အုန်းလက်ခြောက်ကြီးကိုင်ဆွဲလျက် ပပကရှဉ့်ကို





ရှာန်းကွရှာနေရင်း.. ။

"အမေ့ကိုညှာလိုက်လို့အဲ့ဒါ..မဟုတ်လို့ကတော့ ပြေးရိုက်ည့်လိုက်ရင် တစ်ချက်တည်းပဲ.."

"အောင်မလေး..အ..မယ်ပပရယ်.."

ဒေါ်ခင်နုနု ခါးနာပြီး ဘယ်လိုမှ'မ'လို့ 'ကြွ'လို့မရဘဲ.. ။

"မအေကိုထူရမှန်းမသိဘဲနဲ့၊ အောင်မလေး..လေး..မွေးရကျိုးပ်တဲ့သမီး.."

"ကန်တော့အမေ..ကန်တော့၊ လာ..ပပလက်ကိုဆွဲ.."

ဒေါ်ခင်နုနု လက်တကမ်းကမ်းနဲ့ ညည်းနေကာမှလက်ကမ်းထူသည်။

"သေပါပြီတော်..လမ်းတောင်လျှောက်လို့ရပါ့မလား.."

ပပခုမှ တကယ့်ပြဿနာကိုတွေးမိသွားကာ မျက်နှာပေါ်ဖွားရပြိုကျနေသည့်ဆံပင်တွေကို ဖြစ်သလိုထိုးသိပ်တင်လိုက်ပြီး ဒေါ်ခင်နုကိုငုံ့ကြည့်သည်။

"အမေ တော်တော်နာသွားတာလားဟင်.."

"ဩော်..မေးမှမေးရက်တယ်ပေါ့ငါ့သမီးရယ်.."

ခါးကုန်း၍လမ်းဆက်လျှောက်ဖို့ ပြင်နေသည့်မအေကိုကြည့်ရင်း ဖအေဖြစ်သူမျက်နှာကိုမြင်ယောင်လာကာ.. ၊

"အဲ့ဒါရှော့ခ်ရှိတယ်အမေ..လုံးဝအကြီးကြီးပဲ.."

"အ..ဘာ.."

ပပဆံပင်တွေကို စိတ်မရှည်စွာဘယ်ပြန်ညာပြန် ပြန်သပ်၍နောက်မှာညှပ်ရင်း.. ၊

"အဲ့ဒါတကယ့်ကွိုင်.."

မြို့ကဘန်းစကားတွေ တွင်တွင်ပြောရင်း ဒေါ်ခင်နုနုကိုဖေးမ



www.burmeseclassic.com

www.burmeseclassic.com



ဗို့လည်းမေ့သွားပြီး နေရာမှာခြေစုံရပ်ကာ.. ၊

"မေကြီး ဒီတိုင်းပြန်သွားရင်..ပပသွားပြီ.."

"ဩော်..ဒါတော့ကြိုပူတတ်တယ်ပေါ့.."

"ပူတာပေါ့၊ ဖေကြီးကပပကိုပဲ ဒေါသထွက်ဦးမှာဥစ္စာ.."

"ဖအေပြောတာလည်းမမှားဘူးမယ်ပပ၊ ညည်းလေးကိုက-တစ်ချက်မှမိန်းမနဲ့မတူတာ.."

"တူလို့ပဲအမေတို့ယောကျ်ားဖေးစားတာကိုယူခဲ့တာပေါ့.."

ဒါကိုဖြေရှင်းချင်တာမဟုတ်ဘဲ ခေါင်းကုတ်စဉ်းစားလိုက်မိကာ.. ၊

"အဲ့ဒါပပကြောင့်မဟုတ်ဘူး၊ မေကြီးရှဥ့်အတွက် ဟီးရိုးဝင်လုပ်လို့ဖြစ်တာ.."

"ဘာပြောတယ်.."

"ရှဥ့်ကပပလက်ကလွတ်အောင် မပြေးနိုင်တော့ဘူး၊ မေကြီးကာဆီးကာဆီးလုပ်နေလို့.."

"ပပ အဲ့ဒီရှဥ့်အကြောင်းတော်တော့နော်၊ ငါညည်းကိုလုပ်မိတော့မယ်သိလား၊ ကျွတ်..ကျွတ်.."

"မဟုတ်ပါဘူး လန့်သွားတာများပပဆီပြန်ရောက်သွားအောင် ယောက်ရမ်းလွှဲကန်လိုက်ပါလားလို့.."

"ကြည့်စမ်းဟယ်.."

"ခုတော့..အမေပဲနာသွားတယ်လေ၊ ကိုယ့်ကိုယ်ကိုအနာခံပြီး လမ်းရှင်းပေးလိုက်တာ..၊ ဖွတ်မရ ဓားမဆုံး.."

"ပပ.."

"ရှင်.."

"ညည်းတော့နော်..ဟွန်း.."





"ဟိုမှာစက်ဘီးတွေလာတယ်၊ ဘယ်သူတွေလဲမသိဘူး..ပပတားလိုက်မယ်.."

"ဘာလုပ်မလို့လဲ.."

"အမေ့ကိုလိုက်ပို့ခိုင်းမယ်လေ.."

"မခိုင်းနဲ့၊ ကျုပ်က ဒီအရွယ်ကြီးကျမှ အိမ်ကခိုးချောင်ခိုးဝှက်ထွက်ရတာကို လူမိခံနေရဦးမယ်.."

"ဘာဖြစ်လဲအမေရယ်..ကိုယ့်သမီးဆီလာတာ ချစ်သူနဲ့ချိန်းတွေ့တာမှမဟုတ်ဘဲ.."

ပြောပြီးစက်ဘီးသုံးစီးကို တားလိုက်တော့ အရင်းနှီးဆုံးတစ်ယောက်ကိုအကူအညီတောင်းကာ.. ၊

"ဒီမှာအမေ့ကိုအိမ်ပြန်ပို့ပေးလိုက်စမ်းပါ..လမ်းသွားရင်းခြေထောက်မျက်သွားလို့.."

"ပို့မယ်လေ၊ လာ..ကြီးကြီးနေ၊ ကျွန်တော့်ဘီးပေါ်တက်..အဲ့ဒီအောင်ကစက်ဘီးစီးကြမ်းမယ်၊ ကြီးကြီးနစီးရဲမှာမဟုတ်ဘူး.."

ဒေါ်ခင်နုနုကိုယ့်အခြေအနေကိုယ်သိလို့သာ စက်ဘီးပေါ်တက်လိုက်ရသည်၊ ပပမမှာရုံဘက်ပြန်လှည့်သွားမှာ စိုးသည့်စိတ်ကြောင့်နောက်ကြောင်းမအေးနိုင်.. ။

"သမီးရေ..အမေ့စကားနားထောင်နော်..ပြန်တော့သိလား.."

ချော့မော့ပြောနေမိပြန်ကာ.. ။

"ခတ္တာနဲ့ဘုန်းရောင်တို့ ပပကိုအိမ်ထိလိုက်ပို့လိုက်ကြဦး၊ ပြီးမှဒီဘက်ပြန်လာချင်လာကြ.."

"ဟုတ်ကဲ့ပါကြီးကြီး စိတ်ချ.."

စိတ်ချဆိုပေမယ့် စိတ်မချနိုင်.. ။

စက်ဘီးထွက်လာကာမှ မှောင်ရိပ်မကျတကျမှာ ပပတို့လူစုရွေ့



www.burmeseclassic.com

www.burmeseclassic.com



လျှားပုံမပေါ်သေးသဖြင့်.. ။

"တာတူး..ခဏရပ်စမ်း.."

ပပကလည်း ဒေါ်ခင်နုနုတို့ထွက်သွားသည်နှင့် လွတ်လပ်နေရပြီတွက်ကာ.. ။

"ပပလာလေ..သူများခြံထဲဘာသွားချောင်းတာလဲ.."

"ဟိုဘက် ကုက္ကိုပင်ပေါ်ကဆင်းပြေးလာတဲ့ရှဉ့်လေ ငါရိုက်ရလိုက်တာနှစ်ချက်တောင်မိတယ်.."

"ဟယ်..ဟုတ်လား.."

"ဟုတ်တယ်..ဒီကြားထဲဝင်သွားတာဟ၊ ငါထင်တယ်..အဲ့ဒီရှဉ့်ဒဏ်ရာအပြင်းအထန်နဲ့ တစ်နေရာမှာသေတမ်းစာရေးလောက်ပြီ ပြန်တွေ့လိုက်ရင်ကွိခနဲ ဖမ်းရုံပဲ.."

"အေး..အမေလည်းဖမ်းမိပြီညည်းကို.."

ဟင်..၊

ပပအလန့်တကြားလေးမော့ကြည့်သည်။

"စက်ဘီးနဲ့ထွက်သွားပြီးတာတောင်.."

"ဟုတ်တယ်..ငါ့သမီးဘာလုပ်မယ်ဆိုတာအမေသိလို့လေ ကဲ..ဘုန်းရိပ်က ပပကိုတင်ခေါ်ခဲ့နော်၊ တာတူးကကြီးကြီးတို့ကိုမမြတ်အိမ်အရင်ပို့ပေး..သမီးကိုပို့ပြီးမှ ကြီးကြီးပြန်မယ်၊ မင်းတို့ကိုမုန့်ဖိုးပေးမှာပါ.."

"မုန့်ဖိုးမပေးနဲ့ကြီးကြီး၊ ဒီည..နှစ်နာရီလောက်ထိသီချင်းဆိုခွင့်ရရင် ကျေနပ်တယ်.."

"နင်တို့ကိုရွာလူကြီးဆူမှာပေါ့.."

"ရပါတယ်..ကြီးကြီးနကခွင့်ပြုထားတာဆိုရင်ပြီးပြီ၊ ကြီးကြီးကလည်းကျွန်တော်တို့တစ်နှစ်မှ တစ်ညပဲကဲရတာ.."





တစ်နှစ်မှာတစ်ညဆိုတာ တန်ဆောင်မုန်းလ.. ၊ ပြီးတော့ တပေါင်းပွဲ၊ သကြိန်ပွဲ၊ ကဆုန်လပြည့်၊ ဝါတွင်းဘုရားပွဲတွေ..၊

ဒေါ်ခင်နုနု ခေါင်းခါမိတော့သည်။

တစ်နှစ်မှာ ကဲဒေးတွေ ဘယ်နှစ်ဒေးတောင်ရှိနေသလဲမသိတော့ဘူး ။

¤ ¤ ¤ ¤



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၂)

ဟင်..၊

တစ်ညလုံးတစ်ရှိန်တည်းမအိပ်တတ်သည့်အကျင့်က အနည်းဆုံးနှစ်ခါလောက်တော့ နိုးတတ်၏။ ဂုဏ် မျက်လုံးတွေဖွင့်လိုက်တော့ နာရီဆီအကြည့်ကတန်းရောက်၏။ ညဥ့်ဆယ့်နှစ်နာရီကျော်နေပြီ..။

ပပမရောက်သေးပါလား.. ။

အိပ်ချင်မူးတူးပွင့်လာသည့် မျက်လုံးကတန်းကျယ်သွားသည်။ အိပ်ရာပေါ်ကနေ ချက်ချင်းခြေချထိုက်လိုက်ပြီး လက်နှိပ်ဓာတ်မီးကို လှမ်းယူလိုက်မိသည်။

ညဘက်ဆိုနံရံကပ် မီးလုံးအဝါရောင်လေးဖွင့်ထားတတ်သဖြင့် ဓာတ်မီးယူပြီးထရပ်လိုက်တာနှင့် သူ့လှုပ်ရှားမှုတွေရပ်တန့်သွားခဲ့၏။

အိပ်ခန်းတံခါးဝခေါင်းရင်းဘက်ခြမ်းမှာ မွေ့ရာပါးလေးခင်းလျက် စောင်ကိုလည်းပင်းထိဆွဲခြုံပြီး အိပ်ပျော်နေတာပပ.. ။ ခြေရင်းမကျတကျမှာပန်ကာအသေးလေးချထားပုံက ဖွင့်တော့ဖွင့်ထားခဲ့ပုံပေါ်၏။ ဒါပေမယ့် နံရံကနေပလပ်ထိုးထားသည့် ကြိုးကသူ့ခြေထောက်နားမှာ ပြုတ်ကျနေသဖြင့်ဘယ်တုန်းက ပန်ကာရပ်သွားသည်တော့မသိ..၊





"ပပ.."

ပါးလေးကိုပုတ်ခေါ်ကြည့်ပေမယ့် သူမတုတ်တုတ်မှမလှုပ်ပေ။ ရှာလယ်မွှောရုံက ပျံ့လွင့်လာသည့်သီချင်းသံတွေကို ကြားနေရတာ ပပဘယ်တုန်းကပြန်ရောက်ပြီး ဝင်အိပ်နေသည်ကိုတွေးကြည့်မိသေးသည်၊

သူပပကိုယ်လေးကို အသာလေးပွေ့ယူလိုက်ကာ ခုတင်ပေါ်မှာချသိပ်လိုက်သည်။ ပြီးတော့ မီးဖွင့်လိုက်လျှင်မီးရောင်ကြောင့် မျက်တောင်ဖျားလေးတွေအနည်းငယ် လှုပ်ခတ်သွားပေမယ့် သူမမနိုးခဲ့..။

မီးပြန်မပိတ်ဖြစ်တော့ဘဲ အပြင်ကိုထွက်၍လမ်းလျှောက်လိုက်သေးသည်။ပြန်တက်လာခဲ့တော့ တစ်နာရီခွဲတော့မည်ဖြစ်၏။ ခုနကသူချသိပ်ခဲ့တဲ့အတိုင်း ပုံစံမပျက်လေးအိပ်ပျော်နေဆဲ.. ။

ပါးမို့လေးတွေက မီးရောင်အောက်မှာနှုရဲနေသည်။ မျက်တောင်တွေက ကော့နက်နေ၏။ ထူးခြားလှပသည့် နှုတ်ခမ်းလွှာလေးတွေကို စူးစိုက်ကြည့်မိတော့ ပင့်သက်ရှိုက်မိလေသည်။ စီးကရက်နဲ့မီးခြစ်ကိုကိုင်ထားပေမယ့် သောက်လည်းမသောက်ဖြစ်ဘဲ တိတ်ဆိတ်နေသည့် အိပ်ခန်းထဲမှာ အိပ်ပျော်နေသော ဇနီးအလှလေးကိုငေးကြည့်ရင်း သူဒီတိုင်းငုတ်တုတ်မေ့နေခဲ့၏။

မင်းသိပ်လှတာပဲ ပပရယ်.. ။

ကိုယ်ကြည့်မရခဲ့တဲ့ခပ်ကဲကဲကောင်မလေးက ဒီလောက်ထိအသွေးကြွယ်ပြီး စွာနေတာလေးကိုကချစ်စရာကောင်းနေတာ ဘယ်လိုပြောင်းလဲမှုတွေနဲ့လဲ.. ။

သူမကိုယ်လေးကိုဖွဖွလေးသိမ်းယူပွေ့ပိုက်ထားမိရင်း နဖူးပြင်လေးကို နမ်းလိုက်မိသည်။ ပပနဲ့သူ့ရဲ့မင်္ဂလာဦးညက ဘယ်ဆီမှာဘယ်လိုပျောက်ကွယ်ကျန်ရစ်ခဲ့မှန်းမသိပေမယ့် သူ့စိတ်ထဲမှာတမ်းတမိ



www.burmeseclassic.com

www.burmeseclassic.com



တာက မင်္ဂလာဦးညကို မဟုတ်ပေ.. ။

လက်ထပ်ခဲ့ကြခြင်းနဲ့ပတ်သတ်၍ ပပရင်ထဲမှာဘယ်လို ပြောင်းလဲခံစားခဲ့ရသလဲဆိုတာပင်.. ၊ ဒါပေမယ့် သူသာတစ်ညလုံးအိပ် ပျက်ခဲ့ရပြီး ပပကတော့မနိုး.. ၊

¤ ¤ ¤ ¤





အခန်း(၁၃)

မနက်ခင်းရဲ့ဆူညံသံတွေကြောင့် ပပအိပ်ပျော်နေရာကနေ နိုးသွားခဲ့၏။ သို့သော်သူမသည် ဂုဏ့်ရင်ခွင်ထဲရောက်နေကာ၊ တစောင်းမွေ့ပိုက်ထားပုံက ဖက်လုံးဖက်ပြီး ချမ်းချမ်းနဲ့ကွေးနေသလိုမျိုး.. ။

ညက သူမကြမ်းပေါ်မှာ အိပ်တာဘယ်လိုလုပ်ပြီးဒီပေါ်မှာ..။

ဟင်..၊

တစ်စုံတစ်ရာကိုတွေးမိကာ တစ်ကိုယ်လုံးဖျင်းခနဲပူရှိန်းသွားခဲ့လျက်.. ။

"ဖယ်ပေး.."

အတင်းရုန်းကန်လူးလဲထလိုက်ရင်း.. ၊

"ကိုကို ပပကိုဘာလုပ်လိုက်တာလဲ၊ ပပဘာလို့ဒီပေါ်ရောက်နေတာလဲ.."

"ဟား.."

အိပ်ရေးမဝသည့်မျက်နှာနှင့် ဂုဏ်ကရှုံ့မဲ့သွားကာ ပပလက်တစ်ဖက်ကိုဖက်ခနဲပြန်ဆွဲ၍.. ။

"မင်းမေးနေတာဘယ်သူ့ကိုလဲ.."

"ရှင့်ကိုလေ..ဒီထဲမှာရှင်ပဲရှိနေတာ.."

"ဟုတ်တယ်၊ အဲ့ဒီကောင်ကမင်းယောကျ်ားဆိုတာမမေ့နဲ့.."



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုနော်၊ လွှတ်..ဟင့်အင်း..ဟင့်အင်း.."

လက်ကိုပြန်ဆွဲချလိုက်သဖြင့် ပပဂုဏ့်ရင်ခွင်ထဲပြန်ကျသွားသည်။ အတင်းပြန်ရုန်းနေရင်း မွန်းကျပ်သွားခဲ့လျက်.. ।

"ဦးဂုဏ်ရောင်..ရှင်နော်၊ ပပကိုလွှတ်.."

"ဘာလို့အတင်းရုန်းနေတာလဲ..မင်းအိပ်နေတာကို ကိုယ်တစ်ညလုံးငုတ်တုတ်ထိုင်ကြည့်နေခဲ့ရတာ.."

"ရှင့်ကိုဘယ်သူကကြည့်ခိုင်းလို့လဲ..ဟင့်အင်းဆို.."

အတင်းအကျပ်နမ်းနေတာကို ရှောင်ရင်းသူအနိုင်ယူသွားသည့်အခါ ပပတစ်ကိုယ်လုံးနတ်ပူးနေသလို ဆတ်ဆတ်တုန်နေခဲ့၏။ ပြီးတော့ ရင်တွေခုန်နေတာလား တစ်ကိုယ်လုံးခုန်ပေါက်တုန်ယင်နေတာလား.. ।

တစ်ခါမှမခံစားခဲ့ဘူးသော ရှက်ရွံ့ထိတ်လန့်ခြင်းသည် လူကိုသတိလစ်သွားလောက်အောင် ဖြစ်စေလျက်.. ।

"ပပ..ပပ ကိုကို့ကိုကြည့်.."

"ဟင့်အင်း..."

ပပငိုတာလည်းမဟုတ်ဘဲ မျက်ရည်တွေကျလာကာ၊ ကြည့်ပါဆိုမှမျက်လုံးတွေကို တမင်ဖိမှိတ်ထားမိလျက်.. ।

"ရှင်ကြီး သူများကိုစော်ကားလိုက်ပြီမို့လား၊ အရမ်းမုန်းတယ်သိလား.."

"ဘာလို့ကိုယ်ကစော်ကားရမှာလဲ၊ ကိုယ့်မိန်းမကိုမှဒိန်းသမားလိုကျင့်ကြံရအောင် ကိုယ်တဏှာရူးမဟုတ်ဘူး.."

ပပမျက်ဝန်းလေးတွေ ပွင့်လာသည်၊ ဟုတ်ရဲ့လားဆိုသည့်အကြည့်လေးတွေကို နီးကပ်စွာစီးမိုးကြည့်ရင်း ပြုံးလိုက်မိကာ.. ।

"ကိုကိုက မင်းရဲ့ကြည်ဖြူလိုက်လျောမှုကိုပဲလိုချင်တာ.."





ပပရင်တွေ ဒိန်းခနဲတုန်ခါသွားသည်၊ သူငုံ့နမ်းလိုက်တော့ ပပမျက်နှာလွှဲပစ်လိုက်မိလျှင် သူ့အနမ်းက သူမရဲ့လည်တိုင်နုနုဆီရောက်သွားခဲ့ပြီး.. ।

"ကိုကိုနော်.."

"ကိုကို့ကိုချစ်လား.."

"မချစ်ပါဘူး၊ ပပကိုကို့ကိုမုန်းတယ်..လွှတ်ပေး.."

"မရဘူး.."

ဂုဏ်က အိပ်ရာထဲမှာပက်လက်လှဲလိုက်ပြီး ပပကိုယ်လုံးလေးကို သူ့ရင်ဘက်ပေါ်လာအောင် ဆွဲတင်လိုက်၏။ ပြီးတော့ ပပရုန်းထွက်လို့မရအောင် ဖိကပ်သိမ်းဖက်ထားလိုက်ကာ.. ।

"ကိုကို ဒီနေ့ကျောင်းကိုမသွားဘူး၊ ဘာဖြစ်လို့လဲသိလား.."

ပပ မျက်တောင်ဖျားလေးတွေက မျက်ရည်စတွေကို သူ့လက်မနဲ့ အသာလေးတို့ထိသုတ်ပေးရင်း.. ।

"မင်းဆီကချစ်ပါတယ်ဆိုတဲ့အဖြေ မရမချင်းမင်းဒီအခန်းထဲကထွက်မသွားရဘူး၊ ကိုယ်လည်းမသွားဘူး..အဲ့ဒါကြောင့်.."

"ရှင့်တာသာ သွားသွားမသွားသွား ပပမှာလုပ်စရာတွေရှိသေးတယ်.."

"အဟွန်း.."

"ကိုကိုမရယ်နဲ့နော်.."

"မင်းဆီကရအောင်ယူမှာ အဲ့ဒီကိုကိုဆိုတဲ့ခေါ်သံပဲ၊ နံပါတ်နှစ်ကမင်းရဲ့အချစ်၊ နံပါတ်သုံးက ဒီနေ့ကိုယ်တို့နှစ်ယောက်အကြင်လင်မယားဖြစ်ကြဖို့.."

ပပရဲ့ပါးပြင်လေးတွေရဲခနဲဖြစ်သွားသည်၊ ထိကပ်မလိုနီးနေသောသူ့မျက်နှာပေါ်ကနေ မေဖျားလေးပင့်နေအောင် လှဲထားရင်းခေါင်း



www.burmeseclassic.com

www.burmeseclassic.com



တွင်တွင်ခါ၍ ရှန်းမိရင်း.. ၊

"မသိဘူး၊ အဲ့ဒါတွေ ပပမကြိုက်ဘူး.."

"ကိုယ်ကတော့ကြိုက်တယ်၊ ပြီးတော့ မင်းကိုစိတ်ချချင်တယ်၊ ပြီးတော့.."

"အား.."

ကိုယ်ကိုလှိမ့်လိုက်တာနှင့် ပပသူ့ရင်ခွင်အောက်မှာ ပက်လက်လေးဖြစ်သွား၏။

"ကိုကိုနော်..မချစ်ဘူးလို့ပြောနေတာရှင်မကြားဘူးလား၊ ဟင့်အင်း...လွှတ်.."

ထိတ်လန့်ရုက်ရွံ့နေသည့် တစ်ကိုယ်လုံးက အင်အားမဲ့နေသလိုပင်၊ သူ့လက်ထဲကလွှတ်မြောက်ဖို့ ရုန်းနေရင်းအရှုံးပေးရမလို ဖြစ်လာသည်တွင်.. ၊

"ပပရော..ပပ..မနိုးသေးဘူးလား.."

"ဒုံး..ဒုံး.."

"ဆရာထွက်သွားပြီမှတ်လား၊ ငါတို့မှာစောင့်လိုက်ရတာ ဆရာထွက်သွားရင်တော့ သူထွက်လာမှာပဲဆိုပြီးတော့.."

"အေးလေ..ဘယ်နှစ်နာရီရှိပြီမှတ်လို့လား၊ မဗျွာပ်မှာမမယုံတို့လည်းစောင့်နေကြတယ်.."

"ထ..ထွက်ခဲ့..ရှစ်နာရီထိုးနေပြီ.."

တံခါးဝကနေ ဘယ်ကျော်တို့စိမ်းလဲ့တို့ စုရုံးအော်ဟစ်နေကြစဉ် မေကျော်ပြေးလာကာ.. ၊

"ဟဲ့..ဟဲ့..ဘာလို့အတင်းထုနေကြတာလဲ၊ အထဲမှာဆရာရှိ.."

"ဂလောက်.."

"ဟင်.."





မေကျော်တားဆီးမလိုပေမယ့် တံခါးကပွင့်သွားပြီဖြစ်ကာ၊ ပေကပြုံးချိုစွာဖြင့်.. ၊

"အတော်ပဲ၊ လာ..သွားကြမယ်.."

ပပမျက်နှာပေါ်ကအပြုံးနှင့် 'အတော်ပဲ'ဆိုသည့်စကားကြောင့် မေကျော်တို့အထဲကိုအမှတ်တမဲ့လှမ်းကြည့်လိုက်မိလျှင် ဧာ်ကခုတင် ပေါ်ကခြေချထိုင်ရင်း စီးကရက်မီးညှိနေ၏။

မေကျော်နဲ့စိမ်းလဲ့တို့ မျက်လုံးချင်းဆုံ သွားကြသည်။ ခေကျော်ရှုံ့မဲ့သွားပြီး စိမ်းလဲ့ကိုမျက်စောင်းရွယ်ရင်း.. ၊

အဲ့မှာလဲသေလိုက်တော့.. ၊

¤ ¤ ¤ ¤



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၄)

"ဗိုက်ဆာလိုက်တာ ဘာရှိလဲမပူစူး.."

"ထမင်းကြမ်းကမနက်ကပဲပြုတ်နဲ့ကြော်လိုက်တယ်လေ၊ နင်ပဲဘာမှမစားတော့ဘူးဆိုပြီး ထွက်သွားတော့.."

"ဟုတ်တယ်..ခုမှဆာလို့ပြန်ပြေးလာတာ.."

ပပကပြောရင်း ဟင်းအိုးတွေလှျောက်ဖွင့်ရင်း.. ၊

"အားလုံးဆေးကြောထားတာတွေချည်းပဲ.."

"ကိုးနာရီပဲထိုးနေပြီဥစ္စာပပရယ်၊ နေ့လည်စာချက်ရတော့မှာလေ၊ ဒါပေမယ့်မပူနဲ့..ခုနေအသုဘရက်လည်သွားလိုက်ရင် အချိန်ကောင်းပဲ.."

ဟင်.. ၊

ပပစိတ်ဝင်စားသွားသည်။ သို့သော် အဆင်မပြေတာက အသုဘရှင် ဒေါ်စုနဲ့သူမကမတည့်..၊

"မမကြွေ ဒီနေ့ရက်လည်တာပဲ.."

ဟု ရေရွတ်လိုက်ပြီး မျက်နှာမကောင်းစွာနှင့် ခုံဆွဲထိုင်ချလိုက်ကာမှ.. ၊

"ဘာဖြစ်လို့လဲပပ.."

"ဘာဖြစ်ရမှာလဲ၊ မမကြွေယောက္ခမကြီးနဲ့ ပပတည့်မှမ





တည့်တာ.."

"လူကြီးနဲ့လူငယ်ပဲပပရယ် နင်ကလည်း၊ လူကြီးကပြောပြီးဆိုပြီးပျောက်ပြီပေါ့၊ မတည့်ဘူးပြောရအောင်ရွယ်တူတွေလည်းမဟုတ်.."

"ဖြစ်ရတယ်မပူစူးရယ်၊ ဒေါ်စုအကြောင်းမသိတာကျနေတာပဲ.."

ဟုတ်တော့ဟုတ်သား.. ၊

'ဒေါ်စုတဲ့ တစ်စုတည်းရှိတယ်' လို့ပြောရလောက်အောင် ဒေါ်စုအနုတ်ကြမ်းသူဖြစ်၏။ သူ့သမီးကြွေရုပ်နဲ့ စည်သူတို့ညားကြတော့လည်း သဘောမတူနိုင်ပါဘူးဆိုပြီး ပစ်ထားခဲ့သည်။

ပြီးတော့ သမီးကိုမပြတ်နိုင်လို့ဒေါ်ပေမယ့် သမက်ကိုမျက်နှာသာမပေးသလို သမီးကိုလည်းတစ်ချက်လေးမှမငဲ့.. ၊

တကယ်ဆိုစည်သူ့ဘက်ကမိသားစုတွေများပြီး မပြေလည်ကြပေမယ့် မိသားစုဝင်တွေအားလုံးက ကြင်နာတတ်သည်။ မိသားစုထဲမှာအိမ်ထောင်သည်ရယ်၊ လူလွတ်ရယ်လို့ခွဲခြားတာမျိုးမရှိဘဲ လက်တွဲညီကြတာဖြစ်၏။ ကြွေရုပ်ကလည်းယောက္ခမအိမ်မှာပျော်သလောက်မိဘအိမ်မှာတော့ စိတ်ဆင်းရဲကြီးစွာရှိခဲ့ရှာ၏။

ဒေါ်စုအကြောင်းတွေးမိရင်း ကိုစည်သူကိုသတိရမိကာ.. ၊

"မမကြွေမွေးခဲ့တဲ့ကလေးလေးကို ဘယ်သူယူမလဲမသိဘူးနော်.."

"သြော်..မုန့်ဟင်းခါးစားဖို့ကနေ ကြွေရုပ်ရဲ့ကလေးဆီရောက်သွားပြီလားစိတ်က.."

"တွေးမိလို့ပါ၊ ဒေါ်စုကြီးကကိုစည်သူတို့ဘက်က ပပဝင်ဝင်ပြောလို့ သူနဲ့ပပမတည့်တာလေ.."



www.burmeseclassic.com

www.burmeseclassic.com



"ပပနဲ့ပဲမဟုတ်ဘူး၊ ဒီမိန်းမကြီးက မုန့်ဆိုင်လေးပိစိညှောင့် တောင့်ဖွင့်ပြီး ငွေတိုငွေစလေးတွေ ချေးနိုင်နေတာနဲ့ တစ်ရွာလုံးသူနဲ့မကင်းသလို လေကျယ်နေတာ..သူ့ဂရုစိုက်တာဆိုလို့ ပပတို့အိမ်နဲ့ကြီးကြီးတို့ ပဲ.."

ပုစူးနဲ့ပပ ဒေါ်စုအကြောင်းအတင်းတုတ်ခြင်းသို့ ရောက်သွားခဲ့လျက်.. ၊

"ဘာပဲဖြစ်ဖြစ်..ဒီမိန်းမကြီးပပကိုမကြည်တာတော့အမှန်ပဲ .. မေမြတ်ကလည်းသွားနှင့်ပြီဆိုတော့..ဟင်.."

မုန့်ဟင်းခါးစားရဖို့တွေးတောကြံဆံနေတုန်း ခြံထဲကိုဝင်လာသည့်ဂုဏ့်ကို လှမ်းမြင်လိုက်ကာ.. ၊

"ဟိုမှာကိုကို.."

ပပ ဝမ်းသာအားရဖြစ်သွားသည်။ ပြီးတော့.. ၊

"ကိုကို့ကို ဘယ်မှထွက်မသွားနဲ့ဦးလို့တားထားပေး.." လို့ ပုစူးကိုမှာခဲ့ကာ အပေါ်ပြေးတက်ခဲ့သည်။ ဝတ်ထားသည့်ရုပ်အင်္ကျီပွပွကိုချွတ်ပစ်လိုက်ပြီး တီရှပ်အညိုရောင်လေးကို ကမန်းကတန်းကောက်စွတ်၏။

ပြီးတော့ ဆံပင်တစ်ချက်သပ်ဖြီးကာ ဘီးကိုပစ်ချပြီးပြေးထွက်ခဲ့လျှင်.. ၊

"အ.."

"ဟာ.."

အခန်းတံခါးဝမှာဂုဏ်နဲ့ အင့်ခနဲတိုက်မိလေသည်။ ဂုဏ့်လက်ထဲကအထုပ်ပါ ပြုတ်ကျသွားကာ.. ၊

"ဘယ်လိုဖြစ်လို့ ဒီလောက်အသည်းအသန်ပြေးထွက်လာရတာလဲကွ.."





"ကိုကိုထွက်သွားမှာစိုးလို့လေ.."

ကမန်းကတန်းတွေ အမှတ်တမဲ့တွေဖြစ်လာတတ်တိုင်း ကိုကိုဆိုခေါ်နေတတ်ကာ သူမကိုယ်တိုင်လည်း သတိထားမိပုံမပေါ်.. ၊

"ဒါ..ဘာလဲဟင်.."

ကျသွားသည့်အထုပ်ကို ပပကပဲကောက်ကြည့်လိုက်ကာ..။

"ဟုတ်တယ်၊ အဲ့ဒါမင်းအတွက်.."

"ပပအတွက်.."

ဆွဲထုတ်ကြည့်လိုက်တော့ ပါတိတ်တွေနဲ့ တီရှပ်နှစ်ထည်..။

"ဒါကြီးတွေပပမကြိုက်ဘူး၊ ဒါပဲယူမယ်.."

တီရှပ်တွေကိုယူထားလိုက်ပြီး ပါတိတ်တွေကိုပြန်ပေး၏။ ဂုဏ်ဘဆွဲယူပြီး အိပ်ရာပေါ်လှမ်းပစ်လိုက်ရင်း.. ၊

"ခင်ဗျားကိုကြိုက်ရဲ့လားလာမေးတာမဟုတ်ဘူး၊ ကြိုက်ကြိုက်မကြိုက်ကြိုက်ဝတ်ဖို့.."

ပြောပြီးတာနှင့် လှည့်ထွက်သွားလျှင် ပပနောက်ကပြေးလိုက်ရကာ.. ၊

"ဘယ်ကိုသွားမလို့လဲ၊ အောက်မှာပုစူးမပြောဘူးလား..အသုဘရက်လည်မှာ မုန့်ဟင်းခါးသွားစားမလို့ပါဆို.."

"သွားစားပေါ့၊ အသုဘအိမ်ကဆို စီးကရက်တောင်မသောက်ဘူး.."

"ကိုကိုမသောက်ပေမယ့် ပပစားချင်တယ်လေ.."

"မင်းကိုဘယ်သူကတားနေလို့လဲ.."

စကားပြောနေရင်း လှေကားကနေပြန်ဆင်းနေသဖြင့် ပပမီအောင်အတင်းလိုက်ဆင်းနေရကာ လှေကားဆုံးကာမှ.. ၊

"အား..သေပြီ.."



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုခေါ်သထွက်လာသည့် စိတ်ကဖိစီးကာ ခြေခေါက်လဲ လေသည်။ ဂုဏ်ကပပကိုယ်လေးကို လှမ်းဖက်လိုက်ကာ.. ၊

"မုန့်ဟင်းခါးကအဲ့လောက်တောင် စားချင်နေတာလား ကိုယ့်ကိုယ်ကိုတောင်သတိမရတော့ဘူး.."

ဒါကျတော့ရှက်သွားမိ၏။ ပပမျက်နှာလေးရဲခနဲဖြစ်သွား လျက် သူ့လက်တွေကိုဖယ်ချပစ်ကာ.. ၊

"ဟုတ်တယ်..သိပ်ကိုစားချင်နေတာ၊ ဒါပေမယ့်..အခုမစား တော့ဘူး.."

ပပရှက်ရှက်နဲ့အော်ပြောပြီး လှည့်ထွက်လာခဲ့၏။ ဂုဏ်က သူမလက်လေးကို ဖမ်းဆွဲထားလိုက်၍.. ။

"လိုက်ပို့ပေးမယ်.."

အစားနဲ့ပတ်သပ်ရင် ပပကြာကြာစိတ်မကောက်တတ်ပေ သူ့ကိုမျက်စောင်းတစ်ဝက်နဲ့ ပြန်ငဲ့ကြည့်ပြီးမှ လက်ကိုခါချပစ်လိုက်၏ ပြီးတော့.. ။

"ပို့ခဲ့ပြီးပြန်လို့မရဘူး..ရှင်လည်းတူတူစားရမှာ.."

"လုပ်လေ..မင်းခွဲ့ကျွေးကြည့်လိုက်.."

"ဆုတောင်း.."

ဂုဏ်က ပပလက်ကိုပြန်ဆွဲသည်။ ပပမရုန်းဘဲသူ့လက်ကို ပြန်ကိုင်ပြီး ထွက်လိုက်လာခဲ့သည်။ ရှေ့လက်တွဲပြီးထွက်ချင်လွန်းလို့ တော့မဟုတ်ပေ။

ဒေါ်စုတို့အိမ်ကို သူမအဝင်ကောင်းဖို့က.. ၊

"ဟော..ဂုဏ်တို့ပါလား..၊ လာကြလာ.."

ခြွေရုပ်ရဲ့ယောက္ခမ ဒေါ်ကြည်နဲ့စည်သူတို့မောင်နှမတွေကို တန်းတွေ့လိုက်ရသဖြင့် ပပရင်ပူနေရတာတွေ ပျောက်သွား၏။ သို့





်စားပွဲခုံမှာကျကျနနထိုင်လိုက်ကာမှ.. ၊

"ဩော်..မမြတ်ကတော့ပြောသားပဲ၊ သားကသူ့မိန်းမကို င့်ခေါ်နေတာနေမှာတဲ့.."

ဒေါ်စုရဲ့အောင်မြင်ခန့်ညားသောအသံကြီးက တုတ်နိုင်နိုင် င်လုံးကြီးနဲ့အတူ ပပရှေ့ကိုကျက်သရေမဲ့စွာ ရောက်လာခဲ့၏။

ပြီးတော့ ပပကိုပြုံးပြပေမယ့် မဲ့သလိုကြီးရှိကာ၊ တစ်ခုခုပြော ငှေလိုမျက်နှာက ဂုဏ့်ဘက်ပြန်လှည့်သွားခဲ့ပြီး.. ၊

"ကြီးကြီးကသားကိုစောင့်နေတာ..အကြီးမရဲ့သမီးလေး သီရိ

"ဟုတ်ကဲ့..သိပါတယ်ကြီးကြီး၊ ငါးတန်းစီမှာ.."

"ဟုတ်တယ်..ဟုတ်တယ်၊ မြေးလေးကစာအရမ်းရှမ်းတာလေ ါသားကိုသေချာအပ်ချင်တာ.."

ပြောရင်း ဂုဏ့်လက်မောင်းကိုဆွဲခေါ်သွား၏။ ပပဒီတိုင်း နေခဲ့ပြီးမှ နှုတ်ခမ်းလေးမဲ့လိုက်ကာ ဂုဏ့်လက်ကိုပြေးဆွဲပြီး တပ်လိုက်သွားခဲ့သည်။

ရမလား..၊

အဲ့ဒါမျိုးစေတနာမရှိတာက ပိုစားကောင်းတာ.. ၊

ကပ်လိုက်လာတော့ ဒေါ်စုကလှည့်ကြည့်ပြီးပြုံးလိုက်ကာ..၊

"မိန်းကလေးတွေက ဟိုဘက်မှာလေပပ၊ ယောကျ်ားတွေကို န်းမှာကျွေးတာ.."

"ဟုတ်လား..ဒါဆိုကိုကိုက ပပနဲ့အတူစားမှာဆိုတော့ ဟိုမှာ က်တော့မယ်.."

ပပက မျက်နှာမပျက်ရယ်လိုက်ပြီး ဂုဏ့်လက်ကိုဆွဲ၍ ဒေါ်စု ြားမှာဝင်ရပ်လိုက်ကာ.. ၊



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးစုမသိလို့၊ အိမ်မှာဆိုပပနဲ့ကိုကိုက ပန်းကန်တစ်ချ ကိုနှစ်ယောက်အတူစားကြတာ၊ ဟုတ်တယ်နော်..ကိုကိုနော်.."

"ဟုတ်ပါပြီတော်၊ ကြွပါ..ကြွပါ.."

"ဟယ်..ကြီးကြီးကတော့လုပ်ပြီ၊ ပပတို့ငရဲကြီးအောင် အပွန်း.."

ပြောမနာဆိုမနာ နေလာခဲ့ကြသည့်ရွာသားချင်းတွေမို့ အ မှမဟုတ်သလိုရှိပေမယ့် ဒေါ်စုနဲ့ပပကြားမှာ ဂုဏ်စိတ်ညစ်နေမိ သည်

လူကြီးကလည်းလူကြီးမို့တစ်မျိုး၊ လူငယ်ကလည်းမ ကျေး.. ။

"သားရေ.."

ဒေါ်မြတ်နှယ်က ပပပါလာတာကိုသဘောကျသလို ကြည့်နေကာ.. ။

"သမီးက.."

"ပပ ဟိုမှာသွားထိုင်မယ်မေမြတ်၊ စိမ်းလဲ့တို့ရှိတယ်.."

"အေး..အေး.."

ခွင့်ပြုရမယ့်လူက သူ့မကျောပြင်ကိုလိုက်ကြည့်ပြီး အမေ လှမ်းအော်ရသည့်အဖြစ်.. ။

ခုနတုန်းကလူကိုဆွဲလွဲတွန်းထိုးပြီး ချွဲပျစ်နေတဲ့ပပ ရောက်သွားတာလဲ.. ။

"ဘယ်လိုဖြစ်နေတာလဲ မျက်နှာကြီးက.."

သူ့ကိုကြည့်ပြီး အမေကရယ်တော့ ဂုဏ်မအီမလည်ကြီး လိုက်မိကာ.. ။

"မလွယ်ဘူး၊ အဲ့ဒီကောင်မလေး.."

"ကဲပါ၊ မလွယ်ပေမယ့်သားချစ်တယ်မို့လား.."





မငြင်းနိုင်ပေမယ့် မျက်နှာကမဲ့တော့မဲ့သွား၏။ သားအမိနှစ် ယောက်အချိုပွဲတွေ ခင်းကျင်းထားသည့်ဘက်ကို လျှောက်လာခဲ့ကြ သည်.. ။

"စပ်လိုက်တာ ဦးပဲ.."

အချိုပွဲတွေခင်းကျင်းထားသည့် စားပွဲမှာသောကြာရှုးရှုးရဲရဲ နှင့် ဝင်ထိုင်ကာကိတ်မုန့်တွေ ပန်းသီးတွေပါးစပ်ထဲကို တလစပ် သောက်သွင်းတော့သည်။

"ဟော့ကောင်..ဒါရပ်ကွက်လူကြီးတွေအတွက် ပြင်ထားတာ ကွ.."

"ဘာဖြစ်လဲကွာ..စပ်လို့ပါဆို.."

"သောကြာမင်းတော့..ဒေါ်ကြီးစုပါးစပ်နဲ့ တိုးတော့မှာနော်.."

"ဦးတဲ့မှာပဲ..အကြီးစုနဲ့မပြောရဘူး၊ မင်းတို့ချည်းပဲ..ဖယ်စမ်း ..."

"ဟာ..ဒီကောင်တော့.."

အသုဘအိမ်ကရက်လည်ဆိုပေမယ့် ရွာသားတွေရဲ့ဓလေ့အရ စားအသောက်ကိုပဲ အာရုံစိုက်နေကြတာ အိမ်လုံးပြည့်လူတွေက လည်း စားပွဲတွေရှိသမျှမှာ သူထွက်ငါထိုင်နှင့်.. ။

"ဂုဏ်.."

သူဘာမှစားသောက်ဖို့ စိတ်ကူးမရှိတာကြောင့် အမေနဲ့စကား ပြောရင်း ဟိုမတ်တပ်ဒီမက်တပ်ရှိနေစဉ် ဘေးမှာရင်းနှီးသည့်အသံတစ် ခုကိုကြားလိုက်ရကာ.. ။

"ဟင်..ပိုး.."

တကယ့်ကိုအံ့ဩသွားခဲ့၏။ ပိုးကဆရာဝန်ဖြစ်သည့်နှင့် တစ် ခါတည်းလက်ထပ်သွားတာဖြစ်ကာ၊ အိမ်ထောင်နဲ့ကွဲနေသည်လိုလို



www.burmeseclassic.com

www.burmeseclassic.com



ဘာလိုလို.. ၊

"ပိုး..ရှာပြန်ရောက်နေတာလား.."

"ရောက်နေလို့တွေ့တာပေါ့လို့.."

"သမီးက ခုမှပိုလှလာတာကြည့်စမ်း၊ ဆံပင်တွေတောင်ခါး ကျော်နေပြီ.."

ဒေါ်မြတ်နွယ်ကလည်းအံ့ဩနေကာ၊ ပိုးကဟိုတုန်းကအ တိုင်းယဉ်စစလေးပဲရှိနေသည့်ပြင် ဆရာဝန်ဆိုသည့်ဂုဏ်နှင့်ပိုပြီး ကျက် သရေရှိနေခဲ့၏။

ပိုးပါတိတ်ကြဲရည်ရောင်ဖျော့ဖျော့လေးနှင့် အရောင်တူရင်ဖုံး လက်တိုလေးကိုဝတ်ထားသည့် ဆံပင်တွေကိုနောက်မှာ ကလစ်အဖြူ ရောင်လေးနဲ့ညှပ်ထား၏။

သူမမျက်လုံးတွေကတော့ ဂုဏ်ဆီမှာပဲရှိနေခဲ့လျက်.. ၊

"ဂုဏ်လည်း ပြောင်းလဲသွားတယ်နော်၊ အရပ်ကြီးလည်းရှည် လာသလိုပဲ.."

"မဟုတ်တာ.."

"သားကပိန်သွားတာသမီးရဲ့၊ လူလတ်ပိုင်းကျမှအဆီပိုတွေ ဘာမှမရှိတော့ဘဲ အရပ်ရှည်လာသလိုဖြစ်သွားတာ.."

"မဟုတ်ဘူး.. ပါးသိုင်းမွေးရာတွေတောင်မြင်နေရတော့ ပို ကြည့်ကောင်းတယ်၊ ပိုး..သူ့ကိုဝင်လာတည်းကမြင်တယ်၊ ပပနဲ့အတူ သွားထိုင်တော့မယ်မှတ်လို့မခေါ်တာ.."

လှမ်းကြည့်လိုက်တော့ ပပတို့ကရယ်မောပုတ်ခတ်ကြရင်း တစ်ဖွဲ့လုံးလှုပ်ရှုံနေကြ၏။ သို့သော် ထိုထဲမှတစ်ယောက်သောသူက ပိုးနဲ့ ဂုဏ်တို့ကိုလှမ်းမြင်သွားခဲ့ပြီး.. ၊

"ဟဲ့..ငါ့မျက်လုံးမကောင်းတာလား၊ ကြည့်ပေးကြပါဦး.."





"ဟင်..ဘာလဲ.."

"ဟိုမှာ မမပိုး.."

ပိုးဆိုသည့်အသံကြောင့် ပပပန်းကန်ထဲကို ဘဲဥတွေထပ်ကိုး နေရင်း ဖျတ်ခနဲလှမ်းကြည့်လိုက်မိသည်။

"ဟုတ်ပ..ဟုတ်တယ်မမပိုးပဲ၊ သူကဘယ်ကရောက်လာတာ လဲ၊ ပပတို့အိမ်မှာမနေတော့ဘူးလား.."

"မနေတော့ဘူး.."

ပပဒါပဲဖြေပြီး ပဲကြော်ထပ်ထည့်၍မုန့်ပန်းကန်ကိုပဲ သေချာ ရှုနေလိုက်မိသည်။

"ပပ.."

"ဘာလဲ.."

"အောင်မလေး..အစားပဲငမ်းနေတယ်၊ ကိုယ့်ယောကျ်ားတစ် ယောက်လုံးကြီးကို တစ်ခုလပ်ဆရာဝန်မကကပ်ညှိနေတာ နည်းနည်း ဂရုစိုက်ပါသတိထားဦး.."

"ကပ်ညှိနေတာမဟုတ်ဘူး၊ ငယ်ချစ်ဟောင်းတွေပြန်တွေ့ နေကြတာ.."

"ဟယ်..မဟုတ်တာ.."

ပပ ဘာမှမဖြစ်သလိုပြောလိုက်ပေမယ့် စိမ်းလဲ့တို့သီတဂူတို့ အံ့ဩသွားကြ၏။ ဟိုအရင်တုန်းကပိုးဥတို့သားအမိက ပပတို့အိမ်မှာ အတူနေသွားတာကြတာဖြစ်သည်။

ပြီးတော့ ပိုးဥရဲ့အမေက အရောင်းအဝယ်သွားလာရင်း မြို့က ကုန်သည်တစ်ယောက်နဲ့ နောက်အိမ်ထောင်ပြုခဲ့၏။ ထို့ကြောင့် ပိုးဥဆယ် တန်းအောင်တော့ ရန်ကုန်မှာအောင်ခဲ့တာဖြစ်သည်၊ ပြောရမယ်ဆိုလျှင် ဂုဏ်နဲ့အတူကျောင်းတက်ပြီး အတူအောင်ခဲ့ကြတာမို့ ဆေးတက္ကသိုလ်



www.burmeseclassic.com

www.burmeseclassic.com



အတူတူတက်ဖို့ထိ ပိုးဥမျှော်လင့်ခဲ့၏။

"ငါတို့ကြားတာတော့ သူတို့ချင်းကြိုက်ကြသေးတယ်ဟ ပြောတာပဲ၊ ပြီးတော့မှဆရာကဆေးကျောင်းမတက်တော့ဘူး ကျောင်းဆရာပဲလုပ်မယ်ဆိုတာတွေ ဝါဒကွဲပြီးမမပိုးက စိတ်နာသွားတာတဲ့.."

"စိတ်နာလို့ယောကျ်ားယူလိုက်တာပေါ့၊ အဆင်ပြေသား.."

"ဒါတော့ဘယ်သိမလဲ၊ ငါပြောချင်တာက ပပအတွက်စိုးရိမ်ဖွယ်ရှိနေတာလေ၊ ကြည့်ပါဦး..ဆရာနဲ့ပပနဲ့အတူတူတွဲလိုက်ရင် ပပက သေးသေးလေး.."

"ပပက မသေးပါဘူး.."

"အရပ်နိမ့်တာကိုပြောတာပါ.."

"ငါကလည်းအရပ်ကိုပြောတာပါပဲ၊ ကြည့်ပါလား..ဟိုမှာမပိုးနဲ့ဆိုလယ်ဗယ်လ်ပဲ၊ တစ်ယောက်ကရှည်ရှည်ပိုင်းပိုင်း ခန့်ခန့်ချောချော တစ်ယောက်ကဆံပင်ရှည်ရှည် အရင့်မြင့်မြင့်ယဉ်စစ.."

"အဟွတ်..အဟွတ် အဟွတ်.."

"ဟယ် ပပ.. ပပသီးသွားပြီ.."

"သီးမှာပေါ့၊ အလိုက်ကမ်းဆိုးမသိတဲ့ပါးစပ်တွေက ပေါက်ပေါက်ဖောက်နေတာကိုး၊ သီးရုံတင်မကဘူး၊ အသက်ပါထွက်သွားနိုင်တယ်.."

"ရော့..ပပ၊ ရေ..ရေသောက်လိုက်.."

ပပ မုန့်ဟင်းခါးစားရင်း သီးသွားသည်နှင့် ပပဘေးမှာအားလုံးစုပြုံပြီး ပျာပျာသလဲဖြစ်ကုန်ကြလျှင်၊ လှမ်းမြင်နေရသည့်ဂုဏ် မျက်နှာပျက်သွား၏။

သားမျက်နှာကိုကြည့်နေသည့် ဒေါ်မြတ်နွယ်ကလည်း ပပကို





ဆီလှည့်ကြည့်မိကာ.. ၊

"ပပတို့ စားပွဲမှာဘာဖြစ်.."

"ပပတစ်ခုခုဖြစ်တာထင်တယ်.."

ပိုးဥကို နှုတ်မဆက်ခဲ့နိုင်ဘဲ သူပပဆီခြေလှမ်းကျဲများနှင့် တလွှားလွှားရောက်သွားခဲ့ပြီး.. ၊

"ဘာဖြစ်တာလဲ.."

"အဟွတ်..အဟွတ်.."

ပပက ခေါင်းမထူနိုင်.. ၊

ဂုဏ့်ကိုမြင်တော့ ပပဘေးကသီတဂူတို့ဘေးဖယ်လိုက်ကြကာ..။

"ငရုတ်သီးတွေများလို့သီးသွားတာဆရာ၊ ရေပေးနေတာ တောင်မသောက်နိုင်ဘူး.."

"ပပ.. ပပကိုယ့်ကိုကြည့်.."

သူ စားပွဲပေါ်ကယပ်တောင်ကို ဆွဲယူပြီး ပပမျက်နှာကိုခတ်ဆေးရင်း.. ၊

"နည်းနည်းအသက်အောင့်ပြီး မျက်နှာမော့လိုက်.."

ပပမျက်နှာလေးကို မေးဖျားလေးကနေမော့ယူပြီး ချွေးတွေစို့နေတာမြင်လျှင် စိုးရိမ်စိတ်ကြောင့်ပခုံးလေးကနေ ရင်ခွင်ထဲဆွဲယူအပ်ထားလိုက်ရင်း.. ၊

"ပပ.."

"အဟွတ်..ဟမ်း.."

"ရလား..အသက်ခိုးရှူပြီး ခဏထိန်းထား.."

ပပခေါင်းလေးညိတ်ပြီး သူ့ရင်ခွင်ထဲမှာ မျက်နှာလေးငုံ့ကျသွားလျှင် ချောင်းဆိုးရပ်သွားပြီမို့ အားလုံးသက်းပြင်းချလိုက်ကြ၏။ အို့သော်.. ၊



www.burmeseclassic.com

www.burmeseclassic.com



သူမတို့စားပွဲဘေးမှာလူတွေ အထပ်ထပ်ဝိုင်းအုံနေပြီဖြစ်ကာ..၊

"ပပရော..ဘယ်သူမှလုမစားပါဘူး.."

"ဟီး..ဟီး၊ ဒါမှပပကွ ပထမ...ပထမ.."

"ဟဲ့.."

စိမ်းလဲ့ကဆတ်ခနဲထရပ်လိုက်ပြီး ရယ်နေကြသည့် အာကာတို့အုပ်စုကိုစူးစူးဝါးဝါးကြည့်၍..၊

"ဘာလို့သူများဝေဒနာခံစားနေရတာကို ဝိုင်းရယ်နေကြတာလဲ၊ နင်တို့ရောမသိဘူးလို့လား.."

ဂုဏ်ကပပကို လက်တစ်ဖက်ကဆွဲပြီး နေရာမှထွက်လာခဲ့သည်။ မြန်မြန်ခေါ်ထုတ်မလာလျှင် ဒီပွဲထဲပပဝင်တော့မှာဖြစ်သည်။

ချောင်းဆိုးလို့နှမ်းချေ ငြိမ်သက်နေထွန်းအပါခေါ်ထုတ်လာခဲ့ပြီး အိမ်ပြန်ရောက်မှ..၊

"ရော့..ရေသောက်.."

ရေခဲသေတ္တာထဲကရေဘူး ထုတ်ယူပေးလိုက်တော့လည်း ယူသောက်၏။ သို့သော်..၊

"ဟော့..ဒါကဘယ်လဲ.."

"ပြန်သွားမလို့.."

"ဘာ.."

"ဟိုကောင်တွေပပကို ဝိုင်းဟားနေကြတာ ကိုကိုမကြားဘူးလား.."

"ဟားကြတာကိုမင်းပြန်ရန်တွေ့တော့ ဘာတွေပြန်ရလာမှာလဲ၊ ဒါတွေပဲထပ်ပြော မင်းအစားမက်တာတွေလူသိ.."

"အစားမက်မှသီးတာမဟုတ်ဘူး၊ ပပ.."





"ပြော..ဘာဖြစ်လို့သီးတာလဲ.."

"ဒီလိုမျိုးသူများတွေရောမသီးဖူးဘူးလား..ကိုကိုရော တစ်ခါမှမသီးဖူးလို့လား၊ သူများကိုသက်သက်အရှက်ခွဲကြတာသူတို့.."

"ဘယ်သွားသွား ဘာစားစားစည်းကမ်းရှိပါ ယဉ်ကျေးမှုရှိပါဆိုတာအဲ့ဒါပြောတာပဲလေ၊ မင်းအစားငမ်းတာဟုတ်ဟုတ် မဟုတ်ဟုတ် လူဘုံအလယ်မှာဒီလိုဖြစ်တော့ ရှက်စရာပဲ.."

"ပပ မရှက်ဘူး.."

"ရှက်ကြောပြတ်နေလို့ဖြစ်မှာပေါ့.."

"ကိုကိုနော်.."

"ခုရော စားလို့ဝရဲ့လား၊ လစ်မစ်မပြည့်သေးရင် သွားတောင်းပေးမလို့.."

ဂုဏ်ကတကယ်ချဉ်နေသည့် မျက်နှာနှင့်ပြောပြီး လှည့်ထွက်သွား၏။ ပပကမေးဖျားလေးလှပ်သွားအောင် မဲ့လိုက်ကာ..၊

"ဟုတ်တယ်..မဝသေးဘူး၊ ဒါပေမယ့် ရှင်တောင်းပေးဖို့မလိုပါဘူး၊ ကိုယ့်ဘာသာသွားစားမှာ.."

ရွဲ့ပြောပြီးသူ့ပခုံးတစ်ဖက်ကိုတိုးတိုက်ထွက်၏။ ဂုဏ်ကသူမလက်ကောက်ဝတ်လေးတစ်ဖက်ကို အသာလေးပြန်ဆွဲယူလိုက်ပြီး ရင်ခွင်ထဲမှာ ပွေ့ပိုက်ဖက်ထားလိုက်ကာ..၊

"တော်တော်ဆိုးနေတယ်..ဟုတ်လား.."

"ဟုတ်..ဟင့်အင်း၊ ကိုကိုနော်.."

ဂုဏ်က ပပကိုဖက်ထားရင်း ကွယ်သည့်ဘက်ကိုကိုယ်တစ်ဖက်လှည့်ကပ်လိုက်ပြီး..၊

"ဆက်ပြောလေ..ဘာတွေရွဲ့ပြောချင်သေးလဲ.."

ပပဘာမှဆက်မပြောနိုင်တော့ဘဲ သူ့လက်တွေကိုပဲ ဖယ်ချ



www.burmeseclassic.com

www.burmeseclassic.com



ရှန်းနေရင်း.. ၊

"ဖယ်..လွှတ်နော်၊ အရမ်းမုန်းတယ် သိလား.."

"ကောင်းတယ်၊ မုန်းတယ်ပြောတိုင်း..မင်းကိုနမ်းမယ်.."

"ဟင့်အင်း.."

နူးညံ့နွေးထွေးနေသော နှုတ်ခမ်းလွှာလေးများမှတစ်ဆင့် ရင်ခုန်သံတို့သည် ဂုဏ်ရင်ထဲကို လျှပ်စစ်လှိုင်းတွေ စီးဆင်းနေသကဲ့သို့ ဖြိုးဖြိုးဖျတ်ဖျတ်လှုပ်ခါကျင်ခဲနေစေလျက်.. ၊

မင်းကိုချစ်တယ်.. ၊

¤ ¤ ¤ ¤





အခန်း(၁၅)

"အား..ခေတ် ခေတ်၊ အဲ့ဒါခေတ်လိုက်တာ.."

"သောကြာ.."

"သောကြာ..ရှရဲ့လား.."

"ဒီးတဲ့မပဲ၊ နာလိုက်တာကကောင်းလို့မသေတာဟ.."

မြေပြင်ပေါ်ဘုန်းခနဲလဲကျသွားကာ နှစ်ပတ်လောက်တော့လိမ့်ထွက်သွား၏။ မီးပလပ်ဖြုတ်ပြီး မရမကပြန်တပ်ရင်း လက်ခေါင်းဝင်သွားရသည့်အဖြစ်က.. ၊

"မင်းမှာလည်း ဖြစ်လိုက်ရင်အသည်းအသန်ပဲ.."

"ကိုစည်သူနော်..ခင်ဗျားနိုင်းလို့လုပ်ပေးတာ.."

"အေးပါ၊ ကျေးဇူးတင်ပါတယ်..အဲ့ဒါကိုထားလိုက်တော့.."

"ဟုတ်တယ်၊ ကိုစည်သူ..သူ့ကိုနိုင်းရတာ အဆဲလေးကမပါမပြီး.."

ပပတို့ကခေါ်ကြည့်အိမ်မှာဖြစ်ကာ ဒီမှာတော့ကြွေရုပ်အတွက် ရက်လည်ဆွမ်းသွပ်တရားနာကို ညနေပိုင်းကျမှအန္တရာယ်ကင်းပရိတ်နဲ့အတူနာဖြစ်ခဲ့ကြသည်။

ပြီးသွားတော့လည်း ဆရာတော်ကိုပြန်လိုက်ပို့ကြ အိမ်မှာ သိမ်းကြဆည်းကြနှင့်.. ၊



www.burmeseclassic.com

www.burmeseclassic.com



"တရားနာကြတာဟုတ်လား.."

သူတို့ချင်းစကားတွေများနေကြတုန်း ဒေါ်စုတို့သားအမိတွေ ရောက်လာကြတာဖြစ်ကာ တစ်အိမ်လုံးကိုမျက်နှာထားတင်းတင်းနှင့် လိုက်ဝေ့ကြည့်၍.. ၊

"တရားနာတာကတော့ကောင်းပါတယ်၊ ဒါပေမယ့်ညနေပိုင်းကျမှ အန္တရာယ်ကင်းတရားနာတာက ငါ့သမီးမကျွတ်မလွတ်ဖြစ်ပြီး လာခြောက်မှာစိုးလို့လား.."

"မဟုတ်ရပါဘူးမစုရယ်၊ ကြွေရုပ်တို့က မစုအိမ်မှာနေကြတာပေမယ့် ဆုံးတော့ကျွန်မအိမ်မှာလေ.."

ကလေးမီးဖွားခါနီးမှ အိမ်မှာကတောက်ကဆ စကားများကြပြီး ယောက္ခမအိမ်ဆင်းသွားခဲ့တာဖြစ်သည်။ ဒေါ်ကြည့်အိမ်ကို ရောက်သွားပြီး သုံးလေးရက်လောက်ကြာတာနဲ့ ကလေးမွေးသည်။

မွေးပြီးပြီးချင်းဆုံးသွားတာမို့ နှစ်အိမ်စလုံးကရက်လည်လုပ်ကြတာဖြစ်လျက်.. ၊

"ဒါနပြုတာကိုငါမပြောပါဘူး၊ ဒါပေမယ့် မကောင်းဆိုးဝါး နင်သလို ညနေစောင်းမှတရားနာလုပ်နေတာတော့ အဆင်ဆိုးလွန်းတယ်.."

ဒေါ်ကြည်တို့မိသားစုတွေ ဒေါ်စုတို့ဘေးကိုရောက်သွားကြပြီး ပြေလည်အောင်ရှင်းပြနေ၏။ ကြားနေရတာနားထဲ ထော်လော်ကန့်လန့်ဖြစ်လာတာမို့ ပပကနားလေးတစ်ဖက်ကိုပုတ်၍ နားငြီးသလိုမဲ့လိုက်ကာ.. ၊

"သေပြီဆိုမှတော့ သရဲဖြစ်ဖြစ်ဘာဖြစ်ဖြစ် မကောင်းဆိုးဝါးနဲ့ နီးစပ်တာပဲ၊ မသာအိမ်မှာသရဲထုတ်တာကို ဖမ်းဝရမ်းများထုတ်ဦးမလားမသိဘူး.."





"ဟုတ်ပဟယ်၊ အန္တရာယ်ကင်းတရားနာတာတောင် အပြစ်ဖြစ်ရတယ်လို့.."

မိန်းကလေးတွေဆီက တီးတိုးစကားသံတွေထွက်လာကြသည်။ တီးတိုးပေမယ့်တမင်ကြားအောင် ပြောကြသောတီးတိုးသံတွေဖြစ်ကာ ဒေါ်စုသေချာမှတ်မိနေတာပပရဲ့အသံ.. ၊

"ဟော့..ငါတို့ကိုဝေဖန်တာဘယ်သူလဲ.."

"ပြောမနေပါနဲ့အမေရယ်၊ အသုဘအိမ်နှစ်အိမ်ကိုခွစားပြီး အသောက်ကောင်းအောင် လုပ်နေတဲ့ဟာလေးတွေပါ.."

ပပ ခေါင်းထောင်သွားသည်။ ပြီးတော့ မေကျော့်ကိုမေးဆက်၍..။

"အသုဘအိမ်ကနှစ်အိမ်လား၊ ငါကမမကြွေဒီမှာဆုံးသွားတာဆိုတော့ ဒီမှာပဲမှတ်လား၊ နောက်အိမ်ကဘယ်အိမ်လဲ..မေကျော့် နင်သိသလား.."

အတင်းတုတ်ရဲပေမယ့် ဒါမျိုးတော့မေကျော့်သတ္တိမရှိပေ.. ။

ပပ စကားကြောင့်ဆံပင်တွေတောင် ထောင်ကုန်ပြီလားမသိ..၊

"ကြည့်စမ်း၊ မိုက်ရိုင်းလိုက်တာ..ဖွဟဲ့ လွှဲပါစေ ဖယ်ပါစေ၊ နွေးပါးစပ်..ဝက်ပါးစပ်.."

"အဟီး..ဘယ်ပါးစပ်ကစပြောလိုက်တာလဲမသိဘူး.."

"မယ်ပပ.."

ဒေါ်စုထမိတစ်ဖက်'မ'ကာ ဒေါသတကြီး ကုန်းအော်ပေမယ့် ကိုလည်းတိုးမလာ.. ၊ထိုအိမ်မှာပဲ ပြဿနာကကြီးမားသွားခဲ့ပြီး..။

"တော်ပြီ..လိုရင်းပဲပြောမယ်မကြည်၊ နင်တို့သေချာမှတ်ထားကြွေရုပ်မွေးခဲ့တဲ့ကလေးကို ငါမပေးနိုင်ဘူး.."

"ဒါတော့မရဘူးလေအမေရာ.."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ကောင်..ငါ့ကိုအမေလို့မခေါ်နဲ့တော့၊ ကြွေရုပ်မရှိတော့ဘူး.."

ခေါ်စုထမီ'မ'အော်တော့ စည်သူကလည်းဆတ်ခနဲခေါင်းညိတ်ကာ.. ၊

"မခေါ်ပါဘူး..အခေါ်ကကလေးအဘွား၊ ကျွန်တော်ကအဖေဘယ်သူပိုင်ခွင့်ရှိသလဲ.."

"အဘွားဆိုတဲ့ငါမှာ အလုပ်အကိုင်နဲ့လယ်ယာကျွဲနွားလဏ်ငွတ်လက်ရင်းတွေနဲ့လေ၊ ဖအေဆိုတဲ့ကောင်က အလုပ်အကိုင်ကလဏ်ကြောမတင်း စီးပွားကမရှိ၊ မီးခြစ်ဘူးလောက်အိမ်စုတ်ထဲမှာ လူတွေရှုနဲ့ချိုပြီး နေနေကြတာ.."

"လူတွေရှုနဲ့ချိုပြီးနေလည်း ကျွန်တော်တို့မှာ အကြင်နာထားရှိတယ်၊ ဒီကလေးကိုကိုယ့်ကလေးနဲ့အတူ နို့တိုက်မွေးပေးမယ့်အစ်မတွေနဲ့မရီးတွေနဲ့.."

"ဟော့ တော်စမ်း..ထမင်းရေကျဲကျဲကို သကြားထည့်တိုက်ရဲ့အဖြစ်မျိုးရောက်သွားမှာ ငါမသိတာကျလို့၊ လုံးဝလာမပတ်သက်နဲ့ခါပဲ၊ ငါ့သမီးမရှိတော့ဘူး၊ ငါ့အိမ်ရိပ်တောင်လာမနင်းကြနဲ့.."

နောက်ထပ်ဘာမှအပြောမခံဘဲ ပြန်သွားကြသည်။ ဒေါ်ကြည်ကမြေးကို လိုချင်ကာမျက်ရည်တွေဝဲနေလျက်..၊ စည်သူအံကြိတ်ထားရင်း ထရံကိုလက်သီးနဲ့ထိုးချလိုက်တာ ဝုန်းခနဲတုန်ခါသွား၏။

ပပတို့လူငယ်တွေ အားလုံးထလာကြကာ.. ၊

"စိတ်မပူနဲ့ကိုစည်သူ၊ မမကြွေကလည်း ကလေးကိုသူ့အဖေနဲ့နေစေချင်မှာပဲ၊ သူများတွေလုပ်ကြသလို မြေပုံနားမှာချိန်ခွင့်နဲ့ ဆုံဖြတ်နိုင်းတာပေါ့၊ ချိန်ခွင်သာတဲ့ဘက်က ကလေးကိုထိန်းကြေးပေး"





"သူတို့အဲ့လောက်ထိ ရွေးခြယ်ခွင့်ပေးကြမှာမဟုတ်ဘူးပပ၊ သူတို့အကြောင်းငါအသိဆုံး.."

"ဒီကိစ္စအတွက် သူတို့အကြောင်းသိဖို့မလိုပါဘူးကိုစည်သူရဲ့၊ ပြီးတော့ ကိုစည်သူကအဖေပဲဟာ..အမေမရှိတော့ရင် အဖေပဲပိုင်ရမှာသဘာဝ.."

"ဟုတ်တယ်ပပရေ့..သဘာဝပဲ၊ ဒါပေမယ့် အချိန်တန်ရင် နောက်မိန်းမယူမှာပဲတဲ့၊ အဖေရှိနေလည်းခဏပဲတဲ့.."

စည်သူအစ်မကလည်း မခံရပ်နိုင်ဖြစ်နေသည့် မျက်နှာနှင့်ဆိုကာ.. ၊

"သူတို့ကပြေလည်တယ်၊ ငါတို့ကမိသားစုတွေများပြီး ဆင်းရဲတယ်၊ သူတို့ကမြေးနှစ်ယောက်ပဲရှိတယ်၊ ငါတို့အမေမှာမြေးတွေအများကြီးပဲ၊ အဲ့ဒါတွေက သူတို့ပြောဖို့အကွက်ရနေတာ.."

"ကလေးတွေများနေလို့ပါဆိုပြီး သူများကိုမွေးပေးတဲ့မိဘရောရှိလို့လားမသိမ့်ရဲ့၊ အသာနေပါ..ဘာတွေညာတွေဆွဲပြောလို့မရပါဘူး၊ ဒီညနေ မိုးမချုပ်ခင်ကလေးကိုချိန်ခွင်နဲ့ တောင်းယူခွင့်ပေးဖို့ ပပတို့ကြိုးစားပေးမယ်.."

"ဟင်..တကယ်.."

ခင်လေးနဲ့သီတာသိမ့်တို့မျက်နှာတွေ ဝင်းပသွားကြသည်။ ဒေါ်ကြည်လည်းမျက်ရည်လေးတစမ်းစမ်းနှင့် ထလာရှာ၏။ သူမတို့မှာမြေးတွေ တူ တူမတွေများပေမယ့် စည်သူကတော့မောင်အငယ်ဆုံးဖြစ်ကာ၊ မောင်နှမတွေထဲမှာ အချစ်ဆုံးအချောဆုံးမောင်လေးဖြစ်သည်။

ပပက စလိုက်တာနှင့် မေကျော်တို့စိမ်းလဲ့တို့ကလည်း လူစုသည်နဲ့ ထောက်ခံအားပေးကြကာ.. ၊



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒီရွာလူကြီးကသဘောထားပြည့်တယ်၊ သမာသမတ်ကျကျတွေးတတ်တယ်၊ သမီးတို့ဦးလေးနဲ့ဆိုသူငယ်ချင်း.."

"အံ့မယ်..ပပအဖေဆိုရင် ပိုတောင်ရင်းနှီးသေးတယ်၊ ဟုတ်တယ်မို့လားပပ.."

"ဟုတ်တယ်.."

ပပက မဖြေရသေးဘဲ သူတို့ချင်းအဆင်ပြေနေကြ၏။ သို့သော် ပပကစဉ်းစားနေရင်း.. ၊

"ငါ့အိမ်ကလူကြီးတွေတော့ ပါလို့မဖြစ်ဘူး၊ အသာနေစမ်းပါ၊ ဖြစ်လာတာဖြစ်မလာတာထား၊ ငါတို့ခုပဲ ဦးလေးသိုက်ကိုသွားပြောကြမယ်.."

"နေဦး..စည်သူနဲ့သိမ့်တို့ ညီအစ်မတွေလိုက်သွား.."

ညနေခင်းကလှနေပေမယ့် ပပရဲ့ခြေလှမ်းတွေက စိုးရိမ်ဖွယ်အတိနှင့်.. ၊

¤ ¤ ¤ ¤





အခန်း(၁၆)

"ဘယ်မှာလဲ..လူကြီးဦးအောင်သိုက်နဲ့သုံးဆယ်မှူး.."

"လာမယ်တဲ့၊ ဒါပေမယ့် နောက်ကျမယ်ထင်တယ်.."

ဒေါ်စုနဲ့အတူ သားသမီးသုံးယောက်ပါပါလာကြကာ၊ အိမ်နီးချင်းအမျိုးသမီးကြီးတွေလည်း ပါလာသေးသည်။ ဒေါ်ကြည်တို့က ညီးမိသားစုတွေပါလာကြသဖြင့် သချိုင်းမှာလူတွေများပြားစွာ စုမိကြလေသည်။

"လူကြီးကိုက တစ်ချက်လောက်ချွဲပြလိုက်ရင် ဘာဖြစ်ဖြစ်င်းညိတ်လိုက်တာပဲ၊ ဒီလိုလုပ်မယ့်ကိစ္စရှိရင်လည်း အသုဘမြေမချဘလုပ်ပါလား..ထွီ..ဘာနဲ့တွေမှန်းလည်းမသိဘူး.."

ဒေါ်စုက ယပ်တောင်တဖျတ်ဖျတ်ခတ်ရင်း သူ့အသံချည်းပဲနေသည်။ ပြီးတော့ ပပတို့လူငယ်တွေကိုကြည့်၍.. ၊

"ဒီကိစ္စနဲ့ နင်တို့နဲ့ဘာဆိုင်လို့ပါလာကြတာလဲ.."

ပပတို့အုပ်စုဒီကိစ္စဖြစ်မြောက်ဖို့ ကြိုးစားပေးကြတာကိုမသိပေ။ နှုန်းကိုဘယ်သူကမှမဖြေဘဲ ပပကိုမကြည့်ပေမယ့် ပပအသံကိုပဲနေကြ၏။

ဒေါ်စုသမီးမျိုးမမက ပပကိုကြည့်ကာ.. ၊

"ရှာစော်ပွဲကြီးဆိုတာ နေရာတကာမှာရှိတာပဲအမေရယ်၊ ဘာ



www.burmeseclassic.com

www.burmeseclassic.com



ဆန်းလို့လဲ..”

“တကယ်ပဲနော်.. မထင်ရဘူး၊ မိဘမျိုးရိုးကတော့ ချမ်းသာ ကြွယ်ဝတဲ့မြို့မျက်နှာဖုံးတွေပဲ၊ သားသမီးကျမှ..”

“ပပ..ဟိုသားအမိတွေနှင့်ကို ဝိုင်းဖဲ့နေကြတာကြားလား..”

“ဖဲ့ပစေ..ငါလုပ်ချင်တာလုပ်ရဖို့ အဖဲ့ခံလိုက်ဦးမယ်အသ နေ..”

ပပက ချိန်ခွင်တစ်လက်နဲ့အလုပ်ရှုပ်နေကာ၊ တစ်ဖက် အုတ်ဂူပေါ်မှာ ထိုင်နေသဖြင့်မကြားသလိုလို မပြောချင်သလိုလို..

“ကဲ..ကဲ မိုးချုပ်တော့မယ်၊ လူကြီးတွေမလာသေးရင် တ ယောက်လိုက်ခေါ်ကြဦး..”

“ဟိုမှာလာကြပြီ..”

ဦးအောင်သိုက်က သူ့တပည့်ကျော်နဲ့အတူရောက်လာပေမ မျက်နှာရှုံ့ရှုံ့မဲ့မဲ့နှင့်.. ၊

“ခုထိ မပြင်ဆင်ရသေးဘူးလား၊ သင်္ချိုင်းမှာပျော်ပွဲစားထွ လာကြတာကျနေတာပဲဗျာ..”

“အဲ့ဒါလူကြီးအမိန့်ပဲလေ၊ သူ့နေရာနဲ့သူနေရာကျနေပြီးသ ကို လူကြီးပဲဒီလိုလုပ်သင့်ဆို..”

ဦးအောင်သိုက်က ဒေါ်စုကိုလှမ်းကြည့်ပြီး မျက်နှာကြီးတ သွား၏။

“နှစ်ဖက်စလုံးကမိဘချည်းပဲလေဗျာ၊ ဝေခွဲရခက်နေရင် လူဆုံးဖြတ်လိုက်မှအဆင်ပြေတာ၊ ကြွေရုပ်ကသူ့ကလေးကို ဘယ် နေစေချင်ပါတယ်ဆိုတာ သူ့ဆန္ဒအတိုင်းဖြစ်သွားရင်ပြီးတာပဲ

“ဘယ်သမီးက ကိုယ့်မိဘကိုကျော်ပြီး ယောက္ခမနဲ့စိတ် လဲကွယ်..အပိုတွေ..”





ယပ်တောင်ကြီးတဖျတ်ဖျတ်နှင့် ဒေါ်စုကဟိုဘက်လှည့်စောင်း ပြော ၊ဒီဘက်လှည့်ရွဲ့ပြောနှင့်.. ၊

“ကဲ..ကဲ၊ ချိန်ခွင်ဘယ်သူမြှောက်မလဲ..”

“ကျွန်မ..”

ကြည့်လိုက်တော့ ဒေါ်စုရဲ့သမီး မျိုးမမ.. ၊

ဦးအောင်သိုက်က ခေါင်းခါ၏။

“ဒါဆို သူ့အဖေဆိုရင်ရော..”

ဒေါ်ကြည်မရဲတရဲဝင်ပြောလျှင် ဦးအောင်သိုက်က စည်သူ့ကို ည့်ကြည့်သည်။ ပြီးတော့ ခေါင်းခါ၍.. ၊

“နှစ်ဖက်နဲ့မသက်ဆိုင်တဲ့သူချိန်ခွင်မြှောက်..”

“ငါ..”

“ငါ..”

“ငါတော့မမြှောက်ဘူး..”

မြှောက်ချင်တဲ့သူကရှေ့တက်လာပြီး သရဲကြောက်သည့်လူက ာက်ဆုတ်၏။

“မြှောက်ပိုင်းက လူကြီးတူမစိမ်းလဲ့အေးက ချိန်ခွင်မြှောက်..”

ဟမ်.. ၊

စိမ်းလဲ့တံတွေးဗွံ့ခနဲ မျို၏။ ပြီးတော့ ပပကိုမသိမသာတံတောင် ဘို့လျှင်.. ၊

“လုပ်လိုက်..”

ပပကလှည့်မကြည့်ဘဲ အမိန့်ချ၏။

“ဒါဆိုဘာတွေပြောရမှာလဲဟင်..”

စိမ်းလဲ့ မြေပုံသေးမှာဒူးတုပ်လေးထိုင်လိုက်ကာ၊ ချိန်ခွင်ကို ဘက်ကကိုင်လိုက် ညာဘက်ပြောင်းလိုက်နှင့် လက်တွေလည်း



www.burmeseclassic.com

www.burmeseclassic.com



တုန်နေ၏။

"ဟဲ့.. မြောက်လေ၊ နေပါဦး..ချိန်ခွင်ကဘယ်ကချိန်ခွင်လဲ ကစားစရာလေးလား.."

"မဟုတ်ဘူး..မဟုတ်ဘူး.."

ဒေါ်စုက အနားကပ်လာပြီး ချိန်ခွင်ကိုကိုင်မလို့ပြင်တော့ စိမ်းလဲ့ကလက်လွှဲရှောင်လိုက်ပြီး.. ၊

"ဒါရွှေချိန်တဲ့ချိန်ခွင်..ပပတို့အိမ်ကယူလာတာ.."

"ြော်..ြော်.."

ဒေါ်စု သဘောပေါက်သွားသလိုမဲ့လိုက်၏။ ညနေကဒေါ်ကြည် အိမ်မှာ သူမတို့ကိုမြင်ခဲ့သဖြင့် ဒါကရှင်းနေပြီဖြစ်ကာ.. ၊

"ငါထင်ပါတယ်၊ တစ်ယောက်ယောက်မြောက်ပေးလိုက် တယ်ဆိုတာ၊ လက်စသတ်တော့ညည်းကိုး.."

"မြောက်ပေးတိုင်းကွေးအောင်ကကြတာလည်းအံ့ရော.."

"ကဲ.. ခင်ဗျားတို့သားအမိအသံချည်းပါလားဒေါ်စု.."

"ဒါကတော့.."

"တော်ကြတော့..ကဲ့..ဒေါ်ယုပြောပေးလိုက်ဗျာ၊ ခင်ဗျားလည်း ပြာခေါ်တတ်တယ်မို့လား.."

နေတော်တော်ညိုနေပြီမို့ ဒေါ်ယုကလည်းချက်ချင်းခေါ်ညီတ်၏။ သို့သော် သချိုင်းမြေပေါ်မှာ ထိုင်ချလိုက်ဖို့ထိ မသတိဖြစ်သဖြင့်.. ၊

"မစုပဲကိုယ့်သမီးကိုခေါ်ပါလား.."

"ရှင်ပဲခေါ်လိုက်ပါ.."

"ကျွန်မခေါ်ရမလားဟင်၊ သူ့နာမည်ခေါ်ပြီး ဆန့်လေးပဲဟာ.."





ဒေါ်ကြည့်ကိုတော့ ဒေါ်စုပျာပျာသလဲတားဆီး၏။

"ဘယ်ဘက်ကမှပါဖို့မလိုဘူး၊ မယုပဲလုပ်.."

လူတွေမြေပုံဘေးမှာ ပိုစုစုရုံးသွားကြသည်။ညနေမှောင်ရီပျိုးစအချိန် လေရူးတသုန်သုန်တိုက်ခတ်နေသည်က သချိုင်းမြေမှာ ရှိနေကြသည့် သစ်ပင်ချုံနွယ်တို့ကို တလှုပ်လှုပ်အသက်ဝင်နေစေလျက်..။

"ကဲ..လုပ်ကြပါဗျာ၊ နွားရိုင်းသွင်းချိန်ကြီးကို.."

"ဟုတ်ပ..မျက်လှည့်ပွဲကြည့်ရမှာကျနေတာပဲ.."

"သောကြာ..မင်းပါးစပ်ပိတ်ထား.."

"ဦးမို့ ငါ့ကိုအမိန့်ပေးတာလား.."

"သောကြာ.."

"ခင်ဗျား..ဘကြီးသိုက်.."

လူကြီးဦးအောင်သိုက်အသံကြားမှ သောကြာအသံတိတ်၏။ ဒီ့စဉ်.. ၊

"အဟမ်း.."

ဒေါ်ယုအသံကြောင့် အားလုံးပဲတိတ်ကျသွားကြ၏။

"ကြွေရုပ်ရေ.."

"အိမ်.."

ဟဲ့.. ၊

ဘာလဲ.. ၊

ထူးလိုက်တာလား၊ ဘယ်သူ့ပါးစပ်ကလဲ.. ၊

ဒေါ်ယု မျက်လုံးကြီးပြူးသွားကာ စိမ်းလဲ့လက်ထဲကချိန်ခွင်အားလွှတ်ကျလေသည်။

"ဘယ်ကောင်လာပြောင်နေတာလဲကွ..၊ ဦးမို့ပြောင်ရဲတာလား၊ ဒါကလေးကစားနေတာမဟုတ်ဘူး.."



www.burmeseclassic.com

www.burmeseclassic.com



"သောကြာ မင်းရဲ့ 'လ'အက္ခရာကြီးရော ပါးစပ်ရောပိတ်ထား စမ်း.."

ဦးအောင်သိုက်လည်းကြားလိုက်သဖြင့် လူငယ်တွေကိုမာန်မဲ၍ ဟိုဒီလိုက်ကြည့်မိကာ.. ။

"ဒေါ်ယု ပြန်ခေါ်ဗျာ.."

"အိမ်မှာပဲလုပ်ကြရင် မကောင်းဘူးလားကိုအောင်သိုက်ရယ်.."

"အို..ဘယ်ဖြစ်မှာတုံး၊ ရက်လည်ပြီးမှ အိမ်ပေါ်ပြန်တင်ရင် ပြန်နှင်လို့မရတော့ ဘယ်လိုလုပ်မလဲ.."

မျိုးမမက အလန့်တကြားပြောကာ.. ။

"သူ့မြေပုံဘေးမှာပဲ နာမည်ခေါ်မနေပါနဲ့တော့.."

"မခေါ်လို့ရမလား၊ တရားနာသာဓုခေါ်ဖို့တောင်မှ သူတို့ နာမည်တပ်ခေါ်ရတာ.."

"ဟုတ်တယ်..ခေါ်ရမှာပဲ.."

"ဖယားတွေရှုပ်လိုက်တာအေ..အဲ့ဒါနဲ့မိုးချုပ်တော့မယ်၊ ခေါ်.. ခေါ်မြန်မြန်.."

"အဟမ်း.."

ဒေါ်ယု ချောင်းဟန့်ပြန်သည်။ ပြီးတော့ ဘေးဘီကိုလိုက်ငေ့ ကြည့်ကာ..၊

"ခေါ်မယ်နော်.."

"ကဲ..ကြောက်မနေစမ်းပါနဲ့ဗျာ၊ ခင်ဗျားဘေးမှာလူတွေချည်းပဲ၊ ရှေ့မှာသရဲလာပြီးဆောင့်ကြောင့်ထိုင်ရင်တောင် ခင်ဗျားမြင်ရမှာမဟုတ်ဘူး.."

"အောင်မလေး..ဘယ်လိုကြီးပြောလိုက်တာတုံး.."





ဒေါ်ယုထိုင်ရာမှ ထရပ်လိုက်ကာ လူကြီးကိုလည်းရှန်တွေ ရင်း.. ၊

"တော်ပြီ ငါမခေါ်ရဲဘူး၊ သင်္ချိုင်းမှာတခြားသရဲတွေက အယောင်ဆောင်ပြီးဝင်တတ်တယ်တဲ့၊ ငါကြောက်တယ်..တော်ပြီ.."

"ဒါဖြင့်လည်း ဒေါ်ကြည်တို့ဘက်ကပဲ.."

"လူကြီးနော်..လူကြီးပဲ့နှစ်ဖက်လူတွေမပါရဘူးလို့ပြောထားတာ.."

"ဒါဖြင့် ခင်ဗျားခေါ်မလား၊ ကိုယ့်သမီးကိုခေါ်တာပဲ.."

ဒါကျတော့ ဒေါ်စုမျက်နှာပိုလွှဲ ဒီလွှဲနှင့်.. ၊

"သမီးပေမယ့် ဘဝခြားနေပြီဥစ္စာ" လို့မပွင့်တပွင့်ပြော၏။

"ကဲ..စိမ်းလဲ့၊ ညည်းပဲခေါ်လိုက်.."

"ဟင်.."

စိမ်းလဲ့ တုန်ခနဲဖြစ်သွားကာ.. ၊

"ကျွန်မ မခေါ်ရဲဘူး.."

"ဒါလေးတောင်မှဗျာ၊ ဒီးလိုပဲ ကျုပ်ခေါ်မယ်..ပေးချိန်ခွင်.."

"ဟာ မလုပ်နဲ့သောကြာ၊ မင်းကခေါ်မရရင် ဟိုပစ္စည်းနဲ့ကိုင် ဒုတ်ဦးမှာ..မမကြွေလန့်ပြေးလိမ့်မယ်.."

"ပပ ခေါ်မယ်.."

ဟင်.. ၊

တစ်ချိန်လုံး ငြိမ်ငြိမ်သက်သက်လေးတိတ်ဆိတ်နေပြီးမှ ပပအသံထွက်လာတော့ အားလုံးဝမ်းသာသွားကြသည်။

ဒေါ်စုကသာ.. ၊

"ပါလာပြီ..သူ.."

"ကဲ..ကဲ၊ ကြာတယ်..ပပလာပြော.."

"ချိန်ခွင်ပါကိုင်လိုက်ပါဟယ်၊ ငါအဲ့ဒါကြီးကိုင်ထားရတာ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လို့.."

စိမ်းလဲ့က ပြောပြီးတာနှင့် ပပလက်ထဲထည့်ရင်းကမန်းကတန်းထရပ်သည်။

"ကဲ..စလုပ်တော့၊ မိုးချုပ်လာပြီ.."

ပပက ချိန်ခွင်ကိုမြေပုံဘက်မှာ မြှောက်ကိုင်လိုက်ကာ.. ၊

"မမကြွေ..မမကြွေဒီနေရာကို ခဏလာပြီး ကလေးအတွက် ဆုံးဖြတ်ပေးပါနော်.."

"ဟီး.."

"ဟူး.."

သက်ပြင်းချသံလိုကြီးကြားလိုက်ရကာ၊ လေကဟူးခနဲဖြေဆောင့်သွားသည်။ ဒီတိုင်းရပ်နေသည့်လူတွေ ပခုံးချင်းထပ်လက်ချင်းဆက်လျက် ဘယ်သူခွဲခွဲတို့မကွဲ စည်းလုံးကုန်ကြသည်။

ချိန်ခွင်ကိုပြူးပြဲကြည့်နေကြသည့် ဒေါ်စုတို့သားအမိတွေ ခါးတွေပြန်မတ်ကုန်ကာ၊ မသိမသာပြန်ဆုတ်ကြ၏။ ပပကိုယ်တိုင်ကြက်သီးတွေဖျန်းခနဲ ထသွားခဲ့လျက်.. ၊

မဟုတ်ဘူးလေ..ပပကကူညီတာနော်မမကြွေ၊ စိတ်မဆိုးနဲ့–

စိတ်ထဲကပြောမိရင်း တံတွေးမျိုချ၍ ချိန်ခွင်ကိုမြှောက်လိုက်သည်။

"မမကြွေရဲ့ကလေးကိုလေ..သူ့အဖေကလည်းစောင့်ရှောက်ချင်တယ်၊ ကြီးကြီးစုကလည်း.."

"ဟော့..သူ့အဘွားလို့ပြောလေ၊ ဘယ့်နှယ်ငါ့ကျမှ.."

"သူ့အဘွားဆိုရင် အဘွားကနှစ်ယောက်ကိုဗျ..ခင်ဗျားတိတ်တိတ်လေးကြည့်နေလိုက်ပါ.."

လူကြီးဦးအောင်သိုက်ကလည်း စိတ်မရှည်ဖြစ်လာ၏။





"မမကြွေကြားပါတယ်နော်၊ ကလေးကိုသူ့အဖေကိုစည်သူတာ.."

"ဟဲ့..သူ့အဖေနဲ့ငါလုနေတာမဟုတ်ဘူးနော်၊ မိန်းမမရှိတော့ရင် ဖအေဆိုတာသူစိမ်းပဲ၊ 'မ'ဘက်လိုက်တော့မိုက်ဖက်ပါ၊ 'မ'ကိုခင်လို့ 'ဥ'ကိုခင်တာ၊ ယောကျ်ားဆိုတာ အိုင်တွေ့ရင်ခြေဆေးတဲ့အမျိုး.."

"ကဲ..စကားပုံတွေ ဆိုရိုးတွေကုန်ပြီဗျာ.."

"ကိုအောင်သိုက်.."

"ပြောပါဦး..ခင်ဗျားကလူကြီးလား ကျုပ်ကလူကြီးလား.."

"ရှင်ကလူကြီးပါ၊ ဒါပေမယ့် ပြောပေးနေတဲ့လူက ဟိုဘက်အချည်းပဲ၊ သူ့အဖေနာမည်ပြောရင် ကျွန်မနာမည်လည်းထည့်ပြောရမှာပေါ့.."

"ကဲ..ပပထည့်ပြောပေးလိုက်.."

ပပကလည်း ကိုယ်လေးတစ်ချက်ပြင်လိုက်ပြီး.. ၊

"မမကြွေရေ..မမကြွေရဲ့အမေ ကြီးကြီးစု..အဲ..ဒေါ်စုကလည်းသိုက်ချင်လို့တဲ့.."

"အောင်မလေးတော်.."

"ဟဲ့..ဟဲ့၊ မပြောကောင်း မဆိုကောင်း..ဥုံဖွ၊ မိပပရေ.."

"ယောင်သွားလို့ပါ၊ သူများကို မိပပလို့မခေါ်ပါနဲ့.."

ပပအသံလေးကို ကြားလာရ၏။ မျိုးပပက မျက်စောင်းထိုးသာ..။

"ယောင်တာကလည်း စည်သူ့ကျတော့မယောင်ဘူး.."

ဟု ထပ်ပြောသေးသည်။

"ဒါကတော့ ပါးစပ်ပိတ်နေတဲ့သူကဒုက္ခပေးတာမှမဟုတ်တာ–ဒီမှာကြောက်ကြောက်နဲ့ရှုတ်ဖတ်အော်ခေါ်နေရတာကို အနားမှာစကား



www.burmeseclassic.com

www.burmeseclassic.com



တွေလာပြောနေတော့ မှားကုန်တာပေါ့.."

"ဟုတ်ပြီ..ဟုတ်ပြီ၊ ဆက်လုပ်.."

ပပ တံတွေးမျိုချလိုက်မိကာ ကိုယ်လုပ်ထားသည့်လို့ဖုက်ချက်ကြောင့် ကိုယ့်ဘာသာစကားတွေမှားနေတာကို အသက်ဝဝရှူရင်း သတိချပ်နေရ၏။

"မမကြွေကြားတယ်နော်၊ အဲ့ဒါလေ ဒေါ်စုကလည်းလိုချင်နေတော့ ကိုစည်သူနဲ့ဒေါ်စုကို.."

"ဒေါ်ကြည်နဲ့ဒေါ်စုလို့ပြောစမ်းပါအေ၊ ဘက်ညီသွားအောင်.."

"ဒေါ်စု..ခင်ဗျားဗျာ.."

"အဟွန်း..ပြောကြည့်တာပါ.."

ပပ စကားရပ်သွားပြီး ဒေါ်စုနဲ့ဦးအောင်သိုက် တို့အသံတွေပြန်တိတ်သွားမှ.. ।

"မမကြွေရဲ့ကလေးကို ဘယ်သူ့ကိုပေးမှာလဲဟင်.."

ကိစ္စရဲ့အဓိကအကြောင်းရင်းကိုရောက်ပြီမို့ အားလုံးတိတ်သွားကြသည်။ လေကတဟူးဟူးတိုက်လာကာ ।ချိန်ခွင်ခွက်လေးတွေလွှဲရမ်းသွား၏။

အားလုံးရဲ့အကြည့်တွေ ချိန်ခွင်ဆီမှာစူးစိုက်နေကြပေမယ့် ချိန်ခွင်လျှာကဘယ်ဘက်ကိုမှမသာဘဲ ချိန်ခွင်ခွက်တွေသာလှုပ်ရမ်းနေလျှင်.. ।

ပပဆံပင်တွေလွင့်နေသည့် မျက်နှာပေါ်ကိုလက်တစ်ဖက်နဲ့သပ်လိုက်ပြီးမှ.. ।

"မမကြွေရေ..ဒေါ်ကြည်တို့ကတော့မိသားစုများပေမယ့် ကလေးကိုဆရာဝန် အင်ဂျင်နီယာကြီးဖြစ်အောင် ကြိုးစားစောင့်ရှောက်ကြမှာပါ၊ အဲ့ဒါကိုမမကြွေကိုလည်း ပြောဖူးတယ်ဆို.."





"အံမာ..အံမာ.."

ဒေါ်စုမခံရပ်နိုင်ဘဲ ခါးထောက်လိုက်လျှင် ဦးအောင်သိုက်က ချက်နှာချင်းဆိုင်ကနေ မျက်မှောင်ကုတ်နှင့် လှမ်းကြည့်နေသဖြင့် လက်ထိုပြန်ဖြေချ၏။

"ဒေါ်စုတို့ကတော့ မြေနှစ်ယောက်ကိုဈေးရောင်းနိုင်းထားတာ မမကြွေသိပါတယ်.."

"ပပ..ညည်း..ညည်းကသချိုင်းမှာတောင် မဲဆွယ်နေသေးတယ်ဟုတ်လား..ငါတယ်.."

ဒေါ်စုမခံနိုင်တော့ဘဲ အော်လိုက်မိလျှင် ပပကတောင်းပန်သလိုခေါင်းလေးညိတ်ပြ၍.. ।

"သူတို့ကတော့ နောင်ရေးစိတ်ပူတာပါတဲ့၊ ကလေးတွေပညာမတတ်ခဲ့ရင် ဈေးရောင်းစားတတ်အောင်လို့လေ၊ အဲ့ဒါတွေမမကြွေလည်းသိမှာပါ၊ အဲ့ဒီတော့ မမကြွေဘယ်ဘက်မှာ ကလေးကိုထားချင်လဲဆိုတာ သိသာစွာပြလိုက်ပါ.."

"ဟူး.."

"သောက်ပလုတ်တုတ်.."

"ဒီးမှပဲ၊ လေကလည်းလူဆောင့်တွန်းလိုက်သလား မှတ်ရဘယ်.."

လေတစ်ရှိက်ကြောင့် ကြေးချိန်ခွင်လေးလွှဲခါနေတာ မပြီးနိုင်..။

"မမကြွေ..ပြပါ၊ သိသာအောင်ပြလိုက်ပါနော်.."

"ဟ.. သရဲကပြတော့ရော နင်ကမြင်မှာမို့လို့လား.."

"ဘယ်ကျော်..ပါးစပ်ပိတ်စမ်း.."

"မမကြွေ ပဲများနေတာ..ခုထိမှမပြဘဲ.."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့..တစ်ယောက်ယောက်များ သိမ်မြေကြီးလက်ဖွဲ့တွေဘာ တွေပါလာသလား၊ သိမ်ဝင်ပုတီးတို့ ဘာတို့.."

"ပါတယ်.."

သောကြာကပဲ လည်ပင်းမှာ လက်မှာပတ်ထားတာတွေကို ပြ၏။

"သရှိုင်းကိုလာတာဆွဲလာရတာပေါ့၊ မဟုတ်ရင်သရဲက ကျုပ်ကိုဝင်ပူးမှာ.."

"ပူးချင်ပူး မိန်းကလေးချင်းပူးမှာပါကွာ၊ မင်းကိုယ်ကြီးကို တော့ မပူးလောက်ပါဘူး.."

"တော်တော့..တော်တော့၊ သောကြာနင်ပြန်လိုက်တော့၊ နင့် ကိုယ်က သိမ်ဝင်ပစ္စည်းတွေကြောင့် သူမကပ်နိုင်ဘူးဖြစ်နေတာ.."

သောကြာက သူ့လည်ပင်းစမ်းလိုက်၊ လက်ကိုကြည့်လိုက် နှင့်လက်မခံနိုင်ဖြစ်နေကာ.. ၊

"ကျုပ်လည်းကြားချင်တာပေါ့ဗျ..ဒါဘာဆိုင်လို့လဲ.."

"ဟုတ်ပါတယ်၊ ဒေါ်လေးကြည်ရာ..မကြွေရုပ်မဝင်တာက သူတခြားတစ်နေရာရာရောက်နေလားမှမသိတာ.."

"သရဲလည်း သရဲအလုပ်ရှိမှာပေါ့.."

"အဟမ်း.."

ပပချောင်းဟန့်လိုက်မှ အသံတွေပြန်ငြိမ်သွားကြ၏။

"မမကြွေရေ့..မမကြွေဒီနားမှာရှိရင်လာလိုက်ပါ၊ ဒီချိန်ခွင် လျှာကို မမကြွေညာဘက်ကသာလိုက်ရင် ကိုစည်သူ့ကိုပေးမယ်၊ ဘယ် ဘက်ကိုသာပေးလိုက်ရင် ဒေါ်စုတို့ရမယ်၊ မမကြွေပေးချင်တဲ့ဘက်ကို သာပြလိုက်ပါ.."

"ဟယ်.."





ချိန်ခွင်က ညာဘက်ကိုစောင်းကျသွားလျှင် အားလုံးဟင်ခနဲ ဖြစ်သွားကြ၏။

"ကဲ..သိပြီနော်.."

ပပက အားလုံးကိုရည်ရွယ်သလိုပြောလိုက်ပြီး ချိန်ခွင်ကိုသိမ်း လိုက်လျှင်.. ၊

"အို..မကျေနပ်ဘူး ပြန်ချိန်စမ်း.."

"သူထွက်သွားပြီနေမှာပေါ့..မရတော့ဘူး.."

"ပပ ဒါညည်းကိစ္စမဟုတ်ဘူးနော်၊ ခုပြန်ချိန်လိုက်.."

"ဒီတစ်ခါ ငါပဲကိုင်မယ် ပေး.."

"ဟုတ်တယ်၊ ငါသမီးကိုင်လိမ့်မယ်..ဘယ့်နှယ်ငါ့သမီးကပဲ ငါ့ကိုကလေးမပေးချင်ဘူး ဖြစ်ရမယ်လို့.."

"ပေး..ဆိုပေး.."

မျိုးမမက ချိန်ခွင်ကိုဆွဲယူလိုက်လျှင်.. ၊

"အယ်.."

"ကြိုး.."

"ဒါ ဘာလုပ်တာလဲ.."

ချိန်ခွင်ညာဘက်ခွက်မှာ ချည်ထားတာပလပ်စတစ်အကြည် ရောင်ကြိုးမျှင်လေး.. ညနေမှောင်နေပြီမို့ ဘယ်သူမှမမြင်ရပေမယ့် မျိုးမမချိန်ခွင်ဆွဲယူလိုက်တော့ ပပဒူးနဲ့ဖိညှပ်ထားသည့်ကြိုးကြောင့် ချိန်ခွင်ကပါမလာ.. ၊

"ကြည့်စမ်း..ညည်း.."

"ချိန်ခွင်လျှာထွက်အောင် ကြိုးနဲ့ချိတ်ထားတာကိုး.."

ပပတို့ ကြိုတင်ကြံစည်ခဲ့တာကို မသိတဲ့လူတွေရော လူကြီးပါ အောင်သိုက်ပါ ပါးစပ်အဟောင်းသားဖြစ်နေကြစဉ်.. ၊



www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်သိုက်..ရှင်တို့တွေပြီနော်၊ ဒီအုပ်စု..ဒီအုပ်စု ကျွန်မတို့ကိုဝိုင်းလုပ်ကြ.."

"အား..ရှူး.."

ဟင်.. ၊

"အောင်မလေး.."

အနီးကပ်ပေါ်လာသည့် ဝူးဝူးဝါးဝါးအော်သံကြီးကြောင့် အားလုံးလန့်ဖျန့်ကာ ရှုံ့ခနဲဖြစ်သွားကြသည်။ ကြည့်လိုက်တော့တခြားလူမဟုတ်ဘဲ မျိုးမမဖြစ်နေကာ.. ၊

"အမေတော်တော့၊ အမေ့ကိုကျွန်မကလေးမပေးဘူး..ဟီး–ဟီး.."

မြေပုံပေါ်မှာလေးဘက်ထောက်ကျသွားလျက် တိရစ္ဆာန်တစ်ကောင်မာန်ဖီသကဲ့သို့ မျက်လုံးအပြူးသားနှင့် တစ်ကိုယ်လုံးဆတ်ဆတ်တုန်နေပြီး.. ၊

"မပေးဘူး.."

နောက်ထပ်ကျူးအော်လိုက်သည့်အသံက ကြွေရုပ်ရဲ့အသံဖြစ်ကာ.. ၊

"အမေ.."

"အောင်မလေးတော်.."

ဒေါ်စုကော့ခနဲ အော်ကာ လူတွေကြားထဲဝင်ပြေး၏။ သို့သော် အချင်းချင်းခလုတ်တိုက်လဲပြိုကျန်လျက်.. ၊

"လုပ်ကြပါဦး..ငါ့သမီး၊ ငါ့သမီး ငါ့ကိုဘာဖြစ်သွားတာလဲ.."

"အား..သေပါပြီ၊ ဒေါ်ကြီးစု ခင်ဗျားကိုယ်ကြီးနဲ့.."

ဒေါ်စု လဲကျ၊ သူတို့ကပြန့်တွန်းဖယ်နှင့် ဝရုန်းသုန်းကားထပြေးကြလျှင် ပပကရှေ့ဆုံးက.. ၊





"အမေး.."

"အောင်မလေး မခေါ်နဲ့၊ ညည်းကလေးကိုလည်း ကျုပ်မယူဘူး.."

"အမေတို့တစ်အိမ်လုံး ကိုစည်သူနဲ့ကျွန်မကိုဝိုင်းစားခဲ့ကြတာ နိုင်ကျင့်ကြတာ၊ အဲ့ဒါမကျေနပ်သေးဘူးလား..ငါ့ကလေးကိုဝိုင်းစားချင်သေးလို့လား.."

မျိုးမမ မျက်နှာကြီးနီရဲတုန်ယင်လာကာ လေးဘက်ထောက်အော်နေရာက ဆတ်ခနဲထရပ်လာ၏။

"ထလာပြီ၊ ဟဲ့..မိမျိုး ငါနှင့်အမေနော်၊ ငါ့ဒါးနာနေတယ်ဟဲ့.. ကိုစောင့်ကြပါဦး.."

"အမေး.."

"ဒီ '......မ' ငါ့ကိုပဲခေါ်ပြီးတော့၊ ညည်းနဲ့ငါတွေ့မယ်.."

ပြေးရင်းလွှားရင်း သင်္ချိုင်းမြေကလွန်လာတော့ ဒေါ်စု ဘာဟဲဆိုက်လျက် ကြိမ်းဝါးသံထွက်လာ၏။

"တွေ့မယ်..ညည်းကို ညည်းကို ငါ၊ ဟူး ဟူး..ကမြင်းမလေး အေကို.. ဟောဟဲ.."

"ဒေါ်စု ခင်ဗျားသမီးတစ်ယောက်တည်း သင်္ချိုင်းထဲမှာကျန်ခဲ့ နော်.."

"စောင့်လိုက်ဦးလေဗျာ..သရဲပူးတာထွက်သွားရင်တော် ဘာ.."

"သေပေ့စေ..ကျန်ပေ့စေ၊ မအေကိုအကောင်းမထင်တဲ့ဟာ တွေ..အမလေး မောလွန်းလို့ငါအသက်ထွက်တော့မယ်၊ အဝီစိချိုးကပ် ယ့်ဟာတွေ၊ သင်းမကျွတ်မလွတ်ဖြစ်နေရတာတော့င် တရားမရဘူး.."

"ခင်ဗျားရောတရားရှိလို့လား၊ ငယ်တဲ့လူတွေကပြောတော့



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားပဲ.."

"ဟဲ့..ငါကတရားရှိတယ်၊ သင့်တော်တာမတော်တာ.."

"ဟိုမှာ..မျိုးမမ ပြေးလိုက်လာပြီ.."

"အောင်မလေး..ကယ်ကြပါဦး.."

ဒေါ်စုနောက်ထပ် ကော့ခနဲထပြေးစဉ် ကျွတ်ကျသည့်ထ ကိုလက်တစ်ဖက်နဲ့ ဖိချုပ်ထားရင်း.. ၊

¤ ¤ ¤ ¤





အခန်း(၁၇)

"ပိုင်းညစ်ပတ်ကြတာ..ကျွန်မတို့လုံးဝမကျေနပ်ဘူး.."

ဒေါ်စု လူနှစ်ယောက်တွဲထားသည့်အဖြစ်နဲ့ ပပတို့အိမ်ကိုရောက် ာကြပြီး အော်ကြီးဟစ်ကျယ်ထဖြစ်သည်။

"ဟုတ်တယ်..သမီးတို့အမေကကောင်းလို့ မသေတာ.."

"ဟဲ့..ညည်းတို့အမေကိုဘယ်သူကဘာလုပ်လို့လဲ၊ သရဲကသူ့ ာမီး အပူးခံရတာလည်းသူ့သမီးပဲ.."

"အဲ့ဒါ..ဒေါ်ယုတို့အားလုံးသချိုင်းမှာ ဒီကိစ္စလုပ်ဖို့တိုင်ပင်ခဲ့ ကြလို့လေ.."

"အလိုတော်.."

"ကဲ..နေစမ်းပါ၊ အဲ့ဒီကိစ္စငါပဲပြောပါ့မယ်.."

ဒေါ်စုက သူမတို့ထက်အရင်ရောက်နေကြသည့် ဒေါ်ခင်နုနုနဲ့ သားတစ်ချို့ကို မကြည့်သည့်အကြည့်နှင့် ကြည့်လိုက်သေးသည်။ ခု.. ၊

"ကိုယ့်ထက်ဦးနေတဲ့ လူတွေရှိနေတာကိုး၊ လူစုံတော့လည်း ာင်းတာပေါ့.."

လို့ပြော၍ ပပတို့ကိုစူးစိုက်ကြည့်လိုက်ပြီး.. ၊

"ကျွန်မ ဘာဖြစ်ခဲ့ရသလဲဆိုတာ မမြတ်တို့အမြင်ပဲလေ၊ အဲ့ဒီ



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတွေဖြစ်လာခဲ့ရတဲ့ တရားခံကလည်းမယ်ပပပဲ၊ အားလုံးကိုသူပဲခေါင်းဆောင်ခဲ့တာ.."

"မစုဘာကိုပြောတာလဲ၊ ကျွန်မတို့လည်းခုပဲ အဲ့ဒါကိုမေးနေကြတာပါ၊ စည်သူနဲ့ကြွေရုပ်ရဲ့ ကလေးကိစ္စကို လူကြီးတွေကိုယ်တိုင်လိုက်လုပ်ပေးခဲ့တာမို့လား.."

ဒေါ်မြတ်နွယ်က စလိုက်သည်နှင့် ဒေါ်ခင်နုနုကလည်းရှေ့ထွက်လာကာ.. ।

"နောက်ပြီးကြွေရုပ်ကိုယ်တိုင် သူ့ညီမကိုဝင်ပူးပြောခဲ့တာပဲ.."

အိမ်ရှေ့ကစကားသံတွေကြောင့် မျက်နှာသစ်ကိုယ်လက်သန့်စင်ခြင်းကို မြန်မြန်ဆန်ဆန်လုပ်၍ ဂုဏ်အိမ်ရှေ့ထွက်လာခဲ့သည်။ ခုမှမနက်ရှစ်နာရီခွဲပဲရှိသေးသည်။ အိမ်မှာပပရဲ့အမေလည်းရောက်နေသည်။ ဒေါ်ယုတို့ငွေယုံတို့နှင့် တခြားမိန်းကလေးတစ်ချို့ပါရှိနေကြ၏။

ညကကိစ္စပဲဆိုတာသိလိုက်သော်လည်း ဒေါ်စုကိုလူငယ်နှစ်ယောက်တွဲကိုင်ထားသည့် အဖြစ်ကိုမြင်တော့ အံ့သြသွားမိ၏။

အိမ်ထဲလည်းမဝင်ကြဘဲ ခြံထဲကစားပွဲနဲ့ထိုင်ခုံတွေမှာ ထိုင်လျက်တစ်ချို့ မတ်တပ်တစ်ချို့.. ।

"ကလေးကိစ္စကိုထားလိုက်ပါပြီ၊ ဒီကလေးဘယ်လက်ထဲရောက်ရောက် ဆင်းရဲကံပါနေလို့ပဲမှတ်လိုက်နိုင်တယ်..အခုကျွန်မလာခဲ့တာ သချိုင်းမှာဒီကိစ္စလုပ်ဖြစ်အောင် ချိန်ခွင်လျှာမထွက်ထွက်အောင်အားလုံးကိုခေါင်းဆောင်စည်းရုံးပြီး အလေးခိုးခဲ့တဲ့ပပကိုလုံးဝမကျေနပ်လို့.."

"ချိန်ခွင်လျှာထွက်ထွက်မထွက်ထွက် ကာယကံရှင်ဆန္ဒကိုက.."

"အို..ကျွန်မပြောပြီးပြီပဲ၊ ကလေးကိစ္စကိုအရှုံးပေးလိုက်ရလို့





မဟုတ်ပါဘူးဆိုမှ.."

ဒေါ်စုက ဒွတ်ဖြစ်နေကာ၊ သမီးဖြစ်သည့်ချစ်သဲစုကလည်းခပ်စွာစွာနှင့်.. ။

"သချိုင်းမှာမှ ဒါလုပ်ချင်တာလေ၊ အဲ့ဒါသူ့အလေးခိုးလို့ရအောင်လို့.."

"လိပ်ပြာခွဲတယ်ဆိုတာ ထုံးစံအရတော့..သူ့မြေပုံနားမှာခွဲရဘာပဲချစ်သဲ.."

"ဒေါ်ကြီးမြတ်က ချွေးမဘက်ကလိုက်ပြောမနေပါနဲ့.."

"ဟော့..နင်စွာလှချေလား၊ လူကြီးချင်းပြောနေတဲ့ကိစ္စ.."

"ဒေါ်ယုကရော သူများကိစ္စ ဘာလို့ဝင်ဝင်ပါနေရတာလဲ၊ မိုးတောင်မလင်းသေးဘူး၊ သူများအိမ်ရောက်နေရတယ်လို့.."

"ကျိုးနေတဲ့လူတောင် တွဲမယ့်ကူမယ့်လူတွေနဲ့ သူများအိမ်ရောက်နေသေးတာ..ငါကကျိုးနေတာမှမဟုတ်ဘဲ.."

"မယု..ရှင်ကငယ်တဲ့လူနဲ့ ရန်ဖြစ်နေတာလား.."

"လူကြီးကိုဘယ်လိုဆက်ဆံရမယ်ဆိုတာ ရှင်သင်ထားလေ၊ ရှင့်သမီးပြောတာမကြားဘူးလား.."

"ဒီနေရာရောက်နေလို့ ရေကြောမြေကြောလိုက်သွားတာနေမှာပေါ့.."

ဒါကကိုယ့်ကိုတိုက်ရိုက်ထိသည့်စကား.. ।

ပပ မျက်နှာလေးတင်းသွားသည်။ ဒေါ်ခင်နုနုတားဆီးဖို့ပြင်လိုက်ပေမယ့်.. ।

"ရေကြောမြေကြောလိုက်တတ်ရင်လည်း ပပတို့မိဘတွေကြီးကြီးစုလိုဖြစ်ကုန်ပါ့မယ်၊ ကျေးဇူးပြုပြီးမြန်မြန်ပြန်ပေးပါ.."

"ဘာ့ပြောတယ်.."



www.burmeseclassic.com

www.burmeseclassic.com



"သမီး မေမြတ်တို့ပဲပြောမယ်၊ ဝင်မပြောနဲ့.."

"ဒမြတ်ကလည်း အသက်ကြီးတယ်ဆိုပြီး သူကျတော့ပြောချင်တိုင်းပြောနေတာ.."

ဒေါ်စုက တားသူရှိနေကာမှ ပိုကဲလာကာ..။

"ကျုပ်လာခဲ့တာလည်း ဒါတွေပြောချင်လွန်းလို့ မဟုတ်ဘူးမယ်ပပ၊ ကြားသုံးကြားလည်းမရှောင်..သူများမိသားစုအရေးလည်းမရှောင်ဘဲဝင်ဝင်ပါလွန်းလို့ ညည်းလေးကိုနေတတ်ထိုင်တတ်အောင်သင်ပေးပါလို့လာပြောတာ.."

သမီးကိုမွေးထားခဲ့သည့် ဒေါ်ခင်နုနုမျက်နှာညိုမှောင်သွားသည်။ ထို့ပြင် ဒေါ်စုကပိုဆိုးလာကာ.. ၊

"အခု ကလေးကိစ္စဝင်ပါတာရော၊ ကျွန်မဒူးပြဲရတာရော ထားလိုက်ပါတော့မယ်၊ ဒါပေမယ့် ညည်းသတိထား.."

ဒေါ်စုက လူကြီးတွေကိုပြောရင်း ပပမျက်နှာကိုသေချာစိုက်ကြည့်ကာ...၊

"သူများလင်မယားတွေကြား ဝင်ပါလွန်းရင်..သူများယောကျ်ားတွေနဲ့ တစ်ချိန်ချိန်မှာ.."

"ဒေါ်စု.."

ဒေါ်ခင်နုနု၏ ဒေါသကိုထူးဆန်းအံ့ဩစွာမြင်လိုက်ရကာ..။

"ရှင်..သူ့မိဘတွေရှေ့မှာအားလုံးကို သိမ်းကျုံးစော်ကားလိုက်တာပဲဒေါ်စု၊ ရှင်ပြောနေတာကျွန်မသမီး.."

"စော်ကားနေတာမှန်း သိရဲ့သားနဲ့..ပပမခံနိုင်ဘူး.."

"ဟဲ့.."

"ပပ..ပပမလုပ်နဲ့.."

ပပက ခြေရင်းနံရံမှာချိတ်ထားသည့် ကျွဲချိုကော်ကြိုးကို





ပြေးဖြုတ်သည်။ သို့သော် သူမအရှိန်နဲ့လှည့်ပြေးခြင်းသည် ဂုဏ့်ရင်ခွင်ထဲကိုပြေးဝင်သလိုဖြစ်သွားခဲ့ပြီး.. ၊

"အဲ့ဒီကိစ္စဘာတွေဖြစ်လာလာ..အခုလောလောဆယ်ဒေါ်ကြီးစုတို့ပြန်သွားဖို့ ကျွန်တော်ပြောချင်တယ်.."

"ဘယ်လို.."

ဂုဏ်က ပပလက်မောင်းလေးတစ်ဖက်ကို ဆွဲချုပ်သလိုဖိကိုင်ပြီးသူ့ကိုယ်နဲ့ထပ်ကပ်ထားလိုက်ရင်း.. ၊

"ကျွန်တော့်မိန်းမဘယ်လိုနေနေ ဘယ်ပုံစံဖြစ်ဖြစ် ဒေါ်ကြီးစုပြောဖို့မလိုဘူး၊ ခုရော နောက်ရော ဘယ်တော့ဖြစ်ဖြစ်မလိုဘူး.."

"ဂုဏ်ရောင်..ငါက.."

"ထွက်သွားဖို့ကျွန်တော်ပြောပြီးပြီထင်တယ်.."

"ဟဲ့..ဗညား..ဗညား.."

"ခင်ဗျာ.."

ဗညားက မြင်သာသည့်နေရာမှာရှိနေပေမယ့် ဒေါ်မြတ်နှယ်ကျယ်လောင်စွာ လှမ်းအော်ခေါ်၍.. ၊

"သူတို့တွေပြန်သွားတာနဲ့ ခြံတံခါးကိုပါသော့ခတ်ထားလိုက်.."

ဒေါ်စုတို့ ထမီတမမနှင့် ဘာမှလည်းမတတ်နိုင်..၊

သို့သော် သူတို့ရဲ့ပစ်ခွင်းမှုတွေက ကျန်ခဲ့ပေမယ့်လည်း အပစ်အခတ်မရပ်စဲသည်မို့.. ၊

"အခု မင်းဘာပြောမလဲပပ၊ ပြောဦး.."

"ဘာလဲ၊ ဘာမှပြောစရာမရှိဘူး.. အဲ့ဒီမိန်းမကြီးကိုက ပပကိုငြိုးနေတာ.."

"သူငြိုးနေမှန်းသိတယ်ဆိုရင်..မင်းဘာလုပ်ထားတာလဲဆို



www.burmeseclassic.com

www.burmeseclassic.com



တာ မင်းဘာသာသိနေလို့ပဲ..”

“ပပ..အ..ကိုကိုနော်..”

ပပကိုယ်လေးကို နံရံမှာဖိကပ်ချုပ်ထားကာ၊ ဘယ်လိုရုန်းရုန်း လှုပ်လို့မရအောင် ဒေါသကအပိုဆောင်းနေသဖြင့် အားစိုက်ထားမှု တောင် ကိုယ့်ဘာသာသတိမရခဲ့.. ၊

ပပကလည်း မရမကရုန်းနေရင်း စိတ်တိုလာကာ.. ၊

“ပပဘာမှမလုပ်ဘူး အားလုံးပါတယ်၊ လူကြီးတွေလည်း တယ်၊ တမင်တကာပပကိုမှ လက်ညှိုးထိုးစွပ်စွဲသွားတာ၊ ဒီမိန်းမ အကြောင်းကိုကိုမသိဘူးလား..”

“မသိဘူး..ငါယူထားတဲ့မိန်းမအကြောင်းငါသိနေရုံနဲ့ လောက်တယ်၊ မင်းအဲ့ဒီလင်မယားအိမ်ထောင်ရေးမှာတည်းက လင် ယားနှစ်ယောက်ကိစ္စတွေ ဒီမိသားစုနှစ်စုအတွင်းရေးတွေ မင်းမပါတ ရှိဘူး၊ မင်းမသိတာလည်းမရှိဘူး၊ အခု..အဲ့ဒါတွေကြောင့် ဟိုကမ သွားတာ..”

“သား..ဂုဏ် သားတော်စမ်း၊ လွှတ်လိုက်..”

“မေမြတ် ဟီး..ဟီး..”

ဒေါ်မြတ်နွယ်ဝင်လာပြီးအော်လိုက်တာနှင့် ပပလွှတ်မြော သွားကာ ရင်ခွင်ထဲပြေးဝင်ပြီး ဟီးခနဲငိုချလိုက်၏။

“ပပအဲ့လိုမိန်းမမဟုတ်ဘူးမေမြတ်၊ မတရားသဖြင့်တွေ နေရင်သာ မနေတတ်မထိုင်တတ်ဝင်ဝင်ပါမိတာ..တမင်စပ်စုတာ မဟုတ်ဘူး..”

“သိတယ်..မေမြတ်သိပါတယ်သမီးရယ်၊ တိတ်..တိတ်..”

“သူမသိဘူး..ကြီးကြီးစုပြောသွားသလို ပပကိုပြောတာ မကျေနပ်ဘူးသိလား၊..ဟီး..ဟီး ပြီးတော့လူကိုရိုက်လားပုတ်လား





ပပလက်တွေကျိုးကြေကုန်ပြီ..”

“ဘာ..ဟေ့..လျှောက်မပြောနဲ့နော်၊ မင်းကိုငါဘာမှမလုပ်ရ သေးဘူး..”

“ဘာမလုပ်ရသေးဘူးလဲ၊ ဒီမှာမေမြတ်..ဒီမှာကြည့်ပါဦး..”

ပပကတီရှပ်အကွက်လက်ပြတ်လေး ဝတ်ထားတာမို့၊ ဂုဏ်ဖိ ဆုပ်ကိုင်ထားခဲ့သည့် လက်မောင်းသားလေးတွေမှာ လက်ချောင်းရာ တွေအတိုင်း နီရဲညိုနေ၏။ ဒေါ်မြတ်နွယ်မျက်နှာကြီး ပျက်ယွင်းသွား ခဲ့လျက်.. ၊

“ကြည့်စမ်း..ဂုဏ်..”

“ဟာ..အဲ့ဒါ..”

အံ့သြ၍မယုံနိုင်သောအကြည့်တွေကြောင့် ဂုဏ်ပျာပျာသလဲ လက်ကာ၏။ သို့သော် ဘာမှလည်းမရှင်းပြနိုင်.. ၊

ပပက ဒဏ်ရာကျန်ခဲ့တာကိုကိုယ်တိုင်ခုမှသေချာမြင်သွား ကာ၊ သူ့ကိုပစ်စလက်ခတ်မျက်စောင်းရွယ်ရင်း စူးစိုက်ကြည့်နေ၏။

“လာ..သမီးလာ၊ မေမြတ်ဆေးလူးပေးမယ်နော်..”

ဒေါ်မြတ်နွယ် ပပကိုပခုံးလေးဖက်ခေါ်သွားရင်း၊ ဂုဏ့်ကို ကြည့်တော့ မျက်ဝန်းမှာဒေါသတွေပြည့်လျှမ်းနေလျက်.. ၊

¤ ¤ ¤ ¤



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

"အ.."

"နာလို့လားဟင်..ပပ.."

"အတင်းဖိလိုက်တော့နာတာပေါ့၊ ဆေးလိမ်းတာအသားပေါ် လိမ်းနိုင်းတာမှယ်မင်းကြီးမ..အရိုးထဲထိထိုးသွင်းမလို့လား.."

"ပျောက်စေချင်လို့ပါဟယ်.."

မေကျော်က ပပနာကျင်သွားတော့ သူမမျက်နှာလေးပါမဲ့သွား လျက် ဆေးလူးပေးရင်း နှုတ်ခမ်းလေးလုံးချွန်နေအောင် တဟူးဟူး မှုတ်ပေးနေကာ.. ။

"နင်ကအသားဖြူသလောက် နုလည်းနုလွန်းတာကိုး၊ ဒါကြောင့်ဆေးဆိုးထားသလို ထင်ကျန်ခဲ့တာ.."

"ဩော်..သွေးခြည်ဥတာပဲရှိတာ၊ မနာပါဘူးပေါ့..ဟုတ်လား.."

"အယ်..ငါအဲ့လိုပြောပါ့မလားပပရယ်၊ နင်ကနာကျင်တိုင်းအ သံထွက်တာမှမဟုတ်တာ၊ တော်တော်နာလို့သာညည်းတွားနေတာ ငါ သိတာပေါ့.."

"ပြီးရော.."

ပပက ခုထိကလေးဆန်နေတုန်း.. ။

ထမီရင်လျားလေးနှင့် ခုတင်ခြေရင်းမှာထိုင်နေပေမယ့် အစက်





ခုံးမှာပတ်ခြုံထားသည့် တဘက်ကလည်းမိုပေါ်မှာ ကပ်ပြီးအနားစနှစ် ဘက်လုံး နောက်မှာကျနေသည်။

ပခုံးစွန်းလေးတွေနှင့် ဖွေးနုနေသည့်ရင်ဘက်လှလှလေးက ဒီတိုင်းထင်းရှင်းနေ၏။ ခြေချထိုင်ရင်းလွှဲလှုပ်နေသဖြင့် ထမီတိုတို၏ အောက်ဖျားစတို့က လွင့်တက်တော့မလို ဝှေ့ခနဲ လွင့်ခနဲ.. ။

"တစ်ခုတော့ရှိတယ်..ပပ.."

"အကုန်လုံးပေး..တစ်ဖွဲ့တစ်ရွဲ့တော့မလိုချင်ဘူး.."

"ဟဲ့..ငါ့အကောင်းပြောမလို့.."

"အ.."

"အယ်..ဥုံဖွ ဥုံဖွ.."

စကားပြောရင်း တွန်းထိုးပြောနေကျမို့ မေကျော်ကဆေးလိမ်း ဆေးရင်း အားပါသွားတာဖြစ်သည်၊ ပြီးတော့ သူမပဲခြေမကိုင်မိ လက်မ ကိုင်မိ.. ။

"တော်တော်နာသွားလားဟင်.."

"ကဲ..တော်ပါတော့၊ ရေချိုးထားတာတွေတောင်အလကားဖြစ် ကုန်ပြီ..မြန်မြန်လိမ်းစမ်းပါ.."

"အေးပါ.."

"တော်ပြီ..ဒီဘက်မလိမ်းနဲ့တော့၊ ဆေးတွေချည်းလိမ်းနေလို့ မြန်မြန်ပျောက်သွားရင် ဟိုလူကြီးကိုစိတ်နာစရာမကျန်ဘဲနေလိမ့် မယ်.."

"နေပါဦးပပရယ်၊ နင်ကလည်း..ဆရာကိုဆိုမကောင်းပြော စို့ပဲ.."

"ကောင်းမှမကောင်းတာ.."

"ကောင်းပါတယ်ဟာ၊ နင်ကလည်း.."



www.burmeseclassic.com

www.burmeseclassic.com



"သူကောင်းတာမကောင်းတာ နင်ကငါ့ထက်ပဲပိုသိနေလို့လား.."

"မသိပါဘူး..နင်ကသူ့မိန်းမပဲဟာ၊ သူကောင်းတာမကောင်းတာနင်ပဲသိမှာပေါ့.."

"မကျော့..ငါပြောတာရိုးရိုးနော်.."

"ငါကလည်း ရိုးရိုးပါပဲ.."

ပပက မသက်မကြည့်နှင့် စိုက်ကြည့်နေသေးသည်။ ပြီးမှ မျက်နှာလွှဲ၍.. ၊

"ငါ့ကိုမစာမနာပြောတာတွေ၊ ကိုင်တာညှစ်တာတွေ.."

"ပပရယ်.."

"လူကိုအရုပ်များမှတ်နေလားမသိဘူး၊ မမြတ်ကိုပြောတာတော့'ဒီလောက်ထိဖြစ်သွားမယ် မထင်လို့ပါ'တဲ့၊ 'တမင်နာအောင်လုပ်တာ မဟုတ်ဘူး'တဲ့.."

"ဟုတ်မှာပါပပရယ်၊ နင့်ကိုဒေါ်ကြီးစုပြောဆိုနေတော့ နင့်ဘက်ကကာကွယ်ပြောခဲ့တာပဲကြည့်.."

"ပြောမှာပေါ့.. ငါမကောင်းရင် သူ့ခေါင်းလေ၊ ငါကသူ့မိန်းမဖြစ်နေတာကိုး.."

"ဟုတ်တယ်..အဲ့ဒီတော့ မင်းကောင်းအောင်သပ်သပ်ပညာပေးရဦးမှာ.."

ဟင်.. ၊

"ဆရာ.."

မကျော့ ကိုယ်လေးမတ်သွားသည်။ ပပက နှာခေါင်းလေးတစ်ဖက်တွန့်လိုက်ပြီး နှုတ်ခမ်းလှုပ်ရုံဘာတွေ ရွတ်ဖတ်နေသည်မသိ.. ပြီးတော့မှ.. ၊





အယ်.. ၊

ကိုယ့်ပုံစံကိုသတိရကာ လည်ပင်းကတဘက်ကို ဖျတ်ခနဲဆွဲချလိုက်ပြီး ပခုံးတွေပါလုံအောင် ပတ်ခြုံ၍.. ။

"စွတ်စွတ်ဝင်လာတာပဲ..အသံလေးဘာလေးမပေးဘူး.."

"ငါကအသံပေးရဦးမယ်.."

"ပေးရမှာပေါ့.."

ပြောရင်းထရပ်လိုက်လျှင်.. ၊

"ပြန်ထိုင်..ငါဆေးလိမ်းပေးမယ်.."

"ဟုတ်..ရော့ပါ ဆရာ.."

မကျော့က သူ့လက်ထဲကိုဆေးပုလင်းထည့်ပေးပြီး ခေါင်းလေးငုံ့ထွက်သွား၏။

"ဟော့.."

"ရှင် လုပ်ပြန်ပြီလား.."

ပပကလည်း ထထွက်ဖို့လုပ်သဖြင့် သူဆွဲထားလိုက်တော့ ပြန်ဆောင့်ရုန်းကာ.. ၊

"ဖယ်..ဘာဆေးမှမလိမ်းဘူး.."

"လက်တစ်ဖက်ကျန်သေးတယ်မလား၊ ထိုင်ကွာ..ကြာတယ်.."

"မထိုင်ဘူး..မလိမ်းဘူး၊ လွှတ်.."

"မရဘူး.."

"ရှင်နော်.."

လက်ဖဝါးချင်းထပ်ဆုပ်ပြီး အတင်းပြန်ထိုင်ခိုင်းလိုက်ကာ ပပပြန်ထလို့မရအောင် ခါးကိုသိမ်းဖက်လိုက်ပြီး.. ၊

"အေးဆေးအလိမ်းမခံရင် မင်းစိတ်ညစ်သွားမယ်နော်ပပ.."



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုညစ်ရမှာလဲ..ရှင်ကြီးဒဏ်ရာဒဏ်ချက်ရအောင် သူများကိုလုပ်ပြီးမှ ဆေးလိမ်းပေးဖို့ကိုတောင် ကျောကျောမောမောနဲ့.."

"ဟုတ်လား..အဲ့လိုဖြစ်သွားတာလား.."

ဝင်တာတုန်းက တည်တည်ကြည်ကြည်မျက်နှာမှာ ရယ်မလိုပြုံးမလို လှုကိုလှောင်နေသည့်နှုတ်ခမ်းတို့နှင့်.. ।

"ဆောရီး..ဒါဆိုခဏယယပြောကြည့်မယ်၊ မင်းကိုဆေးလိမ်းပေးချင်လို့ခွင့်ပြုပါ..အိုခေ.."

စူးစူးရဲရဲကြည့်နေသည့် ပပမျက်ဝန်းလေးတွေ ဖျတ်ခနဲရယ်မြူးရိပ်သမ်းခဲ့ပြီး.. ।

"လက်ကိုလွှတ်.."

ဆောင့်ဆောင့်အောင့်အောင့် ကျေအေးလိုက်ပုံလေးကြောင့် ဂုဏ်ကျေနပ်စွာပြုံးမိသည်။ ပြီးတော့ ဆံပင်တွေစုသိမ်းတင်ထားသည့်ကြားကမျက်နှာပေါ် ဖရိုဖရဲပြန်ကျနေသည့်ဆံယဉ်စတို့ကို အသာသိမ်းဖယ်ရင်း ငုံ့မိုးကြည့်ကာ.. ।

"ကိုယ့်ကိုစိတ်ဆိုးနေတုန်းပဲလား.."

"ဟုတ်တယ်.."

"မင်းကိုသူများတွေစော်ကားတာ မခံနိုင်လို့ကရုဏာဒေါသနဲ့ဆူမိတာ၊ ကိုယ့်ကိုယ်ကိုအိမ်ထောင်သည် ဖြစ်နေပြီဆိုတာသတိထားမှပေါ့၊ ဖြစ်လာပြီဆိုရင်မင်းနာမည်ပဲ..ယောကျ်ားလေးတွေအများကြီးရှိကြတာ မင်းလောက်နာမည်မကြီးဘူး.."

ပပက တဘက်ကိုလက်တစ်ဖက်နဲ့ ဖိဆုပ်ထားရင်း မကျေမနပ်ကြည့်၏။

"ရှင် ပပကိုတောင်းပန်ဖို့လာတာလား၊ မနက်ကပြောလိုက်ရတာမပြည့်စုံသေးလို့လား.."





"မဟုတ်ဘူးလေ..မင်းကိုယ့်စေတနာကိုနားလည်ရင် မင်းလည်းလိမ္မာလာမယ်၊ ကိုယ်တို့ခဏခဏရန်ဖြစ်စကားများနေဖို့လည်းမလိုတော့ဘူးပေါ့.."

"ဘယ်တော့မှတည့်ဖို့မရှိတာ ရှင်သဘောမပေါက်သေးဘူးပဲ.."

"အဲ့ဒါ မင်းပေါက်စနလေးတုန်းက မင်းကိုခေါ်မကစားလို့ခန့်နေတာပါ၊ လူကြီးတန်းထဲမှာ ကလေးဝင်ဆော့လို့မှမရတာ..မင်းကမှတ်.."

"ဩော်..ဒါဖြင့် အဲ့ဒီကလေးဆိုတာကို ရှင်ကြီးဘာလို့လက်ထပ်တာလဲ..ပြော.."

"လိုချင်လို့.."

"ဘာ.."

"လူကြီးချင်းသဘောတူကြတယ်၊ မင်းကိုလည်းငြင်းစရာမှမရှိတာ.."

"အံမာ.."

"မင်းလည်းမငြင်းဘူးလေ.."

"ဒီမှာ.."

"ပြော.."

"ပပ ကျောင်းပြီးပြီဆိုတည်းက မေကြီးဘယ်လိုဖြစ်လာမှန်းသိဘူး၊ ထစ်ခနဲရှိဆူတယ်..တစ်ခုခုဆိုအပြစ်ပေးမယ်ဆိုတာချည်းပဲ.."

ဒေါနဲ့မောနဲ့ပြောပြရင်း မျက်နှာလေးညှိုးသွားကာ.. ।

"ပပ အဲ့လိုတစ်ခါမှရိုက်မောင်း ပုတ်မောင်းထိအဆူခံခဲ့ရတာမဟုတ်ဘူး၊ ဟိုတုန်းကဆူခဲ့တာလည်း အမေကကာကွယ်ပေးတာနဲ့ ပြီးသွားတာ..ခုကျတော့ မေကြီးကလည်းပပကိုဂရုမစိုက်တော့ဘူး၊ မေကြီးအပြစ်ပေးတိုင်း ကာမလိုဆီးမလိုနဲ့ ကြည့်နေခဲ့တာ.."



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုစိုးရိမ်စိတ်တွေပိုလာလို့ပေါ့ ပပရယ်..ကလေးတုန်းကလှနေပေမယ့် အရွယ်ရောက်လာတာနဲ့အမျှ လှလာလေအန္တရာယ်ကြီးလေပဲ..ပြီးတော့ မင်းကလည်းအဆော့သန်တာကလေးတုန်းကလိုပဲ.."

"ကလေးတုန်းကလို ပပမဆော့ပါဘူး.."

"ခုမှပိုဆိုးတာပါကွာ၊ အဆော့သန်..အစသန်.."

"ပပ ဝန်ခံနေကာမှ..ရှင်လိုက်ကဲ့ရဲ့မနေနဲ့နော်.."

"မင်းကိုကဲ့ရဲ့တော့ ကိုယ်ဘာရမှာမို့လို့လဲ.."

"ရချင်ရမှာပေါ့.."

အကျင့်ပါနေတဲ့အတိုင်း တစ်ခွန်းမကျန်ပြန်ပြောနေရင်း ပိုပြောဖို့သတိရသွားကာ.. ၊

"ဟုတ်တယ်..အခုပပကိုရတာပဲ ရှင်မှန်တယ်.."

မျက်နှာသေချာကြည့်ပြောပြီးမှ တစ်ဖက်လှည့်ပစ်၏။

"ဟုတ်လား..မင်းကိုကဲ့ရဲ့လို့ရခဲ့တာလား.."

"သိပ်မှန်တာပေါ့၊ ဒီကောင်မလေးဆိုးလှချေရဲ့ဆိုပြီး ဆရာတစ်ဆူဖြစ်နေတဲ့ရှင့်လက်ထဲ ဝကွက်အပ်လိုက်တာလေ.."

"ဟား ဟား..ဟား.."

နူးညံ့နှစ်လိုဖွယ်ရယ်မောခြင်းမျိုး နှစ်ယောက်တည်းရှိတုန်းမှာ မကြားခဲ့ဘူးသဖြင့် ပပဆတ်ခနဲလှည့်ကြည့်၏။ ရယ်လိုက်လျှင်ပါးမှာ အရစ်လေးတွေထင်သွားတတ်ပေမယ့် ဂုဏ်မျက်နှာကရင့်ရော်သွားတာမဟုတ်ပေ.. ။

ပါးချိုင့်ရှည်လေးတွေထင်လာသလိုလို သဘောကောင်းပြီး ဆွဲဆောင်မှုရှိသွားသလို ပို၍ချောမွေ့ကြည့်စင်နေသည်မို့.. ၊

"ရယ်မနေနဲ့..ပါးစပ်ကြီးဖြဲပြီးတော့.."





ကြည့်နေပြီးမှ မလုံမလဲမျက်စောင်းထိုးပြီးမှသည်။ ထို့ပြင်..

"ပပ ရှင့်ကိုသဘောတူလက်ခံခဲ့တာ ဖေကြီးချုပ်ချယ်လာတာ ကို မခံချင်လို့.."

"သြော်..သြော်.."

"နောက်ပြီး..ဟိုတစ်ယောက်ကိုမခံချင်လို့.."

"ပြီးတော့ရော.."

"မေမြတ်ကသဘောကောင်းတယ်၊ ပြီးတော့ ပပမေမြတ်ကို တယ်.."

"ကိုယ့်ကိုရော.."

"မုန်းလွန်းလို့..ပြစရာတောင်မရှိဘူး.."

"ဟား ဟား ဟား.."

"ဦးဂုဏ်ရောင်.."

"ကိုကိုလို့ပဲခေါ်ပါကွာ.."

"မခေါ်ဘူး..စိတ်ကူးယဉ်မနေနဲ့.."

"စိတ်ကူးယဉ်အောင်မင်းပဲ မိုးမွန်အောင်ခေါ်ခဲ့တာလေ၊ အဲ့ဒီ တိတ်မ အပျိုကြီးဖားဖားဖြစ်လာတော့လည်း အသည်းယားအောင် နေပြန်ရော.."

ပပ မျက်နှာလွှဲပစ်တော့ ဂုဏ်ကမေးဖျားလေးကိုဆွဲယူလိုက် ည်၊ အတင်းဖယ်ချပြီးရုန်းပစ်တော့ ပခုံးလေးကိုဆွဲဖက်ထားလိုက်

"အခု အဲ့ဒီကောင်မလေးက ကိုကိုလို့ခေါ်တိုင်းကိုယ်ရင်ခုန် တ်နေပြီ.."

"ရှင်နော်.."

မျက်နှာတစ်ပြင်လုံးကို သူ့အတင်းနမ်းနေသဖြင့် ပပကတုန်က



www.burmeseclassic.com

www.burmeseclassic.com



ယင်ဖြစ်လာကာ၊ ရှန်းနေရင်းခွေကျတော့မလို ဖြစ်ခဲ့၏။

ဂုဏ်က သူမခြုံထားသည့် တဘက်ကိုဆွဲဖယ်ပစ်လိုက်လျှင်..။

"ဟင့်အင်း..ကိုကိုနော်.."

ပပ တဘက်ကိုပြန်ဆွဲဖို့ကြိုးစားသည်။ ဂုဏ်က သူမနဲ့အတူလှဲအိပ်လိုက်ရင်း.. ၊

"သွေးခြည်ဥနေတာကို အာငွေ့ပေးရတယ်၊ ကိုယ်နမ်းလိုက်ရင် ပျောက်သွားမှာ..ငြိမ်ငြိမ်နေ.."

"ဟင့်အင်း မနေဘူး၊ ကိုကိုနော်..ပပအော်လိုက်မှာ.."

သို့သော် ပပ မအော်လိုက်ရပေ.. ၊

"ဒေါက်..ဒေါက်.."

တံခါးခေါက်သံနှင့် မရှေးမနှောင်းမှာပင်.. ၊

"သမီးရေ..ဆရာမလာတယ်၊ သနပ်ခါးလိမ်းပြီးပြီမို့လားထွက်ခဲ့သမီး.."

"ရှင်..ဟုတ်မေမြတ်.."

သူ့လက်တွေကို ဖယ်ချပစ်လိုက်ပြီး ပပအသည်းအသန်အသံပေးသည်။ ဂုဏ့်မျက်နှာကတော့ ပျော်ရွှင်ဝမ်းမြောက်စွာ ရှုံ့မဲ့ကျန်ခဲ့ရင်း.. ၊

¤ ¤ ¤ ¤





အခန်း(၁၉)

"မြို့နဲ့နီးနီးမနီးနီး မိုဘိုင်းဖုန်းတွေလိုင်းမမိတာနဲ့ မဆိုင်ဘူးသေ.."

"ကျွန်တော့်အမြင်ပြောရရင်တော့ ကျွန်တော်တို့ရွာမှာ ဒီတိုင်းနေတာ အေးချမ်းတယ်နော်.."

"ဘာဖြစ်လို့လဲကိုသိုက်.."

"မြို့မှာအဲ့ဒီဖုန်းတွေကြောင့် အောက်ခြေလူတန်းစားတော်တော်များများ ဒုက္ခများနေကြတယ်လို့ကြားတယ်၊ ဘာတွေဖြစ်နေကြတယ်တော့မသိတော့ပါဘူး.."

ရုံးထဲမှာမဟုတ်ဘဲ ရွာဘုံကထိန်အလှူခံမဏ္ဍပ်မှာ လူကြီးတွေဆော လူငယ်ခေါင်းဆောင်တွေပါ စုဝေးမိနေကြ၏။ဥက္ကဋ္ဌကြီးနဲ့လူကြီးအဖွဲ့က မဏ္ဍပ်ရှေ့ထဲမှာဖြစ်ကာ လူငယ်လူရွယ်တွေက မဏ္ဍပ်ထဲမှာရှိသွက်..။

"မမြင်ဖူးတဲ့ကစားစရာအထူးအဆန်းရသွားတဲ့ ကလေးငယ်တွေလိုပေါ့ဗျာ၊ အင်တာနက်ဆိုတာကြီးကလည်းမြန်သကိုးဗျ.."

ရွာမှာတံတားဆောက် လမ်းဖောက်တာတွေ ရေ မီးပြည့်စုံဖို့အတွက် ခေါင်းဆောင်ကြိုးပမ်းခဲ့ကြသည့် လူကြီးပိုင်းတွေက ကိုယ့်ရွာဖွံ့ဖြိုးရေးအတွက် တယ်လီဖုန်းဆက်သွယ်ရေးရရှိဖို့ထိ စဉ်းစားလိုင်ပင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြ၏။

သို့သော် ထောက်ခံမဲကတော့သိပ်မရှိ..။

"ဒီကိစ္စကျုပ်တို့အကြီးတန်းလူငယ်တွေနဲ့ ဆွေးနွေးကြည့်ဦး မှထင်တယ်.."

"မဖြစ်ဘူးဦးကျော်ကြီး..လူလတ်ပိုင်းဖြစ်ဖြစ် လူငယ်ပိုင်းဖြစ်ဖြ ကျုပ်တို့အောက်မှာဆို လူငယ်တွေပဲ၊ ဖုန်းကိစ္စကိုတော့တိုင်ပင်လို့မဖြ ဘူး.."

"ဟုတ်တယ်..သူတို့ကတော့လုပ်မယ် ချမယ်ပဲပြောကြမှာ ကိုအောင်သိုက်ပြောသလိုပဲ.. ကျွန်တော်ရန်ကုန်ရောက်သွားတုန်း လည်း ကျွန်တော့်အစ်မဒါပဲညည်းညူနေတာ.."

"ဘာတွေဖြစ်လို့တုန်း.."

"ဘယ်လိုပြောရမလဲတောင်မသိပါဘူး၊ ဖုန်းတွေကအင်မတန် ဈေးပေါပြီး အလွယ်တကူဝယ်နိုင်တာလေ၊ အနည်းဆုံးသုံးလေးသောင်း ရှိတာနဲ့ ဟန်းဖုန်းကိုင်နိုင်တာကိုး.."

"ဟုတ်တယ်.."

"ဦးဌေးကြီးတို့ ဒီမှာအကြမ်းအိုးနဲ့ ငါးမုန့်ကြော်ပါ.."

လူငယ်နှစ်ယောက်နဲ့ ဓမ္မာရုံစောင့်က စားသောက်စရာတွေလာ ပို့ရင်း..။

"ဘာများလိုသေးလဲမသိဘူး.."

"အေး၊ ရပြီ..ရပြီ.."

ညဦးပိုင်းမို့ အလှူခံကိစ္စလည်းမရှိတော့သဖြင့် အေးဆေးစကား ဝိုင်းဖွဲ့နေနိုင်တာဖြစ်ကာ..။

"လုပ်ပါ..ခင်ဗျားစကားဆက်စမ်းပါဦး.."

ဦးညိုက ခေါင်းညိတ်လိုက်ပြီး..။





"အစ်မက ကလေးတွေလည်းများတယ်လေ၊ ဟိုတုန်းကဆို ဆော်တော်ကျပ်တည်းတာတဲ့၊ ကျွန်တော်ရောက်သွားတော့ ကလေးတွေ ဘအရွယ်ရောက်လို့ သူ့အလုပ်အကိုင်လေးတွေနဲ့ဆိုတော့ အတော်အ ဘန်ပြေလည်နေတယ်ပေါ့ဗျာ.."

"အင်း.."

"အလုပ်ရှိတဲ့ကလေးတွေက မိုးလင်းတာနဲ့အလုပ်သွားကြ ဘယ်၊ ပြန်လာမှဖုန်းပွတ်ကြတာ..အလုပ်မရသေးတဲ့အလတ်ကောင်နဲ့ အငယ်ဆုံးသမီး ကိုးတန်းကျောင်းသူက.."

"နေပါဦးဗျ..ဒီကိုးတန်းကျောင်းသူလေးကို ခင်ဗျားအစ်မက ဖုန်းကိုင်ခိုင်းတာလား.."

"ဝယ်ပေးနိုင်မလားဗျာ..ဒါပေမယ့် ဖုန်းကိုင်နိုင်ရုံဆိုလို့က ဆော့ သုံးလေးသောင်းနဲ့တင်ရနေတာလေ၊ ခုနကပြောခဲ့သလိုပေါ့.. ဒီလောက်ငွေက ကလေးမုန့်ဖိုးလောက်ပဲရှိတာမဟုတ်လား၊ အစ်ကိုတွေ အစ်မတွေဆီကမုန့်ဖိုးရတာ မိဘကပေးတာ..အဲ..ရှိသေးတယ်ဗျ.."

ဦးညိုကပြောရင်း သတိရသွားကာ..၊

"အလတ်ကောင်က နည်းနည်းဆိုးချင်တာထင်တယ်၊ သူက တော့ဖုန်းဝယ်ဖို့ သူ့အစ်မဆီကပိုက်ဆံခိုးတယ်တဲ့.."

"ဟင်.."

"ကျွန်တော် တော်တော်စိတ်မကောင်းဖြစ်မိတယ်ဗျာ.."

"ဒါပေါ့.."

"ဖုန်းကိုင်နိုင်တယ်ဆိုမပြီးသေးဘူး၊ ဖုန်းသုံးဖို့အတွက် ငွေ ဖြည့်ကဒ်ဆိုတာက အရေးကြီးလာပြန်ရော..အဲ့ဒါကလည်း တစ်ထောင် တန် နှစ်ထောင်တန်၊ အိုဗျာ.. ကလေးလေးတောင်ဖုန်းကိုင်နေတယ်ဆို တော့ စဉ်းစားသာကြည့်တော့.."



www.burmeseclassic.com

www.burmeseclassic.com



"အင်း..လူနေမှုအဆင့်အတန်းမြင့်တင်တယ်ဆိုတာလည်း ဂုတ်ဆွဲပြီး ကိုင်မြှောက်ပစ်လိုက်ရုံနဲ့ မြင့်မားသွားမှာမျိုးမှမဟုတ်တာ.."

"ဥက္ကဋ္ဌကြီးပြောလိုက်မှသတိရသွားတယ်၊ ကျွန်တော့်အစ ပထမဆုံးနေခဲ့တဲ့ ကျူးကျော်ရပ်ကွက်လေးမှာ လေဆင်နှာမောင်းတိုက် သွားသေးတယ်လေ.."

"ဟုတ်လား.."

ဦးညိုကရယ်ရင်း ခေါင်းညိတ်ပြကာ.. ၊

"ကြီးကြီးမားမားသေကြေပျက်စီးခဲ့တာတော့ မရှိဘူးတဲ့၊ ဒါ ပေမယ့် တဲသာသာဆိုတော့ခေါင်မိုးတစ်ခုလုံး ကျွတ်ပါသွားတာ သူတို့ အဝတ်စား စောင်ခြင်ထောင်တွေကောင်းကင်မှာ ပလူပျံသွားတာပေါ့.."

"တော်သေးတယ်..လူတွေပါမသွားတာ.."

"လူတွေရှိရင်တော့ ပါရင်ပါမှာပေါ့ဥက္ကဋ္ဌကြီးရဲ့၊ ဒါပေမယ့် သူတို့ကတံတားပြင်တဲ့နေရာမှာ တစ်အိမ်လုံးအလုပ်သွားလုပ်နေကြ တော့မရှိကြဘူး၊ လေတိုက်တဲ့အချိန်မှာ သူတို့ပြန်လာကြတာနဲ့ တိုးလို့ လှမ်းမြင်လိုက်တာလေ.."

"ဩော်.."

"အဲဒါကလေးတွေက အကြောက်အလန့်မရှိ ဘာထပြောသ လဲဆိုတော့ 'ဟာ..သားတို့သာခေါင်မိုးကြီးလိုပါသွားရင် အမြင့်ကြီး ရောက်သွားမှာကြည့်စမ်း၊ နာတယ်ကွာ..' တဲ့.."

"ဟား ဟား ဟား ဟား.."

"ဟား ဟား ဟား.."

ဦးညိုကပါ လိုက်ရယ်နေကာ၊ အားလုံးအတွက်ရေနွေးကြမ်း လိုက်ထည့်ပေးသည်။ ပြီးမှ..၊

"အဲဒါပြောတာလေ.. စိတ်ဓာတ် စည်းကမ်း အသိဉာဏ်





ဉာဏ ဘာမှမပါဘဲ ဒီဖုန်းတစ်လုံးပေါ်မှာသာ ဝင်လိုဝင်ထွက်လိုထွက် ကျွမ်းကျင်နံ့စပ်နေတာ အင်မတန်အန္တရာယ်များတဲ့ ကိစ္စကြီးဗျ.."

"ဟုတ်တာပေါ့..ခုနကလေးပြောသလိုပဲ၊ ချက်ချင်းအမြင့်ပြန် ဆက်သွားတာပဲသဘောကျနေတာ..ခြေလှမ်းလက်လှမ်းပြုတ်ကျမှာကို မမြင်ကြဘူး.."

ဥက္ကဋ္ဌကြီးက ဝန်ခံသည်။ ပြီးတော့ ခေါင်းခါလိုက် ညိတ် လိုက်နှင့်.. ၊

"ကိုညိုပြောတာမှန်တယ်၊ ကျုပ်တို့ရွာမှာဖုန်းလိုင်းချိတ်ဖို့ကိစ္စ စောက်တော်စဉ်းစားသင့်နေပြီ.."

"ဟုတ်တယ်..ကျွန်တော်တို့မှာ ရှာငယ်ပေမယ့်ငွေကြေးဆင်း ရဲကြတာမဟုတ်ဘူး၊ ခေါင်းဆောင်မယ့်လူတွေရှိသလို ဘယ်သူဖြစ်ဖြစ် ရပ်ရေးရွာရေးလက်မတွန့်ကြဘူး.."

"ဒါကြောင့်လည်း ပတ်ဝန်းကျင်ရွာတွေကအစ ကျုပ်တို့ဘက် မှာမှီခိုလာကြတာပေါ့၊ ဒီလိုပြည့်စုံညီညွတ်မှုတွေကို ပျက်စီးရာပျက်စီး ကြောင်းတော့ အဖြစ်မခံနိုင်ဘူးဗျ.."

လူကြီးတွေခေါင်းညိတ်ညီညွတ်လာခဲ့ပြီး.. ၊

"ခုန ကိုညို့အစ်မအိမ်က အခက်အခဲတွေပြောနေတာမပြီး သေးဘူးထင်တယ်.."

ဦးအောင်သိုက်ကပြန်စလိုက်မှ တခြားလူတွေကကိုညို့ကို ဆက်ပြောစေချင်သလို လှမ်းကြည့်ကြ၏။

"ဒီတိုင်းပဲပြောမရဆိုမရ ဖြစ်ရှုံတင်လား..ဘာတွေဖြစ်သေး သို့လဲ.."

"အလတ်ကောင်ကအခု ထောင်ကျနေတာတစ်နှစ်ကျော်သွား ပြီ.."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ.."

"ဟုတ်လား..မစံမှီကိုရော သူ့ကလေးအကြီးလေးတွေကိုရော သိပါတယ်၊ ရန်ကုန်ပြောင်းသွားမှ မွေးတာတွေကိုပဲမသိတာ၊ ဖြစ်ရလေ ဗျာ..ဘာများဖြစ်လို့လဲ.."

"အွန်လိုင်းမှာတွေ့ကြပြီး ချစ်သူဖြစ်သွားတဲ့မိန်းကလေးတစ် ယောက်ကို အရှုံးအမှူးဖြစ်သွားတာလေ၊ ကိုယ့်ပေါင်ကိုယ်လှန်ထောင်း သလို အဖြစ်ခံပြီးပြောရရင်တော့ မိန်းကလေးက.."

ဦးညိုစကားသံတုံ့ဆိုင်းဆိုင်းဖြစ်သွားခဲ့ပြီး.. ၊

"ကျွန်တော့်တူနဲ့ဘယ်လိုမှနီးစပ်ဖို့မရှိနိုင်တဲ့ အဆင့်အတန်း မျိုးဗျ၊ သူတို့ပြောနေကျစကားအတိုင်းပြောရရင်တော့ လိုင်းပေါ်မှာတွေ့ ပြီး အပြင်မှာတွေ့ဖို့ချိန်းကြတယ်၊ တွေ့ကြတော့နှစ်ဖက်စလုံးက လိုလား စုံမက်တာရှိသလို အပြင်မှာတွေ့ပြီးမှ 'ဟင့်အင်း' ဖြစ်သွားတာလည်း[illegible] တယ်ပေါ့.."

"အင်းပေါ့.."

"ခုဖြစ်သွားတာအဲ့ဒါပဲ..မိန်းကလေးကနောက်ပြန်ဆုတ်[illegible] ကြိုးစားတယ်၊ ဝေယံက..ဝေယံဆိုတာကျွန်တော့်တူပေါ့နော်.."

နာမည်ကိုထပ်ရှင်းပြသေးသည်။ ပြီးမှ.. ၊

"ဝေယံကတော့ အထင်ကြီးစွဲလမ်းမှုတွေနဲ့ မရမကလိုက်မယ် ပေါ့၊ အဆင့်အတန်းမတူတာကိုသိလို့ မိဘကတားပေမယ့်..တွေ့ကြ[illegible] ကြတည်းက ညားထိုက်လို့ဆုံတာ မတန်ဘူးဆိုတာမရှိဘူးဘာညာ ပေါ့.."

"ဟင်း.."

ဉက္ကဌကြီးက သက်ပြင်းချ၏။

"အတိုချုံးပြောရရင် ဝေယံကအဲ့ဒီမိန်းကလေးကို ချောင်း[illegible]





ခားနဲ့ထိုးတယ်.."

"ဟာ.."

"ကောင်လေးက.."

"ဟုတ်တယ်ဗျာ..သိပ်မိုက်တဲ့ကောင်.."

"ကောင်မလေးသေသွားသလား.."

"မသေဘူး၊ ဒါပေမယ့်ဓားချက်က ခါးစပ်တွေကျောရိုးတွေ နားမှာဖြစ်ပြီး ကိုယ်တစ်ပိုင်းသေသွားတယ်ပြောတာပဲ.."

"ဖြစ်ရလေဗျာ.."

"ဟုတ်ပါတယ်..ကျွန်တော့်တူမို့လို့ပြောရတာ ရှက်လည်းရှက် မိပါတယ်.."

"ဘယ်ဟုတ်မလဲကိုညီရယ်..ဒီလိုဆိုးကျိုးတွေ ဖြစ်မလာ အောင် ဆင်ခြင်နိုင်တာပေါ့ဗျာ..ခင်ဗျားစေတနာကို လေးစားပါတယ်.."

"လေးစားတယ်ဆိုပေမယ့် နောက်ထပ်ရှက်စရာကောင်းတာ ကိုတော့ ပြောရဦးမှာပဲ၊ အငယ်ဆုံးသော်သော်ဆိုရင်လည်း ဖေ့ဘွတ်(ခ်) မှာစကားပြောမိရင်းကနေ အပြင်မှာတွေ့ကြ ရင်းနှီးကြနဲ့ တစ်ခုလပ် ကလေးအဖေတစ်ယောက်နဲ့ အရှက်တကွဲဖြစ်ခဲ့ရှာတာ.."

"ဟာ..နှမြောစရာဗျာ.."

"ကလေးက အရမ်းငယ်သေးတော့ သူ့အဖေကိုလည်းမပြောရဲ မအေခမျာလည်းဟိုပြောမရ ဒီပြောမရနဲ့လေ၊ ဒါပေမယ့်အခုတော့ လည်းလိမ္မာသွားပါပြီ..ဘဝနဲ့ရင်းခဲ့ရတဲ့သခ်ာန်းစာပေါ့ဗျာ.."

"ဖုန်းကိုင်လိုက်တာနဲ့ ရည်းစားရဖို့အရေး တို့အရေးဖြစ်သွား တာမျိုးပေါ့..လူငယ်တော်တော်များများက ပညာဗဟုသုတရှာတာမ ဟုတ်ဘဲ..မဟုတ်တာတွေမှာအားသန်နေကြတာ.."

"ဂိမ်းစွဲပြီဆိုလည်း အဲ့ဒီကောင်ကိုလွှတ်သာထားလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



ပဲ.."

"ဘာဖြစ်လို့လဲ.."

"ဟား..ဥက္ကဋ္ဌကြီးရယ်၊ ဂိမ်းဆော့နေပြီဆို အနားမှာဗုံးကွဲရင်တောင် လှည့်ကြည့်ပါ့မလားပဲ..တကယ် ဘိန်းစားထက်ဆိုးတယ်၊ အဲ့ဒါတွေအစုံအလင် သိလာရပြီး ကျွန်တော်တွေးမိသွားတယ်ဗျ..ကျွန်တော်တို့လိုလူစားတွေကြားမှာ ဉာဏ်ကြီးရှင်စီးပွားရေးသမားတွေဟတော့သဲ့ယူစမ်းပဲ.."

"ဟုတ်တယ်..အပြိုင်အဆိုင်လျှော့ပေါ့ အလိုက်ပေးရောင်းချနေတာတွေက ကျွန်တော်တို့အိတ်ကပ်ထဲက ပိုက်ဆံကိုလာခေါ်တာဖြစ်မယ်.."

"အစစ်ပေါ့ကိုသိက်ရယ်၊ သူတို့ယဉ်ကျေးမှု သူတို့ထုံးစံနဲ့ တိုးတက်ချမ်းသာနေတဲ့ နိုင်ငံကြီးတွေကို ချက်ချင်းခုန်ထလိုက်တုလို့မရဘူး..မြန်မာလူမျိုးတွေကိုက အသက်လေးဆယ်ကျော်နေတဲ့သားကို ဆံပင်ဖြီးနေတဲ့အမေကထမင်းဘူးလိုက်ထည့်ပေးတုန်း၊ နဖူးလေးသပ်ပေးနေတုန်း.."

"ဟားး ဟား ဟား.."

"ကလေးပေါက်စ စူးစမ်းချင်တာပဲဆိုပြီး မီးကိုကိုင်ဖို့လုပ်နေရင် သူတို့ကတော့ 'ကိုင်ပစေ ပူမှန်းသိရင်နောက်မကိုင်တော့ဘူး' ဆိုပြီးကြည့်နေတာ၊ မြန်မာလူမျိုးတွေကဒီလိုမဟုတ်ဘူး.. ထမိမနိုင် ပဝါမနိုင်ကလေးခြေထောက်လိုက်ဆွဲပြီးတားမယ်၊ မီးခွက်ကိုပြေးရွှေ့လိုက်မယ်၊ ဒါမှမဟုတ်ရင်..ကလေးရဲ့လက်ရှေ့ကနေ ကိုယ့်လက်နဲ့မီးကိုကာတားလိုက်မယ်.."

"ဟုတ်တယ်၊ အဲ့ဒါမျိုး..အဲ့ဒါမျိုး.."

"ပြောရရင်တော့ ကွာခြားတာတွေအများကြီးပါပဲဗျာ၊ ကျွန်





တော်တို့လူမျိုးတွေအစဉ်အဆက်လက်ကိုင်ထားလာခဲ့တဲ့ ဝါဒကိုကစူးစမ်းတာကိုစပ်စုတယ်၊ စွန့်စားတာကျတော့အန္တရာယ်.."

"ဟုတ်ပ.."

"ဟုတ်တယ်လေ..ကျွန်တော့်အမေဆိုရင် ခုချိန်ထိမြို့တက်အလုပ်လုပ်ပါရစေပြောတိုင်း ဘယ်တော့မှလက်မခံဘူး၊ 'မစွန့်စားချင်နဲ့..ထိုင်နေတုန်းကအကောင်း ထသွားမှကျိုးနေမယ်' တဲ့၊ 'ကိုယ့်ရပ်ရွာကိုစွန့်ပြီးရေကြည်ရာ မြက်နုရာရှာဖို့ မကြိုးစားနဲ့၊ သေချင်တဲ့ကျား တောပြောင်း' တဲ့..ကဲ.."

"ဟား ဟား ဟား.."

လူကြီးတွေအဖွဲ့ကျနေတော့ လူငယ်တွေတောင်အံ့ဩပြီး လှည့်ကြည့်ကြတဲ့အဖြစ်.. ၊

ထိုစဉ် ဂုဏ်ကစက်ဘီးနဲ့ရောက်လာပြီး ဒေါ်မြတ်နွယ်ထည့်ပေးလိုက်သည့် မယ်ဇလီဖူးသုပ်တွေ လာချပေးကာ.. ၊

"ဥက္ကဋ္ဌကြီးတို့ ဒီညကင်းစောင့်ကြမယ်ဆိုလို့ အမေပို့ခိုင်းလိုက်တာ.."

"အေးကွ..ဟန်ကျလိုက်တာ.."

"ဒါဖြင့်..ကျုပ်လည်းအိမ်တစ်ခေါက်ပြန်ဦးမလို့စိတ်ကူး တာ၊ ခဏတော့ဆက်နေဦးမှ.."

ဂုဏ်ကရယ်လိုက်ရင်း.. ၊

"လိုအပ်တာရှိရင် ကျွန်တော့်ကိုခိုင်းပါ၊ အပြင်မှာခဏသွားထိုင်ဦးမယ်.."

"အေး..အေး.."

ဦးအောင်သိုက်ရဲ့အကြည့်တွေက ဂုဏ်ဝင်သွားတဲ့နေရာကိုလိုက်ပါသွားကာ.. ၊



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ရွာမှာ ဒီလိုလူငယ်တွေရှိနေတာလည်း ဂုဏ်ယူစရာပဲဗျ၊ ကိုယ့်ရပ်ရွာကိုမစွန့်ဘူး..မြို့မှာသွားလာနေထိုင်ခဲ့ပေမယ့် မပျက်စီးဘူး.."

"အင်း..ကျုပ်တူမတစ်ယောက်ကတော့ ချွင်းချက်ပေါ့ဗျာ.."

ဥက္ကဋ္ဌကြီးမျက်နှာမကောင်းဖြစ်သွားသည်၊ ထိုစကားကြောင့်အားလုံးက ဒေါက်တာပိုးဥကို တွေးမိလိုက်ကြကာ.. ၊

"အိမ်ထောင်ရေးကံဆိုတာလည်း.."

"မဟုတ်ဘူးဗျ.."

ဥက္ကဋ္ဌကြီးက လေးတွဲ့စွာခေါင်းခါလိုက်၍.. ၊

"သူအောင်မြင်နေတုန်းကတော့ ကိုယ်နဲ့ဆွေနီးမျိုးစပ်တော်တာလည်း ဂရုမစိုက်မိခဲ့ပါဘူး၊ ကိုယ်ထောက်ပံ့ကူညီခဲ့တာလည်းမရှိတော့ သူတို့သားအမိကြိုးစားအောင်မြင်နေကြတာ သူတို့အရည်အချင်းနဲ့သူတို့လေ.."

"မမှားသောရှေ့နေ မသေသောဆေးသမားမရှိဘူးဆိုတဲ့ ရှေးဆိုရိုးရှိခဲ့တာပဲဥက္ကဋ္ဌကြီးရယ်..ဆရာဝန်မကြီးဖြစ်နေရင် မမှားရဘူးဆိုတဲ့ဥပဒေလည်း မရှိပါဘူး.."

အကြောင်းသိတွေပဲမို့ မေးလည်းမမေးရက်ကြတော့ပေ၊ သို့သော် ဥက္ကဋ္ဌကြီးက ကထိန်ပဒေသာပင်ကြီးတွေဆီ ခပ်ငေးငေးကြည့်နေရင်း.. ၊

"ကျုပ်ပြောချင်တာလည်း ဒီအမှားကိုမဟုတ်ပါဘူး၊ ခုနပြောဖြစ်ကြတဲ့ဖုန်းကြောင့် ဖြစ်ရတာကိုသတိရသွားလို့ပါ.."

"ဟင်.."

"ဖုန်းကြောင့်ဆိုတော့ ဖေ့ဘွတ်(ခ်)ကနေ သူ့အိမ်ထောင်ဖက်တွေ့ခဲ့တာလား.."





"ဟုတ်တယ်.."

လို့ပြောရင်း ခေါင်းခါလိုက်ကာ.. ၊

"ဖုန်းနဲ့ဆက်သွယ်မိကြတာမှန်း သေချာကြားပေမယ့် အခုပြောနေတဲ့အွန်လိုင်းတွေ ဖေ့စ်ဘွတ်(ခ်)တွေကျုပ်သိပ်မသိပါဘူး၊ ကျုပ်သမီးလင်မယား သူတို့အိမ်မှာအဝင်အထွက်ရှိနေခဲ့လို့ သိရတာလေ၊ သူ့ထက်ရှစ်နှစ်ကိုးနှစ်ငယ်တဲ့ကောင်လေးနဲ့လက်ထပ်ခဲ့တာ အဲ့ဒီကောင်လေးကိုဖုန်းထဲမှာတွေ့ပြီး တစ်လတောင်မကြာဘဲယူခဲ့ကြတာတဲ့.."

"ဒီလိုကိုး.."

"ဘယ်သူတွေချစ်သက်ခိုင်မြဲသွားကြတယ်တော့မသိဘူး၊ သမီးတို့ပြောပြသလောက်ကတော့ အဲ့ဒီလိုနည်းနဲ့ချစ်ကြိုက်ပေါင်းသင်းကြတဲ့လူတွေတော်တော်မလွယ်တာတဲ့.."

"လွယ်ပါ့မလားဥက္ကဋ္ဌကြီးရယ်..မျက်လုံးချင်းလည်းမရင်း နှီးခိတ်ချင်းဆိုတာဝေးလို့ ဒီထဲမှာတမင်တကာရှာဖွေပြီး ရှုပ်ပွေနေတဲ့ လူငယ်တွေကပေါမှပေါ.."

"ခက်တာက တားရင်လည်းမရဘူးဗျ၊ သူတို့ကိုယ်သူတို့တော့ပြောနေကြတာပဲ..ဒီခေတ်မှာထိုင်ရာမထဘဲ ကမ္ဘာကြီးကိုငုံ့ကြည့်လို့ရနေပြီတဲ့၊ တကယ်တမ်းကျတော့ သူတို့ကကမ္ဘာကိုကြည့်တာမှမဟုတ်ဘဲ.."

"ဥက္ကဋ္ဌကြီးကလည်း.."

လူကြီးတွေရယ်သံထွက်လာကြပြန်သည်။ ခမ္မာရုံထဲက ဂုဏ်ဘို့တွေလှမ်းကြည့်မိကြကာ.. ၊

"ကြားလားဆရာဂုဏ်..လူကြီးတွေစိုပြေနေကြတာ.."

"မင်းလည်းစိုပြေချင်ရင် ကိုယ့်ခါးကိုယ်ကလိထိုးရမှာပါသား.."



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း..ကျွန်တော်ကဥက္ကဋ္ဌကြီးတို့ဝိုင်းမှာ သွားထိုင်ရကောင်းမလား..စဉ်းစားနေတာ.."

"ဟေ့ကောင်ကြွ..ဂုဏ်ဆိုမှာစွင့်တောင်းမနေနဲ့၊ ငါခွင့်ပြုတယ်.."

ဆရာကိုထူးနိုင်က ရေ့ပခုံးကိုလှမ်းတွန်းလိုက်ရင်း အပြင်ကိုမျက်လုံးရောက်သွားကာ.. ၊

"ပြောရင်းဆိုရင်း.. ဟိုမှာဒေါက်တာပိုးဥလာနေပြီ.."

ဟင်.. ၊

ကျော့ခိုင်းထိုင်နေသည့်ဂုဏ်က အံ့သြဟန်နှင့်လှည့်ကြည့်၏။ ရောက စပ်ဖြဖြမျက်နှာဖြစ်သွားကာ..၊

"အဲ့ဒါကျွန်တော်ဆီလာတာ မဟုတ်ဘူး.."

ဂုဏ်ကိုမျက်မှုံးပင့်ကြည့်၍. ၊

"အဟွန်း.."

"ဟေ့ကောင်..ပါးစပ်ဖြဲထားတာကြီးပိတ်လိုက်တော့၊ ဒါ..နောက်ပြောင်ရမယ့်အချိန်မဟုတ်ဘူး.."

"ဟုတ်ပါတယ်..ကျွန်တော်နားလည်ပါတယ်၊ တွံတေးသိန်းတန်သီချင်းထဲကလို ငါ့မှာလည်းသားတွေသမီးတွေနဲ့ နင့်မှာလည်းသားတွေသမီးတွေနဲ့.."

အသံတုလုပ်ပြီး ဟန်တွေပန်တွေလုပ်ပြတော့ ဂုဏ်လည်းမနေနိုင်ဘဲ ရယ်မိလေသည်။

ရောက ရွာခံလူဖြစ်ကာ ကိုထူးနိုင်တို့က တော့ တခြားကနေဒီကျောင်းမှာတာဝန်ထမ်းရွက်လာကြတဲ့ဆရာတွေမို့ ပိုးဥတို့ကိုရင်းနှီးကြပုံချင်းမတူ.. ၊

"ဘာတွေ သဘောတွေကျနေကြတာလဲ..ပိုးကိုလှမ်းကြည့်ပြီး





မှ ရယ်တာသိတယ်နော်.."

ပိုးဥက ဗေဒါရောင်အပေါ်ထပ်အကျႌလေးနှင့် ဆံပင်တွေကိုနောက်မှာကလစ်နဲ့ စုညှပ်ပြီးဒီတိုင်းချထား၏။

ရွာမှာနေတုန်းကထက်ပို၍ ရင့်ကျက်ပုံလေးပေါက်လာတာမျက်ခုံးထူထူလေးတွေလည်း ပိုထင်းလာသည်။ သို့သော် အနည်းငယ်ဝိန်၍ မျက်နှာညှိုးနေပုံပေါက်တာကတော့ သူမပြုံးနေပေမယ့် သိသာနေဘာပဲဖြစ်လျက်.. ၊

"ရောက ဘာဖြစ်လို့ဆည့်သည်လာလုပ်နေတာလဲ၊ ကျောင်းဆရာလုပ်နေတာချင်းအတူတူ..ကိုယ့်ရွာကကျောင်းမှာမလုပ်ဘဲနဲ့.."

"အံမယ်..နင်ကရော.."

"ငါက ဆရာဝန်တောင်မလုပ်တော့တာ.."

"ဘာ.."

ရောက အံ့သြသွားပေမယ့်၊ ဂုဏ်ကတော့ ဘာမှမမေးပေ၊ ထို့ပြင် ရွာထဲကလူငယ်တစ်ချို့ကလည်း နှုတ်ဆိတ်နေကြ၏။

ကိုထူးနိုင်ကအားလုံးကို အကဲခတ်ပြီး ဒေါက်တာပိုးဥမှာနာကျင်စရာ အခက်အခဲတစ်ခုခုရှိခဲ့တာကိုခန့်မှန်းလိုက်မိ၏။ ဒါပေမယ့် အားလုံးလိုပဲ သူနှုတ်ဆိတ်နေခဲ့၏။

"ထိုင်လေပိုး.."

ပိုးဥက ဂုဏ်ထိုင်သည့်ဘက်က တန်းလျားအစွန်းမှာ ဝင်ထိုင်လိုက်ကာ.. ၊

"အိပ်ရာဝင်ပြီးမှ မပျော်တာနဲ့.."

"ပျော်ရအောင် ဘယ်အချိန်ရှိသေးလို့လဲ.."

ဂုဏ့်စကားကြောင့် ပိုးဥကလှည့်ကြည့်ကာ.. ၊

"ကိုယ်အိပ်ချင်တဲ့အချိန်က အိပ်ချိန်ပဲလေ၊ နင်ကရော.."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ.."

"သတို့သားအသစ်စက်စက်က မြင်လိုက်ရရင်အပြင်မှာချည်းပါလား.."

"မသစ်တော့ပါဘူး.."

"ဘာရယ်.."

"အတန်အသင့်တော့ ဟောင်းနေပါပြီ.."

"ဟား ဟား ဟား.."

"ဟား ဟား ဟား.."

အားလုံးရယ်တော့ ပိုးဥကပါရယ်ကာ၊ မီးရောင်အောက်မှာ ကော့ထင်းနေသည့် နှာတံနှင့်မျက်ခုံးထူထူတို့ကို ပိုင်ဆိုင်သောဂုဏ့်မျက်နှာကိုစိုက်ကြည့်၏။ ပြီးတော့ နှုတ်ခမ်းလေးမသိမသာမဲ့ကာ.. ၊

"တော်တော် ချစ်တဲ့ပုံပဲ.."

"ဘာလဲ..အရင်းမရှိ အဖျားမရှိ.."

"အရင်းအဖျားရှိရှိ မရှိရှိ ငါပြောတာနင်သိဖို့ပဲလိုတာ.."

ဂုဏ်နဲ့ပိုးဥတို့က ဟိုတုန်းကရင်းနှီးခဲ့ကြတဲ့အတိုင်း.. ၊

"ငါအံ့သြနေတာ ဟိုအရင်ဆို 'အဲ့ဒီကောင်မလေးသိပ်ဆိုးတာ' လို့ပြောပြီး ရှုံ့မဲ့နေတဲ့မျက်နှာကြီးက.."

ပြောပြီးအသံတိတ်ကြည့်နေတော့ ဂုဏ်ကမချိုမချဉ်မျက်နှာနှင့် ပခုံးတွန့်၍.. ၊

"ဘာဖြစ်လို့လဲ..ကိုယ့်မျက်နှာကိုယ်ဘယ်လိုနေနေမရဘူးလား.."

"ဟုတ်တယ်လေ..မင်းမျက်နှာကသိသာနေတာကိုး.."

ရောကပြောလိုက်ရင်း ကိုထူးနိုင်ကိုလှည့်ကြည့်ကာ.. ၊

"ဆရာထူးတောင်သိတယ်၊ ဟုတ်တယ်မို့လား..ပြောလိုက်





မ်းပါဆရာရဲ့လုပ်ပါ.."

ကိုထူးနိုင်ကရယ်ကာ.. ၊

"မင်္ဂလာဆောင်ပြီးမှ လမ်းပေါ်မှာချည်းရှိနေရတဲ့အကြောင်း ရင်းကိုပြောပြချင်ပါတယ်၊ ဒါပေမယ့် သူ့ချာတိတ်မလေးက ခြေဆင်းငို စိုးလို့ ကြောက်လန့်ပြီးအနားမကပ်ရဲတာတွေ မပြောတော့ပါဘူး.."

"မင်းနော်.."

"ဟော..တွေ့လား၊ ပြောမပြောဘဲနဲ့တောင် လူကိုမဲနေပြီ.."

ယောကျ်ားချင်းပြောနေကြတာတွေကို နားထောင်ရင်းပိုးဥက ာကိုနားလည်သွားသည်မသိ.. ၊

"အဲ့လိုတွေဖြစ်နေတာလား.."

"ဟာ..အလကားလျှောက်ပြောနေတာ.."

ညာနေသည့်ဂုဏ့်မျက်နှာကြီးက မီးရောင်အောက်မှာ အနီရောင် ခမ်းနေလျက်.. ။

"ဘာမှန်းမသိဘဲ လျှောက်ပြောနေတာ.."

"ဘာလို့မသိရမှာလဲ၊ မင်းပဲ..တစ်နေ့တစ်နေ့ညည်းညူနေ ာလေ.."

"အဲ့ဒါက ပပအကြောင်းနင်လည်းသိသားပဲ.."

ကိုထူးနိုင်တို့ကိုရှင်းမနေတော့ဘဲ ဂုဏ်ကပိုးဥဘက်လှည့်

"ဟိုတုန်းကပုံစံအတိုင်းပဲ၊ ဘာမှကိုပြုပြင်နိုင်းတာမရဘူး.."

ဒီနေရာကျမှ စိတ်ညစ်သည့်မျက်နှာက သိသာစွာမဲ့နေလျက်..၊

"အဲ့ဒါကိုညစ်နေတာ.."

"ဂုဏ်ရယ် 'ချစ်ကြောက်ရှိသေ' ဆိုတာနင်မကြားဘူးလား၊ ာမချစ်တာထက် ကြောက်မှုရှိသေတာ ရှိသေလေးစားရင်းကနေ



www.burmeseclassic.com

www.burmeseclassic.com



ချစ်လာကြတာ၊ နင်တို့ကချစ်မှမချစ်ကြတာ..ပြီးတော့ ရှိသေလေးစား လည်းမရှိ..”

“ဘာလဲ..ငါက တုတ်တစ်ချောင်းနဲ့မေးမေးပြီး ရိုက်ပေးရမှာ လား..”

“ဒါကတော့ နင့်အရည်အချင်းပဲလေ၊ ငါတို့ကတစ်အိမ်တည်း နေလာရတော့ ပပအကြောင်းသိတယ်၊ မိကောင်းဖခင်သားသမီးပီသ နေတာလေးကလွဲရင် ပပကအရမ်းဆိုးတာ..”

ပြောချလိုက်ပြီးမှ အားနာသလိုဖြစ်သွား၏။ ပြီးတော့ အနား မှာရှိနေကြသည့်ယောကျ်ားတွေရှေ့မှာ အတင်းပြောမိသလို ဖြစ်သွားတာ ကိုတွေးပြီး.. ၊

“ငါပြောချင်တာက အလိုလိုက်ခံထားရတဲ့ကလေးတိုင်း ဒီလို ပဲဆိုတာကိုပါ၊ ဒါကိုနင်ကမိဘလက်ထဲမှာအတိုင်းသိပ်အလျှော့မပေးနဲ့ လေ..”

“နင်ကပြောတော့ လွယ်တယ်၊ ငါကသာသူ့ကို..”

ပြောလက်စက ရှေ့မဆက်တော့ ပိုးဥကပြုံးသည်။ အားလုံး ပြုံးစိစိဖြစ်ကုန်ကာ၊ ကိုထူးနိုင်က.. ၊

“ဆက်ပြောပါ၊ ကိုယ့်မိန်းမကိုယ်ချစ်တာ ရှက်စရာမဟုတ်ပါ ဘူး..”

“ရှက်မှာပေါ့ဆရာရယ်၊ ပြောခဲ့တုန်းကဆင်ဖမ်းမယ်..ကျား ဖမ်းမယ်နဲ့လေ..”

“လျှောက်မပြောနဲ့ရော၊ ငါမပြောဘူး..”

“ဟုတ်လား..ဒါဆို နင်သူ့ကိုချစ်နေပါတယ်ဆိုတာ အခော ကြီးတည်းက ဝန်ခံခဲ့တာပေါ့..”

ပိုးဥက ချက်ချင်းကောက်မေး၏။ ဆံပင်သပ်ရင်း ရယ်မော





သည့်ဂုဏ့်မျက်နှာပေါ်က ရယ်မြူးရိပ်တို့ကြောင့် နူးညံ့ချောမွေ့နေခြင်း သည် ပိုးဥအတွက်ရှားပါးပုံရိပ်တစ်ခုလိုပင်.. ၊

သူမကိုချစ်ပါသည်လို့တဖွဖွပြောပြီး စာတွေလိုက်ပေးဖူး သည်။ အိမ်ခေါင်ရင်းလမ်းကြားကနေ သူငယ်ချင်းတွေနဲ့ အုပ်စုဖွဲ့၍လာ ချောင်းနေတာ နေ့စဉ်ညတိုင်း.. ၊

စာလိုက်ပေးတဲ့ခေတ်မဟုတ်ပေမယ့် ရည်းစားစာပေးခြင်းကို ဝဲ ရင်ခုန်ကြတဲ့အရွယ်ပါ..၊ အိမ်နားမှာတရစ်ဝဲဝဲလုပ်နေပေမယ့် အဲ့ဒီ ကောင်လေးက ပိုးတို့ရဲ့သူငယ်ချင်းပဲဖြစ်နေပြန်ရော.. ၊

“ဂုဏ်ရယ်..နင်မရှက်ဘူးလား၊ ကိုယ့်သူငယ်ချင်းချင်းစာ လိုက်ပေးရတယ်လို့..”

“ငါမှသူများကိုမပေးရဲတာ၊ ဟဲ..ဟဲ ကိုယ့်သူငယ်ချင်းချင်းဆို တော့ ပြဿနာမတက်တော့ဘူး” တဲ့...၊

ငယ်သေးတဲ့အချစ်မို့ ငယ်ငယ်တုန်းက မူလတန်းဖတ်စာအုပ် ထဲမှာပဲ ကျန်ရစ်ခဲ့တာလား.. ၊

ထိုစဉ်ကတော့ ပပကိုကြည့်မရပါဘူးလို့ သူပဲပြောခဲ့တာ..၊

“ပပလျှောက်ပြောနေတာတွေကို နင်မယုံနဲ့နော်၊ အဲ့ဒီကောင် မလေးက သူ့ကိုငါစာသင်ပေးနေတည်းက မကြည်တာ၊ သူနဲ့တည့် အောင်ပေါင်းချင်ရင် စာမရလည်းပြုံးနေလိုက်မှ အပြစ်ရှိလည်းခေါ်လေး တို့ကို မတိုင်မှပဲရမှာ.. ငါကလည်းလုံးဝလျှော့မပေးနိုင်ဘူး..”တဲ့..၊

ဟိုတစ်ချိန်တုန်းက အမုန်းခံပြီးခေါက်ထစ်ရိုက်ပုတ် သင်ပြ ခဲ့တာတွေက ပပကိုတကယ်ချစ်လို့ပဲပေါ့.. ၊

ပိုးဥမျက်နှာပေါ်ကအပြုံးတွေမှာ နားလည်ခြင်းတွေနဲ့ဖြစ်ကာ ကိုယ့်အဖြစ်အတွက် တရားရခြင်းဆိုလည်းမှန်၏။ သူမဘဝကသာ မြင့် မားစေသောလမ်းကို လျှောက်နိုင်ခဲ့ပေမယ့် မေတ္တာစစ်ကိုတော့ ရခဲ့ဘဲ..၊



www.burmeseclassic.com

www.burmeseclassic.com



"မေးတာကိုဖြေစမ်းပါ၊ နင်ပပကိုဘယ်တုန်းတည်းကချစ်နေတာလဲ.."

ထပ်မေးတော့ ဂုဏ်က မျက်မှောင်ကုတ်ကြည့်ကာ.. ။

"ဘယ်တုန်းကချစ်တာ..ဘာကြောင့်ဆိုတာပြောရခက် တယ် နင်ကရော.."

"ဟင့်အင်း..ငါ့ကိုမမေးပါနဲ့၊ ငါ့အတွက်မေတ္တာရေးက ဖျက်ရာဗလပွနဲ့ စာမျက်နှာတစ်ခုပဲ.."

ဂုဏ်မျက်နှာမှာ စိတ်မကောင်းဟန်ဖြစ်သွားခဲ့ပြီး..၊

"ဆောရီး.."

"မလိုပါဘူး..ငါမေးတာပဲဖြေပါ.."

"ဘာဖြစ်လို့ ဒီလောက်သိချင်နေတာလဲ.."

"နင်ကရော..ဘာဖြစ်လို့မဖြေချင်ဖြစ်နေတာလဲ.."

"မဖြေချင်တာမဟုတ်ဘူး၊ ငါ့ကိုယ်ငါတောင်မသိတာ ဘယ်လိုလုပ်ရမလဲ.."

"မင်းကလည်းကွာ..လေဝဲနေတဲ့စွန်ကျနေတာပဲ၊ ဂွမ်းထိုးထွေးနေလိုက်တာ၊ ပြီးတော့လည်း ဒီကြိုးတစ်ချောင်းပေါ်မှာပဲ ချစ်ရင်ချစ်တယ်ပေါ့.."

"အေးလေကွာ၊ သူနဲ့အတူတူနေချင်တာ..သူဆိုးသမျှသည်းခံနိုင်တာ သူ့အတွက်စိတ်ပူနေရတာတွေက ချစ်လို့မဟုတ်ရင်ဘာလဲ.."

"သိရင်လည်း မမေးနဲ့လေ.."

"ငါကတော့ မသိလို့မေးတာပါ၊ ပြီးတော့..ထင်ကိုမထင်ခဲ့တာ.."

ဇ

ပိုးဥကဝန်ခံသည်။ ပြီးတော့ သူမမျက်ဝန်းတွေကိုဘေးမှာရှိနေသည့် ထူးနိုင်တို့တောင်အကဲခတ်မိနေကာ၊ သူမနှုတ်ဆက်ပြီးပြန်





သွားတော့မှ.. ။

"မင်းတို့ကဘာလဲ..ဖောက်လမ်းရှိခဲ့တာလား.."

"မရှိ.."

"ရှိတယ်ဆရာထူး..ယယ်ယယ်ကလေ၊ အဟွန်း..ဆယ့်ခြောက်နှစ်သားရည်းစားထားတော့ ဘာဖြစ်ဆိုလား.."

"ဇရာ.."

"ဒါပေမယ့် ရည်းစားတော့မဖြစ်ခဲ့ဘူးလို့ပြောမလို့ပါ၊ ဒါပေမယ့်မင်းကတော့အသည်းအသန်လိုက်ခဲ့တာပဲလေ.."

"ဒီလိုလား.."

ကိုထူးနိုင်ကခေါင်းညိတ်လိုက်ကာ.. ။

"ဘာဖြစ်လို့လဲ..ဒေါက်တာပိုးဥကပြန်မကြိုက်တာလား.."

"ဘာရယ်လည်းမဟုတ်ပါဘူးကွာ.."

မတတ်သာတော့လည်း ရှေးဟောင်းနှောင်းဖြစ်လေးတွေ ပြောမိကြကာ.. ။

"ကျွန်တော်အလကားနောက်နေတာပါ၊ ဒီလိုဆရာထူးရေ..လူငယ်ချင်းအစအနောက်သန်ရင်း ရည်းစားဖြစ်ကြည့်ဖို့ကြိုးစားကြတာလေ၊ ပိုးရဲ့အမေကမြို့မှာဆိုရင်တော့ အထည်ကြီးပျက်ပေါ့၊ ရွာမှာပြေခြေလည်လည်ကနေ ပပတို့အိမ်မှာနေရတဲ့ဘဝကိုရောက်ပေမယ့် မာနအခဲကြီးကြီး.."

သမီးကိုမြို့ကသူဌေးနဲ့မှ သဘောတူမည်ဆိုသည့်ဝါဒနဲ့ဖြစ်သည်။ လူငယ်ချင်းချိတ်တိတ်တိတ်ဖြစ်ကြတော့ ဒေါ်မြတ်နှယ်တို့က သည်းကိုယ့်သားကိုထိန်းသိမ်းကြ၏။

"သူ့အမေကအလှမ်းကျယ်တယ်သား..ပိုးဆီကိုသွားတာလာ ဘာဆင်ခြင်နေဘ်၊ တော်ကြာ..ကြီးကြီးကျယ်ကျယ်တွေပြောလာရင်



www.burmeseclassic.com

www.burmeseclassic.com



အမေတို့ကလည်းခံမှာမဟုတ်ဘူး၊ မမနုတို့နဲ့မျက်နှာပျက်ရမယ့် အခြေ အနေတွေဖြစ်ကုန်ရင်မကောင်းဘူး.."

သားရှင်ကဤသို့ရှိသလို၊ ပိုးဉရဲ့အမေကလည်းခွင့်မပြု-

"ဂုဏ်ကသမီးကိုချစ်ရေးဆိုနေတာလား၊ မကြိုက်နဲ့နော်သမီး ရွာနားကမြက်ရွာနွားမစားဘူးတဲ့..သူတို့ကအရမ်းချမ်းသာတာ၊ ဒီဝ န်းကျင်မှာ သူတို့နဲ့မနုတို့ကမျက်နှာဖုံးပဲ၊ အချင်းချင်းတော့ အထင် သေးမခံနိုင်ဘူး..ငါ့သမီးရုပ်ရည်နဲ့ဆို မင်းကတော်ဖြစ်နိုင်ပါတယ် ပညာသာကြိုးစား.."

ဤသို့ရှိခဲ့ကြရာ.. ၊

"ဒါဆိုလူကြီးတွေမတားဆီးခဲ့ရင်တော့ ဇာတ်လမ်းဖြစ်သွား မယ်သဘောရှိတာပေါ့နော်.."

"တော်ပါကွာ..ဒီလောက်လည်းမခွဲနိုင် မခွာရက်မဖြစ်ခဲ့ကြပါ ဘူး၊ မင်းတို့လျှောက်နောက်မနေကြနဲ့..ကိုယ့်အိမ်ထောင်တွေနဲ့ကို ဖြစ်ကုန်ကြပြီနော်.."

"ဟုတ်ပါပြီ၊ မင်းလည်းအစုညဉ့်နက်တဲ့အထိထိုင်ပြီး ဘာ လုပ်နေတာလဲ.."

"မသိဘူးလားကိုထူးရာ၊ ပပတံခါးဖွင့်မပေးလို့နေမှာပေါ့.."

"မလိုဘူးဟောကောင်..ငါ့မှာခြံသော့ရော အိမ်သော့ရောပါ တယ်.."

သော့တွေထည့်ထားသည့် အိတ်ကိုပုတ်ပြတော့ရောမျက်နှာ ရှုံ့မဲ့သွားကာ.. ၊

"ခြံသော့တွေ အိမ်သော့တွေဖွင့်လိုက်တာနဲ့ ပပအခန်းအ ရောက်သွားရောလား.."

"သေနှာ.."





သူတို့တွေဟားခနဲထရယ်ကြစဉ် လူကြီးဦးအောင်သိုက်တို့ ဆီမှ ခေါ်သံပျံ့လွင့်လာကာ.. ၊

"ဂုဏ်ရေ.."

"ခင်ဗျာ.."

ဂုဏ်ပျာပျာသလဲထရပ်လိုက်ကာ၊ လူကြီးတွေဆီ လျှောက် သွားလျှင် ရောတို့ကလည်း လှမ်းကြည့်ပြီး နားစွင့်နေကြ၏။

"မနက်ဖြန်ကမုတ်ရှာဘက်ကို အလှူခံထွက်ကြလိမ့်မယ် ကွ.."

"ဟုတ်ကဲ့..ကျွန်တော်တို့ပါလို့လား.."

"မပါပါဘူး..မင်းတို့ကကျောင်းချိန်ရှိနေတာကို ဒါကိုထည့် တွက်ပါဘူး၊ ပြီးတော့ ပပကိုလည်း.."

"သူ့ကိုတော့ ဒီတစ်ခါထည့်လို့မရဘူးထင်တယ်.."

"အေး..ငါတို့သိပါတယ်၊ ဒါပေမယ့်..အင်း.."

ဦးအောင်သိုက်က ခေါင်းတစ်ချက်ပွတ်ပြီး ပြောရခက်နေဟန် ဖြင့်.. ၊

"လှူငယ်တွေကလည်း ပပမပါရင်ဘယ်သူမှ မတက်ကြဘူး တဲ့.."

"ဒါဖြင့် ကျုပ်ပြောမယ်ကိုသိုက်.."

ဥက္ကဋ္ဌကြီးက ကြားဝင်ပြောပြီး ဂုဏ့်ကိုကြည့်ကာ.. ၊

"ကမုတ်ရှာကို နောက်တစ်ဖွဲ့လွှတ်မယ်..လူငယ်တွေကိုရွေးပြီး ဘက်လွှတ်ဗျာ၊ ချောင်းရိုးလေးပဲခြားတာ ပြီးတော့..အဲဒီမှာတို့ဘက်က ရွာသူရွာသားတွေ အိမ်ထောင်ကျနေကြတာအများကြီး စိမ်းတာမှမ ဟုတ်ဘဲ.."

ပပက မပါမပြီးသည့်ရှာဆော်ကြီးဖြစ်နေသဖြင့် ဂုဏ်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ညစ်သွားမိသည်။ ဒီလိုပျော်ပွဲရွှင်ပွဲရက်တွေဆို ရွာတိုင်းမှာဒီလိုပဲမို့ ဒီ
ထက်ပိုပြောလို့လည်းမကောင်း.. ။

"အဲ့ဒါကောင်းတယ်၊ ပွဲလမ်းသဘင်ကျရင် ဘယ်သူ့ဇာတ်ငှား
ပါ ဘယ်မင်းသားကိုငှားပါနဲ့၊ သူတို့ပဲစုပြုံတောင်းဆိုကြတာ.."

ရောတို့ကလည်း ထလာကြည့်ရင်းပြောလိုက်ကြကာ..၊

"သူတို့ဆီအလှူခံဝင်လိုက်တာနဲ့ ပိုက်ဆံလေးနည်းနည်း
ထည့်ပြီး တောင်းဆိုလိုက်ကြတာမနည်းဘူး၊ အလှူငွေများများရဖို့
လိုကိုလိုတာ.."

"ကိုထူးရေ..ဂုဏ်ကိုတော့ ကိုအေးခိုင်တို့ ဝိုင်း'မ'ကုန်ကြပြီ"

ရောက ကိုထူးနိုင်ကိုကပ်ပြောပြီးရယ်သည်။ ကိုထူးနိုင်က
ခေါင်းညိတ်၍.. ၊

"မိန်းမကိုစိတ်မချလို့ဖြစ်နေတဲ့ မျက်နှာကြီးကိုကြည့်ပါဦး
ဟား ဟား ဟား.."

သူတို့ရယ်သံထွက်လာမှ ဂုဏ်ကလှည့်ကြည့်၏။

"ဟား ဟား ဟား.."

မျက်လုံးချင်းဆုံကာမှ ရောကတဟားဟားရယ်ချလိုက်ကာ..

"ရယ်ချင်တာလေးတော့ ခွင့်ပြု.."

လို့ခွင့်တောင်းနေတာ အသည်းယားဖွယ်အတိ.. ။

"ဂုဏ်ရေ.. တစ်ခုတော့စိုးရိမ်တယ်နော်၊ ငါတို့နောက်နေ့ရော
ဆို အလုပ်ရှုပ်ခံပြီး ခုလိုအေးဆေးစကားပြောချိန် ရမှာမဟုတ်တော့
လို့.."

"ဘာလဲ..ဦးလေးသိုက်.."

"အေး..တခြားမဟုတ်ဘူး၊ သူနိုးကြီးညကျရင်တော့ ပင
မင်းဂရုစိုက်ရမယ်.."





နှစ်တိုင်းပပတို့သောင်းကျန်းတာကိုတစ်ရွာလုံးမခံနိုင်..၊

"အဲဒီညမှာပြောဆိုတားမြစ်လို့ မကောင်းတဲ့အလုပ်တွေ
လျှောက်လုပ်ပြီးကလေးတွေကသိပ်ကဲတာ.."

"ဟုတ်ကဲ့ပါ ဒီနှစ်တော့မဖြစ်စေရပါဘူး.."

အာမခံလိုက်ရပေမယ့် ခေါင်းတော့ကုတ်မိသေးသည်..၊

မယားမကောင်းတော့ယောကျ်ားခေါင်း..လို့ဆိုရိုးတစ်မျိုး
ထပ်တိုးရမလိုလို.. ၊

¤ ¤ ¤ ¤



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၀)

"အမေ..ပပတို့ရော.."

"သွားကြပြီ.."

"ကျွတ်.."

စိတ်ညစ်သွားတာပြစရာတောင်မရှိ.. ။

ညတည်းက သူပြန်ရောက်လာပြီး ဘာမှတောင်မပြောဘဲ နေခဲ့သည်။ မနက်လာခေါ်ကြရင် ပပအိပ်ရာထဲက ကုန်းရုန်းထရင်း ရေပြေးချိုးအကျီလဲမှာတွေ လျှပ်စီးလက်သလိုလုပ်နေရင် သူနိုးလာမှာပဲဖြစ်သည်။

ထိုအခါကျမှ ရှောင်ရန်ဆောင်ရန်တွေပြောပြပြီး တင်းကျပ်လွှတ်လိုက်မလို့.. ।

"မေကျော်နဲ့ဖိုးခွေးတို့ပါသွားကြတာလား.."

"မေကျော်ပါမသွားဘူး၊ ဖိုးခွေးကလည်းအစောကြီးထပြီး ဈေးကားသွားစောင့်တယ်..နေ့လည်မှပြန်ရောက်မှာကို.."

"အမေရာ..အဲ့ဒီကောင်မလေးကိုတစ်ယောက်တည်းထည့်လွှတ်လိုက်ရလား၊ ခုနပြောတော့ သွားကြပြီဆိုပြီး.."

"သားရယ်..သွားကြပြီဆိုတာက လာခေါ်ကြတဲ့အဖွဲ့တွေနဲ့ အတူထွက်သွားကြတာလေ၊ မင်းဘာဖြစ်နေတာလဲ..စိမ်းလဲ့ကပြော





တော့ ကိုအောင်သိုက်ကမင်းကိုပြောပြီးပြီတဲ့..လူကြီးတွေကအဲ့လိုမှာလိုက်တာကို ထည့်လွှတ်လိုက်တာပေါ့.."

ပြောနေရင်း ဒေါ်မြတ်နွယ်ကဂုဏ့်နားရောက်လာကာ..၊

"မဟုတ်ရင်လည်း ဒီလိုပွဲလမ်းသဘင်ရက်မျိုးမှာ တစ်ရွာလုံးအင်တိုက်အားတိုက်လုပ်ရှားနေကြတာ ပပကိုအိမ်မှာ ဝှက်ထားလို့ကောင်းပါ့မလား.."

"သိတယ်..ဝှက်ထားလည်း မယ်ပပထရုံဖြတ်ထွက်မှာ.."

ဒေါ်မြတ်နွယ်ကရယ်နေကာ၊ ပပမနက်ကထွက်သွားပုံလေးကိုမြင်ယောင်သွား၏။

"ကိုကို မနိုးခင်သွားမယ်၊ နင်တို့တိတ်တိတ်နေကြစမ်းပါ.."

"မေမြတ် ကိုကို့ကိုသွားမနိုးနဲ့ဦးနော်.." စသဖြင့်ပျာယာခတ်ပြေးလွှားထွက်သွားခဲ့ပုံ..၊

"နေပါဦး၊ သားကဘာဖြစ်လို့ ဘုရားခန်းထဲသွားအိပ်နေတာလဲ.."

ခြေလှမ်းပြင်နေကာမှ ဒေါ်မြတ်နွယ်အမေးကြောင့် တုံ့နေးသွားမိသည်။ ဒါပေမယ့် ဘာမှမဖြေနိုင်ဘဲ အကြံအိုက်နေစဉ်.. ।

"အမေသိတယ်..မင်းတို့ခုချိန်ထိ လင်မယားမဟုတ်ဘူးဆိုတာ.."

ဂုဏ့်မျက်နှာရှက်ကိုးရှက်ကန်းနီမြန်းနေလျက်..၊

"ဟုတ်ဟုတ် မဟုတ်ဟုတ်အမေရာ..ကျွန်တော်တို့ချင်း နားလည်မှုရချင်လို့ တမင်နေကြတာပါ.."

"အင်း..အင်း.."

အမေရဲ့လိုက်တာလား တကယ်လက်ခံတာလားလှည့်မကြည့်မိတော့ပေ၊ သူရေချိုးဖို့ထွက်လာခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ ပပတို့က ရွာကမထွက်ခင် မုန့်ဟင်းခါးဆိုင်ဝင်ပြီး စားသောက်ကောင်းနေကြတုန်း.. ၊

"ပိုက်ဆံရှင်းမယ်.."

"စိမ်းလဲ့နဲ့ပပ.."

"အံမယ်..ငါ့ကိုခေါင်းစဉ်တပ်စရာလား.."

"ပပ.."

"ငါတစ်ယောက်တည်းပေးရမယ်အားကြီး..စောင့်နေ.."

"ဟုတ်တယ်..ကိုယ်စားတာကိုယ်ရှင်း.."

"ဟုတ်တယ်..ငါကတစ်ပွဲပဲ.."

"ငါကအကြော်နှစ်ခုနဲ့.."

"ဒါက်မဟုတ်သေးပါဘူးဟာ..ခေါင်းဆောင်တဲ့သူကရှင်းရမှာပေါ့၊ အရင်တစ်ခေါက်ကလည်း ပပရှင်းတာပဲ.."

"အရင်တစ်ခေါက်ကငါကဖိုက်ဆာလို့ မဆာပါဘူးဆိုတဲ့လူတွေကို ခေါင်းဆောင်ခေါ်ရတာလေ.."

"ကဲပါဟာ..ဒီတစ်ခါငါတို့ကလူတွေပိုများတယ်၊ စားကြတာလည်းနှစ်ပွဲ သုံးပွဲထပ်တာတွေချည်းပဲ၊ ကိုယ်စားတာကိုယ်ရှင်းလိုက်ရင် ပြီးတာပဲ.."

"ငါ့မှာတကယ်မပါတာ.."

"ငါ့မှာလည်း နှစ်ရာပဲပါတာ၊ အကြော်နှစ်ခုနဲ့နှစ်ပွဲစားပြီးပြီ.."

ပပက နေရာမှဘေးထွက်ရပ်ကာ..၊

"ပိုက်ဆံမပါတဲ့လူဘယ်နှစ်ယောက်လဲ.."

မပါတဲ့လူတွေ ဟေးခနဲအော်ကာ ပပဘက်မှာသွားရပ်ကြ၏။

"ဒီးလိုပဲ ပိုက်ဆံလေးပါတာကုန်ပါပြီ.."

"ဒီမှာကိုသောကြာ.."





"ဘာတုံး.."

"စကားပြောရင်း တိုင်းလားထွာလားတွေမပါစေနဲ့၊ ဘယ်နှစ်ပွဲစားလိုက်လဲပြော.."

စိမ်းလဲ့က ဒါတော့သူမတာဝန်ယူဖို့ ပြင်ဆင်လိုက်ရင်း.. ၊

"ကိုသောကြာနဲ့ဘယ်ကျော်တို့နှစ်ယောက်စားတာ ငါရှင်းလိုက်မယ် ပပ.."

"အေး..ပြီးရော.."

ပိုက်ဆံရှင်းပေးမယ့်လူတွေက အဆင်ပြေသွားကြပေမယ့် ကိုသောကြာကိုဝိုင်းစနေကြတာ ဆူညံနေကာ.. ၊

"လူသာပိန်တာ မုန့်ဟင်းခါးကျတော့ နှစ်ပွဲနဲ့အကြော်သုံးခု.."

"မင်းတို့ကျတော့ မစားလို့လား.."

"ကျုပ်တို့ဗလကိုလည်း ကြည့်ဦးလေ.."

"ဒီမှာသောကြာ..ဟွန်း.."

တစ်ယောက်က အင်္ကျီလက်မောင်းစလိပ်တင်ကာ ဗလပြပြီး ကြွားသည်၊ သောကြာကလူကြီးလူငယ်အားလုံးရဲ့ စနောက်စရာလူတစ်ယောက်ဖြစ်နေခဲ့လျက် ထို့ကြောင့်လည်း ဒေါသကြီးသည့်သောကြာဖြစ်ခဲ့တာထင်သည်။

မပြည့်စုံသည့်သူ့ဘဝဖြစ်စဉ်အတွက် ရယ်စရာလုပ်နေကြသေ သောကြာရဲ့မကျေနပ်ခြင်းက အဆုံးမဖြစ်ခဲ့ရလေ.. ၊ထို့ပြင်ဆဲရေးတိုင်းထွာခြင်းအဝဝကိုလည်း ရွာသားတွေက နားကျင်ဖွယ်လို့မမှတ်ဘော့သည်ရှိရာ.. ၊

"ကိုသောကြာ..ခင်ဗျားဥစ္စာပြ.."

"ဘာကွ.."

အလျှုခံပြန်လာကြတော့ လေ့စောင့်နေကြစဉ် ကိုယ်ကိုင်ထား



www.burmeseclassic.com

www.burmeseclassic.com



သည့် ဖလားထဲကပိုက်ဆံလေးကို ငုံ့ကြည့်လိုက် ကိုင်ကြည့်လိုက်နှင့် စိတ်မှန်းနဲ့ရေတွက်ကြ၏။

နည်းတဲ့သူကတော့ တစ်ထိုင်တည်းနဲ့ရေတွက်ကြည့်ကာ..

"သောကြာကငါ့ထက်နည်းပါတယ်၊ ငါတောင်နှစ်ထောင့်ရှစ်ရာတည်းရတယ်.."

"ဦးမို့လို့နည်းတယ်ပြောတာလား၊ ဒီမှာနှစ်ရာတန်တွေပါတယ်ကွ.."

"ဒါဆိုပြလေ..ခင်များကိုယ့်ဥစ္စာကိုယ်ဖိကပ်ထားတည်းက သေချာတယ်၊ နည်းနည်းလေးဆိုတာ.."

"မနည်းဘူးကွ.."

"နည်းတယ်လုပ်လိုက်.."

"ဟာ..ဒီသူတောင်းစား၊ ဦးလိုလို မှိုလိုလိုနဲ့..လာကြည့်လာ ဒီမှာ.."

"ဟား ဟား ဟား ဟား.."

ကြည့်လိုက်တော့လည်း ထောင့်ရှစ်ရာတည်း.. ၊

"ဟော့..မင်းတို့နော်.."

"ကိုသောကြာ.."

သောကြာစကားမဆက်နိုင်အောင် ပပအသံကဟိန်းထွက်သွားကာ.. ၊

"စကားပြောရင် အဲ့ဒါမပါဘဲမပြောနိုင်ဘူးလား.."

"သူတို့ကစနေတာပါ့ရော.."

"သူများတွေရှင့်လိုပဲ အဲ့ဒါထည့်ပြောကြတာကြားလား.."

"ငါ့ကိုအဲ့လိုပြောအောင် သူတို့ပဲစတာ.."

"အခု ပပပြောမယ်၊ တော်ကြာလှေရောက်လာရင် ဒီကနေစွ





ဘက်ကမ်းထိ ဘယ်လောက်မှမကြာဘူး၊ လှေပေါ်စတက်တည်းက ဆင်းတဲ့အထိ အဲ့ဒါမပါဘဲနေနိုင်ရင် ပုဆိုးတစ်ကွင်းပေးမယ်.."

"ပုဆိုး.."

သောကြာမျက်လုံးတွေ လင်းလက်သွားသည်၊ လှမ်းကြည့်လိုက်တော့ ချောင်းရိုးကအော်ခေါ်ရင်တောင် ကြားနေရသည်။

ဒါပေမယ့် ရေထဲထိခြုံတွေဆင်းပေါက်နေတာကြောင့် တည့်တည့်ဖြတ်ကူးလို့မရသဖြင့် နည်းနည်းတော့စုန်သွားရသေးသည်။

"ဘယ်လိုလဲ..တစ်ခုတော့ရှိတယ်နော်၊ ရှုံးရင်တော့အခုဝတ်လာတဲ့ အကျႌကိုချွတ်ပေးရမှာ.."

"ဘာ.."

သောကြာက သူ့အကျႌကိုပြန်ငုံ့ကြည့်ကာ.. ၊

"ဒါငါ့အကျႌမဟုတ်ဘူး၊ ကိုပိုက်ဆီကငှားဝတ်လာတာ.."

"ဘာဖြစ်ဖြစ်လေ..သဘောမတူရင်မလောင်းနဲ့ပေါ့.."

ပပက မေးဖျားလေးပင့်၍ ဂရုမစိုက်သလိုလုပ်နေသဖြင့် သောကြာချီတုံချတုံဖြစ်နေဆဲ.. ၊

"သောကြာ..မင်းမလောင်းရဲဘူးလား.."

"လောင်းရဲမလား၊ သူ့အဲ့ဒါမပါရင်..ပြောမှမပြောတတ်တာ.."

"ပြောတတ်တယ်ဟေ့.."

သောကြာ အကျယ်ကြီးထအော်သည်။

"လောင်းမယ်..ငါနိုင်ရင်ပုဆိုးတစ်ထည်တကယ်နော်.."

လှေရောက်လာတော့ အလောင်းအစားစတင်ဖို့ ပပကတိုက်ပင်းခေါ်သည်။ အားလုံးပြုံးစိစိတွေဖြစ်နေကြလျက်.. ၊

"လှေပေါ်အားလုံးရောက်ပြီနော်၊ ဘကြီးသာလှခွာတော့ရြော.."

ဦးသာလှက ကလေးတွေပေးသည့်ပိုက်ဆံကို အကျႌအိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



လိပ်ကျစ်သိမ်းပြီး ကွမ်းယာကိုပါးစပ်ထဲထည့်၏။

"ကျွတ်.."

သောကြာထံမှ စိတ်မရှည်သံထွက်လာသည်။ ဘယ်ကျော်နဲ့ ဖိုးချေးတို့ပါးစပ်ပိတ်ရယ်ကြ၏။ သောကြာတို့ဒါမျိုးဆို "ဒီးထဲမှာပဲ လေ့ထွက်မယ့်အရေး.." ဘာညာသရကာတွေတိုင်းထွာပြောနေကျ..။

ခုတော့ပါးစပ်တပြင်ပြင်နှင့် ဘာသံမှကိုထွက်မဝံ့ဘဲဖြစ်နေရှာသည်။ ဒီဘက်လှည့်လိုက်တော့လည်း ရယ်ချင်ပတ်ကျိမျက်နှာတွေကပါးစပ်ပိတ်ပြီး ပခုံးတွေလှုပ်အောင်ရယ်တဲ့သူကရယ်လို့..။

ထိုပြင်ဦးသာလုက ကွမ်းထုတ်ကိုခါးကြားထဲ သေချာပြန်ထည့်သိမ်းနေရင်း..။

"ငါတို့တွေတန်ဆောင်တိုင်ရက်ကျမှ မိုးကောင်းမယ်ထင်တယ်ကွ..ချောင်းညာမှာမိုးရိပ်တွေ ရှိနေတာခုထိတော့မဆိုးသေးဘူး.."

"ဘာဖြစ်လဲ ဘကြီးသာလုရာ၊ ချောင်းရေလျှံမှာစိုးလို့မို့လား၊ ကျွန်တော်တို့ချောင်းက လူတွေကိုဒုက္ခပေးတဲ့ချောင်း မဟုတ်ပါဘူး.."

"ဟုတ်တယ်..ချောင်းရေများတော့ လေ့တောင်ပိုစီးလို့ကောင်းသေးတယ်.."

"ထင်းတွေဆယ်လို့ရရင် ဒီနှစ်တော့ဖိုးချက်တို့ထက်သာအောင်လုပ်ရှားပြမယ်.."

"ကိုင်း.."

"ဒုန်း.."

"သောကြာချေးနဲ့ငါနဲ့.."

သောကြာဒေါသတကြီးအော်ပြီး ထုချလိုက်သဖြင့် သူ့ဘေးက လူတွေလန့်ဖျန့်ကုန်ကြသည်။

"သွားမယ်.."





အသက်ရှူသံပြင်းနေပြီးမှ 'သွားမယ်' တစ်ခွန်းကိုပြောနိုင်သည်။ စကားများများပြောလျှင် မှားသွားနိုင်တာကိုသိနေသဖြင့် တော်တော်ထိန်းချုပ်နေရကာ..။

"ပပ နင်တို့လောင်းကြတာ စကားလုံးဝမပြောရဘူးလို့မပါဘူးမို့လား.."

"မပါဘူး.."

"မင်းလည်းပြောလေ..မတိုင်းမထွာဘဲပြောပေါ့၊ ဟီး.. ဟီး.."

မပါမပြီးပြောနေကျကို စကားပြောရပြီဆိုရင်တော့ ဒါကိုချန်အားပြီးပြောနိုင်မှာမဟုတ်တာ သောကြာကိုယ့်ကိုယ်ကိုသိနေသည်။ ဒါ့ကြောင့် ဒီလေ့ပေါ်ကမဆင်းမချင်း ပါးစပ်ပိတ်ထားဖို့ဆုံးဖြတ်လိုက်တာဖြစ်သည်။

ဒီလေ့ဟိုဘက်ကမ်းကို မြန်မြန်ဆန်ဆန်ရောက်ဖို့သာအရေးကြီးဆုံး..၊ ဒါပေမယ့်လေ့ထိုးသားကစပြီး ခရီးသည်ကပါ စကားလက်ဆုံကျနေတာ ကမ်းကမခွာနိုင်သေး..၊

"မင်းတို့က ဘာတွေအလောင်းအစားလုပ်နေကြတာတုံး.."

"ဘကြီးသာလု မသိပါဘူး.."

"အေးပါ..မသိလိုမေးနေတာပေါ့၊ သောကြာလိုစကားများတဲ့ကောင်က အသံတိတ်နေတာ တော်ကြင့်နေတဲ့မိုးက ချက်ချင်းရွာလာဦးမယ်.."

"ဟုတ်တယ်..ဖြစ်နိုင်တယ်.."

"ဟား ဟား.."

"ခစ် ခစ် ခစ်.."

"သူ့အရှမ်းလိမ္မာနေတာ ဘကြီးသာလုကြည့်ပါလား.."

"အေး..ဘာလဲ၊ သောကြာ ဝစီပိတ်ကျင့်နေတာလား.."



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းကိုဖိပိတ်ထားပြီး သောကြာမျက်လုံးကြီးပြူးထွက် လာသည်။

"ခိ ခိ ခိ.."

"ဘကြီးသာလှ မေးကြည့်ပါလား..ဝစီပိတ်ကျင့်တာတော့မ ဖြစ်နိုင်ပါဘူး၊ တစ်ယောက်ယောက်ထိုးလိုက်လို့ ပါးစပ်မပွင့်နိုင်အောင် ဒဏ်ရာရလာသလားပဲ.."

"ဟေ.."

ဦးသာလှ လှော်တက်ကြီးကိုဟိုဘက်ပို့ ဒီဘက်ပို့နှင့် သူ့ရှေ့ကသောကြာကို သေချာကြည့်သည်။

လုပ်ထားကြနင်တို့.. ၊

သောကြာ အသည်းတွေယားနေတာ ကလိကလိဖြစ်နေတော့သည်။ဒီလောက်တောင် အောင့်အင်းသည်းခံပြီးမှ ပြန်ပြောမိလျှင်သူ့ရှုံးရတော့မည်..၊

ကိုယ့်အကျီအဖြူကွက်စိပ်လေးကို ပြန်ငုံ့ကြည့်ပြီးတံတွေးမျိုလိုက်မိသည်။ ဒါကသူများအကျီ.. ၊ ပပက သူ့ဒွေးသမီးပေမယ့် သူ့ရှုံးရင်တော့ ညှာမှာမဟုတ်.. ၊ သူနိုင်ရင်လည်းပုဆိုးတစ်ထည်ရကိုရမှာ သေချာသိနေသည်။

ချောင်းလယ်ရောက်လာမှတော့ ရှုံးနိမ့်မခံနိုင်ပေ.. ၊

ဒီကောင်တွေ မင်းစကားမှားအောင် ဝိုင်းလုပ်နေကြတာသောကြာရေ..တောင့်ထားစမ်း.. ။

"ပပ နင့်မျက်နှာကအေးဆေးပါလား၊ နင်နိုင်မယ်ဆိုတာသေချာနေတဲ့အတိုင်းပဲ.."

"အဟွန်း.."

"နိုင်ရင်လည်း ပပအတွက်မက်လောက်ဖွယ်မရှိပါဘူးဟာ၊ ကိုသောကြာအကျီက ကောင်းလည်းမကောင်းဘဲနဲ့.."





သောကြာ လှေနံကိုကိုင်၍ မေးရိုးကြီးနှစ်ဖက်ထောင်ကား ...၏။ စိမ်းလဲ့က ရယ်ချင်တာကိုထိန်းချုပ်ထားလိုက်ပြီး ခပ်တည် ...ည်ပုံစံလေးနှင့်.. ၊

"မကောင်းတာလေးတောင် သူများဆီကငှားလာရတာပါ ...ယ်..နင်နိုင်ရင်လည်း ညှာညှာတာတာလုပ်လိုက်ပါ.."

"မလုပ်နိုင်ပါဘူး၊ ပပတို့ကပေးတာကသပ်သပ် ချေးတာက ...ပ်သပ်ပဲ၊ ကိုယ်သဒ္ဒါလို့ပေးရင် တစ်ထောင်ဖြစ်ဖြစ် တစ်သောင်းဖြစ် ... ချေးတာဆိုရင်တော့ တစ်ရာနှစ်ရာလည်းပြန်ရရမှ.."

ငါကရှုံးစရာလား၊ ပြောနေပုံက.. ၊

တယ်လေ..ပြောလိုက်ရရင် ငါရှုံးသွားမှာစိုးလို့.. ၊

လှေနံကိုဖိဆုပ်၍ အံကြိတ်ထားရသည်၊ လှေကကမ်းနှကို တရွေ့ ...ကပ်လာခဲ့လျှင် သောကြာမျက်နှာကြီးပြုံးယောင်သမ်းလာကာ၊ ...ယ်ကျော်တို့စိမ်းလဲ့တို့ ပပကိုမသိမသာမျက်စပစ်ကြ၏။

လှေနံ့ကမ်းရဲ့အကွာအဝေးကိုကြည့်ကာ ပပလည်းခေါင်း ...တ်လေသည်။

"အင်း စိတ်မကောင်းစရာပဲပပရေ၊ အဲ့ဒါကြောင့်ပြောကြတာ ...၊ ရန်သူကိုအထင်မသေးရဘူးဆိုတာ.."

"ငါလည်း.."

"ဟား ဟား ဟား.."

သောကြာ၏အားပါးတရရယ်လိုက်သံကြောင့် လှေကပ်လိုက် ...တောင် သူတို့မထဖြစ်ဘဲ.. ၊

"ကဲ..ဆင်းကြကလေးတို့.."

ဦးသာလှကိုင်ထားသည့်လှော်တက်ကို လှေဝမ်းထဲချလိုက်စဉ် ...ကြာဝမ်းသားအားရကြီး ထရပ်လိုက်ကာ.. ၊



www.burmeseclassic.com

www.burmeseclassic.com



"ဘာတတ်နိုင်သေးတုံး..ဟွန်း၊ အောင့်လိုက်ရတာ ဦးပဲ.."

"သွားပြီ.."

"ဟား ဟား..သောကြာရှုံးပြီ.."

"ဟား ဟား ဟား.."

ဟင်.. ၊

သောကြာကမ်းပေါ် ခြေချပြီးမှ ပြူးကြောင်ကြောင်ပြန်ကြည့်ကာ.. ၊

"ဘာလဲ..ငါကဘာလို့ရှုံးရမှာလဲ.."

"မင်းလှေပေါ်ကမဆင်းရသေးဘဲ တိုင်းထွာလိုက်တာ.."

"အံမာ.."

"မငြင်းနဲ့တော့ကိုသောကြာ..လှေပေါ်မှာမတ်တပ်ရပ်ရုံပဲရှိသေးတယ်၊ ရှင်ရှုံးပြီ.."

"ပပ နင်မတရားမလုပ်နဲ့.."

"ဘာလဲ..အားလုံးမြင်တာပဲဟာ.."

"မဟုတ်ဘူး၊ ငါခုန်ဆင်းလိုက်ပြီးသား.."

"ဒါပေမယ့် ခြေထောက်ကမြေပေါ်မကျသေးဘူး.."

"ကျပြီ.."

"မကျသေးဘူး ကမ်းပေါ်ရောက်တာ ပြောပြီးမှရောက်တာ.."

အကြီးအကျယ် အငြင်းပွားခြင်းတွေ ဖြစ်နေခဲ့ကြလျက်.. ၊

"မင်းတို့နော်.."

"ဘာလဲဗျ..ဒါမှန်တဲ့အတိုင်းပဲလေ.."

"မဟုတ်ဘူး..ငါမရှုံးဘူး.."

"ဟား ဟား ဟား.."

"နင်တို့ကလည်း ဖြည်းဖြည်းလုပ်ကြပါ.."





"ပပနော် ပပ..နင့်ကိုဆရာနဲ့တိုင်ပြောမှာ.."

သောကြာ အသည်းအသန်အော်နေပေမယ့်.. ၊

¤ ¤ ¤ ¤



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၁)

"ဟော့..ကိုကိုမောင်တို့.."

"ဗျာ..အယ် ဆရာ.."

"ဆရာ..သားတို့မကစားဘူး.."

ငါးတန်းကျောင်းသားတွေက ဒိုးပစ်တမ်းကစားမလို့ပြင်ဆင်နေ တာကို ကမန်းကတန်းပွဲရပ်ပြီး သွားလေးတွေအဖြီးသားနှင့်.. ။

"ဟွန်း..မင်းတို့နော်၊ ကျောင်းဆင်းရင်အိမ်ကိုတန်းပြန်ဖို့ ထားတာ မမှတ်ဘူး.."

"ပြန်မလို့ဆရာ..ဒီမှာကျော်ဦးရယ်၊ မုန့်စားဆင်းတုန်းက ရှုံးထားတာကိုမကျေနပ်လို့တဲ့၊ အခုပြန်ဆော့ဖို့ပြောနေတာ.."

"ကျော်ဦး.."

"မဟုတ်ဘူးဆရာ..အခုပြန်မှာ.."

ကျော်ဦးက ကိုကိုမောင်တို့သုံးယောက်ကို လက်သီးပုန်း ကပ်ကြိမ်းသည်။ ကိုထူးနိုင်နဲ့မနီတို့က ပြုံးနေကြလျက်.. ။

"ယောကျ်ားလေးတွေကတော့နော်.."

"ဟုတ်တယ်..လောင်းကစားလုပ်ဖို့ဆို ဘယ်လိုတားတား ဘူး၊ ဒီနားမှာမရရင် ဟိုနားရောက်သွားကြတာပဲ.."

ဂုဏ်ကညည်းညူသလိုပြောရင်း ရယ်နေ၏။ မနီကပိုက်





သည့် စာအုပ်တွေကို လက်ပြင်လိုက်ရင်း.. ။

"ဝါသနာပါနေတဲ့လူကတော့ လူကြီးဖြစ်ဖြစ် ကလေးဖြစ်ဖြစ် မရဘူးဆရာရဲ့.."

"မဟုတ်ဘူး..ဒီအရွယ်ကဆုံးမရင်တော့.."

သူ့စကားမဆုံးလိုက်ပေ.. ။

"ဆရာ.. ဆရာနေပါဦး.."

နောက်ကအော်ကြီးဟစ်ကျယ် ခေါ်၍တဘုန်းဘုန်းပြေးလာသံ ကြောင့် ဂုဏ်တို့သုံးယောက်လှည့်ကြည့်ရင်း ရပ်နေလိုက်ကြ၏။

ပြေးလာသူကသောကြာဖြစ်ကာ အပေါ်ပိုင်းကိုယ်ဗလာနှင့် ပုဆိုးကိုခါးတောင်းကျိုက်ပြီး ပြေးလာတာဖြစ်သည်။

အနားရောက်တော့ မောဟိုက်နေကာ.. ။

"ဆရာ..ဆရာ့မိန်းမလေးကျွန်တော့်ကိုအကျီချွတ်ယူလိုက် တာလုပ်ပါဦး၊ ကျွန်တော်.. ကျွန်တော် ဟူး..ဟူး.."

မောဟိုက်မောက်ကြွနေသည့် ရင်ဘက်ကြီးက ချွေးတွေ လည်းပြန်နေလျက်.. ။

"လုပ်ပါဆရာရယ်၊ ပပသက်သပ်ညစ်တာ..ကျွန်တော်မရှုံးဘဲ နဲ့ ဝိုင်းညစ်ကြတာပါ၊ ဆရာလိုက်မေးကြည့်ပါဦး.."

"ဘာဖြစ်တာလဲ၊ ဘာကိုလိုက်ကြည့်ရမှာလဲ.."

ကိုထူးနိုင်ကမေးလိုက်တာဖြစ်ကာ ဘာဖြစ်လာပြီကိုခန့်မှန်း လိုက်မိသောဂုဏ်၏မျက်နှာက နီရဲတက်လာခဲ့ရင်း.. ။

"ကျွန်တော့်ကိုမဆဲဘဲနဲ့ စကားပြောရမယ်ဆိုပြီး အလောင်း အစားလုပ်တာဆရာ၊ အဲ့ဒါကျွန်တော်မဆဲပါဘူး.."

သောကြာဆက်ပြောနေတာတွေကို ဂုဏ်ဆက်မကြားတော့ ဆ၊ တဖျင်းဖျင်းပူရှိန်းလာတာက ရှက်သည့်စိတ်တွေကြောင့်ဖြစ်လျက်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုခြေလှမ်းတွေနဲ့ အိမ်ပြန်ရောက်သွားခဲ့မှန်းမသိ... သူပြန်ရောက်တော့ ပပကပြန်မရောက်သေးဘဲ.. ၊

"မျက်နှာကြီးကလည်း ပုတ်သိုးလို့ပါလား၊ ဘာဖြစ်လာတာလဲ..ဂုဏ်.."

ဦးကြွယ်က ဒေါ်မြတ်နွယ်ရဲ့နွားတွေအကုန်လုံးကို ငှားထားရော အိမ်အတွက်လိုအပ်တာရော သူပဲလုပ်ပေးနေတာဖြစ်ကာ အိမ်ကို တော့တစ်ခါတလေမှ လာတာဖြစ်သည်။

ပပပြန်မရောက်သေးဘူးဆိုတာ သိလိုက်ကာ အိမ်ရှေ့ခန်း... ပဲ လက်ထဲကအိတ်ကိုပစ်ချလိုက်ပြီး.."

"အမေဘယ်သွားလဲဦးကြွက်.."

"မကြီးမြတ်က ဦးမောင်နိုင်တို့အိမ်သွားတယ်လေ၊ ရေကာ... ကိစ္စဆိုလား..ဘာလား.."

"ဟုတ်ပါပြီ..ဦးကြွက်ထမင်းစားပြီးပြီလား.."

"အေး.. မေကျော့ကိုတော့ပြင်ခိုင်းထားတယ်၊ ဒါပေမယ့် မစားတော့ဘူးကွာ၊ ငါကမကြီးမြတ်ကမင်းတို့လာမှပြန်လို့ မှာခဲ့လို့အိမ် စောင့်ပေးနေတာ၊ နွားနို့မကာ ဒီညမွေးတော့မယ်ထင်တယ်၊ ငါပြန်တော့ မယ်.."

ဦးကြွက်က ကွမ်းယာနေရင်းပြောကာ ကွမ်းယာရာပြီးတာနဲ့ ပါးစပ်ထဲထည့်ပြီး ထွက်သွား၏။

သူဒီတိုင်းရပ်နေရင်း ခြံတံခါးဆီလှမ်းကြည့်မိသည်။ ပြီးတော့ ဆံပင်တွေဖွရင်း ခေါက်တုံ့ခေါက်ပြန်လျှောက်မိ၏။

ပပ.. ၊

မင်း ဒီလောက်ဆိုတော်သင့်နေပြီ.. ၊

စိတ်တိုနေမိတာ ဘယ်တုန်းကနဲ့မှမတူ.. ၊





သောကြာ ကိုယ်တုံးလုံးနဲ့ပြေးလာသည့်ပုံစံ၊ ပြီးတော့ ပြောသည့်စကားတွေ ပြီးတော့မနီနဲ့ကိုထူးတို့ရဲ့ အကြည့်တွေ.. ၊

"တောက်.."

မိန်းကလေးဖြစ်ပြီး ဒီလောက်ထိ.. ၊

"ကဲပါဟယ်..ဒီလောက်ဆိုတော်ပါပြီ၊ ငါတို့ပဲပြန်ပေးလိုက်တော့မယ်နော်.."

"အံမယ်..မပေးရပါဘူး၊ ဒီလောက်တောင်အဆဲသန်တာ နောက်မဆဲရဲအောင် ပညာပေးမှဖြစ်မှာ၊ အဲ့ဒီအကျီကိုမြှောရုံမှာပဲထားလိုက်၊ သူမသိစေနဲ့နော်..ငါ့ဆီမှာဆိုသူမတောင်းရဲဘူး.."

"ပပရယ်..သောကြာကအရှက်ရှိတာမဟုတ်ဘူး၊ တော်ကြာဆရာ့ကိုသွားတိုင်မှဖြင့်.."

"ဘာဖြစ်လဲ..ပြိုင်ပြီဆိုအနိုင်အရှုံးဆိုတာရှိတာပဲ၊ အေးဆေး.."

"ဒါဆို..ငါတို့မဝင်တော့ဘူး၊ သွားပြီ.."

ပပက လက်နောက်ပြန်ပြလိုက်ပြီး ခြံထဲကိုဝင်လာတာ ခေါင်းလေးတောင်စောင်းထားသေးသည်။ သီချင်းလေးများညည်းလာသေးတာလား.. ၊

ဂျင်းဘောင်းဘီခြေသလုံးတစ်ဝက်တိုတို တီရှပ်လည်ဟိုက်လေးနှင့် ရှပ်အကျီကွက်စိပ်လေးကို အပေါ်ထပ်လိုဒီတိုင်းထပ်ဝတ်ထား၏။

သနပ်ခါးတော့လိမ်းတတ်ပေမယ့်၊ နေစောင်းတဲ့အထိအပြင်ရောက်နေပြီဆို သူမပါးမို့လေးတွေမှာ နီရဲနေကာသနပ်ခါးပါးကွက်အနည်းငယ်ကနားထင်အောက်စပ်လေးတွေမှာ ပျောက်တိပျောက်ကျား ကျန်ရစ်တတ်၏။

ထူးခြားနေခြင်းသည် သူမရဲ့ပါးပြင်လေးတွေနဲ့ နှုတ်ခမ်းသား



www.burmeseclassic.com

www.burmeseclassic.com



တို့မှာအချိန်မရွေးဆေးသားညီနေတတ်လျက် ပင်ပန်းနေလေ ပို
လေ.. ၊

သူမမမြင်နိုင်သည့်ပြတင်းတံခါးအကွယ်ကနေ လက်ပိုက်ကြည့်နေရင်း သူမနဲ့အဆင်မပြေမှုတွေ ဘာကြောင့်ထပ်တူရှိနေရတာလဲဆိုတာ နားမလည်နိုင်.. ၊

သူများတွေငယ်ရုပ်ပျောက်သွားတတ်သည်ဆိုပေမယ့် ပပရဲ့ငယ်မျက်နှာလေးက သိသာစွာပြောင်းလဲသွားတာမရှိပေ.. ၊

ထို့ကြောင့် လှလွန်းလို့ 'မယ်ပပ'ဟု အမည်တွင်ခဲ့သည့် သူမလေးကခုချိန်ထိ ခြေဖဝါးလက်ဖဝါးလေးတွေကအစ နုဖတ်စိုရဲနေ၏။ စိမ်းညို့သွယ်တန်းနေသည့် မျက်ခုံးတန်းသေးသွယ်သွယ်လေးက မဟာဆန်သည်။ ဧကြီးပုံနဖူးပြေပြေလေးကအစ နည်းနည်းတော့ကျဉ်းသလိုရှိပေမယ့် သိသာအောင်လှလေသည်။

သူမလေးကိုတဏှာသိုလ်မတက်ဖြစ်အောင် သူလုပ်ခဲ့တုန်းကဒေါ်လေးတို့ကို ဒါနဲ့ပဲကိုင်ပေါက်ထောက်ပြခဲ့ဖြစ်သည်။

"တစ်ရွာလုံးပတ်ပြီး ဗိုလ်ကျတတ်တဲ့သူ့စိတ်ကိုက ဘယ်သူနဲ့မှသင့်မြတ်မှာမဟုတ်ဘူးဒေါ်လေး၊ ပြီးတော့ပပက အရမ်းလှတာ၊ ရန်ကုန် မြို့ကြီးမှာ ဒီလောက်လှနေရင်အန္တရာယ်ကြီးတယ်၊ တောနဲ့မြို့ရဲ့ ရှုထောင့်ချင်းကလည်းမတူဘူးလေ၊ ဖြူဖြူစင်စင်မိန်းကလေးတွေတစ်ယောက်တည်း မြို့တက်နေမယ်ဆိုတာ မသင့်တော်ပါဘူး.."

ထိုစကားကြောင့် 'ဒါ ဟုတ်တယ်'ဆိုသည့် စကားလူကြီးတွေပြောလာခဲ့၏။

"လူကြီးအုပ်ထိန်းသူတွေမပါဘဲ ကျောင်းသွားတက်ဖို့မဖြစ်နိုင်ဘူးကွ.."

"ခွေမျိုးသားချင်းတွေကရော..သူ့ကိုချည်းလိုက်ထိန်းနေ နိုင်





မှာလား.."

စသဖြင့်သော ချင့်ချိန်မှုများနှင့် ပပတက္ကသိုလ်ကျောင်းသူလုပ်ခွင့်မသာခဲ့.. ၊

"အဲ့ဒါတွေ ကိုကိုကြောင့်မှန်းသိတယ်.."

"ရှင်ကြီးကိုမုန်းတယ်.."

ဒါသည် ကိုယ့်အပေါ်မုန်းတီးရခြင်းများစွာထဲက အကြီးမားဆုံးအကြောင်းရင်းဖြစ်နိုင်သော်လည်း.. ၊

"ဟိတ်..နေဦး.."

အတွေးများနဲ့ ရပ်ငေးနေမိစဉ် ပပ သူ့အနီးကနေဖြတ်လျှောက်သွားသည်နှင့် သူမကိုတားဆီးရင်း.. ၊

"ဒါအနိုင်ရလို့ ပျော်လာတဲ့ပုံစံလား.."

ပပ မျက်ခုံးလေးတွန့်သွားပြီး သူ့မျက်နှာကိုစိုက်ကြည့်သည်။

"ယောကျ်ားတစ်ယောက်ရဲ့အကျီကို ချွတ်ယူရဲတဲ့အတွက် မင်းကိုဆုချမလို့စောင့်နေတာ.."

"ကိုကို့ကို ဘယ်သူပြောလိုက်တာလဲ.."

"မင်း..ငါ့ကိုပြန်မမေးပါနဲ့.."

သူမရဲ့ချစ်စရာကောင်းခြင်း အဖြာဖြာမှာခဏခွေလဲသွားခဲ့ပေမယ့် မကြောက်တတ်သည့်ဂျစ်ကန်ကန်မျက်ဝန်းတွေကြောင့် ဒေါသကခုန်ထ၏။

"သွား..အဲ့ဒီအကျီကို အခုသွားပြန်ပေး.."

"ဘာလို့ပေးရမှာလဲ၊ အလောင်းအစားလုပ်ထားကြတာ ကိုယ်နိုင်လို့ကိုယ်ယူတာ.."

"ဘာပြောတယ်..မင်း.."

"ကိုကိုမသိဘူးမှတ်လား..မသိရင်ဝင်မပါနဲ့ပေါ့.."



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း.. ၊

"သူ့အကျီကိုရော ဘယ်သူကယူချင်လွန်းလို့လဲ..စကားပြော တိုင်းဆဲနေတာကို နားကြားပြင်းကတ်လို့လုပ်တာ..ဒုက္ခရောက်အောင် ကို လုပ်ဦးမှာ.."

"သောကြာဆဲတတ်တာ မင်းခုမှနားကြားပြင်းကတ်ဖို့ သတိရ တာလား.."

ပပက ဆတ်ခနဲမျက်နှာလွှဲပစ်တော့ ပခုံးလေးတစ်ဖက်ကိုဒီ ဘက်ပါလာအောင် ပြန်ဆောင့်ဆွဲလိုက်ကာ.. ၊

"ပြောလေ..ယောကျ်ားတစ်ယောက်ရဲ့အကျီကို မင်းချွတ်ယူခဲ့ တာက..ကျွတ်.."

"ကိုကို အကျည်းတန်အောင်မပြောပါနဲ့..ပပတို့တစ်အုပ်စုလုံး အဲ့ဒါကိုသိတယ်.."

"အဲ့ဒီတစ်အုပ်စုလုံးကိုငါယူထားတာမဟုတ်ဘူး၊ ငါ့မိန်းမက မင်း.."

သူ ပပ ပခုံးလေးနှစ်ဖက်ကို ဆောင့်ဆွဲခါမိရင်း.. ၊

"မင်း နေတာထိုင်တာတွေ တော်တော်ကိုကမ်းလွန်နေပြီပဖ မင်းကို ဒီတိုင်းထားလို့မရတော့ဘူး.."

"အာ..ကိုကိုနော်.."

"လာ..လိုက်ခဲ့.."

"ဟင့်အင်း..မေမြတ်ရေ၊ ကိုကိုဒီမှာ.."

ဒေါ်မြတ်နွယ် ပပအသံကြားလိုက်သဖြင့် ခြေလှမ်းတွေပိုမြန် သွားသည်။ သို့သော် ဂျိမ်းခနဲတံခါးပိတ်သံကိုပဲ ကြားလိုက်ရကာ မြင် လိုက်ရတာဂုဏ်တစ်ယောက်တည်း.. ၊

"သား..သားခုနက ပပအသံကြားလိုက်သလားလို့.."





"ဟုတ်တယ်..ဘာမှမလုပ်ရသေးဘူးအော်နေတာ.."

"ဘာမှမလုပ်ရသေးပေမယ့် မင်းမျက်နှာကြီးမြင်လိုက်တည်း ကအမေသိတယ်၊ စိမ်းလဲ့တို့လည်းအမေ့ကိုပြောလိုက်ပါတယ်..သော ကြာနဲ့အလောင်းအစားလုပ်လာခဲ့တဲ့ ကိစ္စမို့လား.."

"အမေ့.."

ဒေါ်မြတ်နွယ်ကမေးလိုက်ရင်း အထဲကိုဝင်မည်ပြင်သောကြောင့် ဂုဏ်က ရှေ့ကကာတားလိုက်ကာ.. ၊

"မလုပ်နဲ့အမေ..သူခုထိကလေးဆန်နေတာ ကလေးလိုအပြစ် ဒဏ်ပေးမှရမှာ.."

"ဘယ်လို..ဘယ်လို.."

"သွားဖွင့်မပေးနဲ့အမေ..တန်ဆောင်တိုင်အတွက် ပျော်ပွဲရှင် ပွဲတွေရှုပ်နေသမျှ ပပကိုဒီနည်းမသုံးရင် ထိန်းလို့ရမှာမဟုတ်ဘူး.."

"လူငယ်တွေအတွက် ပျော်စရာရှင်စရာဆိုလို့ ဒီလိုပွဲတွေပဲရှိ တာသားရယ်.. မင်းကသူ့အဖေလုပ်သလို အခန်းတံခါးပိတ်ပြီး အငတ် ထားမလို့လား.."

"မထားပါဘူး..သူ့ကိုအပြင်မထွက်ဖြစ်အောင် တားထားရုံ ပဲ.."

"မရဘူး..အမေမထားနိုင်ဘူး.."

"ဟာ..အမေ့.."

"သားနော်..ငါမင်းအမေ.."

လက်ကိုဆွဲထားတော့ ဒေါ်မြတ်နွယ်စိတ်တိုသွားမိကာ.. ၊

"ငါ့သမီးကဆိုးတာမဟုတ်ဘူး..ပျော်တတ်တာ၊ မိကောင်းဖ ခင်သားသမီးပီပီသသနေတာအပြင် ငါ့အတွက်ဘာမှမလိုဘူး..ဖယ်.."

"အမေရာ.."



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း..ငါယောကျ်ားပဲဆိုတဲ့ပါဝါနဲ့မချုပ်ပါနဲ့၊ မင်းတို့ချင်းလည်းရင်းနှီးသင့်တဲ့ အတိုင်းအတာမျိုးထိမရောက်ကြသေးဘူး၊ သူ့ဟာသူဘယ်ဟာကောင်းတယ်..ဘယ်လိုနေတာမကောင်းဘူးဆိုတာ ခွဲခြားသိလာတာမဟုတ်ဘဲ မင်းပုံသွင်းတိုင်းရလာမယ်ထင်နေသလား၊ ပိုဝေးသွားတာပဲရှိတယ်..ဘာမှထူးမလာဘူး.."

အမေ့စကားတွေကြောင့် သူငေးငိုင်ကျန်ရစ်ခဲ့၏။ ဒါကိုသူမတွေးခဲ့တာမဟုတ်ပေ၊ ပပကိုသူဒီထက်လိမ္မာစေချင်သည်။

လှလိုက်တာလို့ငေးကြည့်လာကြသည့် မျက်လုံးတွေရဲ့နောက်မှာ'လှတော့လှပါရဲ့' ဆိုပြီး ပြန်မဲ့သွားကြမှာကို မလိုချင်၊ ဒါကြောင့် အမုန်းခံပြီး ပြောဆိုဆုံးမနေတာဖြစ်သည်။

ပြီးတော့ ပပရဲ့မိဘတွေကမြို့မျက်နှာဖုံးတွေလို့ ပြောရလောက်အောင်ချမ်းသာသည်။ ရပ်ရွာတိုးတက်ဖို့အတွက်ဆို မရှိဆင်းရဲသားတွေအပေါ် ဘာတစ်ခုမှမကပ်တွက်ဘဲ ကိုယ်တိုင်ဦးဆောင်စိုက်ထုတ်ပြီး လှူဒါန်းပါဝင်ခဲ့တာဖြစ်၏။

ဒီလိုလူတွေက သမီးတစ်ယောက်ကြောင့် သေးနုပ်သိမ်ငယ်နေရတာမျိုးမဖြစ်စေချင်.. ၊တကယ်တမ်းကျတော့ ဒေါ်မြတ်နွယ်ကလည်း ပပကိုသူ့သဘောနဲ့သူ ဆွဲထုတ်လာတာမျိုးမလုပ်ခဲ့ပါ.. ၊

ပပ ငိုကြီးချက်မနဲ့ တိုင်တန်းနေတာကို အခန်းပြင်ကနေနားထောင်ရင်း သနားစိတ်နှင့် သက်ပြင်းတချချဖြစ်နေသော်လည်း.. ၊

"အေးပါ..သမီးရယ်၊ သမီးကိုကိုကိုအမေသွားပြောပေးမယ်နော်၊ သမီးကလည်းသူ့စကားနားထောင်ပါမယ်လို့ ခေါင်းညိတ်လိုက်ပါကွယ်၊ ခုဟာက သမီးတို့ကအနိုင်လုကစားကြတာပေမယ့် မိန်းကလေးတစ်ယောက်အနေနဲ့ အဆင်ဆိုးသွားတယ်သမီးရဲ့.."

"ပပသိပါတယ်..ဒါပေမယ့်အဲဒီလူကြီးပပကိုပြောတာ အရမ်း





လွန်တယ်မေမြတ်သိလား.."

"အေးပါ..အေးပါ၊ အဲဒါလည်းမေမြတ်သိပါတယ်.."

ဟိုဘက်ချော့ ဒီဘက်ချော့နှင့် နှစ်ယောက်စလုံးမျက်နှာချင်းဆိုင်ထမင်းစားကြတော့ ညဆယ်နာရီ.. ၊

"ခင်ဗျားကြောင့် ဒီမှာဗိုက်ဆာတာအူတွေနာနေပြီ.."

"ကိုကို့ကိုဘယ်သူကနာခိုင်းနေလို့လဲ.."

ပက်ခနဲပြန်ပြောပြီး ကြက်သားဟင်းကိုလှမ်းခက်သည်။ ထိုသက်က ပန်းကန်ပေါ်မှာဒီတိုင်းတည်တဲ့နေပြီး ဂုဏ်ကိုဦးချဖို့အတွက်ကြွန့်ပေါင်းများစွာ တိုက်ခိုက်ဆုံးဖြတ်နေရ၏။

သူမထင်သလိုလုပ်နေရတာကို ကျေနပ်ပေမယ့် လူကြီးမိဘဆုံးမထားခဲ့တာတွေကိုတော့ မမေ့ပါ..၊ သို့သော် စိတ်မပါဘဲ ဘာအလုပ်မှမလုပ်ချင်သည့်ညဉ့်က ဂုဏ်ပန်းကန်ထဲကို ဦးချဖို့ခဲယဉ်းစွာဆုံးဖြတ်ပြီးကာမှ.. ၊

"အဲ့.."

ဟင်းဖက်က ပန်းကန်ထဲကိုအလိုအလျောက်ခုန်ဆင်းသွားသည်။

"ပပ.."

"ပပတမင်လုပ်တာမဟုတ်ဘူး.."

မျက်လွှာချပစ်လိုက်ပြီး ချက်ချင်းဖြေရှင်းလိုက်တော့ ဂုဏ်မျက်နှာချက်ချင်းပြေ၏။ သို့သော်.. ၊

"စေတနာမရှိဘဲလုပ်မနေနဲ့၊ ခင်ဗျားဘာသာမျိုကျအောင်စား.."

"စေတနာမရှိပေမယ့် မကောင်းတတ်တာတွေရှိနေလို့ပေါ့.."

ဂုဏ်ထမင်းလုတ်ပါးစပ်ထဲရောက်ပြီးကာမှ လည်နင်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပပကနောက်ထပ်ဟင်းရွက်ကြော်နဲ့ ပဲဝါလေးဟင်းချိုကိုခပ်လိုက် သူ့ပန်းကန်ထဲလှမ်းထည့်လိုက်နှင့် ဟင်းအမယ်စုံသည်အထိ ထည့်နေတာ ငါးပိရည်ပါမကျန်.. ၊

"ပပ.."

"ဘုတ်.."

စားပွဲကိုလက်ဖျားနဲ့ ပုတ်လိုက်ပြီး ခပ်ကြိတ်ကြိတ်ခေါ်တော့ ပပမျက်တောင်ဖျားလေးတွေ ဖျတ်ခနဲပင့်တက်သွားပြီး သူ့ဆီအကြည့်ရောက်၏။

"မင်းမရှဲ့နဲ့နော်..မင်းရှေ့မှာထိုင်နေတာ မင်းနဲ့ကစားနေတဲ့ကောင်လေးတွေမဟုတ်ဘူး.."

"သိတယ်လေ..အလယ်တန်းပြဆရာဦးဂုဏ်ရောင်ထည်.."

"အဲ့ဒီဂုဏ်ရောင်ထည်က မင်းယုံကြည်ကိုးကွယ်ရမယ့် မင်းရဲ့အိမ်ဦးနတ်..မင်းယောကျ်ား.."

"အဲ့ဒါတော့မသိဘူး..စားသောက်ရင်ကိုယ့်ထက်အသက်ကြီးတဲ့လူကိုဦးချပြီးမှ စားရတယ်ဆိုလို့ဦးချနေတာ..ဦးချဖို့ကဘယ်နှစ်မျိုးဆိုတာရှိသေးလို့လား.."

ပြောပုံက.. ၊

"ဟင်းခပ်ပြီးဘယ်လိုစပိ(ဒ်)နဲ့ ဦးချမယ့်ပန်းကန်ထဲအရောက်ပို့ရမယ်လို့လည်း သတ်မှတ်မထားပါဘူး.."

"အေး..အခုကစပြီးသတ်မှတ်မယ်၊ နားထောင်.."

နားထောင်ဆိုတော့ ကိုင်ထားသည့်ဇွန်းကိုပြန်ချပြီး စားပွဲစွန်းမှာ လက်ပိုက်လေးတင်၍ တမင်တကာနာခံဟန်တွေ လုပ်ပြနေသေးသည်။ ထားလိုက်တော့.. ၊

"ဟင်းတစ်မျိုးပဲဦးချရင်ရပြီ..မင်းထမင်းမစားသေးခင်.."





ပပက ခေါင်းညိတ်၏။

"ထမင်းစားနေတုန်း စကားပြောဖြစ်ကြမှာပဲ.. အဲ့ဒီမှာစိတ်ဆိုးစရာ မျက်ရည်ကျစရာတွေဖြစ်ချင်ဖြစ်သွားနိုင်တယ်၊ ဖြစ်လာခဲ့ရင် ထမင်းစားမပြီးသေးဘဲ ထထွက်မသွားရဘူး.."

"ဒါတော့မရဘူး.."

လက်ပိုက်ဖြုတ်၍ ကော့ညွတ်ထိုင်နေသည် ခါးလေးကိုမတ်မတ်ပြင်ထိုင်လိုက်၏။

"ရှင်ပြောချင်တိုင်းပြောဆိုနေတာကို သူများကမျိုသိပ်သည်းခံနေရမယ်..မျက်ရည်တောက်တောက်ကျနေရင်လည်း ပြီးအောင်မျိုချစားသောက်နေရဦးမယ်၊ ရှင့်ရဲ့တော့လ်ကီတွေအားလုံး The end ဆိုမှ ထထွက်သွားရမယ်၊ လုံးဝမတရားဘူး..ဒီမှာ.."

ပပကလည်း သူ့လိုပဲစားပွဲကို လက်ဖျားလေးနဲ့ပုတ်ပစ်လိုက်ကာ.. ၊

"ရှင်သူများကိုအခန်းတံခါးပိတ်ထားလိုက်တာ ဆယ့်ငါးမိနစ်တောင်.."

"ဟုတ်တယ်..အဲ့ဒါတောင် အမေပြော့လို့ဖွင့်ပေးလိုက်တာ.."

"သိပါတယ်..ချစ်စိတ်တွေတိုးပွားလာအောင် ကြွားမနေပါနဲ့ အဲ့ဒီတည်းက မကျေနပ်ခဲ့တဲ့မယ်ပပက ထမင်းဆာနေလို့ ရှင်ကြီးနဲ့မျက်နှာချင်းဆိုင် လာထိုင်နေရတာ.."

"အဲ့ဒီတော့.."

"သိစေချင်တာ.."

မျက်ခုံးလေးတစ်ဖက် ဆတ်ခနဲပင့်တက်သွားအောင် မဲ့ပစ်လိုက်ကာ.. ၊

"ဘာစည်းမျဉ်းစည်းကမ်းတွေမှထပ်မထုတ်နဲ့၊ လုံးဝမလိုက်



www.burmeseclassic.com

www.burmeseclassic.com



နာနိုင်ဘူး..”

“ဟော့..”

ပပက ခွန်းပြန်ကိုင်ပြီး ပန်းကန်ထဲထည့်ကာ နေရာမှထရပ်လိုက်သဖြင့် ဂုဏ်အသံက ကမန်းကတန်းနိုင်လျက်.. ၊

“မင်း ငါ့ကိုအဲ့လောက်တောင်လေးစားမနေနဲ့ပပ..ကျေးဇူးတွေတင်နေရလိမ့်မယ်..”

ဂုဏ့်မျက်နှာပေါ်ကအေါ်သကို မြင်လိုက်သဖြင့် ပပတစ်ချက်တော့ငိုင်သွားခဲ့သည်။

“မင်းအတွက်ငါက ဘာလဲ၊ ငါ့ကိုဘယ်လိုမြင်နေလို့ဒီလောက်တိုက်ခိုက်နေတာလဲ..”

“ကိုယ့်ဘာသာနေကြေးလေ..ကိုကိုဘာလို့စည်းကမ်းဥပဒေတွေချမှတ်နေလဲ..”

“ဒါဆို ငါကမင်းဘာလုပ်လုပ် ပြောခွင့်မရှိတဲ့လူပေါ့..”

ပပနဲ့မျက်လုံးချင်းဆုံတော့ ဘယ်သူကမှမလွှဲဖြစ်ကြ..၊

“မရဘူး..ကိုယ့်ဘာသာနေကြေးဆိုတာ ငါဘက်ကလုံးဝခွင့်မပြုဘူး..”

မျက်နှာချင်းဆိုင်ကနေ ပပဘေးကိုသူရောက်သွားခဲ့ပြီး၊ စားပွဲခွန်းမှာလက်တစ်ဖက်ထောက်၍ မျက်နှာလေးကိုငုံ့မိုးကြည့်ကာ.. ၊

“မင်းကိုငါချစ်လို့ယူထားတာ..”

ပပ တစ်ကိုယ်လုံးဖျင်းခနဲ ပူရှိန်းသွားသည်။ ရည်းစားစကားအပြောမခံရဘူးတာလည်းမဟုတ်၊ သူကချစ်ရေးဆိုနေတာလည်းမဟုတ်ဘဲ.. ၊

“ပြန်ထိုင်..”

ပခုံးတစ်ဖက်ကို အသာလေးဖိချလိုက်တာနှင့် ပပထိုင်လျက်





ပြန်ဖြစ်သွားသည်။ ဂုဏ်က ပပရဲ့ထိုင်ခုံနောက်မှီမှာ လက်တစ်ဖက်ထပ်တင်ပြီး သူမမျက်နှာလေးနဲ့နီးအောင်ငုံ့၍.. ၊

“ကိုယ်ပြောချင်တာက မင်းနဲ့ကိုယ်နှစ်ယောက်အတူမျက်နှာချင်းဆိုင် ထမင်းစားကြဖို့ပဲ၊ ကိုယ့်နားမှာမင်းရှိနေစေချင်တာ..မျက်ရည်ကျအောင် ဆူဖို့မဟုတ်ဘူး..”

ဂုဏ့်အသံကနူးညံ့လာခဲ့လျက် ပပခေါင်းလေးကိုဖွဖွပွတ်လိုက်သည်။ ပြီးတော့ နေရာမှာသွားပြန်ထိုင်ကာ.. ၊

“မင်း မချစ်လည်းနေပါ..ထမင်းအတူစားဖို့တော့ ဂရုစိုက်ပါ..”

ပပ သူ့မျက်နှာကိုမကြည့်မိခဲ့ပေ။ မကြည့်ရဲတာလား၊ မကြည့်ချင်တာလား.. ၊

ခွန်းကိုပြန်ကိုင်လိုက်ပေမယ့် ခွန်းမြီးကိုပဲ လက်ထဲမှာဖိပွတ်နေမိပြီး မစားဖြစ်ခဲ့.. ၊

မယ်ပပရေ.. ၊

ညည်း သူ့ကိုဘယ်တုန်းတည်းက သေလုမျောပါးကြိုက်နေခဲ့တာလဲ.. ၊

ᨒ ᨒ ᨒ ᨒ



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၂)

"ပပရယ်..ပြန်မယ်ဆိုတာချည်းပဲနင့်မှာ.."

"ဒီည မကဲပါဘူးလို့ကိုကို့ကို..အဲ..မေမြတ်ကိုကတိပေး

တာဟ.."

"တွေ့လား..တွေ့လား.."

ရွာလယ်လမ်းတစ်လျှောက်မှာ ဆီမီးနဲ့မီးစာတွေ အား

ဖြည့်တင်းပြီးစီးသည်နှင့် မိုးချုပ်သွားပြီဖြစ်သည်။ ဖိုးခွေးနဲ့ဘယ်ကျော်

တို့က အိမ်တွေမှာဆီမီးထွန်းကြဖို့အတွက် ဝိုင်းကူနေကြ၏။

လူငယ်တွေအားလုံးတန်ဆောင်တိုင်မီးထွန်းပွဲတော်အတွက် အ

တိုက်အားတိုက်လုပ်အားပေးနေချိန်မှာ လူကြီးပိုင်းတွေက ပဒေသ

ပို့ဆောင်ပြီးသည့်အတွက် ဓမ္မာရုံမှာသိမ်းဆည်းရင်း အလှူငွေစာရ

မှတ်တမ်းပြုနေကြတာ သူ့တာဝန်နဲ့သူ.. ။

ဒီည ရွာသားတွေချည်းသီချင်းဆိုကြမည့် အစီအစဉ်လည်း

ရှိကာ 'ငွေမျိုင်းဖြူ'နာမည်ကြီးဇာတ်အဖွဲ့၏ နောက်ဆုံးညလည်းဖြစ်

ထို့ပြင်.. ။

နောက်ဆုံးညမို့ စတော့ချ်ရှီးနဲ့ နှစ်ပါးခွင်ပဲကကြမှာဖြစ်

ရွာနီးချုပ်စပ်က ရောက်လာကြသောပွဲကြည့်ပရိသတ်တွေနှင့် ပပတို့





မှာအတော်ကြီး စည်ကားနေလေသည်။

ဒီလိုညကမှ ပပကနောက်ကြောင်းမအေးနိုင်ဖြစ်နေသဖြင့်၊

စိမ်းလွဲနဲ့သီတဂူတို့က နှုတ်ခမ်းစူနေကြ၏။ မေကျော်ကတော့ ကိုယ့်

အိမ်အကြောင်းသိနေသည်မို့ ပြေရာပြေကြောင်း.. ။

"ဒီရက်ပိုင်းမှာပြဿနာတစ်ခုခုထပ်ဖြစ်ရင် ဆရာကခွင့်လွှတ်

မှာမဟုတ်ပါဘူးဟ.."

"ဆရာက ပပကိုရိုက်နှက်ဆုံးမမယ့်လူမဟုတ်ပါဘူးဟာ.. သူ

ည်းဆရာ့ကိုမကြောက်ပါဘူး၊ အပိုတွေ.."

ပပက စိမ်းလွဲပြောတာကိုကြားသွားကာ.. ။

"မကြောက်ပေမယ့် ကိုယ်ကလွန်တာရှိရင်တော့ ဂရုစိုက်ရ

တာပဲဟဲ့၊ ပြီးတော့မေမြတ်ကရှိသေးတယ်..ပြီးတော့ဖေကြီးတို့နားထဲ

ရောက်သွားရင်မလွယ်ကြော.."

"ဒါပေမယ့်ပပရယ်..ဒီညသူခိုးကြီးညလေ၊ ငါတို့နှစ်တိုင်းဒီ

ညဆိုရင်.."

"ကြောက်ရမယ့်လူမရှိပေမယ့် မိန်းမဆိုတာမိန်းမဂုဏ်သိက္ခာ

နဲ့အညီ နေထိုင်ရမယ်လေမျိုးရဲ့.."

သူတို့ချင်းစကားပြောနေသည့်ကြားထဲ အသံတစ်သံကထိုး

ဖောက်ဝင်ရောက်လာကာ.. ။

"ကိုယ့်ရဲ့ဂုဏ်ကျက်သရေကိုမှ မထိန်းသိမ်းနိုင်ရင်..ကိုယ့်မိဘ

ဆောင်ဘွားရဲ့ ဂုဏ်သိက္ခာကိုဘယ်လိုထိန်းမလဲ.."

ဒေါက်တာပိုးဥနဲ့မျိုးမမ.. ။

ပိုးဥသည်ဂုဏ်နဲ့ချစ်သူတွေဖြစ်ခဲ့ဖူးကာ မျိုးမမကတော့မကြာ

သေးခင်ကမှ သချိုင်းကုန်းကပါလာခဲ့သည့်ရန်စနှင့် နှစ်ယောက်စလုံး

သည် ပပအတွက်ကျောင်းတော်က ရန်စတွေလို့ပြောရမလား.. ။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုနှစ်ယောက်နင့်ကိုလှမ်းချိတ်နေပြီပပ.."

"ချိတ်..ချိတ်.."

ပပကဂရုမစိုက်သည့်မျက်နှာနှင့် ဆီမီးခွက်ပိုတာတွေကို ခြင်းထဲပြန်ထည့်ပြီး နေရာမှထရပ်လိုက်လျှင်.. ၊

"အမလေး..ဂုဏ်ကျက်သရေဆိုတဲ့စကားမျိုးကို ပိုးတို့ ပညာတတ်မိန်းမမြတ်လေးဆီကပဲ ကြားရတာပါဟယ်.."

"ဖြစ်ရလေနော်..ကိုယ့်ကိုယ်ကိုမိန်းမယုတ်အဖြစ်ခံပြီး များ သူများကိုစောင်းချိတ်ရတယ်လို့.."

စိမ်းလဲ့က ကျောခိုင်းထားရင်း အသံကျယ်ကျယ်ဟစ်သည် မျိုးမကိုယ်လေးတောင့်သွားပေမယ့် ဒီဘက်ကိုတော့တည့်တည့်လှည့် ကြည့်ပေ..၊

"တစ်ချို့တွေကရှူးတိုက်တာဝါသနာပါတယ်၊ တစ်ချို့ တော့ရှူးတိုက်တိုင်း ကိုက်ချင်တယ်.."

"ခွေးအကြောင်းတော်တော်နဲ့စပ်တာပဲ.."

စိမ်းလဲ့ကလည်း ကြားသမျှပြန်ပက်၏။ ပပက နှုတ်ခမ်း ကိုက်ပြီး ကျွတ်ခနဲစုတ်သပ်လျက်.. ၊

"စိမ်းလဲ့တော်တော့..မမပိုးနဲ့ငါမဖြစ်ချင်ဘူး.."

"သူတောင်မှ စားပြီးနားမလည်သေးတာ..ဘာဖြစ်လဲ.."

"အေးလေ..ပပတို့အိမ်မှာနေပြီးအထက်တန်းပညာသင် တာကို ခုကျတော့ဘာမှမဆိုင်ခဲ့သလိုပဲ.."

သူတို့ပြောနေတာတောင် မဆုံးသေးပေ.. ၊

"ဒါနဲ့ပိုးက အိမ်ထောင်မရှိတော့တာ ကြာပြီမို့လား.."

"ဟုတ်တယ်..ခုတောင် မလုပ်တော့ဘူးဆုံးဖြတ်ခဲ့တဲ့ ဝန်အလုပ်ကို ရွာမှာပြန်စဖို့စဉ်းစားနေတာ.."





"ကောင်းတာပေါ့ပိုးရယ်..တစ်ယောက်ကကျောင်းဆရာ တစ် ယောက်ကဆရာဝန် ဟီး..ဟီး.."

မျိုးမစကားကြောင့် ပပတို့အားလုံးနားရွက်တွေ ထောင်ကား သွားကြ၏။

"မနောက်နဲ့နော်..သူ့မှာမလွတ်မလပ်ကြီးနဲ့.."

"အောင်မလေး..အသွင်မတူ အိမ်သူမဖြစ်တဲ့ပိုးရဲ့၊ အဲ့ဒါမျိုးက စလယ်ဝင်ဖင်မမြဲခင်ကွဲတာပါပဲ၊ ဟီး..တွံတေးသိန်းတန်ရဲ့ လေးဆယ် ကျော်အချစ်ကို နှစ်ဆယ်ကျော်အချစ်လို့ပြောင်းဆိုကြည့်လိုက်.."

"အဟွန်း..အဟွန်း.."

"ကြည့်စမ်းဟယ်..သူများယောကျ်ားကိုပစ်မှားနေလိုက် ကြ တာ.."

မကျော်စိတ်တွေတိုနေသော်လည်း အသံတွေကကြားနေရ သေး၏။

"စဉ်းစားကြည့်ပါပိုးရယ်၊ ဟိုတုန်းတည်းကပိုးကိုသေအောင် ကြိုက်ခဲ့တဲ့ယောကျ်ားပဲ..ခုဆိုပိုးရဲ့အလှက တစ်သွေးတစ်မွေးနဲ့ဘယ်သူ နှလိုက်လို့မမီဘူး၊ ပြီးတော့ဆရာဝန်..သူများတကာတွေလို ဘွဲ့ခတ်ပုံ လေး ချိတ်ရရုံအနုတ်စုတ်ဂုတ်စုတ်ဘွဲ့မှ မဟုတ်တာ.."

"ပြောတော့မယ် မျိုးကတော့.."

"ပြောရမှာပဲ..ငါတို့ကတော့လိုက်ဖက်တင့်တယ်တဲ့ စုံတွဲလေး ဖြစ်မြင်ချင်တယ်၊ ဟိုတစ်ယောက်ကိုလည်း သနားလွန်းလို့ပါ၊ လင်ဆိုး မယားတဖားဖားဆိုတဲ့ စကားပုံကိုသင်းကျမှပဲ ပြောင်းပြန်လှန်ပြီး ဘယ် လိုပြောရမှန်း မသိအောင်လွန်ကိုလွန်လွန်းတယ်.."

"ဒါပေမယ့် သူကချစ်ချင်ချစ်နေမှာပေါ့..ခုချိန်ထိတော့.."

"ဘာလဲ..နင့်ကိုဟိုတုန်းကလို မရင်းနှီးတော့လို့လား.."



www.burmeseclassic.com

www.burmeseclassic.com



"မရင်းနှီးဘဲနေမလား..ချစ်ခဲ့ကြတာပဲဟာ၊ သူစိတ်ညစ်နေတာတွေကိုတော့ ဖွင့်ပြောတိုင်ပင်တာပေါ့.."

"အောင်မလေးသေချာပြီ..အိမ်ထောင်ရှိတဲ့ယောကျ်ားတွေကိုယ့်သားမယားအကြောင်း သနားစဖွယ်စိတ်ညစ်ပြနေရင် အဲ့ဒါကိုယ့်ကိုမျှော်လင့်နေလို့ပဲ၊ နည်းနည်းလောက်သာ သနားကြင်နာပေးလိုက်ဟီး..ဟီး.."

"သိတယ်..ဒါပေမယ့် ဝင်လိုက်မှာတော့ကြောက်ပါတယ်မျိုးရယ်၊ သူများအိမ်ထောင်ရေးကို.."

"အိမ်ထောင်လို့တောင် နားမလည်တန်ဖိုးထားရမှန်းမသိနဲ့ဒီလိုမိန်းမကို ငဲ့နေဖို့မလိုပါဘူး၊ ပိုးကလက်ဖျစ်တစ်ချက်ပဲ တီးကြည့်လိုက်.."

"ခစ် ခစ် ခစ်.."

"ဟီး ဟီး ဟီး.."

"တောက်..ရယ်သံကိုက.."

အနားကကပ်လျှောက်သွားကြပြီး ကျကျနနခုတ်လိုးသွား၏။ ပပ အသက်ရှူပြင်းနေလျက် လက်သီးလေးနှစ်ဖက်ဆုပ်ထား၏။

စိမ်းလဲ့တို့လည်း အသည်းယားနေကြကာ.. ၊

"ဟုတ်ပ..လည်ပင်းထညှစ်ပစ်ဖို့ကောင်းတယ်၊ ရယ်လည်းရယ်တတ်ပ.."

"ပပက ခေါင်းခါပြနေလို့ မဟုတ်ရင်ငါပွဲကြမ်းပစ်လိုက်တယ်.."

မေကျော့က ကြိမ်းဝါးနေ၏။ လူကြီးပိုင်းဆိုင်ရာနဲ့တစ်ရှုထဲ့နဲ့ရှိပြီး ဖြစ်ရတဲ့ပြဿနာမျိုးဆို မေကျော့ဒူးတုန်အောင်ကြောက်တတ်သလောက် ဒါမျိုးဆိုရင်တော့ အမျိုးထိချီအောင်နာတတ်လေသည်။





"တော်တော်ကျေးဇူးကန်းတဲ့သားအမိ.."

"ကန်းကန်းမကန်းကန်း ငါဒီနေ့ပြဿနာမတက်ချင်လို့ကြည့်နေလိုက်တာ.."

"ဖြစ်ရလေနော်..ဘယ်တုန်းကမှဆတ်ဆတ်ထိမခံခဲ့ဘဲနဲ့..ကိုယ့်ကိုတည့်တည့်ကြီးစော်ကားမှပဲ.."

"သူတို့နာမည်ထည့်ပြောတာလည်း မဟုတ်ဘူးလေ.."

"ဒါပေမယ့်ကျောင်းဆရာဆိုတာက.."

"ကျောင်းမှာဆရာတွေအများကြီးပဲဥစ္စာ.."

စိမ်းလဲ့တို့ခဏ တိတ်သွားသည်။

"ဒါပေမယ့်အသိသာကြီးပါပပရယ်.."

"ဟုတ်တယ်..ငါဘာဖြစ်လို့မှန်းမသိဘူး၊ မမပိုးနဲ့ရန်မဖြစ်ချင်ဘူး၊ သူကကိုကိုနဲ့ချစ်ခဲ့ဖူးတယ်လို့ ငါထင်ခဲ့တာ၊ အခုဟုတ်တယ်ဆိုတာသိလိုက်ရတော့ ပိုပြီးမဖြစ်ချင်ဘူး.."

"ဘာရယ်..ဘယ်လို.."

"မသိတော့ဘူးဟာ..ငါသူများဟာကြီး ကောက်ရထားသလိုပဲ.."

"မဆီမဆိုင်ကြီးဟာ.."

"မဆိုင်တာပပရယ်..သူတို့သာသာထိုးထိုးပြောသွားတာ ရောမဖြစ်နိုင်ဘူးလား၊ နင်ကသာမုန်းတယ်ပြောနေတာ ဆရာ့ပုံစံကနင့်ကိုသူညီမလေးလို.."

ပြောလိုက်ပြီးမှ စကားမှားသွားကာ၊ စိမ်းလဲ့ ပျာပျာသလဲခေါင်းခါ၍.. ၊

"ငါပြောချင်တာက နင်ဘာလုပ်နေနေ သူစိတ်ပျက်တဲ့ပုံမရှိဘူးဆိုတာကိုပါ၊ ဒေါသတွေထွက်နေလည်း နင့်ကိုစိုးရိမ်တာမှန်းသိ



www.burmeseclassic.com

www.burmeseclassic.com



သာတယ်.."

"ရွာမှာတော့ သူတို့မကြိုက်ကြတာသေချာပါတယ်.."

ပပကခေါင်းခါ၍.. ၊

"ရန်ကုန်မှာ နှစ်ရှည်လများတွေနေခဲ့ကြတာပဲ..မဖြစ်နိုင်စရာ မရှိပါဘူး.."

"ဖြစ်ဖြစ်မဖြစ်ဖြစ်..သူ ယောကျ်ားရသွားတာမိဘပေးစား လို့မဟုတ်ဘူးပပ..အဲ့ဒါတစ်ရွာလုံးသိတယ်..ငါတော့သူတို့တမင်လျှောက် ပြောသွားတာလို့ပဲထင်တယ်.."

ယောကျ်ားလေးတွေက ဆီဖြည့်ပြီးသည့်ဆီမီးခွက်တွေမှာမီး လိုက်တို့နေသဖြင့် ည၏အလှကရွှေဝါရောင်အဆင်းနှင့်တဖြည်းဖြည်း ရှုန်းကြွလာခဲ့၏။

ပပ တဖြည်းဖြည်းလျှောက်နေရင်း တစစမီးတွေလင်းလာ လာပုံကိုအမိပ္ပါယ်မဲ့ငေးနေမိ၏။ ကိုယ့်ကိုယ်ကို တက်ကြွခြင်းတွေ ပျောက်ဆုံးသွားခဲ့မှန်း သတိမထားမိပေမယ့် စိမ်းလဲ့တို့က ငေးနေသည့် မျက်နှာလေးကိုနားလည်သွားကြ၏။

ထို့ကြောင့် သူမတို့ပါစိတ်ညစ်ကုန်ကာ ခေါင်းတရမ်းရမ်း ဖြစ်သွားကြလေသည်။ ခမ်းနားစွာပြင်ဆင်ထားသောဇာတ်စင်မြင့်ကြီး ဆီမှ လော်စပီကာသံထွက်ပေါ်လာလျှင်.. ၊

"အဲ..သတိရပြီ...၊"

သီတဂူက တိတ်ဆိတ်ခြင်းကိုဖြိုခွင်းလိုက်ပြီး.. ၊

"နင် ခဏပြန်လိုက်.. ရှစ်နာရီလောက်ကျရင်ပွဲကြည့်ဖို့ငါတို့ လာခေါ်မယ်.."

"မကြည့်ချင်ဘူး.."

"အေးပါ..မကြည့်ပါဘူး၊ နင်ကလဲ အထာမနပ်လိုက်တာ.."





ရွာကလူတွေအားလုံး မြို့ကြီးကဘန်းစကားတွေကိုပြော တတ်နေကြတာ မြို့နဲ့ရွာကူးလူးသွားလာနေကြ သည့်လူတွေထံမှအ တုယူကြလွန်းလို့ဖြစ်သည်..၊

အားလုံးက မြို့သူမြို့သားစတိုင်လ်နှင့်ဟန်ကြီးပန်ကြီးပြောရ တာကိုသဘောကျနှစ်မြိုက်ခဲ့ကြလျက်.. ၊

"ဟဲ..ဟဲ ငါတို့ ဒီည ထူးထူးဆန်းဆန်းကဲရအောင်.."

"ဘာတွေထူးဆန်းဖို့ရှိနေတာလဲ.."

သူမတို့နားကို ယောကျ်ားလေးတွေရော..စည်သူရဲ့အစ်မတွေ ပါတစ်အုံတစ်မကြီးရောက်လာကြ၏..ဖိုးခွေးနဲ့ဘယ်ကျော်တို့ကနေ ရာတကာ ပွကြီးလုပ်တတ်သည့်အတိုင်း.. ၊

"ဒီည ငါတို့က..ကြက်သုံးကောင်တာဝန်ယူတယ်..၊"

"ငါတို့က ဘူးသီးအဲ့ဗား..."

စိန်တုတ်က အင်္ဂလိပ်လိုမပီမသနှင့် သူ့အသံဖောက်သွား အောင်အော်၏။ ပပက စိန်တုတ်ကိုလှည့်ကြည့်ကာ.. ၊

"ကြက်ကာလသားချက်ဖို့ ဒီနှစ်အစီအစဉ်မရှိဘူး.."

"ဘာဖြစ်လို့လဲ.."

"ရှိရင်လဲ ရှင့်ဆီက ဘူးသီးမယူဘူး.."

"ဘာဖြစ်လို့လဲ.."

စိန်တုတ်ချည်းပဲနားမလည်နိုင်စွာမေးခွန်းတွေထုတ်လျက်..၊

"ဘူးသီးအတွက်ငါတာဝန်ယူပါတယ်..လိုသလောက်ရစေ ရမယ်.."

"ဟော့အေး..ရှင်က ရှင်ကကြွေးတောင်းရဲတဲ့နေရာမှာ ဝီအိုပဲ ထပ်ပြီးလည်းအတောင်းမခံနိုင်ဘူး.."

"ဒါကိုတော့ မတောင်းပါဘူးဟ နင်ကလည်း ငါလည်းကြက်



www.burmeseclassic.com

www.burmeseclassic.com



သွားဟင်းစားမှာဥစ္စာ..”

“ဟော့အေး..”

တကယ်တော့ ပပ ဒီနှစ်..သူခိုးကြီးညမှာ မခိုးတော့ဘူးလို့ ဆုံးဖြတ်ထားလို့ဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော်.. ၊

“သမီးကိုကိုစိုးရိမ်နေတာက ရွာလူကြီးတွေကိုယ်တိုင်သတိပေးထားလို့ပါသမီးရယ်..သူခိုးကြီးညမှာသမီးကြောင့်ပြဿနာမတက်အောင် တာဝန်ယူရမယ်ဆိုပြီးလေ..”

“ဟိုတုန်းက မိဘလက်ထဲမှာကလေး လိုနေလာခဲ့တာ မှန်တယ်၊ တစ်ရွာလုံးကလည်းကလေးလို့ပဲမြင်ကြတာ..ဒါပေမယ့် အိမ်ထောင်ကျသွားရင်တော့ တကယ့်ကလေးဆိုရင်တောင် စည်းဝိုင်းဘောင်တစ်ခုအတွင်းကို ရောက်သွားတာမျိုး ကလေးဆန်လို့မရတော့ဘူး..”

“ခုချိန်မှာသမီးအမှားလုပ်သမျှအမည်းစက်ကြီးတွေထင်ကျန်ခဲ့မှာ..ကိုယ့်မိသားစုအပေါ်မှာသမီးကြိုက်သလိုဆိုးစမ်းပါ..ရပ်ကျော်ရွာကျော်ဖြစ်ရတာမျိုးထပ်မလုပ်ပါနဲ့သမီးရယ်၊ သမီးယောက်ျားက ကလေးတွေကိုသင်ပြနေရတဲ့ကျောင်းဆရာ..သူ့ကိုကလေးတွေအရှိသေတန်ကုန်ရင်ဘယ်လောက်ရှက်ဖို့ကောင်းသလဲ..” တဲ့.. ၊

မိဘကလည်း ဒီစကားတွေနဲ့ပဲ တစ်သက်လုံးဆိုဆုံးမခဲ့တာပါ..ဒါပေမယ့် ခုကျမှရှက်တတ်လာသည်။ အိမ်ထောင်သည်ဆိုသည့် အသိက ယောက္ခမရဲ့စကားတွေကြားမှ နိုးထလာ၏။

သူမနှစ်စဉ်နှစ်တိုင်း သူခိုးကြီးညမှာ သူများတွေကိုဒုက္ခပေးရင်းပျော်ရွှင်လာခဲ့သမျှ ဒီနှစ်ဒီညမှာတော့ ဆင်ခြင်ဖို့ဆုံးဖြတ်မိ၏။

နောက်တစ်နေ့မိုးလင်းတိုင်း တိုင်တန်းလာကြတာတွေကို ဘယ်တုန်းကမှ မကြောက်ခဲ့ပေမယ့် ဒီနှစ်မိုးလင်းလာမယ့် သူခိုးကြီးည





တစ်ရက်ကျော်ကို သူမကရှုမစိုက်လို့မဖြစ်.. ၊ ထို့ကြောင့်.. ၊

“ဒီညငါမပါတော့ဘူးဟာ၊ တန်ဆောင်တိုင်ရက်တွေမှာ ငါပြဿနာရှာခဲ့တာတွေများနေပြီ..နောက်ဆုံးညကျမှ ပြဿနာနဲ့မသိမ်းရအောင် ဒီညတော့ရှိုးပုံရှိုးပန်းလေးနေဦးမှ..”

“အော့ကြောင့်..ငါခုနကသတိရပြီဆိုတာလေ၊ ပြောခွင့်ကိုမရဘူး..”

သိတဂူက အားလုံးရဲ့အလယ်ကိုပိုတိုးလာကာ.. ၊

“ဒီလိုညမှာ အိမ်ပြန်ပြီးစောင်ခြုံကွေးနေလို့တော့ မရပါဘူး..”

“ဟုတ်တယ်..သူများတွေကမြင်းနေတာကို ဟောဒီနားကြီးက ကြားနေရမှာ ဘယ်လိုလုပ်အိပ်လို့ပျော်မှာလဲ..”

စိမ်းလဲ့ကထောက်ခံလိုက်တော့ သိတဂူကျေနပ်သွားကာ.. ၊

“အဲ့ဒါကြောင့် ငါတို့ကြည့်ဖူးတဲ့သရဲကားထဲကလို ဟောလိုးဝင်းလုပ်မယ်၊ ဟိုလေသရဲမျက်နှာဖုံးတွေစွပ်ပြီးတော့..”

“ဘယ်မှာလဲ မျက်နှာဖုံးက..”

“မျက်နှာဖုံးမရှိဘူးလေ၊ ဒါပေမယ့်ငါတို့မှာရှိတဲ့ မိတ်ကပ်ပေါင်ဒါတွေနဲ့ရုပ်ဖျက်မှာပေါ့..”

ပပက စိတ်ဝင်စားသလိုဖြစ်သွားပြီးမှ ခေါင်းရမ်းကာ.. ၊

“အဲ့ဒါလည်းမကောင်းပါဘူးဟာ..”

“ဘာဖြစ်လို့လဲ..”

“သူများတွေကြောက်လန့်ကုန်ရင် အဲ့ဒါကိုပဲရိုးမယ်ဖွဲ့တိုင်ကြဦးမှာ၊ တိုင်ပြီဆိုငါ့နာမည်ကထိပ်ဆုံးက..”

“မဟုတ်ဘူး.. အခုသူများတွေကိုမခြောက်လှန့်ဘူး၊ ငါတို့တစ်ယောက်နဲ့တစ်ယောက်မမှတ်မိအောင်ပြင်မယ်၊ ကိုယ်မှာစောင်တွေပတ်ပြီး မှောင်ရိပ်ထဲမှာဆုံကြမယ်..”



www.burmeseclassic.com

www.burmeseclassic.com



"စကားပြောရင် သိပြီပေါ့.."

"မပြောဘဲနဲ့ဖော်ရမှာလေ..နာမည်ရေးပြစရာ စာရွက်ဖြစ်ဖြစ် သစ်သားပြားဖြစ်ဖြစ် စာရေးကိရိယာယူလာပြီး မွှာရုံကြီးဘေးက ခရေပင်အောက်မှာဆုံမယ်.."

"အဲ့ဒါကောင်းတယ်.."

"ဘယ်လို..ဘယ်လိုပြန်ပြောစမ်းပါ၊ နာမည်တွေအကုန်ဖော်ပြရမှာလား၊ အရှုံးအနိုင်ကရော.."

"အခု ငါတို့ဘယ်နှစ်ယောက်လဲ.."

"ငါတို့..နေဦး၊ ရေလိုက်ဦးမယ်.."

"ရပြီ..ဆယ့်နှစ်ယောက်.."

"ဒါဆိုအံကိုက်ပဲ..နှစ်ယောက်တစ်တွဲမျက်နှာချင်းဆိုင် ရပ်ပြီး ကိုယ့်လူနာမည်ကိုယ်ဖော်နိုင်ရင်ရပြီ၊ နှစ်ယောက်စလုံးနာမည်ရေးပြီးမှ အသံတိတ်အပြန်အလန်ပြရမှာနော်..တစ်ယောက်ကသိတာနဲ့ဟုတ်တယ်၊ မဟုတ်ဘူးတန်းဖြေရမှာမဟုတ်ဘူး.."

"ထောင့်ကိုစေ့လို့ပါလားသိတဂူ..ဒါကြိုတင်စိတ်ကူးထားတာဖြစ်ရမယ်.."

သိတဂူ ဆရာမကြီးစတိုင်လ်နဲ့ပြုံးနေလျက်.. ၊

"အစောကြီးတည်းကတော့မဟုတ်ပါဘူး၊ အဆဲကြမ်းတဲ့'လ' တစ်လုံးစိန်ကြောင့် ပပဆူခံထိပြီဆိုတာသိလိုက်တာနဲ့ ဒီညကဲဖို့ပပစိတ်ပါမှာမဟုတ်ဘူးဆိုတာ စဉ်းစားမိလို့.."

"'လ' တစ်လုံးစိန်ဆိုမှသတိရတယ်၊ ကိုသောကြာပါရင် ငါမပါဘူး..အဲ့ဒီလိုလူနဲ့အလောင်းအစားလုပ်ရတာလည်း ပျော်ဖို့မကောင်းဘူး.."

သောကြာ သူ့ဘက်လှည့်လာတော့မှာကို သိနေသဖြင့် အစ





တည်းကပပရှေ့ထိမလာဘဲ ဟိုကွယ်ဒီကွယ်လုပ်နေတာဖြစ်၏။

သူ့ရှေ့က ဘယ်ကျော့ကိုယ်ကြီးဘေးထွက်လိုက်တာနှင့် ပပနဲ့မျက်နှာခြင်းဆိုင်ဖြစ်သွားကာ.. ၊

"ငါအခု အဲ့ဒါမပါအောင်စကားပြောလျှော့ထားပါတယ်ဟ၊ နင့်ဆီကအကျိုပြန်တောင်းတာက ငါ့အကျီမဟုတ်လို့ပါ.."

"ဟုတ်ပါတယ်ဟာ၊ ကိုသောကြာကဒီနားရောက်လာတည်းက ဘာမှကိုဝင်မပြောရှာပါဘူး..ကျေနပ်လိုက်ပါတော့.."

ပပက သောကြာမျက်နှာစပ်ဖြဲဖြဲကို ဒေါသမပါသည့် မျက်စောင်းနှင့်မဲ့ပြကာ.. ၊

"ဟွန်း..သူသာနိုင်ရင်သူများဆီကလောင်းကြေးကို အိုးစည်ဒုံမောင်းနဲ့ထယူမှာ၊ ညစ်ကြီး.."

ဘာမှပြန်မပြောဘဲ သောကြာကခေါင်းငုံ့ရင်း မျက်နှာပါငုံ့သွားသည်။ ပပကိုဘယ်သူမှလက်လွှတ်မှာမဟုတ်ပေ၊ ပပကခေါင်းခါလိုက်သည်နှင့် ဘယ်သူဖြစ်ဖြစ်ကစားပွဲထဲက ထွက်ကြရမှာကိုသိနေသဖြင့် ဂရုမစိုက်လို့လည်းမရ.. ၊

"ပြီးရော..ဒါဆို အခုလူစုခွဲမယ်၊ ရှစ်နာရီပြန်ဆုံမယ်.."

"ဟာ..သရဲလုပ်ကြမှာဆိုတော့ ဆယ်နာရီလောက်မှကောင်းမှာပေါ့၊ ဒါမှကြောက်ဖို့ကောင်းမှာ.."

ဖိုးခွေးက ပြောလိုက်သဖြင့် အားလုံးကသူ့ကိုလှည့်ကြည့်ကြ၏၊ သူကိုယ်တိုင်ကြောင်တောင်တောင်ဖြစ်သွားကာ.. ၊

"ဘာလို့ ငါ့ကိုဝိုင်းကြည့်ကြတာလဲ.."

"ကြည့်တယ်လေ..မင်းလောက်သတ္တိကောင်းတာမင်းပဲရှိတယ်၊ ဆယ်နာရီထိုးမှသရဲလုပ်ထွက်ချင်တယ်ဆိုတော့.."

"ဟား ဟား ဟား.."



www.burmeseclassic.com

www.burmeseclassic.com



"ခစ် ခစ် ခစ်.."

ဖိုးခွေး စိတ်တိုသွား၏။

"လူတွေအများကြီးရှိနေတာကိုတော့ မကြောက်ပါဘူးကွာ။ မွှာရုံကြီးသေားမှာမှောင်ပေမယ့် ပွဲတော်ရက်ကြီးမှာဘယ်မှာဖြစ်ဖြစ် လူတွေရှိနေတာကို.."

"တော်စမ်းပါကွာ.."

အားလုံးဝိုင်းရယ်ကြတော့ ဖိုးခွေးဘယ်သူ့ကိုဒေါသထွက်ရမှန်းမသိ..၊

ထိုညမှာ ကိုယ့်အိမ်ကိုအသီးသီးပြန်ကြပြီး ပြန်ဆုံဖို့ချိန်းလိုက်တာ ညကိုးနာရီ.. ၊

¤ ¤ ¤ ¤





အခန်း(၂၃)

"ရပါတယ်ညီမလေးရယ်၊ ဒီညအစ်မတို့လည်းပြဇာတ်တွေနောက်ပိုင်းတွေ ကရမှာမှမဟုတ်တာ ယူသွားပါ.."

"ဘာလုပ်မလို့လဲ သမီး.."

"ဘာမှမလုပ်ဘူးဖေကြီး..ပပတို့ပျော်ပွဲရွှင်ပွဲဆော့ချင်လို့.."

ဦးမောင်နိုင်က မင်းသမီးငွေဖျိုင်းဖြူနဲ့သမီးဖြစ်သူကို တစ်လှည့်စီကြည့်ကာ၊ ပပကိုင်ထားသည့် သရဲမျက်နှာဖုံးကို အကြည့်ထပ်ရောက်ပြီး.. ၊

"ဒါကြီးနဲ့.."

ပပက ငုံ့ကြည့်ပြီးမှ ပြန်မော့လာပြီးခေါင်းညိတ်ကာ..၊

"ဒီည ဟိုနှစ်တွေလိုမဆော့တော့ဘူး..ပပတို့အုပ်စုချည်းပဲ ဘယ်သူ့မှပြဿနာမရှာဘဲ ဆော့မှာ.."

"ပြောလိုက်ရင်တော့ချောလို့ပဲနော်၊ ပြီးမှသာပြဿနာက ရောက်ရောက်လာတာ..ဇာတ်အဖွဲ့က မိုးမလင်းခင်ထပြန်ကြမှာ သူ့အရှည်းကို.."

"မကြာပါဘူးဖေကြီးရဲ့ နှစ်နာရီလောက်ပဲ.."

"ရပါတယ်ဗျာ..အန်ကယ်လ်ကြီးသမီးဆိုတည်းက ကျွန်တော်တို့ဇာတ်အဖွဲ့မှာ ဘာပစ္စည်းဖြစ်ဖြစ် ယူသုံးခွင့်ရှိပါတယ်.."



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးက ချစ်စရာလေးဗျာ.."

"ဟုတ်တယ်နော်..တောရပ်တောရွာကလို့တောင် ထင်စရာမရှိဘူး၊ ဖွေးနုနေတာပဲ.."

ဇာတ်တစ်ဖွဲ့လုံးကို ဦးမောင်နိုင်တို့က ခြံထဲမှာပဲယာယီတဲတွေထိုးပြီး အစားအသောက်ကအစ အားလုံးပြည့်စုံအောင်စီစဉ်ပေးထားတာဖြစ်သည်။

ထို့ပြင် အိမ်ကအလုပ်သမားတွေကိုလည်း လိုအပ်တာအလွယ်တကူပြောပေးနိုင်အောင် ဇာတ်အဖွဲ့တွေနားမှာထားပေးခဲ့သဖြင့် လိုလေသေးမရှိ ပြည့်စုံနေကြ၏။

ထို့ကြောင့် တစ်ဖွဲ့လုံးကလည်း ဦးမောင်နိုင်တို့မိသားစုနဲ့ တစ်ရွာလုံးအတွက်ဆို လိုအပ်လာရင် ကူညီဖို့အသင့်ရှိနေကြခြင်း ဖြစ်၏။

ပပကတော့ အဆင်ပြေနေလေသည်။ ဇာတ်ထဲမှာသုံးသည့်သရဲမျက်နှာဖုံးကြီးကို သေချာကြည့်၍ရယ်ရင်း.. ၊

"ဘာရမလဲ..ပပတို့ကဘာလုပ်လုပ်သူများထက်ထူးရမှ.."

နီကြောင်ကြောင်ဆံပင်စုတ်ဖွားကြီးကထိပ်မှာလည်း ပွသည်။ ကျောလောက်ထိလည်းရှည်၏။ မျက်နက်ဆန်လေးရွှေ့စေ့လောက်နှင့် ကွမ်းသီးလုံးလောက်မျက်လုံးဖြူဖြူကြီးတွေက လှုပ်ရှားမှုမရှိဘဲ အသက်ဝင်နေသည်။

သွားချောင်းရှည်ကြီးတွေက အရိုးခေါင်းတွေမှာမြင်ရသည့်မျိုး ပြူးပြဲနေသည့်ပြင် ကျိုးတို့ကျဲတဲမို ကြည့်ရဆိုး၏။

"ကောင်းတယ်.."

တခစ်ခစ်ရယ်ရင်း အိမ်ကိုပြန်လာခဲ့စဉ် မှောင်ရိပ်ကျသည့်နေရာမှာတော့ မျက်နှာဖုံးကိုအသာလေးလိပ်ထားရ၏။

"မဖြစ်ဘူး..ပြူးတူးပြဲတဲကြီးက လက်ရာမြောက်လွန်းတယ်.."





ကိုယ့်ဘာသာပြောရင်းရယ်မိလိုက် ပခုံးတွန့်မိလိုက်ရှိစဉ်..၊

"ဟဲ့.."

အနားကိုခွေးဘယ်လိုရောက်လာသည် မသိလိုက်ပေ.. ၊

"မလုပ်နဲ့ညိုလုံးမှတ်လား၊ ပြန်ပေး..ပြန်ပေး.."

အုန်းခြံဒေါ်ယုံရဲ့ခွေးကြီးကို ပပသိသည်။ ရှားညိုရောင်ထွားထွားကြီးဖြစ်ကာ သိပ်တော့မဆွဲပေမယ့် သူ့ရှေ့မှာအိတ်တွေ ပလုံးတွေဆွဲသွားတာ လွယ်သွားတာမြင်လျှင် အတင်းလိုက်ဆွဲတတ်သည့်အကျင့်ရှိ၏။

မျက်နှာဖုံးကို ဆွဲလုသွားပြီး ကိုက်ဖွဲ့ခါရမ်းနေစဉ် ပပအတင်းပြန်ဆွဲယူရင်း.. ၊

"လွှတ်..လွှတ်၊ အဲ့ဒါစားစရာမဟုတ်ဘူး.."

သားရေသားဆိုတာခွေးတွေကြိုက်မှန်း သိနေသဖြင့်စိုးရိမ်တကြီးပြန်ဆွဲလုမိ၏။ ခွေးကလည်းမလွှတ်၊ လူကလည်းအပါဆွဲနေရာ သားရေသားကထူပေမယ့် ပပလက်ထဲပြန်ပါလာတော့ မျက်နှာဖုံးကအကောင်းတိုင်းမရှိတော့.. ၊

"ဒုက္ခပါပဲ..သွားပြီ.."

ညိုလုံးက သူမဆီကပြန်လုဖို့တကောက်ကောက် ပါလာသဖြင့် ခိတ်တိုကာ.. ၊

"သွား..ဘာလိုက်လုပ်တာလဲ၊ နင့်ကြောင့်ဒီမှာစုတ်ပြတ်သပ်နေပြီ..ညိုလုံးစုတ်.."

တုတ်ကောက်ပြီး ခြောက်လွှတ်လိုက်မှ ခွေးကကျန်ရစ်၏။ ပြန်ကြည့်လိုက်တော့ မျက်လုံးတစ်ဖက်ကစုတ်ပြဲပြီး ရှုတ်တရက်ကြည့်လျှင် အလုံးလိုက်ထွက်ကြနေသလိုလို.. ၊

"သွားပါပြီ..ငါ့ကိုဖေကြီးဆူတော့မယ်.."



www.burmeseclassic.com

www.burmeseclassic.com



အောက်မေးဖျားတစ်ခြမ်းလုံးပြိကျကာ သွားတွေပါမေးနဲ့ရော ပြီး ကြည့်မကောင်းရှုမကောင်း.. ၊

ဒါကိုဘယ်လိုလုပ်ရမလဲ.. ၊

အိမ်ရှေ့ရောက်နေမှခြေစုံရပ်ပြီးအကြံထုတ်နေမိသည်။ ဘာ ဖြစ်လဲ..သရဲမျက်နှာဖုံးပဲ အဆင်ပြေနေဖို့မှမလိုတာ ရုပ်ဆိုးလေကောင်း လေ..၊

ကိုးနာရီထိုးမှအပြင်ကိုပြန်ထွက်ဖို့ ဒေါ်မြတ်နွယ်ကိုတိတ် တိတ်လေးခွင့်တောင်းရ၏.၊

"သမီးရယ်..ဒီညသမီးကိုသေချာဂရုစိုက်ဖို့ အမေ့ကိုမှာခဲ့တာ"

"ပပ ခဏလေးပါ မေမြတ်ကလည်း ကိုကိုကပွဲမပြီးမချင်း လုံခြုံရေးထဲမှာရောပါနေမှာပဲ၊ ကိုကိုပြန်မရောက်ခင် ပပပြန်လာခဲ့ မယ်.."

ဒေါ်မြတ်နွယ်ကိုနှစ်ခါမချွဲလိုက်ရပါ။ သို့သော် ပပထွက်ခါနီး မှ ဂုဏ်ကခေတ်မီးတဝင်းဝင်းနဲ့ပြန်ရောက်လာ၏..၊

"ပပရော.."

ရောက်တာနှင့်ကိုယ့်နာမည်ကိုတန်းမေးလိုက်တာနားထဲ မှာ ဒိုင်းခနဲပစ်ဆောင့်သွားသလိုပင်.. ၊

"ရှိတယ်သား..ဘယ်မှမသွားဘူး.."

"အိပ်နေလို့လား.."

အသံမကြားတာကထူးဆန်းနေသဖြင့် ထပ်မေးတော့ ဒေါ် မြတ်နွယ်မလုံမလဲနှင့်မျက်နှာလွှဲကာ..

"အိပ်တော့မအိပ်သေးဘူးထင်တယ်..ဒါပေမဲ့ သားအမိန့် ကြောင့်ဘယ်မှမသွားမလာဘဲနေရတာကို နည်းနည်းတော့စိတ်ကောင်း မှာပေါ့သားရဲ့..နေပါစေ၊ သွားခေါ်မနေနဲ့ မင်းထမင်းစားမလို့လား..





ငှုစုးတော့ရှိတယ် ပြင်နိုင်းလိုက်လေ..."

"မစားပါဘူး ဓမ္မာရုံမှာစားစရာတွေပြည့်လျှံနေတာပဲ ဟိုဟာ နည်းနည်း ဒီဟာနည်းနည်းစားရင်းဗိုက်တောင်မကောင်းဘူးဖြစ်နေ တယ်.."

"ဟုတ်လား..ဒါဆို အမေ့လျှက်ဆားလေးလျှက်လိုက်လေ.. ရင်ချောင်သွားအောင်.."

"နေပေ့စေ အမေ..ခဏနားပြီးပြန်ထွက်ရဦးမှာလျှက်ဆားကြီး ထန်းကန်နဲ့.."

တကယ်တော့ပပကိုသတင်းပေးဖို့အတွက် အထဲကိုခြေလှမ်း လှမ်းမိတာဖြစ်သည်။ ဒေါ်မြတ်နွယ်ဒီအရွယ်ကျမှ သားအတွက် စိတ်ပူတာတောင်နောက်ဆံတင်းစရာတာဝန်တရပ်နှင့်ဖြစ်နေရကာ.. ၊

"သမီး တစ်နာရီလောက်ပဲနေနော်သားသိသွားရင်အမေလဲမ ကောင်းဘူး.."

"ဟုတ်.."

ပပအကြပ်ရိုက်နေရကစအိမ်ထဲမှာအကျအနလိမ်းခြယ်ခွင့် ရတော့ပေ..နှုတ်ခမ်းနီတွေမိတ်ကပ်တွေပါ လိုသလောက်ယူကာခြံ ဆောင့်မှောင်မှောင်မဲမဲထဲမှာပဲမှန်လဲမပါဘဲလိမ်းခြယ်ရင်း...၊

¤ ¤ ¤ ¤



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၄)

"ငါ့ကိုကြည့်စမ်း၊ ဘယ်လိုနေလဲ.."

ဦးဆုံးရောက်သွားပြီး ခြောက်ယောက်တန်းစီနေရမယ့် အခွဲ မှာ လူစုံနေပြီဖြစ်ကာ မျက်နှာချင်းဆိုင်အလိမ်ဖော်ရမည့် တွဲဖက်တွေ မလာသေးသဖြင့် အချင်းချင်းမျက်နှာတွေပြပြီး...၊

"ငါရော.."

"ကောင်းတယ်၊ ကာခြယ်တွေမျက်လုံးမှာများနေတော့ နင့်ရုပ် ကိုလုံးဝသိမှာမဟုတ်ဘူး၊ ငါဘယ်လိုလဲ.."

"ကောင်းတယ်၊ နင်လည်းတော်တာပဲ..အစိမ်းတွေအနီတွေ ပြီး လူရိုင်းနဲ့တူတယ်၊ ခစ် ခစ်.."

"ဟော့..ငါတို့ကိုကြည့်စမ်း.."

"နေစမ်းပါဖိုးခွေးရယ်..ငါတို့ကလှပီးသားလူတွေဆိုတော့ မလှအောင်ရုပ်ဖျက်နေရတာခက်တယ်.."

"အံမာ.."

"နင့်ရုပ်ကြီးက သရဲနဲ့တူအောင်သိပ်လုပ်ဖို့လည်းမလိုပါဘူး–"

"သိတဝ္ဂ နင်အချင်းချင်းလာဖွဲ့မနေနဲ့နော်.."

"တိတ်တိတ်နေကြတော့ ဟိုမှာလာကုန်ကြပြီ.."

"အံမယ်..စောင်မည်းမည်းကြီးနဲ့တစ်ယောက်ကမှန်နဲ့ ပါ





သား.."

"ဟုတ်တယ်၊ နာမည်ရေးဖို့ထင်တယ် သူ့မှာစာရွက်မပါဘူး"

"ငါတို့လဲစာရွက်မပါပါဘူး၊ အဘာသိမ်းထားတဲ့သုံးထပ်သား ပြားကြီးလိုးယူလာတာ၊ ဟဲ..ဟဲ ..ဒီမှာမြေဖြူ.."

မြေဖြူနဲ့သုံးထပ်သားပြားတွေမြင်မှ စာရွက်နဲ့ဆော့ပင်ယူလာ သည့်လူတွေကကိုယ့်ပစ္စည်းတွေကိုပြန်ငုံ့ကြည့်ကြ၏၊

"ကဲပါဟာ..ဆော့ပင်နဲ့ရေးတာပဲမြင်ရပါတယ်..ဒီနေရာက မှောင်ပေမယ့် ပတ်ဝန်းကျင်ကအလင်းရောင်တွေရနေတာပဲဥစ္စာ.."

အချင်းချင်းတွတ်ထိုးပြောဆိုနေကြတုန်း လူတွေတဖွဲဖွဲစုံလာ လျှင်..အသံတွေလည်းတိတ်ဆိတ်သွားခဲ့၏..၊

အနိုင်အရှုံးသတ်မှတ်ချက်က ပွဲခင်းထဲမှာ နောက်ဆုံးကျန် သည့်မုန့်ဆိုင် မှာအဝကျွေးရမှာမို့ ပျော်ရွှင်စွာစားသောက်ရမည့်အ ရေးကို စိတ်ဝင်စားနေကြ၏..၊

ကြက်တွေအူးသီးတွေလိုက်ခိုးပြီးချက်ပြုတ်စားသောက်ရ တာထက်အန္တရာယ်ကင်းပြီးသက်သောင့်သက်သာရှိတာမို့အားလုံးတက် ကြွနေကြ၏..၊

နောက်ဆုံးလိုနေတာက ပပ တစ်ယောက်သာရှိတော့လျှင် တစ်ယောက်အစွန်းထွက်ရပ်နေသူက စိမ်းလဲ့ပဲဖြစ်ကာ ပပကသူမနဲ့ မျက်နှာချင်းဆိုင်ရပ်ရမှာဖြစ်၏။

ခုချိန်မှာလိုအပ်နေတဲ့တစ်ယောက်က ဘယ်သူဆိုတာဘယ် သူမှမခန့်မှန်းနိုင်ကြတော့တဲ လည်းပင်းအထိစောင်တွေခြုံကာ မျက်လုံး တွေ နုတ်ခမ်းတွေ ပုံပျက်အောင်ခြယ်ထားသည့် မျက်နှာတွေကိုလည်း ဘယ်သူဆိုတာမသိကြတော့ပေ.. ၊

ထို့ကြောင့် ကိုယ့်ရဲ့ရှေ့ကလူကိုပဲ အချင်းချင်းပိုက်စိပ်တိုက်



www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်နေခဲ့ကြ၏။

အချိန်တွေကုန်လာကာ သူတို့ပတ်ဝန်းကျင်လေးကတော့ တိတ်ဆိတ်နေခဲ့၏။ စာရွက်တွေနဲ့ဆော့ပင်တွေကို ရေးချင်လို့တပြင်ပြင်ဖြစ်လာကြကာ၊ တစ်ပေလောက်ကြည့်မှန်ကြီးကိုကိုင်ထားရသည့်သူကလည်းစောင်ကိုလည်း ကွာမကျအောင်ထိန်းထားရသေးသည်။

မှန်ကတစ်ဖက်မြေဖြူလည်းပါနေသဖြင့် စိတ်မရှည်သလို လည်ပင်းတရှည်ရှည်နဲ့မျှော်၏။ ပွဲခင်းထဲမှာရော မီးထွန်းပွဲကိုရော ရွာသားတွေစည်ကားသိုက်မြိုက်စွာ ပျော်ရွှင်နေကြသော်လည်း လူငယ်တွေ့အုပ်စုက မှောင်ရိပ်ထဲမှာ.. ၊

ထိုစဉ် စိမ်းလဲ့ကလက်ညှိုးထိုးပြလိုက်ရာ အားလုံးလှမ်းကြည့်လိုက်မိကြ၏။ ပွဲခင်းဘက်က မီးရောင်တွေကိုကျောပေးကာ စောင်ခြုံကြီးနဲ့ လျှောက်လာနေသူသည် ပွယောင်းရှပ်ပွနေသည့် ဆံပင်တွေဖားလျားနှင့်.. ၊

ဒါ ဘယ်သူလဲဆိုသည့်အတွေးက ကိုယ်စီမှာဖြစ်ထွန်းကုန်ကြ၏။ လျှောက်လာပုံက မျောက်ဝံလိုခပ်ကားကား ကွတတနှင့်၊ ဆံပင်တွေကပါ တလွှန့်လွှန့်လိုင်းထနေသေးသည်။

မျက်နှာကိုမမှတ်မိအောင်လုပ်ဖို့က စောင်ခြုံပြီး မိတ်ကပ်လိမ်းလာရင်ရပြီ မဟုတ်ဘူးလား၊ အဲ့ဒီလိုပုံစံ လျှောက်လာဖို့လိုလို့လား..

ထိုအချိန်မှာ ကြောက်တတ်သည့်ဖိုးခွေးက ပထမဆုံးရှုပ်လုံးပေါ်လေသည်။ ထိုသဖွာာန်မည်းမည်းကြီး ရှေ့တိုးလာလေသူကဘေးက လူနားကပ်လေ.. ၊

အားလုံးစိတ်ဝင်စားနေကြတာသိလိုက်ကာ..မျက်လုံးပေါက်ကနေမြင်နေရသည့်ပပကကျောနပ်လို့မဆုံး..၊

သူမအနားရောက်သွားတာနှင့်မမွှရုံပြတင်းပေါက်ကဖြာ





ကျနေသည့်မီးရောင်ဆီ တရွေ့ရွေ့တိုးလိုက်ကြ၏.၊

ဒါက အစီအစဉ်ထဲမှာမပါပေ..၊

မှောင်ရိပ်ကျပေမယ့် တစ်ယောက်မျက်နှာကိုတော့တစ်ယောက်ကမြင်နေရတာပဲဖြစ်၏။ သူတို့အားလုံးစိတ်ထဲမှာနောက်ဆုံးရောက်လာသည့်ပပကို ကိုယ့်အုပ်စုထဲကတစ်ယောက်လို့မယုံနိုင်ဘဲ ဝိုဉ်သဲကွဲစွာမြင်လိုချင်းသာတူညီစွာဖြစ်လာခဲ့ပြီး အလင်းရောင်ရှိရာရွေ့လျားကြခြင်းဖြစ်၏။

စိမ်းလဲ့တို့အတန်းကနောက်ပြန်ဆုတ်သွားရင်း အလင်းတန်းရှိရာတိုးသွားကြကာ ပပဝင်ရပ်လိုက်သည့်ခြောက်ယောက်အတန်းရှေ့ကိုတိုးတက်လာခဲ့သည်..။

အလင်းရောင်တည့်တည့်ကို မျက်နှာချင်းဆိုင်ခြောက်ယောက်စလုံးရောက်ရှိခဲ့ကြလျှင်..၊

ဟင်..၊

အယ်..၊

အောက်မေးဖျားကြီးတွဲလွဲပြုတ်ကျနေကာ အောက်သွားတွေလဲပါနေလျက်..မျက်လုံးကြီးပါပြုတ်ထွက်လှုပ်ခါနေသော... ၊

"သ..သရဲ.."

အနီးကပ်ဆုံးရှိနေသည့်စိမ်းလဲ့တစ်ယောက်ပုံခနဲလဲကျသွား၏..၊ ဘေးကတစ်ယောက်ကစိမ်းလဲ့နေရာထိတိုးကြည့်ကာ..၊

"အောင်မလေး...သရဲကြီး.."

လှည့်ပြေးဖို့တော့လှုပ်ရှားလိုက်သေးသည်..သို့သော်..ပပကလှမ်းဆွဲလိုက်သဖြင့်..ခေါက်ခနဲလဲကျသွားလေသည်..၊

"ဘကြီးတုံး.."

"အောင်မလေး.."



www.burmeseclassic.com

www.burmeseclassic.com



"သရဲ.."

ပပကိုပြုံးပြုံးကြည့်ပြီးဖြေးကြသည်။ ဝေးဝေးရောက်သွား သူတွေကအသံပြာအောင်အော်သွားကြလျက်..ပပလှမ်းဆွဲမိလိုက်သည့် လူတွေကတော့ ရှုန်းရင်းအော်ရင်းလဲကျကုန်လေသည်။

"ဟား..ဟား..ဟား၊ ခစ်..ခစ်.."

ပပလက်ခုပ်လက်ဝါးတီးရယ်ရင်း သဘောတွေကျနေခဲ့၏..၊ သို့သော် လဲကျသွားသူတွေပြန်ထမလာကြတာကိုသတိထားမိကာ..၊

"ဟဲ့..ကစားတဲ့ထဲမှာ အဲ့လိုလုပ်ပြဖို့မပါဘူး၊ ထ.."

ခြေထောက်တွေကိုခြေထောက်နဲ့လှမ်းတို့ခေါ်ရင်း.. ၊

"စိမ်းလဲ့မှတ်လား..ငါသိတယ်၊ ထလေဟာ..ဟဲ့.."

ငုတ်တုတ်ထိုင်ချလိုက်ပြီးလှုပ်နှိုးနေစဉ် ဘေးမှာပက်လက် ကြီးငြိမ်သက်နေသည့်တစ်ယောက်ကဆတ်ခနဲ ခေါင်းထောင်လာ၏။

ပပကလှည့်ကြည့်လိုက်လျှင်..

"ဂစ်..ဂစ်..ဂစ်..."

ခေါင်းကြီးဒုတ်ခနဲပြန်ကျသွားကာ တဂစ်ဂစ်တက်နေတော့ သည်။ အခြေအနေတွေကိုအံသြကာ ပပရယ်နေရင်း အသံတိုးသွား ၏။

သူတို့ကစားနေကြတာမဟုတ်ဘူး.. ။

သတိလစ်နေကြတာမှန်းသေချာသိလိုက်သည့်အချိန်မှာ တဂစ်ဂစ်တက်နေသူက အကြောပါဆွဲနေပြီဖြစ်သည်။

ငါ့ကြောင့်လား..၊

ဒူးနဲ့ထောက်ထားမိသည့်မှန်ကိုတွေ့သည်နှင့်ပပကမန်းက တန်းကောက်ယူကြည့်လိုက်မိသည်..၊

အမလေး...၊





မှန်ကိုယောင်ယမ်းလွှတ်ချလိုက်မိသည်.. ၊

ငါ..ငါဘယ်ရောက်သွားလဲ၊ ဒီနေရာကမှောင်နေလို့ မကောင်းဆိုးဝါးပုံပေါ်နေတာလား..၊

မကြောက်နဲ့..၊

အသက်ဝဝရှူပြီးမှန်ကိုပြန်ကောက်သည်..၊ဒီတစ်ခါသေ ချာကြည့်ဖို့ဆုံးဖြတ်၍မျက်နှာနဲ့ကပ်ကပ်လေးထောင်ကြည့်လိုက်လျှင်..၊

သရဲ... ၊

ပပ မှန်ကိုကိုင်လျက် တအိအိမွေကျသွားလေသည်.. ၊

¤ ¤ ¤ ¤



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၅)

"ကြားပဲမကြားဘူးပေါင်တော်..သရဲပွဲတော်၊ ဘာတဲ့.."

"ဟောလိုးဝင်း...တဲ့.."

"ကောင်းတာပေါ့ ကိုယ့်ကိုယ်ကိုမှန်ထောင်ကြည့်ပြီးသတိလစ်ရတာလေ၊ တော်တော်ပျော်သွားမှာပေါ့.."

"အမေကလည်း.."

သတိလစ်သွားသည့်လူငယ်တွေအိမ်မှာလည်းစည်ကားနေသည်။ တဂစ်ဂစ်တက်ချက်နေသည့်ဖိုးခွေးကိုလည်း မနည်းကြီးသတိပြန်လည်အောင်လုပ်နေကြရ၏။

ပပကတော့သတိရနေပြီပေမယ့် အတွင်းခန်းထဲမှာငြိမ်ချက်သားကောင်းနေ၏..။

သတင်းမေးသည့်ရွာသားတွေက ဒေါ်မြတ်နွယ်အိမ်မှာပဲစုဝေးနေမိကြကာ ဒါကိုပဲပြောပြီးကရုဏာဒေါသတွေနဲ့ ကြိမ်းမောင်းလို့မဆုံး..

"သူတို့တွေအုန်းခနဲ ထဖြစ်လိုက်တာနဲ့ ပွဲတော်တစ်ခုလုံးရှုတ်ရှုတ်သဲသဲတွေဖြစ်ရတာ.."

"ဟုတ်ပ ဘယ်သူမှကောင်းကောင်းမပျော်ရတော့ဘူး.."

"ဈေးသည်တွေတောင် လုပ်ထားသမျှတွေမကုန်လို့ညည်းလိုက်ကြတာမှ.."



"ဖြစ်ရလေ..."

ဒီလောက်ထိဖြစ်သွားခဲ့ရတာကိုယ့်သမီးကြောင့်ဆိုတော့ ဒေါ်ခင်နုနုတို့ဇနီးမောင်နှံမျက်နှာမကောင်းနိုင်ကြပေ..။

ဒေါ်မြတ်နွယ်ကလည်းကိုယ့်အပြစ်နဲ့ကိုယ်မပြုံးနိုင်မရယ်နိုင်..။

ပပ ဒီလိုကစားမှာကိုသူမသိလျက်နှင့်ဘယ်သူမှမသိအောင်ခွင့်ပြုခဲ့မိ၏..။

"မမြတ် သမီးကိုစိတ်ပျက်နေတာလားဟင်.."

"မဟုတ်တာမမနုရယ်..ကလေးကခွင့်တောင်းပြီးမှသွားတာပါ၊ ကျွန်မသာခွင့်မပြုခဲ့ရင်.."

"ကဲပါ ကလေးတွေလည်း အန္တရာယ်ကင်းကင်းနဲ့ ဖြစ်သွားကြပါပြီ.."

ဦးအောင်သိုက်ကတော့ ရွာရဲအတွင်းရေးအပြင်ရေးအကုန်ပါဝင်ဖြေရှင်းနေရတာမို့ ဘယ်ပြဿနာဖြစ်ဖြစ်သူဦးဆုံး ရောက်သွားခဲ့သူဖြစ်လျက်..။

"သူတို့စိတ်ကူးလေးတွေကလည်း ဒီနှစ်တော့ခါတိုင်းနှစ်တွေလို ပစ္စည်းတွေဝှက်၊ ကြက်တွေခိုး လိုက်မလုပ်ကြတော့ဘူး ဆိုပြီးဖြစ်ပါလိမ့်မယ်.."

"ဟုတ်ပါတယ်..ဒါကိုတော့အပြစ်တင်မနေကြပါနဲ့တော့၊ ပပမျက်နှာလက်ရာမြောက်သွားလို့သာ..ဟား ဟား ဟား.."

ရွာသားတွေက ရယ်စရာမောစရာအဖြစ်ပြောပေမယ့် ဘာဖြစ်ဖြစ်ကိုယ့်သမီးသာ ခေါင်းစဉ်ကြီးနဲ့ပါလာတာပဲမို့ မိဘတွေကမျက်နှာငယ်စွာရှိနေကြလျက်..။

"သူများကစားရင် သူများလိုပဲကစားပေါ့၊ သူ့ကျမှမျက်နှာဖုံး

www.burmeseclassic.com

www.burmeseclassic.com



တပ်ပြီး ဟိုကဖြဲ..ဒီကဖြဲ.."

"ဟုတ်ပါတယ်ရှင်..ပပအတွက် ကျွန်မတို့ကပဲ.."

"ဦးမောင်နဲ့ဒေါ်နုတို့က အားနာနေပြန်ပြီဗျာ..ပပက သူများ ထက်ထူးချွန်တတ်တာ ခင်ဗျားတို့ကပိုသိပါတယ်၊ ဒါခုလိုဖြစ်သွားလို့ သာပါ မဟုတ်ရင်သူတို့ကစားနည်းက ပျော်ဖို့ကောင်းပါတယ်.."

"ဟုတ်တယ်..ဟုတ်တယ်၊ မမပပက မျက်နှာဖုံးကိုဖြဲတာ ဟုတ်ဘူး၊ အဲ့ဒါညိုလုံးလိုက်ဆွဲပြီး ကိုက်ပစ်တာ.."

မြင်တဲ့လူက သူမြင်သမျှသေချာပြောပြသည်။ အပြင်ကခြေ ဆိုနေသမျှကို အထဲကကြားနေရကာ.. ၊

"ပပ.."

ပူစူးက ပပအတွက်နွားနို့ပူပူကျိုယူလာသည့် ကြွေကရား လေးကို ကိုင်လျက်ဝင်လာကာ.. ၊

"ထလာမှာလားလို့ ငါကစောင့်နေတာ..ဘယ်လိုလဲ၊ ခြေထော လက်တွေနုံးနေသေးတာလား.."

"ဟင့်အင်း.."

ပပက ပူစူးလာကာမှ ကမန်းကတန်းထထိုင်လိုက်ကာ.. ၊

"ကိုကိုရောဟင်.."

"အပြင်မှာမဟုတ်ဘူးလား.."

"ကိုကို့အသံမကြားလို့.."

"ဒါဆိုပွဲတော်သိမ်းရင် စာရင်းလုပ်ရဦးမှာလို့ပြောတာ အဲ့ဒါ သွားတာနေမှာပေါ့.."

ကိုကိုဘာဖြစ်လို့ တစ်ခါမှဝင်မလာတာလဲ.. ၊

ဒီတစ်ခါ လူကြီးတွေလည်းဆူဆူပူပူလာမလုပ်ကြသလို ဓ မြတ်တောင် အနားမှာသေချာလာမထိုင်ပေ၊ ကိုကိုကရော.. ၊



"ဘာဖြစ်နေတာလဲပပ၊ ရော့..နွားနို့သောက်လိုက် ဘရစ်တို့ ဆီမှာ ငါ့ကိုယ်တိုင်သွားညစ်ပြီးယူလာတာ.."

"မသောက်ချင်ပါဘူး၊ ပပကို ကိုကိုဘာလို့လာမကြည့်တာ လဲ.."

"နင်ကဘယ်လိုထင်လို့လဲ.."

"မသိဘူး..ကိုကို ပပကိုအကြီးကြီးပြောချင်လို့ အရှိန်ယူနေ တာလို့ထင်တယ်.."

"ဟား ဟား ဟား ဟား.."

ပူစူးက နွားနို့ကရားကို စားပွဲပေါ်ကအပူခံပြားလေးနဲ့ သေချာ ချထားလိုက်ကာ ချည်တဘက်လေးနဲ့ထပ်ပတ်ထားလိုက်ပြီးမှ..၊

"တခြားလူကြီးတွေကရော နင့်ကိုဆူလို့လားပပရယ်..ကစား နည်းကမှန်ပါတယ်တဲ့.."

"ပပက သူများထက်ထူးချင်လို့ဖြစ်ရတာတဲ့၊ ကြားသားပဲ.."

ပူစူးစကားကို ဆက်ပြောလိုက်ပြီးပပက စိတ်ညစ်သလိုလေး နှုတ်ခမ်းစူကာ.. ၊

"သူများတွေက နားလည်ပါတယ့်ပြောလည်းဖေကြီးတို့က ဆူဦးမှာပဲ၊ အဲ့ဒါကိုကိုနဲ့ဖေကြီးတို့ မစုမိကြသေးလို့နေမှာ.."

"ဟုတ်တယ်..ဧည့်သည်တွေပြန်သွားမှ ခင်ဗျားကိုနာရင်းအုပ် ဖို့ခြံခိုစောင့်နေတာ.."

စကားသံနှင့်အတူ ဂုဏ်ကဝင်လာ၏။ ပပအတွက်နို့သောက် ဖို့ကြွေပန်းကန်လုံးလေးထုတ်ယူနေရင်း ပူစူးကမန်းကတန်းထရပ် သည်။

ပြီးတော့ စားပွဲပေါ်တင်လိုက်ကာ.. ၊

"သောက်လို့ရပြီနော် ပပ.."

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးချင်းဆုံတော့ ဂုဏ်မျက်ဝန်းမှာရယ်မြူးရိပ်သမ်းနေတာမြင်သည်။ ဒါပေမယ့် မယုံနိုင်သေး.. ၊

သတိမလစ်ဘဲ ထွက်ပြေးသွားကြသည့် ဘယ်ကျော်နဲ့ငွေယုံတို့ မိုးမလင်းခင်ကရောက်လာကြသေးသည်။ သူတို့ပဲပြောသွားတာဖြစ်၏။

"ငါတို့အသံတွေကြားပြီး လူတွေရှုတ်ရှုတ်သဲသဲထဖြစ်တော့ ဆရာကမ္ဘာရုံထဲမှာသိလား..သူငါတို့နောက်ပြေးလိုက်ပြီး ဘာဖြစ်တာလဲ.. ဘာဖြစ်တာလဲနဲ့တော်တော်ကို ပျာယာခတ်နေတာဟ.."

"နင့်ကိုမေးတော့ ငါတို့မပြောနိုင်ဘူး..ဘယ်ကျော်က လက်ညှိုးထိုးပြလိုက်တာနဲ့ ဘာမှမသိဘဲမဏ္ဍပ်ဘက်ပြန်ပြေးပြန်ရော သူနင့်ကိုတွေ့လာတော့ ဝေ့ချီခေါ်လာတာနင်သတိမရသေးဘူး.."

"ကြောက်စရာကြီးပပရယ်၊ ဖိုးခွေးတက်နေတာလေ မျက်နှာမှာလည်းဆေးရောင်တွေနဲ့ မျက်လုံးကြီးပြူး လက်တွေကွေးကောက်ပြီး.."

"သတိလစ်နေတဲ့လူတွေကလည်း တော်တော်နဲ့နိုးမရလို့ ဒီတိုင်းအိမ်ပြန်သယ်ကြရတာကိုး..ပွဲပျက်သွားတာပေါ့.."

စသဖြင့်သောသတင်းတွေက သူမအတွက်ကောင်းမယ့်အလားအလာမရှိခဲ့ပေ၊ ဟိုနှစ်တွေတုန်းက သန်းခေါင်ကျော်မှအုပ်စုဖွဲ့ပြီးကဲကြတာ ပွဲပျက်ဖို့အကြောင်းလည်းမရှိ၊ ခုတော့.. ၊

"ဘာပြူးကြည့်နေတာလဲ..ခုထိအကြောက်လွန်နေတာလား.."

ဂုဏ်က ပပမျက်နှာရှေ့ကို လက်နဲ့လှမ်းခတ်၍ စိုက်ကြည့်ကာ.. ၊

"နို့သောက်လိုက်..ပြီးရင် ပြန်အိပ်လိုက်ဦး.."





ပြောပြီးထရပ်လိုက်လျှင်.. ၊

"ကိုကို.."

ပပ ကမန်းကတန်းခေါ်ကာ.. ၊

"ပပကို ဘယ်တော့ဆူမှာလဲ.."

ဂုဏ်ရယ်ချင်သွားသဖြင့် မျက်နှာကမချိုမချဉ်ဖြစ်သွားသည်။ ပပရဲ့မေးနေတာမဟုတ်မှန်း သိသောကြောင့်နေရာမှာပြန်ထိုင်လိုက်ကာ.. ၊

"ဆူရုံနဲ့ဘယ်ပြီးမလဲ၊ မင်းလုပ်ခဲ့တဲ့အပြစ်က တက်ချက်ပြီးသေသွားနိုင်တာတွေ.."

"တမင်အဲ့လိုဖြစ်အောင်လုပ်တာမှမဟုတ်ဘဲ..ပပလည်းဖြစ်ခဲ့တာပဲ.."

"ဟုတ်တယ်..မင်းကိုပြောနေတာ၊ မင်းအဲ့လိုဖြစ်သွားနိုင်တာကိုပြောတာလေ၊ ဘယ်သူ့အတွက်ပြောနေတယ်ထင်လို့လဲ.."

ပပ ဂုဏ့်မျက်နှာကိုဘာမှန်းမသိဘဲ ငေးကြည့်နေမိ၏။ မေးဒုံးနဲ့နှုတ်ခမ်းတစ်ဝိုက်မှာ နှုတ်ခမ်းနီလက်ကျန်တွေနဲ့ နီရဲနေသေးတာကို ကြည့်၍ဂုဏ်က ပပမေးဖျားလေးကိုဆွဲလှုပ်ပစ်လိုက်ရင်း.. ၊

"မင်းအဲ့လောက်တောင် ကလေးဆန်နေတာအံ့ဩတယ်.."

ပြောပြီးသွားတွေပေါ်အောင်ရယ်၏။ မျက်နှာအလှပျက်အောင်အနီတွေ အနက်တွေစွန်းထင်နေသေးတာတောင် မျက်ဝန်းလေးတွေစိုလက်နေတာကြောင့် အလှမပျက်ပေ.. ၊

လုံးစင်းသည့် နှာတံချွန်ချွန်လေးနဲ့ ထူနက်သွယ်တန်းသည့် မျက်ခုံးတန်းလေးတွေ.. ၊

"မင်းကိုတဏှာသိုလ်မတက်ဖြစ်အောင် ကိုယ်တိုက်တွန်းခဲ့မိတာ အဲ့ဒါတွေကြောင့်ပဲ၊ ပြီးတော့ မင်းကအရမ်းလှတယ်..အဲ့လိုကဲကဲ



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲကောင်မလေးမို့လို့စိတ်မချတာ၊ အဲ့ဒီတုန်းတည်းက မင်းကိုကို
စိတ်ဝင်စားခဲ့တာလည်းပါတယ်၊ ဒါပေမယ့်မင်းက ဒါကြောင့်ကိုယ့်
မုန်းတယ်ဆိုတော့.."

"ကိုကို့ကိုညတုန်းက ကိစ္စမေးနေတာ.."

"ဟုတ်တယ်..ညတုန်းကမသေကောင်းမပျောက်ကောင်း
ဖြစ်သွားတဲ့အတွက် မင်းကိုဆုံးရှုံးရမှာကြောက်တာတွေ ကိုယ့်ရင်ထဲမှာ
ဖြစ်လာတာလေ.."

ပပ မျက်နှာလွှဲပစ်သည်။ ဂုဏ်က ခုတင်ပေါ်မှာဒူးတစ်ဖက်
ကွေးတင်လိုက်ပြီး မေးထောက်၍.. ။

"ဒီတစ်ခါအပြစ်အတွက် မင်းကိုကောင်းကောင်းဒဏ်ခတ်
ကိုယ်စဉ်းစားထားတယ်.."

"ဟင်.."

မျက်လုံးချင်းဆုံအောင်ကြည့်ပြီးမှ ဂုဏ်ကပြုံးလိုက်ကာ—

"ဒါပေမယ့် မင်းနေကောင်းမှပါ.."

ပြောပြီး နေရာမှထဖို့ပြင်သည်။

"ကိုကို ဘာပြောသွားတာလဲ.."

"နောက်မှပဲ.."

ဂုဏ်က ဒီတိုင်းပြောပြီး အပြင်ထွက်သွား၏။ ပပအတွေး
စွာနှင့် ကျန်ရစ်လေသည်။ မမပိုးမြန်ရောက်လာတာကို ကိုကိုဂရုမစိုက်
ဘဲနေမလား.. ။

ပြီးတော့ ကိုယ်လုံးကိုယ်ထည်ကအစ တင်းပြည့်ဝင်းစိုလာ
မမပိုးလှလာတာ လူတိုင်းမချီးကျူးဘဲမနေနိုင်၊ ဆရာဝန်ဆိုသည့် ဂုဏ်
ထူးကြောင့် ပိုတင့်တယ်နေတာလည်းပါသည်။ ကာယကံရှင်တွေ ကို
တိုင်ကလည်း ဟိုတုန်းတည်းကငယ်ကျွမ်းဆွေတွေ.. ။





ဒါကို ကိုကိုစိတ်မဝင်စားဘူးဆိုတာမဖြစ်နိုင်.. ။

ကိုယ့်ကိုတော့ ဘယ်တုန်းကမှကိုကို့မျက်စိထဲမှာ အချိုးပြေ
တာမဟုတ်ဘဲ အရင်တည်းကစိတ်ဝင်စားနေခဲ့သည်ဆိုတာက..၊

"ပပရေ.."

"အမေ့ရေ.."

"ဟယ်..ဒီတိုင်းခေါ်လိုက်တာလေးကိုကြည့်စမ်း၊ တုန်တောင်
သွားရတယ်လို့.."

"မပူးစူးကလည်း ဖြုန်းခနဲကောက်ခေါ်လိုက်တာကိုး.."

"ငါက နင့်နှာမည်ခေါ်ဖို့အတွက် အပြင်ကနေမောင်းထုနေရ
မှာလား.."

ပူစူးက ဝင်လာပြီးနို့ကရားလေးကို သွားကိုင်လိုက်ရင်း.. ။

"ထင်သားပဲ..သောက်ရဦးမှာမဟုတ်ဘူးဆိုတာ.."

"ဖေကြီးတို့ပြန်သွားကြပြီလားဟင်.."

"ပြန်တော့မယ်ထင်တယ်..ဆရာအပြင်ထွက်လာတော့ သူတို့
လာကြတယ်၊ နင့်ကိုဆူမှာစိုးလို့လား..ပူမနေပါနဲ့ပပရယ်၊ ဆရာက
မှာအပြစ်မရှိပါဘူးလို့ပြောခဲ့ပြီးသား..အားလုံးကဆရာ့စကားတစ်
ပဲ.."

ဒါဆို ကောင်းကောင်းဒဏ်ခတ်မယ်လို့ ပြောသွားတာဘာစ
လဲ.. ။

"ရော့..သောက်၊ သိပ်တောင်မပူတော့ဘူး ဒါတောင်အဝတ်နဲ့
ထားလို့.."

ပပက နို့ခွက်ကိုယူထားလိုက်ပြီး မသောက်သေးဘဲ.. ။

"ပပ တစ်ခုလောက်မေးချင်လို့.."

"ဘာလဲ.."



www.burmeseclassic.com

www.burmeseclassic.com



"မပူစူးမှန်မှန်ဖြေနော်.."

"ဖြေမှာပေါ့..ဘာလဲမေး.."

ပူစူးက ခုတင်စွန်းမှာပဲထိုင်လိုက်ကာ..၊

"သောက်လိုက်ဦး.."

စိတ်တော့မပါဘဲ နို့ကိုသုံးကျိုက်လောက်ဆက်တိုက်သော လိုက်သည်။ ပြီးမှ.. ။

"မမပိုးနဲ့ပပ ဘယ်သူပိုလှလဲဟင်.."

"ဘယ်လို..ဘယ်လို.."

"မမပိုးနဲ့ပပ ဘယ်သူပိုလှလဲလို့.."

"မမပိုးကလှပါတယ်..ဒါပေမယ့်နင်ကပိုလှတာပေါ့.."

"မဟုတ်ဘဲနဲ့.."

"ဘာလို့မဟုတ်ရမှာလဲ..မမပိုးကဆရာ့ထက်တောင် တစ်နှစ် ကြီးသေးတယ်၊ နင်နဲ့ဆိုမနည်းကွာနေပြီ၊ ပြီးတော့သူကအပျိုမှမဟုတ် တာ.."

"ဒါပေမယ့် ကလေးတွေဘာတွေလည်းမရှိဘူးလေ၊ အပျို အတူတူပဲလေ.."

"မတူလို့သာအပျိုနဲ့အအို ကွဲပြားနေတာပေါ့ပပရဲ့၊ ပြီးတော့ မျက်နှာလေးကလည်း နင်ကပိုလှတာပဲ၊ နုတယ်..ငယ်တယ်၊ ချစ် ကောင်းတယ်..လှလည်းလှတယ်.."

"ပူစူး.."

"ဟင်.."

"ပပကို ကိုယ်နဲ့အတူနေတဲ့သူမို့လို့ မြှောက်နေတာလား.."

"မြှောက်စရာလား.. ဘယ်သူ့မေးမေး ဒီတိုင်းပြောမှာပဲ.."

"သူကဆရာဝန်ဆိုတော့ ပပထက်အများကြီးသာတာပဲ.."





"အဲ့ဒါက..နေပါဦး၊ ဘာဖြစ်လို့မမပိုးနဲ့ နှိုင်းယှဉ်နေရတာလဲ ..ထူးထူးဆန်းဆန်း.."

"ကိုကိုကလည်း ထူးထူးဆန်းဆန်းတွေပြောသွားလို့လေ.."

"ဟင်.."

ပပ ဒီလိုစကားတွေကိုပြန်တော့ မပြောချင်ပေ၊ ဒါပေမယ့် ..ဆစ်ခုခုအတွေးရောက်လာရင် ကြာကြာငြိမ်သက်တွေးတောမနေတတ် ..ည့် အကျင့်ကလည်းရှိနေပြန်ရာ.. ၊

"ကိုကိုက မမပိုးကိုကျော်ပြီး ပပကိုချစ်သလိုလိုလာပြောနေ ..ို့.."

"ဟမ်.."

ပူစူး တအံ့တဩကြီးပြန်ကြည့်၏။ သို့သော် ကြားရသည့်စ ..ားကိုအံ့ဩတာမဟုတ်ပေ.. ၊

"မမပိုးကို ကျော်ပြီးပဲဖြစ်ရဦးမယ်ပပရယ်၊ နင်ကသူ့မိန်းမပဲ ..င့်ကိုပဲချစ်မှာပေါ့.."

"မိန်းမဖြစ်နေလို့ချစ်ရတာမျိုးပေါ့.."

"မဟုတ်ဘူးလေ..အဲ..ဟုတ်တယ်လေ၊ ဒါပေမယ့် မဟုတ်ဘူး ..ိုတာက.."

"တော်ပါ.."

"တော်လို့ရမလား..နင်ဓောက်ထိုးတွေးနေတာကိုတည့်မတ် ..ေးရမှာပေါ့၊ ဘာဖြစ်လို့ကိုယ့်ကိုယ်ကိုမမပိုးလောက်မလှဘူးထင်နေရ ..တာလဲ၊ မိန်းမတစ်ယောက်ရဲ့တန်ဖိုးမှာ နုတာငယ်တာချောတာ သန့်စင် ..တာတွေ အားလုံးပါတယ်၊ နင့်မှာအဲ့လိုကောင်းခြင်းတွေရှိတယ်လေ.. ..င့်လောက်ချစ်စရာကောင်းတဲ့မိန်းမကိုထားပြီး မမပိုးကိုစိတ်ကူးပါ့မ ..ား.."



www.burmeseclassic.com

www.burmeseclassic.com



"ပပ မယုံပါဘူး.."

"ဟား..ဟား၊ ခစ်..ခစ်.."

"ဘာရယ်တာလဲ.."

ဘာရယ်မှန်းမသိပေမယ့် ပပမျက်နှာလေးတော့ နီမြန်းသွား၏။ ပြီးတော့ နို့ကိုတစ်ဝက်ကျအောင်မော့သောက်ပြီး ပူစူးလက်ထဲပြန်ထည့်လိုက်ကာ.. ၊

"ရယ်မနေနဲ့ သွားတော့.."

"ခစ် ခစ် ဟား ဟား.."

ထိန်းနေရင်း ဟက်ဟက်ပက်ပက်ရယ်ချလိုက်ကာ.. ၊

"ရယ်ချင်တာကိုဘယ်လိုထိန်းရမလဲ၊ ကဲ..ပပရယ်၊ နင်ဆရာကိုချစ်နေပါပြီ.."

"မချစ်ပါဘူး.."

"အေးလေ..ပါးစပ်ကတော့ ပြောသလိုဖြစ်တာပဲပြောဦးပေါ့.."

ပြောရင်း နေရာမှထရပ်လိုက်ကာ.. ၊

"မမပိုးနဲ့သဝန်တွေတိုပြီး ဒီတစ်ခါတစ်ယောက်တည်းဆွေ့တက်နေဦးမယ်..အနားမှာတစ်ယောက်မှမရှိတာ သတိထားဦး.."

ပူစူးက ပြေးဖို့ခြေလှမ်းပြင်ထားတာမို့ ပြောရင်းနဲ့တစ်ချိန်တည်းလစ်၏။ ပပကိုယ့်ကိုယ်ကို မကျေမနပ်ဖြစ်ရင်း အိပ်ရာထဲပက်လက်ပြန်လှဲလိုက်ကာ.. ၊

ဘာလို့သဝန်တိုရမှာလဲ.. သူတို့ကအစတည်းကချစ်နေကြတာသိပြီးသား၊ ဟွန်း.. နှစ်ဆယ်ကျော်အချစ်..တဲ့.. ၊

သုံးဆယ်ထဲဝင်ဖို့တွင်းဝရောက်နေတာတောင် ကုန်းဆင်းမှာ မှဘာရိုတ်နင်းနေသေးတယ်..၊

ကျလည်းကျပါ့.. ၊

¤ ¤ ¤ ¤





အခန်း(၂၆)

"နင်..ဘယ်လိုဖြစ်နေတာလဲ.."

ဖိုးခွေးက ပပကိုမြင်တာတောင် သေချာကြီးစိုက်ကြည့်နေ့တာ.. ၊

"နင့်လက်ထဲမှာ ဘာမှမပါပါဘူးနော်.."

"မပါပါဘူး..ဘာပါရမှာလဲ.."

"ဟိုဟာကြီး..သရဲမျက်နှာဖုံး.."

ညနေပြန်စောင်းလာတော့ မနေ့ကတက်ချက်ထားတဲ့လူတွေအခန်းအောင်းနေကြတာကို ရွာသားတွေရယ်ကြလေသည်။

ဖိုးခွေးက အဒေါ်အိမ်ပြန်ကာ အခန်းအောင်းနေလျက်၊ မေကျော်ကတော့ ပပဆီမလာပေမယ့် အိမ်ရှေ့မှာထိုင်နေနိုင်သေး၏။

"ပပရေ..ဖိုးခွေးတို့ကိုလာခေါ်တာလားသမီး.."

"နေမကောင်းသေးဘူးလားလို့ လာကြည့်တာပါ.."

ဒေါ်ပန်းသီက ဆန်ကောလေးတစ်ချပ်နဲ့ အိမ်ခေါင်းရင်းဘက်က ပတ်ထွက်လာကာ.. ၊

"မကောင်းသေးဘူးဟဲ့..မြင်တဲ့အတိုင်းပဲ၊ သူများတွေရယ်ရယ်မောမော်ပြန်ဖြစ်ကုန်ကြပြီ၊ သူ့မှာခုထိဒူးချောင်နေတုန်း.."

"မဟုတ်ပါဘူးဒေါ်ကြီးကလည်း..ကောင်းပါပြီ.."



www.burmeseclassic.com

www.burmeseclassic.com



ဖိုးခွေးအသံက သြောင်နာနာ.. ၊

ဖိုးခွေးနဲ့မကျော့ကို ပပအတွက်မွေးချင်းသဖွယ်ဖြစ်အောင် ဒေါ်ခင်နုနုတို့က ငယ်ငယ်လေးတည်းကမွေးစားထားခဲ့တာဖြစ်သည်။

ဒေါ်ပန်းသီက အဒေါ်ရင်းပေမယ့် ပြန်လည်းခဏတစ်ဖြုတ် သာ.. ၊

"ပပရေ..ဒေါ်ကြီးအာလူးခြောက်တွေရတ်ပြီးပြီ.. အိမ်ထဲက ကာကြီးမှာသိလား၊ ပြန်ရင်ဂုဏ်တို့အတွက် ထည့်ယူသွားနော်၊ အမျှား ကြီးပဲကြိုက်သလောက်ယူသွား..မမမြတ်လည်းအာလူးကြော်ကြိုက်တယ်"

ပပရောက်နေသည့်အိမ်မှာ ဖိုးခွေးတို့လည်းရောက်နေခဲ့တာမို့ ဒေါ်ပန်းသီက ဂရုတစိုက်မှာ၏။ ပြီးတော့ ခေါင်းရင်းဘက်ထဲ ပြန် ရောက်သွားသည်။

"ပပရောက်နေတာလား.."

"ဟော..အေးဟုတ်တယ်၊ လာလေ သီတဂူ.."

သီတဂူက တစ်အိမ်ကျော်ကမို့ ပပအသံကြားသည်နှင့် ဒေါ် ပန်းသီအိမ်ပေါ်တက်လာကာ.. ၊

"အဲ့ဒီဖိုးခွေးက အသည်းကိုငယ်တယ်သိလား၊ ခုထိဒူးတွေ ချောင်ပြီး မလျှောက်နိုင်ဘူးဖြစ်နေတာ.."

"ဟုတ်လား.."

သီတဂူပြောမှ အမှန်ကိုသိလိုက်ရ၏။ မကျော့ကလည်း ခေါင်းကိုတဗျင်းဗျင်းကုတ်၍ အနားမှာလာထိုင်ရင်း.. ၊

"မနက်ကလည်း ဆရာလာသွားသေးတယ်၊ သက်သာပါပြီ ပြောလိုက်ရတာပေါ့..ဒီလောက်ဖြစ်နေတာသာသိသွားရင် အပြစ်ကပ ဆီပုံကျဦးမှာ.."

"ဟုတ်တယ်.."





သူငယ်ချင်းတွေမို့ ပပချည်းပဲဆူခံထိနေတာကိုတော့ မနှစ် မို့ကြပေ၊ ထို့ပြင် ပပအိမ်တွင်းပုန်းလုပ်ပြီဆိုတိုင်း သူတို့အားလုံးအထီး ကျန် ခြောက်သွေ့ကြရတာမို့.. ၊

"ပပ နင့်ကိုဆရာကဆူသေးလားဟင်.."

"မဆူဘူး..ဒါပေမယ့်အားလုံးဘာမှ မဖြစ်ဘူးလို့ထင်နေတာ ကိုး.."

"ငါလည်းကောင်းနေပါပြီဟ..နင်တို့ကလည်း.."

ဖိုးခွေးရှုံ့မဲ့မဲ့ပြောကာ ကိုယ်ပေါ်ကစောင်ကိုခွာချလိုက်ပြီး မတ်တပ်ရပ်ပြ၏။ ပြီးတော့ချက်ချင်းပြန်ထိုင်လိုက်ရင်း.. ၊

"နင်တို့က ပပမျက်နှာကြီးကိုအနီးကပ်မှမမြင်လိုက်တာ.."

"အံမယ်..မြင်လို့ပဲငါသတိတောင်လစ်သွားတဲ့ဥစ္စာ.."

"ငါကပိုပြီး နီးတယ်လေ၊ စိမ်းလဲ့ကိုလည်းပင်းခွညှစ်နေတုန်း ငါ့ကိုလှည့်ကြည့်တာ သွားကြီးတွေကမေးဖျားထိပုံကျပြီး ငါ့ကိုကိုက် မို့ ဟီး..ဟီး.."

ပြောနေရင်း ကြက်သီးထသလိုပခုံးတွေပါ လှုပ်ခါသွားပြီး..၊

"ပပကို အဲ့ဒီအချိန်မှာ သရဲပူးထားတာလုံးဝသေချာတယ်.."

"မျက်နှာဖုံးစွပ်ထားတာပါဆို ခုထိမယုံဘူးအဲ့တစ်ယောက် တော့.."

မကျော့ကလည်း ရှုံမဲ့လက်ခါပြီး ညည်းကာ..၊

"စိမ်းလဲ့ကို ပပလည်ပင်းညှစ်နေတယ်ပြောလို့ ငါ့မှာမြင် လည်းမမြင်ဘဲနဲ့ အတင်းဝင်ရှင်းပြရသေးတယ်.."

"ငါမညှစ်ပါဘူးမကျော့ရယ်၊ အဲ့ဒီတုန်းကလည်းငါသတိမှ မလစ်သေးတာ၊ ငါ့ကိုမြင်ပြီးနင်တို့တွေလဲကုန်ကြတာကို သတိလစ် ကုန်ကြတာမှန်းလည်း မသိဘူး၊ စိမ်းလဲ့လို့ထင်ပြီး ကစားနေတယ်



www.burmeseclassic.com

www.burmeseclassic.com



မှတ်လို့ လှုပ်နှိုးနေတာပါ.."

"ငါသိသားပဲ အဲ့လောက်ထိအသိစိတ်ပျောက်အောင် မှူးနေရင်လည်း ဒီသရဲကလွယ်လွယ်နဲ့ထွက်မလား.."

"တော်ကြပါတော့ ကြက်သီးတွေထနေပြီ.."

"ကလင်..ကရင်.."

"ဟော..ဘဲလ်တီးနေတာ.."

သူ့ဘာသာပြောပြီး မေကျော်ကအိမ်ပေါ်ကနေအောက်ကို ကုန်းကွကြည့်သည်။ ပြီးတော့ပြန်မော့လာကာ.. ।

"ဆရာလိုက်လာတာ ပပ.."

"ဟာ ပြန်သွားပြီလို့ပြောလိုက်.."

"အံမယ်..မပြောရဲပါဘူး.."

"ဖိုးချွေး..မေကျော်.."

"ဗျာ.."

"ရှင်.."

ဂုဏ့်အသံကြားလိုက်တာနှင့် ထူးလိုက်ကြတာပြိုင်တူ.. ।

"ပပ အဲ့ဒီမှာရှိလား.."

"ဟုတ်..ရှိတယ်ဆရာ.."

"ရှိတယ်ဂုဏ်..ခုနမှရောက်လာတာ.."

ဒေါပန်းသီထွက်လာကမှ ဂုဏ်ကစက်ဘီးပေါ်မှာ ခြေထောက်တစ်ဖက်ထောက်ရပ်နေရာကနေ ဆင်းလိုက်ရင်း.. ।

"ဒေါ်လေးအောက်မှာရှိနေတာလား.."

"အေး..ပဲရှေးရင်းနဲ့အဖြူးလေးတွေပြာနေတာ၊ အိမ်ပေါ်ထက်သွားလေသား.."

"မတက်တော့ဘူးဒေါ်လေး၊ ခရီးသွားစရာရှိသေးတယ်၊ အဲ့ဒါ





စီစဉ်ရဦးမှာ.."

ပပ အိမ်ပေါ်ကနေ နားတွေကားသွား၏။ သူငယ်ချင်းတွေ မျက်လုံးချင်းဆုံသွားကြလျက်.. ।

"ဆရာက မမပိုးနဲ့သွားမှာထင်တယ်.."

"ဘာ.."

သီတဂူက ပပရဲ့'ဘာ'သံကို သဘောမပေါက်.. ।

"မမပိုးက တို့ရွာမှာဆေးဝါးဖြည့်ဆည်းပေးပြီး ဒါနပြုမှာတဲ့၊ ပြီးတော့ သူကိုယ်တိုင်စေတနာ့ဝန်ထမ်းလုပ်ပေးမှာတဲ့လေ.."

"ကြီးကျယ်လိုက်တာ သူကဘယ်လောက်ချမ်းသာနေလို့လဲ.."

မေကျော်ကလည်း ပိုးကိုကြည့်မရတဲ့သူဖြစ်ကာ.. ।

"အဲ့ဒီမမပိုးက ခုတစ်ခေါက်ပြန်လာမှ ဆရာ့ကိုပဲချိန်နေတာ အရမ်းသိသာတယ်.."

"ဟုတ်လို့လားမေကျော်ရယ်..ဆရာကပပယောကျ်ားဥစ္စာ.."

"သူမေ့နေလို့ဖြစ်မှာပေါ့.."

မေကျော်က ဇွတ်ရှေ့တိုးပြောကာ.. ।

"နင်ပဲခုပြောနေတာလေ..ဆရာနဲ့မမပိုးခရီးအတူသွားကြမယ်ထင်တယ်ဆိုတာ.."

"အဲ့ဒါက မမပိုးလည်းမြို့မှာဆေးနဲ့ဆေးပစ္စည်းတွေသွားဝယ်မယ်ကြားတော့..ဆရာကလိုက်ပို့.."

"ပပ..ဟော့.."

"ဘာလဲလို့..ပပမလိုက်သေးဘူး၊ ပြန်နှင့်.."

ပပစိတ်တိုနေသဖြင့် မချေမငံပြန်အော်ပေးလိုက်သည်။ ဒီလူကြီးအကြောင်းကြားလိုက်ရရင် ခေါက်တာပိုးဥဆိုတာ မပါပြီး.. ।



www.burmeseclassic.com

www.burmeseclassic.com



"ပပကလည်း..ဆရာကလိုက်ခေါ်နေတာကို.."

"ငါ့ကိုဟုတ်ချင်မှဟုတ်မှာပေါ့၊ မမပိုးကိုဘကြီးသိုက်တို့အိမ်မှာမြင်ခဲ့တယ်.."

"မမပိုးကိုလိုက်ခေါ်စရာလားနင်ကလည်း..သ၀န်တိုနေပြန်ပြီ.."

"ဘာလို့တိုရမှာလဲ..သီတဂူနော်၊ စကားကိုကြည့်ပြော..လိုက်ခေါ်တာမဟုတ်လည်း အဲ့တစ်ယောက်ဆီလာရင်းနဲ့ ငါ့ကိုဝင်ခေါ်တာ..မလိုက်ဘူး.."

"မလိုက်လို့ရမလား.."

ဂုဏ် အိမ်ပေါ်တက်လာပြီကိုသိလိုက်ကာ မကျော်တို့လုပ်လုပ်ရှားရှားတွေဖြစ်ကုန်ကြ၏။

"အိမ်ကနေ ဒီကိုတန်းလာခဲ့တာ ဘယ်ကိုမှမ၀င်ခဲ့သေးဘူး၊ ခင်ဗျားကိုပဲလာခေါ်တာ..ထ.."

ပပလက်လေးကိုတစ်ခါတည်းဆွဲကိုင်ပြီးသားဖြစ်ကာ.. ၊

"သူများတွေမကျန်းမမာဖြစ်နေကြတုန်းပဲ..မင်းကအိမ်လည်နေပြီ.."

လူကိုဆွဲခေါ်လာခဲ့ပြီး ပါးစပ်ကလည်းပြစ်တင်လိုက်သေးသည်။ ဒါပေမယ့် ပပစိတ်မကောက်အားဘဲ.. ၊

"စက်ဘီးက ကယ်ရီယာမပါဘဲနဲ့.."

"ရှေ့မှာလာထိုင်.."

"မထိုင်ပါဘူး..ဖင်နာတယ်.."

"ဒီမှာ ဂွမ်းကပ်ကြီးအုပ်ထားတာပဲကွာ.."

"ဟင့်အင်း..ပပဘာသာလမ်းလျှောက်ပြန်မယ်.."

"မပြန်ရဘူး..ရွာရိုးကိုးပေါက်လျှောက်လည်နေမှာကို အိမ်ကထိုင်စောင့်ပြီး အမောမခံနိုင်ဘူး..တက်ဆိုတက်.."





ဂုဏ်က ခြေထောက်တစ်ဖက်ထောက်ထားပြီး ပပကိုယ်လေးကို ရင်ခွင်ထဲဆွဲသွင်းလိုက်၏။

ရှေ့မှာဆောင့်အောင့်ထိုင်လိုက်ရင်း ပပပွစိပွစိပြောနေတော့ ဂုဏ်ကပြုံးလိုက်ပြီး.. ၊

"ခင်ဗျားဆံပင်တိုနံ့နံ့တွေကို ရှေ့မှာသိမ်းထား၊ ဒီက မျက်နှာကိုဆံပင်တွေထိရင်မနေတတ်ဘူး.."

"သေပေါ့.."

လွှတ်ခနဲပြောလိုက်ပြီးမှ ဆံပင်တိုနံ့နံ့ဆိုတဲ့ စကားကိုစိတ်တိုဖို့သတိရ၏။ ပိုးရဲ့ဆံပင်ရှည်တွေတန့်နွဲ့က မျက်လုံးထဲမှာပေါ်လာကာ.. ။

"ဟွန်း..ခေါင်းတုံးကိုတုံးပစ်ဦးမှာ.."

"ဘာပြောလိုက်တာလဲ.."

ပပက ဆံပင်တွေကို သူ့မျက်နှာဆီပစ်မှန်သွားအောင် တမင်ခါပစ်လိုက်ပြီး.. ၊

"ရှင်ကြီးက ဆံပင်ရှည်ကိုသဘောကျတယ်မို့လား၊ အဲ့ဒါကြောင့်ကတုံးတုံးမလို့.."

"ခုတုံးမလား..ဆရာလေးသုမွေ့ဆီမှာ သင်တုံးဓားရှိတယ်၊ ၀င်ယူလိုက်မယ်.."

ကြည့်စမ်း.. ။

ဒါသနဲ့ဝမ်းနည်းစိတ်က တစ်ပြိုင်တည်းဖြစ်ကာ၊ သူ့မျက်နှာကိုဆတ်ခနဲလှည့်ကြည့်မိသည်။

ထိုအခါ ဆံပင်တွေကဂုဏ့်မျက်နှာကို လွှဲရိုက်သလိုဖြစ်သွားခဲ့ပြီး.. ၊

"ဟ.."



www.burmeseclassic.com

www.burmeseclassic.com



"ပဲ..ဟဲ ဟဲ ဟဲ.."

"ဟင်..ဆိတ် ဆိတ်.."

ဆံပင်တွေကြောင့် မျက်လုံးကိုမှိတ်ပစ်လိုက်စဉ် အသံတွေကြောင့်ထိတ်ခနဲဖြစ်သွားမိကာ၊ လက်ကိုင်ကိုဆွဲလှည့်ပစ်မိ၏။

"ဒုန်း..ဒုန်း.."

"အား.."

ဆိတ်ကိုရှောင်ပစ်လိုက်ရင်း ကုန်းဆင်းကနေ ပြောင်းဖူးခင်းကြီးထဲ ထိုးဆင်းသွားခဲ့ပြီး.. ၊

"ပပ.."

"အား..နာတယ်၊ ဟင့်.."

"ထ..ထ၊ ကိုကို့ကိုတွဲ.."

ငယ်ငယ်တုန်းက သူတစ်ခုခုချွန်းတွန်းလုပ်ပေးလိုက်လို့ ပပအပြစ်ပေးခံရပြီဆို ဂုဏ်ပျာပျာသလဲဖြစ်သွားတတ်တာ ဒီအတိုင်း.. ။

"အား..မရဘူး၊ ပပခါးနာသွားပြီ.."

စက်ဘီးကတခြား လူနှစ်ယောက်လုံးထွေးလျက်တခြား.. ၊

"ကိုကိုထူပေးမယ်..ထကြည့်ပါဦး.."

သူလှူးလဲထကာ ပပလက်မောင်းလေးနှစ်ဖက်ကနေ ဆွဲမပေးလိုက်၏။ ပပသူ့လက်ပေါ်မှာထပ်တင်၍ ကိုင်ထားရင်းထရပ်ကြည့်သည်။

"အ.."

"မရဘူးလား..'

"ကိုကို့လက်ဖယ်ကြည့်.."

"အင်း.."

ဂုဏ်က လက်ကိုအသာလေးလွှတ်ပေးလိုက်သည်။ ပပခါး





လေးစန့်၍ အသက်ရှုသွင်းလိုက်လျှင်.. ၊

"အား.."

ဂုဏ့်ရင်ခွင်ထဲပြိုကျသွားကာ၊ ခါးကိုသိမ်းကျုံးဖက်ထားလိုက်မိစဉ်.. ။ တစ်ယောက်ကိုတစ်ယောက်နှစ်သက်မြတ်နိုးစွာ ဖက်တွယ်ထားမိကြသည့်နှယ်.. ၊

ထိုအခါကျမှ ရှည်လျားထူပိတ်နေသော ပြောင်းဖူးခင်းထဲမှာ ပတ်ဝန်းကျင်ပျောက်ကွယ်နေသည့် အဖြစ်ကိုသတိထားမိကြ၏။

ကျေးငှက်သာရကာတို့၏ ကြိုးကြိုးကျိုကျိုမြည်သံလေးတွေက သာယာနေသည်။ ပြောင်းဖူးဖက်နံ့သင်းနေသော လေပြည်ညှင်းက စိတ်ကိုနူးညံ့ညွတ်ပြောင်းစေကာ.. ၊

"ပပ.."

ဂုဏ်ရဲ့ဖေးမထားသည့်လက်တွေက သူမကိုယ်လေးပေါ်မှာ တပ်မက်မြတ်နိုးစွာ တင်းကျပ်သွားခဲ့ပြီး.. ၊

"ကိုကို့ကို ချစ်လားဟင်.."

ရင်ထဲမှာဒိန်းခနဲဆောင့်ခုန်သွားသည်။ စကားပြောဖို့နှုတ်ခမ်းပြင်လိုက်ပေမယ့် ရင်တွေလှုပ်ခါနေသောကြောင့် အသံပျောက်နေမလားထင်ပြီး ပြောလို့မထွက်.. ၊

သူ့ရဲ့နူးညံ့ညင်သာသော ထိတွေ့မှုများမှာ ပပကတုန်ကယင်လဲပြိုမတတ်ရှိနေစဉ် ဖျတ်ခနဲသတိရလိုက်မမပိုး.. ၊

"ခုတုံးမလား..သင်တုံးစားဝင်ယူလိုက်မယ်.."

ကိုယ့်ထက်အစစအရာရာသာလွန်အောင်မြင်နေသော မျက်နှာကိုတွေးမိလိုက်တာနှင့် ရှက်ရွံ့သိမ်ငယ်စိတ်က လူကိုအရှိန်းဆန့်စေလျက်.. ၊

"ဘာတွေ အိမ်မက်ထမက်နေတာလဲ..မချစ်ဘူး.."



www.burmeseclassic.com

www.burmeseclassic.com



ပပငေါက်ဆတ်ဆတ်ပြောပြီး အတင်းရုန်းထွက်၏။ သို့သော်.. ၊

"ကိုကိုနော်..မလုပ်နဲ့၊ ဟင့်အင်း မသိဘူး..သွား.."

ရုန်းနေပေမယ့် သူ့အနမ်းတွေကို မလိုလားတာလည်းမဟုတ်၊ မကျေနပ်သော်လည်း အရှုံးပေးနေမိလျက်.. ၊

"ကိုကို့ကို ချစ်တယ်မို့လား၊ မညာနဲ့.."

"မချစ်ဘူး၊ အရမ်းမုန်းတယ်..သိလား.."

ပပနှုတ်ခမ်းလေးကိုဖိကပ်မိလိုက် လက်ခုံလေးနဲ့ကပ်ထားမိလိုက်နှင့်.. ၊

"သူများကိုအနိုင်ကျင့်တာ..ရှင်ကြီးချစ်နေတာဘယ်သူလဲ ဆိုတာဒီကမသိဘူးများမှတ်နေလား.."

"ဟုတ်လား..ဘယ်သူရှိသေးလို့လဲ၊ ပြောပါဦး.."

"အား.."

မေးရင်း ပပလက်လေးကိုဆွဲပြီး နေရာမှာပဲအတူပြန်ထိုင်လိုက်သဖြင့် ခါးနာတာနဲ့ရောကာ ပပအပုံလိုက်လေးထိုင်ကျသွား၏၊

"ဘာလို့ဇွတ်လုပ်နေတာလဲ..ပပခါးနာနေပါတယ်ဆို မညာမတာ၊ ဖယ်..လွှတ်.."

"လွှတ်လိုက်ရင် မင်းထွက်သွားမှာပေါ့၊ ဒီနေရာကိုတမင်ခေါ်လာရင်လည်း ရမှာမဟုတ်ဘူး၊ အဲ့ဒါကြောင့်အေးဆေးစကားပြောပြီးမှ ပြန်ရအောင်.."

"ဒါအေးဆေးစကားပြောလို့ကောင်းတဲ့နေရာဟုတ်လား၊ သူများတွေလာတွေ့သွားရင် ဟိုလိုဒီလိုတွေဖြစ်နေကြတယ်ထင်ကုန်မှာပေါ့၊ အပြင်ထွက်မယ်.."

"ကိုယ်တို့ကလင်မယားပဲကွာ..ဘယ်လိုထင်ထင်ပေါ့၊ ရှာထဲ





အချစ်သူတွေ ချိန်းတွေ့ကြရင်လည်း ဒီဘက်မှာပဲလာတွေ့ကြတာ၊ ကိုယ်တို့လိုပြောင်းခင်းအစပ်ထဲထိတော့မဝင်ဘူးပေါ့.."

"ဟင်.."

ပပဘာကိုတွေးမိသွားသည်မသိ၊ ဂုဏ့်မျက်နှာကိုသေချာမော့ကြည့်ကာ.. ၊

"ကိုကိုလည်း ဒီမှာလာချိန်းဖူးတယ်မို့လား..မှန်မှန်ပြော.."

"လာဖူးတာပေါ့..ဒါပေမယ့်.."

"ဒါပေမယ့်မပါနဲ့တော့..လာဖူးတယ်ဆိုတာပဲလိုချင်တာ.."

"မင်းရောမလာဘူးလို့လား.."

ပပ ကြောင်တောင်တောင်လေးဖြစ်သွားသည်။ ဂုဏ်ကပပနှုတ်ခမ်းလေးကို လက်ညှိုးနဲ့မနာအောင်တောက်လိုက်ပြီး ရယ်ကာ.. ၊

"မင်းက ကိုစည်သူတို့အတွဲကိုလိုက်စောင့်ပေးနေတာ၊ ကိုယ်ကမင်းကို စိတ်မချလို့လိုက်ကြည့်တဲ့သူ.."

"မဟုတ်ဘဲနဲ့.."

"ဘာလို့မဟုတ်ရမှာလဲ..ရည်စားဆိုခါးပြားတောင် သေချာစားမကြည့်ဖူးဘူး.."

"ညာနေတာ.."

"ကဲ.."

"မမပိုးနဲ့ကိုကိုချစ်သူတွေဖြစ်ခဲ့ကြတယ်.."

"ဘယ်သူပြောတာလဲ.."

"အကုန်လုံးပြောနေကြတာ.."

"ကိုယ်ကမဟုတ်ပါဘူးဆိုရင် မယုံဘူးလား.."

"ဘာလို့ယုံရမှာလဲ..သူများကိုညာနမ်းပြီး ရောယောင်ဖြီးနေတာ၊ ညစ်ကြီး ဖယ်ပေး..လွှတ်.."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..ဘယ်လိုဖြစ်နေတာလဲ၊ တစ်ယောက်ယောက်ဖြန်းခနဲ မြင်သွားရင် ကောင်မလေးကိုပြောင်းခင်းထဲခေါ်ပြီး မဟားတရားကြံနေ တယ် ထင်တော့မှာပဲ.."

"မထင်စေချင်ရင်လွှတ်လိုက်ပါလား၊ ဘာလို့အတင်းဆွဲချုပ် ထားတာလဲ..ကိုကိုနော်.."

"ထင်မှာမကြောက်ပါဘူး၊ မင်းကထင်စရာဖြစ်အောင်ရုန်း ကန်နေရင်တော့ ဒီကစိတ်ရိုင်းတွေဝင်လာပြီး မထူးစိတ်ပိုက်ရှုပဲ.."

"ဘာ.."

ပပ သူ့ကိုမော့ကြည့်လိုက်သည်နှင့် ဖြူနုဝင်းညက်နေသည့် မျက်နှာလေးကို ဂုဏ်ကသိမ်းပိုက်ထားလိုက်၏။

စကားသံတွေတိတ်ဆိတ်သွားခဲ့ပေမယ့် ပြောင်းခင်းပေါ်မှာ ဝဲခနေကြသည့် ကျေးငှက်လေးတွေအမြင့်သို့ထိုးတက်ပျံထွက်သွားကြ ၏။

အချစ်ဆိုတာဘာမှန်းမစဉ်းစားရသေးခင် ရန့်ခုန်သံတို့က စည်းချက်မှန်နေကြလျက်.. ।

¤ ¤ ¤ ¤





အခန်း(၂၇)

"ဟော..အခန်းထဲမှာပပမရှိဘူးလား.."

"အိပ်နေတယ်အမေ..ကျွန်တော်ပြီးမှတစ်ခေါက်ပြန်လာခဲ့ ထယ်.."

တကယ်တော့ ပပအိပ်နေတာမဟုတ်ပေ၊ ဘာကိစ္စနဲ့ပြန်လာ န်းသိနေသဖြင့် တမင်အိပ်ချင်ယောင်ဆောင်လိုက်တာ.. ।

"သား့က မနက်အစောကြီးထွက်မှာလား.."

"သိပ်တော့အစောကြီးမဟုတ်ပါဘူး၊ ဒါပေမယ့်သူနိုးဦးမှာမ ဟုတ်ဘူး..ညလည်းည၌နက်မှပြန်ရောက်မယ်ထင်တယ်.."

ဒါကြောင့် သူခရီးသွားမည့်အကြောင်း ပပကိုပြောပြချင်တာ ။ အစကတည်းက ဆေးဝါးပစ္စည်းတွေ လိုက်ဝယ်ပေးဖို့ဆေးခန်းက ါက်တာတင်ထွန်းနဲ့ သူလိုက်သွားရမယ့်အစီအစဉ်ကရှိနေပြီးသား..။

ဒါကိုပပလည်း သိထားခဲ့မှာပေမယ့် ခုသွားရမှာကပိုးနဲ့သူနှစ် ယာက်တည်းဖြစ်နေ၏။ မနေ့တုန်းကပိုးနဲ့သူ့ကို ပပစွပ်စွဲထားခဲ့တာ ကြောင့် အစီအစဉ်ဘယ်လိုပြောင်းသွားတယ်ဆိုတာကို ပြောပြချင် သည်။

"ညကိုတော့နည်းနည်းစောစောပြန်ခဲ့ပေါ့သားရယ်၊ ပပကို င်းကိုယ်တိုင်ပြောပြသွားလေ..တခြားတော့ပြဿနာမရှိပါဘူး၊ ခုတစ်



www.burmeseclassic.com

www.burmeseclassic.com



ခေါက်ပြန်လာကာမှ ပိုးတို့နဲ့မမနုတို့အဆင်ပြေကြပုံမပေါ်ဘူး၊ သူတို့ဆွေမျိုးချင်းဘာတွေဖြစ်ကြမှန်း မသိပေမယ့်ပပနဲ့ပိုးလည်း အရင်လိုသိပ်မရင်းနှီးကြတော့.."

ဒေါ်မြတ်နွယ်က စဉ်းစားရင်း ရင်လေးလာပုံနှင့်.. ၊

"အမေစိတ်ပူတာက ပိုးနဲ့သားနှစ်ယောက်တည်း ခရီးသွားမှာကို မမနုတို့တစ်မျိုးတစ်မည်တွေးမလားဆိုတာပါ.."

အမေကတော့လူကြီးမို့ လူကြီးချင်းခင်မင်ရင်းနှီးမှုပျက်ရမှာကိုစိုးရိမ်တာဖြစ်မည်။ သူသိနေတာကတော့ ပပကိုယ်တိုင်ပိုးနဲ့စွပ်စွဲထားခဲ့သည့် အဖြစ်ကြောင့်.. ၊

"ကျွန်တော်ဟိုဘက်ရွာကိုလည်း သွားရဦးမှာ.."

ဒီမှာရှိသည့်ဆေးခန်းပြည့်စုံဖို့အတွက် ရွာနီးချုပ်စပ်မှာအလှူခံနေစရာမလိုပါ၊ ဒါပေမယ့် အလှူဒါနပါဝင်ခွင့်တောင်းထားကြတာမို့ဆေးဝါးအတွက်မြို့မှာ ဝယ်ခြမ်းဖြည့်စွက်ဖို့ရှိလာတိုင်း ပါဝင်ချင်သည့်ရွာတွေကလည်းစုဆောင်းပြင်ဆင်ထားပြီး ဖြစ်နေတတ်ကြသည်။

ထို့ကြောင့် သူတို့ကလည်းအားလုံးကိုလိုက်လံ စုဆောင်းပြီးမှသွားကြရတာဖြစ်သည်။ ဒီနှစ်ကတော့ ပင်မရွာကြီးနှစ်ရွာပဲပါဝင်မှာဖြစ်ကာ၊ ပိုးက'မ'တည်အလှူရှင်အဖြစ် လိုအပ်သောခေတ်မီဆေးပစ္စည်းကရိယာတစ်ချို့ကိုပါ ဆေးခန်းအတွက်လှူမှာဖြစ်သည်။

ပိုးနဲ့အတူသွားရဖို့ဖြစ်လာခဲ့သည့်လမ်းကြောင်းက မသွားချင်လို့လည်းမဖြစ် ဘေးထွက်နေခဲ့လို့လည်းမကောင်း၊ အားလုံးကိုနားထောင်ခဲ့ရင်း ပပအခန်းအောင်းနေမိသည်။ မမပိုးတို့အခြေအနေကို မေမြတ်တောင်သိနေတာ ကိုကိုကမသိဘူးတဲ့လား.. ၊

ဟွန်း.. သူကိုက အတူတူသွားချင်နေတာ.. ၊

ဒီလိုသွားလာရမည်ဆိုတာကိုတောင် ပပကိုသေချာမပြော





ခဲ့တာ ဘာတွေလို့ဝှက်ဖွယ်ရှိနေလို့လဲ.. ၊

"သမီး နိုးနေပြီလား.."

"ဟုတ်..မေမြတ်.."

ပပမျက်လုံးဖွင့်ပြီး လှဲနေရာကနေကပျာကယာထထိုင်လိုက်သည်။ ဒေါ်မြတ်နွယ်က ပပရဲ့အမြဲတန်းပန်းရောင်သမ်းနေသော ပါးမို့လေးတွေကို ချစ်စနိုးအပြုံးနှင့်ကြည့်ရင်း.. ၊

"သမီးလေးကို ကလေးမဟုတ်တော့ဘူးဆိုတာသိပေမယ့် ကလေးလိုပဲမြင်နေတာ ဘာကြောင့်လဲမေမြတ်သိပြီ.."

"ဟင်.."

"သမီးမျက်နှာလေးကနုဖတ်သန့်စင်နေတာလေ၊ စကားပြောတာလေးတွေကလည်းအရမ်းချစ်စရာကောင်းတယ်၊ သမီးကိုကျော်ပြီးတခြားမိန်းကလေးတစ်ယောက်ကို တွေးနေတယ်ဆိုရင် အဲ့ဒီယောကျ်ားမျက်လုံးမကောင်းလို့ပဲ.."

"ကိုကို့ကို ပြောတာလားမေမြတ်.."

"အဟွန်း..ဟွန်း.."

ချက်ချင်းကောက်မေးလိုက်တော့ ပပမေးဖျားလေးကိုကိုင်လှုပ်လိုက်ပြီးရယ်မိကာ.. ၊

"ဟုတ်တယ်..သမီးကိုကိုကိုပြောတာ နောက်ပြီးသမီးလေးကိုလည်းသိစေချင်တာ၊ သမီးလေးကိုကိုက သမီးကိုညီမလေးလိုလည်းချစ်တယ်..ဇနီးလိုလည်းချစ်တယ်.."

ဖြစ်ရလေ.. ၊

မြင်ပဲမြင်နေရသလိုလို..မေမြတ်ကတော့.. ၊

"အခု သားကပိုးနဲ့အတူတူခရီးသွားမှာကို သမီးလေးစိတ်ရှုပ်နေင်းထားနော်..သမီးကိုကိုပြောပြီးပြီလား.."



www.burmeseclassic.com

www.burmeseclassic.com



ပပခေါင်းညိတ်လိုက်သည်။ ပြီးတော့ ခေါင်းခါ၍.. ၊

"ပြောတယ်..ဒါပေမယ့်မမပိုးနဲ့သွားမယ်လို့ မပြောဘူး.."

"ဟုတ်တယ်..သမီးရဲ့၊ သူ့အစကတော့ ပြောဖို့မလိုသလိုပေါ့ပါးပါးပဲနေတာ၊ ပိုးကဒီလိုထည့်ဝင်လှူဒါန်းမယ်..ဒီရွာမှာပဲနေတော့မယ်ဆိုတာလည်း ဟုတ်ချင်မှဟုတ်မှာလို့ထင်တာလေ၊ မနက်ကမှပျောက်ချာသွားတာ.."

"အခု ဟိုဘက်ရွာကိုသွားကြတာလည်း အတူတူပဲလား.."

ဟင်.. ၊

ဒေါ်မြတ်နှယ် မျက်နှာကွက်ခနဲပျက်သွားသည်။ ပြီးတော့ စိုးရိမ်စိတ်နှင့်ကြည့်ကာ.. ။

"အဲ့ဒါတွေသမီးသိတယ်ပေါ့..ညဦးကပြောနေတာတွေကို-"

"ဟုတ်တယ်..ပပကြားလိုက်တာ.."

နှုတ်ခမ်းမဆူပေမယ့် မျက်ခုံးတန်းလေးတွေကော့ညွတ်နေအောင် ကုတ်ထားသည့်ပုံစံအရ သူမလေးစိတ်ကောက်ချင်နေပြီဟု ထွက်လိုက်မိကာ.. ၊

"ထွက်လာမှပေါ့သမီးရယ်..သမီးကိုကိုက သမီးကိုပြောပြီးမှ လို့ပြန်လာတာပါ.."

"ပြောပြတာကတော့ အခုမေမြတ်ပြောလည်းပပသိတာပဲလေ..အသိပေးရုံပဲလာလုပ်တာ ပပမကြိုက်ပါဘူး.."

ဒေါ်မြတ်နှယ် မျက်ခုံးတန်းတွေပင့်တက်သွားသည်။ ပြီးတော့ ပြုံးလာကာ.. ၊

"သမီးလေးက ခုကျတော့တကယ့်အိမ်ထောင်ရှင်မကြီးကျနေတာပဲကြည့်စမ်း၊ သမီးက သမီးကိုကိုကို မကျေနပ်ဖြစ်နေတာလား.."

"ဟုတ်တယ်လေ..မေမြတ်ပဲတွေးကြည့်ပါဦး.."





"အင်း.."

"သူနဲ့မမပိုးနဲ့ကရည်စားဟောင်းတွေ.."

"ဟုတ်ရဲ့လားသမီးရယ်၊ ချစ်သူဖြစ်ခဲ့တယ်လို့မေမြတ်မကြားမိပါဘူး.."

"ချစ်သူဖြစ်ကြတာ ရွာရိုးကိုးပေါက်လျှောက်ပြောပြီး ဘယ်သူကကျေညာမှာလဲ မေမြတ်ရဲ့.."

"ဒါပေမယ့်..အဲ.."

သားအဲ့လိုမဖြစ်ခဲ့နိုင်ဘူးလို့ အနိုင်အမာပြောချင်ပေမယ့် ဒါမျိုးက ကာယကံရှင်သာအသိဆုံးဖြစ်မှာမို့ ဒေါ်မြတ်နှယ်နုခံအားနည်းသွားခဲ့သည်။

"ရွာထဲကတခြားဘယ်သူဖြစ်ဖြစ် ပပဘာမှမပြောဘူး၊ မမပိုးကသူ့ရည်းစား.."

"သမီးရယ်.."

"သူ့စိုးကြီးညတုန်းကလည်း အကြီးစုသမီးမမမျိုးနဲ့သူနဲ့ ပပတို့နားမှာ ပြောသွားကြတာ .."

"ဟင်..ဘာတွေပြောသွားကြတာလဲ.."

"ကိုကိုက သူ့ကိုတပိုင်းသေအောင်ချစ်ခဲ့တာတဲ့၊ အချိန်မရွေးပြန်ယူလို့ရတယ်တဲ့.."

"ဟောတော်.."

"ကိုကိုကလည်းပပကိုမချစ်ဘူး..သူ့မှာလည်းအိမ်ထောင်မ ရှိတော့ဘူးတဲ့.."

ပပအကုန်အစင်ပြန်ပြောသလောက် ဒေါ်မြတ်နှယ်အံ့သြနေတော့သည်။ ဟိုတုန်းတည်းက တောမှာချမ်းသာနေတဲ့ ငတောသူဌေးလောက်နဲ့တော့ သူ့သမီးကိုသဘောမတူပါဘူးဆိုပြီး ပိုးကိုလက်ဆွဲခေါ်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်သွားတာပိုးရဲ့အမေ..၊

ဒါပေမယ့် ဘယ်သူမှသေချာမသိလိုက်တာက သားကိုပိုးနဲ့ နီးစပ်သွားမှာစိုးသည့်စကားတွေ သူမပြောခဲ့တာကြောင့်ဖြစ်သည်။ တစ် နေရာမှာပိုးရဲ့အမေနဲ့ နှစ်ယောက်တည်းတွေ့ဖြစ်ကြတော့.. ၊

"ဒါပေါ့လေ..ငါ့သမီးက မနုရဲ့သမီးလောက်မှမချမ်းသာတာ မနုရဲ့ဆွေမျိုးဖြစ်တိုင်း နင်ကဘယ်သသောတူပါ့မလဲ.."

"ဘာတွေလျှောက်ပြောနေတာလဲ..ပပကခုမှကလေးပဲရှိပါ သေးတယ်၊ နင့်သမီးကိုလည်းသဘောမကျဘူးလို့ငါမပြောပါဘူး..ဒါ ပေမယ့် မပြောဖြစ်ရင်ပိုကောင်းတာပေါ့လေ၊ ပိုးကအပျိုဖော်ဝင်စတည်း က မောက်မာတဲ့စကားတွေသိပ်ပြောတာ၊ လူတိုင်းမှာမာနရှိတာပါပဲ..ဒါ ပေမယ့် မာန်ဝင်လာရင်မကောင်းဘူး.."

"ငါကတော့ ငါ့သမီးကိုမာနကြီးတတ်အောင်တမင်သင် ထားတာ၊ လူဆင်းရဲပေမယ့် စိတ်ဓာတ်ဆင်းရဲလို့တော့မဖြစ်ဘူး.."

ပိုးရဲ့အမေက ကိုယ်တိုင်ကငယ်ငယ်ချောချောပဲဖြစ်ကာ၊ စီး ပွားပျက်ပြီး သူများအိမ်မှာခိုလှုံနေရသည့်တိုင် မာန်မာနကအပြည့်.. ဆွေမျိုးရင်းချာတွေနဲ့ရော ဆွေမျိုးနီးစပ်တွေနဲ့ပါ ဘယ်သူနဲ့မှသင့်မြတ် တယ်လို့ မရှိပေ၊ ထိုအဖြစ်တွေကို ပြန်တွေးရင်း ပိုးကိုယ်တိုင်ပြောသည် ဆိုသော စကားတွေကိုမယုံနိုင်အောင် ဖြစ်နေမိသည်။

သူမအိမ်ထောင်ဘက်ရွေးချယ်တာ လူရွေးမှားခဲ့ပေမယ့် မြို့မှာပထွေးဖြစ်သူရဲ့ စည်းစိမ်အဆောင်အယောင်တွေနဲ့ ပြည့်စုံချမ်း သာနေဆဲသာ၊ သူမရဲ့မိခင်ကိုယ်တိုင်လည်း ဟိုတုန်းကထက်မလျှော့ သောမာန်မာနတွေ ရှိနေမှာသေချာသည်။

"အခု သူနဲ့အတူတူသွားကြမယ်ဆိုတာ သူတို့ပြောတာတွေ ကြားထားတဲ့ ပပသူငယ်ချင်းတွေ ဘာပြောကြမလဲ.. မေမြတ်တွေး





ကြည့်.."

ပပအသံလေးကိုပြန်ကြားမှ ဒေါ်မြတ်နွယ်တွေးနေတာတွေ အတိတ်ထဲကနေ ခုန်ပေါက်ရုန်းထွက်၏။

"ဟုတ်တော့ဟုတ်ပါတယ်..ဒါပေမယ့်သမီးရယ်၊ ရွာမှာသာ ရေးနှာရေးအတွက်အဓိက 'မ'တည်သူတွေဆိုရင် မမနုတို့နဲ့ မေမြတ်ပဲရှိ တာလေ၊ ဒီအလှူအတွက်ဦးစီး ဆောင်ရွက်ခဲ့တာလည်း သမီးကိုကိုပဲ.. ပိုးကဒီထဲမှာဝင်ပါတာ မနေ့တစ်နေ့ကမှ.."

"မနေ့တစ်နေ့ကမဟုတ်ဘူး..အဲ့ဒါကိုပပသတင်းကြားတာ ငါးရက်လောက်ရှိပြီ၊ ကိုကိုနဲ့အတူနီးစပ်ဖို့ မမပိုးတမင်ကြိုးစားနေတာ၊ အဲ့ဒါကလည်းပပကို တမင်အနိုင်ပိုင်းပြီးပြောချင်ဆိုချင်လို့.."

ဘုရား.. ၊

ပပနဲ့ပိုးနဲ့ ဒီလောက်ထိတောင် ရင်ဆိုင်မိခဲ့ကြတာလား.. ၊

"ပပ ဓာလေးဆန်နေတာမဟုတ်ဘူးမေမြတ်၊ မမပိုးကပပကို အရမ်းနှိမ်ချင်တာ..ကိုကို့ကိုတကယ်လိုချင်တာလည်း ဟုတ်ချင်မှဟုတ် မှာပေါ့..ဒါပေမယ့် ပပထက်သူကသာတယ်ဆိုပြီး.."

"အဓိပ္ပါယ်မရှိတာသမီးရယ်..ကိုယ်နဲ့တစ်သက်လုံးလက်တွဲ သွားရမယ့်အိမ်ထောင်ဘက်ကို အရည်အချင်းစစ်စာမေးပွဲ ဖြေနိုင်းပြီး ရွေးကြတာမှမဟုတ်ဘဲ..သမီးထက်သာတယ်ဆိုတာကရော ဘာကိုပြော တာလဲ.."

"မသိဘူး..ပပ ကိုကို့ကိုလည်းမုန်းတယ်.."

"မမုန်းပါနဲ့သမီးရယ်..သားကသမီးကိုသိပ်ချစ်တာ.."

မဟုတ်ဘဲနဲ့ဆိုသည့် ခပ်မဲ့မဲ့မျက်နှာလေးက အကြည့်တစ် ချက်ဝင့်လာသည်။

"သမီးတို့ကို နီးစပ်စေချင်ပေမယ့် အသက်ချင်းလည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



နည်းကွာတော့ မေမြတ်မပြောရဲပါဘူး၊ သားကိုယ်တိုင်သမီးကိုလက်ထပ်ချင်တယ်လို့ ဖွင့်ပြောခဲ့တာ.."

ဟင်.. ၊

ဒါ ဟုတ်လို့လား.. ၊

သူမ သိခဲ့တာက ဖေကြီးနဲ့အမေကိုယ်တိုင်က မေမြတ်နဲ့တိုင်ပင်ပြီး ကိုကို့လက်ထဲဝကွက်အပ်ခဲ့ခြင်းသာ.. ၊

"သမီးမယုံရင်တောင် ပိုးနဲ့စိတ်တူသဘောတူသွားတာနေ့တယ်လို့တော့ မထင်လိုက်ပါနဲ့သမီးရယ်နော်၊ မေမြတ်ကိုယ်တိုင်လည်း ဟိုတုန်းတည်းက သားနဲ့ကစားဖော်အရွယ်ဖြစ်နေတဲ့ ပိုးထက်ပိုပြီးသမီးလေးကိုချစ်ခဲ့တာပါ၊ အဲ့ဒါက မမနုတို့အရှိန်အဝါနဲ့မဆိုင်ဘူး..သမီးတို့လောက်မချမ်းသာရင်တောင် မေမြတ်လို့လည်းမနိမ့်ပါးပါဘူး.."

ဒါကိုသူမသိပါသည်။ ဒီရွာမှာသူဌေးစာရင်းဝင်တာ မိသားစုနှစ်စုပဲရှိခဲ့သည်။

"သမီးကိုက ချစ်စရာကောင်းလို့ချစ်ခဲ့တာ..ရှေးရေစက်ကြောင့်စိတ်ချင်းနီးပြီး မေမြတ်သမီးလေးလိုချိုပိုးထိန်းကျောင်းပြီး ချစ်ခဲ့တာပေါ့..အထင်မလွဲပါနဲ့နော်သမီး၊ မေမြတ်သားလည်းမေမြတ်ရဲ့စိတ်ပါပဲ..သမီးလေးကိုချစ်ပါတယ်ကွယ်.."

ဒါကိုတော့ ပပခေါင်းမညိတ်နိုင်.. ၊

နာရီကိုကြည့်လိုက်တော့ ညရှစ်နာရီ.. ၊

ဒေါ်မြတ်နွယ်ကလည်း နာရီကိုလိုက်ကြည့်မိကာ.. ၊

"သားပြန်လာဦးမှာပါ..သမီးနည်းနည်းညဥ့်နက်ခံပြီး စောင့်နေလိုက်လေနော်၊ သားနဲ့တွေ့မှသမီးမကြိုက်တာတွေ သမီးဖြစ်ချင်တာတွေပြောပြပေါ့.."

"ဒီခရီး ကိုကိုမလိုက်ရဘူးလို့ ပပကပြောရင်ရော.."





ဟင်.. ၊

ဒေါ်မြတ်နွယ်ငိုင်သွားသည်။ ဒါကိုတော့.. ၊

"ရတယ်..ပပကိုကို့ဆီလိုက်သွားမယ်၊ ခုလောက်ဆိုဥက္ကဋ္ဌအိမ်ပြန်ရောက်နေလောက်ပြီ.."

"သမီး..ဟိုလေ.."

ပပ ထရပ်လိုက်တာနှင့် ဒေါ်မြတ်နွယ်ကလက်လေးဆွဲထားရင်း ထရပ်လိုက်ကာ.. ။

"သမီးကိုကို့ကို.."

"ပပ ဘာမှမလုပ်ဘူးမေမြတ်၊ တမင်ကိုလိုက်ကြည့်ချင်တာ.."

သူ့နိုးဖမ်းသလိုရုပ်ပျက်ဆင်းပျက် ဖြစ်သွားတယ်ဆိုလည်း မတတ်နိုင်၊ ပပထွက်လာတာနှင့် မေကျော်နဲ့ဖိုးခွေးတို့နောက်က ပြေးလိုက်လာကြ၏။

မေမြတ် ထည့်လွှတ်လိုက်တာမှန်းသိလိုက်ကာ.. ။

"ဓာတ်မီးပေး.."

နောက်လှည့်မကြည့်ဘဲ လက်ပစ်ပြီးတောင်းလိုက်သည်။ ဖိုးခွေးကဓာတ်မီးထိုးနေရင်း.. ၊

"ထွက်သွားတော့ဖြင့် ဘောင်းဘီရှည်တကားကားနဲ့..မပြောလိုက်ချင်ဘူး.."

"ဖိုးခွေးနော်..စိတ်ကတိုနေတာ.."

"ကိုယ့်ဘာသာတိုနေတာ..ဘယ်သူကဘာလုပ်လို့လဲ.."

"ပပ..နင် ဥက္ကဋ္ဌအိမ်ကိုသွားမှာဆို၊ ဘာလုပ်ဖို့လဲ.."

မေမြတ်ဘာမှမပြောဘဲ လိုက်သွားခိုင်းလိုက်တာဖြစ်မည်၊ ပပကလမ်းကိုဓာတ်မီးထိုးနေရင်း.. ၊

"ကိုကိုရှိတယ်.."



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်.."

"အံ့မယ်..နင်က ဆရာ့နောက်လိုက်လာတာ.."

နောက်ကမောင်နှမနှစ်ယောက်အံ့သြပြီး လုတက်သဖြင့် ခြေထောက်ခြင်းခလုတ်တိုက်ပြီး ချော်လဲမလိုဖြစ်ကုန်လျက် ခြေကားရား ..လက်ကားရား.."

"ဟုတ်လားပပ..တို့ရွာမှာရာသီဥတုတွေ ဖောက်ပြန်ကုန်ပြီထင်တယ်.."

မေကျော်က အခြေအနေကိုနည်းနည်းတော့ တွေးမိကာ ဖိုးခွေးကိုမော့င်ရိပ်ထဲမှာ လက်တို့ပြီး ခေါင်းခါလက်ခါလုပ်ပြလိုက်၏။

ဥက္ကဌကြီး အိမ်ရောက်တော့ ဂုဏ့်ကိုမတွေ့..။

ခွေးဟောင်ခံလိုက်ရခြင်းသာ အဖက်တင်ကာ..။

"ဟဲ့..ငနက်မ တိတ်စမ်း၊ လာကြပပတို့.."

ပတ်ဝန်းကျင်မှာခွေးဟောင်သံက တစ်ကောင်နဲ့တစ်ကောင် အချိန်းအချက်လုပ်ပြီး ဟောင်နေသလားမှတ်ရ၏။

"ကိုကိုမရှိဘူးဟုတ်လား..ခုထိပြန်မလာသေးတာလား.."

ဟိုဘက်ရွာသွားမှာပေမယ့် ဒီအချိန်တော့ပြန်ရောက်နေပြီး စာရင်းအင်းတွေလုပ်နေကြပြီထင်ခဲ့မိ၏။

"ပြန်လာပြီကွယ့်..ခုနလေးတင်ပဲပြန်ထွက်သွားကြတာ၊ ဒီမှာစာရင်းတွေလုပ်နေတုန်း စိန်တုတ်ကလှည်းဖြုတ်လိုက်တော့ ပိုးဥကိုသူပဲလိုက်ပို့မယ်ဆိုပြီး ဒီကစက်ဘီးယူသွားတယ်.."

စက်ဘီးနဲ့ပို့တာလား..။

ဘယ်ဘက်ရင်အုံအတွင်းမှာ တဆစ်ဆစ်တဖျင်းဖျင်းနာကျင်သွားသည်။ ခံရခက်သောဝေဒနာကိုပထမဆုံး ခံစားလိုက်ရပေမယ့် သဝန်တိုစိတ်ပဲဆိုတာ ကိုယ့်ကိုယ်ကိုပပသိသည်။





ပြီးတော့ ပိုးရဲ့မဟာဆန်ဆန်လှပါသည်ဆိုသောမျက်နှာ..၊ ပထမဆုံးရှက်မိ၏။ ပြီးတော့ ခံပြင်းမိသည်၊ ပြီးတော့ ခွင့်မလွှတ်နိုင်..၊ ထို့နောက် ပို၍သေချာချင်သည်။

"ပပ သွားမယ်နော်.."

"အေး..အေး၊ မိုးချုပ်နေပြီ စိန်တုတ်တို့ကိုလိုက်ပို့ခိုင်းရမလား.."

"ရတယ် ဘာဘ.."

ဥက္ကဌကြီးက အိမ်ရှေ့မီးတွေဖွင့်ပေးပြီး ကိုယ်တိုင်ထွက်လိုက်လာသေးသည်။ ပပတို့မြင်ကွင်းအဆုံးဖြစ်သွားမှ ပြန်ဝင်သွား၏။

"အဲ့ဒီမမပိုးကလည်း..ဘာဖြစ်လို့ဆရာနဲ့ပဲတတွဲတွဲလုပ်နေတာလဲမသိဘူး၊ တကယ်ပဲ.."

ဖိုးခွေးက တက်ခေါက်ရင်းပြောနေကာ..၊

"မနက်ကလည်း ဒေါ်နန်းမုန့်ဟင်းခါးဆိုင်မှာပြောနေကြတာ ငါကြားတယ်သိလား.."

ဖိုးခွေးပြောတော့မှာကိုသိလိုက်ပေမယ့် မေကျော်တားချိန်မရလိုက်ပေ..၊

"မမပိုးကကြိမ်းဝါးနေတာတဲ့၊ သူ့အပျိုမဟုတ်တော့ပေမယ့် ဒီရွာကသူဌေးသားကို အသာလေးကောက်ယူလို့ရတယ်တဲ့.."

"အမေ့.."

"ဟဲ့..ပပ၊ ပပ ရရဲ့လား.."

ပပ ခလုတ်တိုက်မိတာခြေမမှာ အဆမတန်နာကျင်သွားသည်။ သို့သော် ဘာမှမဖြစ်သလိုအံကြိတ်ပြီး ဆက်လျှောက်ခဲ့သည်။

"နင်တို့ပဲစဉ်းစားကြည့်လေ၊ သူပြောတာဆရာ့ကိုမှန်းအသိသာကြီး.."



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးခွေးရယ် နင်ကလည်း၊ ဆရာကပပနဲ့ယှူပြီးနေမှ.."

"ဒါပေမယ့်သူက ဒီရွာမရောက်ခင်တည်းက ကျုံးဝါးနေတာလေ၊ ခုလည်းလူဖြူမဟုတ်တော့တာသိရက်နဲ့ တွဲနေတာကြည့်ပါလား၊ လုံးဝကိုမရှိုးဘူး.."

"နေဦး.."

ပိုးနေသည့် အိမ်ခြံဝင်းရှေ့ရောက်တော့ ပုပကခြေလှမ်းရပ်လိုက်ပြီး သူတို့ကိုပါတားဆီးကာ.. ။

"ငါပဲဝင်သွားမယ်.."

"ဟိုမှာစက်ဘီးထောင်ထားတာမြင်နေကာမှ ငါတို့ပဲဝင်ခေါ်ပါ့မယ်ပပရယ်၊ ခေါင်းရင်းအိမ်ကခွေးက အသေဟောင်တာ ခြံတွေကလည်းလုံတာမဟုတ်ဘူး.."

"ဟေ့အေး..ငါပဲဝင်မယ်.."

ပပက ဓာတ်မီးမထိုးတော့ဘဲ ဟထားသည့်ခြံတံခါးကို တွန်းဖွင့်ပြီးဝင်လာခဲ့သည်။ စက်ဘီးကိုသေချာကြည့်လိုက်တော့ မှောင်ရိပ်ထဲမှာတစ်စီး အလင်းရောင်တစ်ဝက်ကျနေတာကတစ်စီး.. ။

ဂုဏ်တို့ကခုနကမှဝင်လာတာဆိုတော့ အလင်းရောင်ကျနေသည့်စက်ဘီးပဲဖြစ်လိမ့်မည်။ ထိုဘီးမှာနောက်ကကယ်ရီယာမပါပေ။ ကိုကိုရှေ့ကနေဝင်ထိုင်ခဲ့ရတုန်းက အနေအထားကိုသတိရလိုက်ကာ ပပ နှုတ်ခမ်းလေးကိုက်လိုက်မိ၏။

ရှေ့ဘားတန်းမှာထိုင်လိုက်ရပြီဆိုလျှင် စက်ဘီးနင်းနေသူရဲ့ရင်ခွင်ထဲမှာ ကျောတစ်ပြင်လုံးထိကပ်နေတာ.. ။

မမပိုးလို အရပ်ပိုမြင့်ပြီး ကိုယ်လုံးပြည့်ပြည့်ဆိုလျှင်.. ။

"ရှော့ပါ..ဒီတိုင်းပဲစားပါ.."

"တကယ်မကြိုက်ပါဘူးဆို..ပြဿနာပဲ.."





"မရဘူး..ဘာလဲ၊ မိန်းမရတာနဲ့ပဲ ငါ့ခွံကျွေးတာ မစားရဲတော့ဘူးလား.."

"မဟုတ်ပါဘူး..မနက်ခရီးသွားရဦးမှာ လက်ဖက်သုတ်တွေစားလိုက်ရင် မျက်လုံးကြောင်နေမှာပေါ့.."

"ဟေ့အေး..ငါ့ကိုအရင်လိုချစ်သေးရင်စား.."

"ဟာ..လျှောက်ပြောနေပြန်ပြီ.."

"ငါပြောတာနင်နဲ့ငါသိတယ်..အပိုတွေလျှောက်တွေးမနေနဲ့၊ ပါးစပ်ဟ.."

"ဟာ..ပိုး.."

"ခစ် ခစ် ခစ်.."

ပပ ရင်ခုန်သံတွေတဒိုင်းဒိုင်းဆောင့်ခါလာသည်။ ဒေါသကြောင့် အသွေးအသားတွေပါ ဖြိုးဖြိုးဖျင်းဖျင်းဖြစ်လာလေသည်။

ကိုကိုကဘယ်တုန်းက လက်ဖက်သုတ်စားလို့လဲ.. ။

လျှာတွေမည်းတယ်၊ ပါးစပ်နံတယ်ဆိုပြီး အမြဲတမ်းခါးခါးသီး..၊

ရယ်သံတွေကြောင့် နားထဲမှာမီးစတွေလို ပူထူလာခဲ့လျက်..။

"ပပ.."

"သွားမယ်.."

"ပပ နေဦးလေ၊ ဒီဘက်ကပ်လျှောက်..ခွေးတွေဟောင်နေပြီ.."

ပပ လျှောက်နေရင်း မျက်ရည်စက်တွေပိုးပိုးပေါက်ပေါက်ကျလာကြ၏။ ခွေးဟောင်သံတွေကြောင့် ဂုဏ်ကလည်းလက်ကနာရီကိုငုံ့ကြည့်လိုက်ကာ.. ။

"ငါ ပြန်တော့မယ်.."

"ရှော့..ဒါလေးတော့ ကုန်အောင်စားသွား.."

"ပေးပါ..နင့်လက်ကြီးတရမ်းရမ်းလုပ်မနေပါနဲ့.."



www.burmeseclassic.com

www.burmeseclassic.com



ကန်စွန်းဥပြုတ်ကို ကိုယ့်ဘာသာတစ်ပိုင်းချိုးယူလိုက်ပြီး ပါး စပ်ထဲထည့်ကာ တန်းလျားပေါ်မှာတုံးလုံးလှဲပြီး ပုတီးစိတ်နေသော ဘကြီးဖြိုးကိုကြည့်၍.. ।

"ဘကြီးဖြိုး..ကျွန်တော်ပြန်တော့မယ်နော်.."

"အေး..အေး၊ မိုးတောင်ချုပ်လှပေါ့.."

"ဟုတ်ကဲ့..ရပါတယ်.."

"ဘာလို့ဟန်တပြင်ပြင်ဖြစ်နေတာလဲဂုဏ်..ကလေးလေး ကို မုန့်ပေးကြိုက်ထားပြီးတော့ ဖက်ဖက်မောနေတာလား၊ ကြည့်ရတာမ သက်သာလိုက်တာ.."

"မကြည့်နဲ့ပေါ့ဟာ၊ ငါကတော့အဲ့ဒီဒုက္ခကိုလိုချင်လွန်းလို့ တ မင်ထုပ်ပိုးသိမ်းထားရတာ.."

ဂုဏ်စက်ဘီးနဲ့ ပြန်ထွက်သွားတော့ အိမ်ထဲကဒေါ်မိုးမခထွက် လာကာ.. ।

"အနေအထိုင်ဆင်ခြင်ဦး ပိုးဥရေ..ငါမပြောချင်တော့ဘူးသိ လား၊ ခုနနောက်ဖေးဝင်လာတည်းက ဥက္ကဌအိမ်မှာပပတို့ လာမေးသွား ပါတယ်ဆိုတာ.."

"အဲ့ဒါဘာဖြစ်လဲအဒေါ်ရယ်..ပိုးတို့ကအစတည်းက ဒီလိုပဲနေ လာကြတာ.."

"ဒါပေမယ့်ကလေးတွေတုန်းကလိုမနေရဘူးလေ၊ နေ့စဉ်ဒါ တွေပဲပြောနေရတယ်..ဟွန်း.."

ဒေါ်မိုးမခက ဆွေနီးမျိုးစပ်ရယ်ပါ၊ ဒါပေမယ့်ပိုးတို့မှာငွေ လက်ဖျားသီးနေပြီဆိုတော့ ကြိုက်လည်းခေါ် မကြိုက်လဲခေါ်ဖြစ်လာခဲ့ သည်။ ခုလည်း ပိုးဥ နေထိုင်တာကိုဘဝင်မကျပေမယ့်.. ।

"ပိုး အိပ်တော့မယ်.."





ဒေါ်မိုးမခနဲ့ဦးဖြိုးကိုဝေ့ကြည့်ပြီး အထဲပြန်ဝင်လာခဲ့သည်။ သူမနှုတ်ခမ်းမှာတော့ ပြုံးလို့ပါ၊ ခွေးဟောင်သံကြားလိုက်တည်းက ပပ တို့အုပ်စုပဲဆိုတာ သူမတွက်မိခဲ့သည်။ ခြံရှေ့ကို မျက်နှာမူထားတာမို့ မှောင်ရိပ်ထဲမှာ ဓာတ်မီးရောင်လက်ခနဲဖြစ်သွားတာကြောင့် ပို၍သေချာ သွားခဲ့၏။

ထို့ကြောင့် သူမအမူအရာတွေ အသံတွေကလိုတာထက် ပို သွားခဲ့တာပင်၊ သူများအိမ်ထောင်ရေးကို ဖောက်လွဲဖောက်ပြန်စိတ်ကူး ခဲ့တာတော့မဟုတ်ပါ။ ဒါပေမယ့် ဦးမောင်နိုင် ဒေါ်ခင်နုနုတို့ရဲ့သမီး ဖြစ်နေသောကြောင့် ပပကိုသူမဒုက္ခပေးချင်သည်။

ဘယ်လိုမှမယုံနိုင်လောက်အောင် ပပကိုမှမြတ်နိုးယုယချင်နေ သည့် ဂုဏ့်အချစ်တွေကိုလည်း သဝန်တိုမိသည်။ ကိုယ်မလိုချင်ခဲ့ပေ မယ့် သူများရသွားတာတော့ မခံနိုင်.. ।

ပြန်မလိုချင်သော်လည်း သူများလက်ထဲက ပုတ်ထုတ်ပစ်ဖို့ တော့ဆုံးဖြတ်ထားခဲ့၏။

ထို့ကြောင့် သူမဗီလိန်ဆန်ပါစေ.. ।

သေသေချာချာကို ဆုံးဖြတ်ထားခဲ့တာဖြစ်သည်။

ဒီအိမ်ထောင်မပျက်မချင်းရှေ့ဆက်ဖို့.. ।

¤ ¤ ¤ ¤



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၈)

ပပအိပ်ရာထဲမှ ငေါက်ခနဲထထိုင်လိုက်မိသည်၊ စားပွဲပေါ်က နာရီကို ကြည့်လိုက်တာနှင့် ကိုကိုမရှိတော့ဘူးဆိုတာသိလိုက်၏။

မနက်ရှစ်နာရီဆိုသည့် နေရောင်ခြည်က ကျောင်းကင်မြင့်ကို ထိုးတက်ဖို့ အပျိုရှိန်ရင့်ရင့်အားမွေးနေပြီဖြစ်ကာ.. ၊

"မေကျော်..မေကျော်.."

"လာပြီ.."

မေကျော် လက်နှီးခုတစ်ဖက်နှင့် ပြေးဝင်လာ၏။

"ကိုကို သွားပြီလား.."

"အေး..မနက်စောစောထသွားတာ၊ ဒါပေမယ့်ခုနစ်နာရီခွဲ တုန်းကတစ်ခေါက်ပြန်လာသေးတယ်..နှင့်ကို.."

စကားမဆုံးခင် ပပကအထဲပြန်ဝင်လာခဲ့သည်။ မေကျော် စကားပြောလက်စနှင့်ကျန်ခဲ့ပြီးမှ ဝင်လိုက်လာလျှင်.. ၊

"ပပ ဘာလုပ်မလို့လဲ.."

"ဒီနေ့ မမယုံတို့မအူပင်က သူ့ဘိုးဘွားတွေကိုသွားကန်တော့မှာ.."

"ဟုတ်တယ်လေ..နှစ်တိုင်းသွားနေကျပဲဟာ.."

"ဒီနှစ်ငါအလည်လိုက်သွားမယ်လို့ မနှစ်ကတည်းက ပြော





တို ပြောထားပြီးသား.."

"အယ်.."

ချက်ချင်းကြီး ဘာထဖြစ်ပါလိမ့်.. ၊

ပပ မျက်နှာတောင်သစ်ရသေးရဲ့လား.. ၊

"ပပ.."

"စကားမများနဲ့..နင်တို့လိုက်ခဲ့ရမှာ၊ အကျီတွေမြန်မြန်သွားထည့်.."

"ပပ..မအူပင်ကိုသွားတာ ဟိုဘက်ရွာဒီဘက်ရွာကူးသလိုမဟုတ်ဘူးနော်၊ ရေတစ်တန်ကုန်းတစ်တန်နဲ့.."

"အဲ့ဒါမျိုးကို သွားချင်လွန်းလို့ နှစ်တိုင်းအသေအလဲကြိုးစားနေခဲ့ရတာ.."

ပပ ဗီရိုဖွင့်၍အဝတ်တွေဆွဲချပြီး ထိုးသိပ်ထည့်နေတာကို ဆွဲတော့မလို ထားတော့မလိုနှင့်မေကျော် ဟိုဘက်ပြေးလိုက် ဒီဘက်ပြန်ရောက်လာလိုက်နှင့်.. ၊

"ဘဘက ခွင့်ပြုရင်တော့အပျိုတုန်းကမို့လားပပရယ်၊ အခု.. အခု ဆရာလည်းခရီးထွက်သွားတယ်၊ ဒေါ်လေးလည်း.."

"ဟုတ်တယ်..ဘယ်သူမှမရှိလို့ကိုသွားမှာ၊ ခုချက်ချင်းသွားမှာ နင်လိုက်ချင်လိုက် မလိုက်ချင်နေခဲ့.."

"နေပါဦး..မမယုံတို့ကမနက်စောစောသွားကြမှာ၊ နင်လိုက်မှာလည်းမသိဘဲနဲ့ ရှိရောရှိကြသေးလို့လား.."

"မရှိတော့ရင်လည်း ကိုယ့်ဘာသာလိုက်မှာ.."

"နင်ဘာဖြစ်နေတာလဲပပရယ်..ဆရာကိုဒေါသထွက်နေ တာလား.."

ပပ အိတ်ကိုခုတင်ပေါ်ကဆွဲချပြီး ဆတ်ခနဲကိုယ်ကိုမတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ဖြီးသင်မထားသည့်ဆံပင်တွေကို ဖြစ်သလိုဖိသပ်ချ၏။ မျက်နှာမသစ်ရသေးဘဲ တစ်ပြင်လုံးကိုလက်ဖဝါးနဲ့ ဘယ်ညာဖိပွတ်ပစ်ကာ.. ။

"အခု လောလောဆယ်ငါဒေါသထွက်လာတာနင့်ကိုပဲ..လိုက်ချင်နေခဲ့.."

"ဟယ်..မဟုတ်ဘူးလိုက်မှာ၊ နင့်ချည်းပဲသွားလို့မရဘူး၊ အဲ့..မပူစူး..ဖိုးခွေးရေ.."

ပပ အိတ်ဆွဲထွက်သွားတာမြင်လိုက်သည်နှင့် ပတ်ဝန်းကျင် အိမ်တွေကလည်း တအံ့တဩဖြစ်ကျန်ခဲ့လျက်၊ ရွာလယ်လမ်းမမှာ ဆူညံပွစိထ ကျန်ရစ်လေသည်။

ထိုသတင်းစကားသည် တံတားဟောင်းကြီး၏ တစ်ဖက်ကို မကူးရသေးသော ဂုဏ့်နားထိကို တိုက်ရိုက်ရောက်ရှိသွားခဲ့ပြီး.. ။

"ဘာ.."

ဟိုဘက်ကားပေါ်တင်ထားပြီးသား အိတ်ကိုပြန်ဆွဲချလိုက် လျှင်.. ။

"ဘာလုပ်တာလဲ ဂုဏ်.."

"အဝေးပြေးကားမလာခင် ငါအမီပြန်လာခဲ့မယ်.."

"ဂုဏ်.."

ရပ်ရေးရွာရေးနဲ့ချီပြီး အလုပ်လုပ်နေတာကိုတောင် ထားပစ် ရသလား၊ ပိုးခပ်ကြိုတ်ကြိတ်အံကြိတ်တက်ခေါက်ရင်း အိတ်ကိုကား ပစ်ချလိုက်၏။ ရွာမှာနာဂစ်ပြီးသွားတည်းက ကားကူးလို့ရသည့် တားကြီးပျက်စီးခဲ့ရသည်။

ကြည့်ရင်တော့ အကောင်းတိုင်းပေမယ့် ကားကူးလို့ လောက်အောင် စိတ်မချရတော့သဖြင့် မြို့ကိုသွားချင်လျှင် ရွာထဲကဆို





ကယ်လ်တွေ ကားတွေကိုသုံးလို့မရတော့ပေ။

ရွာထဲမှာ ဟိုနားဒီနားဆိုင်ကယ်လ်စီးရင်လည်း သက်ကြီး ရွယ်အိုတွေက နားမခံနိုင်သဖြင့် ဥက္ကဋ္ဌကိုယ်တိုင်က တားမြစ်ထားခဲ့၏။

ခရီးသွားဖို့အတွက် ကားတွေရှိတာတောင်ခုချိန်မှာ ဖုန်တက် နေကြပြီဖြစ်သည်။ ပိုးတို့ခရီးသွားဖို့အတွက် တံတားအောက်ချောက် ထဲကနေ ဆင်း၍ဒီဘက်ကားပေါ် ကိုယ့်အားကိုယ်ကိုးစနစ်နဲ့ လာခဲ့ကြ ရတာဖြစ်သည်။

ဒီကနေမှ အဝေးပြေးကားရပ်သည့်နေရာကို ဆက်သွားရမှာ ဖြစ်သည်။ ပြန်လှည့်လာခဲ့ရသည့် ဂုဏ်ကတော့နွားလှည်းပေါ်လည်း ပြန်မတက်တော့ဘဲ ဒီတိုင်းပဲပြေးလိုက်ရပ်လိုက်နှင့် ရွာထဲပြန်ရောက်ခဲ့ ၏။

မအူပင်ကိုသွားမည်ဆိုလျှင် အိုင်းမရွာဘက်ကထွက်ပြီး ရထားသံလမ်းထိသွားရမှာမို့ သူမိပ့်မလား၊ အိမ်ကကားထုတ်ယူပြီး လိုက်ရင်တောင် ကားမောင်းလို့ရတဲ့လမ်းက ရွာကထွက်ရုံသာ သာ.. ။

"ကျွတ်.."

ဒီကောင်မလေးဘာလုပ်တာလဲ.. ။

မအူပင်ထိခရီးက နီးနီးလေးမဟုတ်ပေ.. ။

ထို့ပြင် ငွေယုံတို့ခွေမျိုးတွေက တောထဲပိုင်းမှာမို့ ချောင်း လက်တက်ကြီးတစ်ခုကို ကျယ်ပြောစွာဖြတ်သန်းပြီး နေကုန်အောင်ခရီး ဆက်ရသေးသည်။ ရွာဆိုတာကလည်း ဟိုတုန်းကဆို သူခိုးဓားပြတွေ ထုပြောပါဘိ.. ။

"အမေ့.."

"အေး..အမေလည်းခုမှသိတာသားရယ်.."



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ကိုရောက်တော့ ဒေါ်မြတ်နှယ်ခြံဝထိ ရောက်နေပြီ ဖြစ်ကာ ဒေါ်ခင်နုနုတို့လည်း ပျာတိပျာယာရောက်လာခဲ့ကြလျက်-

"မဖြစ်ဘူး..ခုလောက်ဆိုငွေယုံတို့နဲ့ဆုံပြီး ပါသွားသာသေချာပြီ၊ သမီးနောက်ကိုလိုက်စမ်းပါကွယ်..မြို့သွားဖို့ကိစ္စအတွက် ဆေးခန်းမှာထိုင်တဲ့ဆေးမှူးဉက္ကာကိုပဲ ဒေါ်လေးပြောလိုက်မယ်..သွား သွား-"

ဒေါ်ခင်နုနုထမီတစ်ဖက် 'မ'၍ရှေ့ပြေးရမလိုလို၊ နောက်ပြန်လှည့်ရမလိုလိုနှင့် ဦးမောင်နိုင်နဲ့ရင်ဘက်ချင်းတိုက်မိလိုတိုက်မိ..၊

"အဲ့ဒါရှင့်ကြောင့် ရဲရဲတင်းတင်းလိုက်သွားတာသိလား.."

"ဘာကွ.."

"မနှစ်က နောင်နှစ်ကျရင်လိုက်ပို့မယ်လို့ ရှင်ပဲပြောခဲ့တာကိုး.."

"အေး..နှစ်တိုင်းပူဆာလွန်းလို့ပြောခဲ့တာလေ..ဒါပေမယ့် လိုက်ပို့မယ်ပဲပြောခဲ့တာ လိုက်သွားခိုင်းတာလား.."

"တော်ပြီ..တော်ပြီ၊ မျိုးလှိုင်တို့ အောင်ပန်းတို့ ငွေယုံတို့အိမ်နဲ့ သံလမ်းဘက်ကို လှူခွဲလိုက်စမ်း.."

"ဟော့..တွေ့ရင်အပါပြန်ခေါ်လာခဲ့၊ ထင်ရာလုပ်တဲ့မိန်းကလေး.."

"သူအရမ်းသွားချင်လို့နေမှာ..ဂုဏ်မရှိတာနဲ့တန်းထွက်သွားတာ.."

"ဟုတ်ပ.. ပပကလည်းကလေးစိတ်မကုန်နိုင်ဘူး၊ သူပဲမကြောက်မရွံ့.."

"မိုးကပြတ်တာမဟုတ်ဘူး၊ ရေတက်ထားတာတွေကမကျဘူး.."

ပတ်ဝန်းကျင်ဆူသွားအောင် တတ်ပဲတတ်နိုင်လွန်းပါဘိ..။





ကြားရသည့်စကားတွေကြောင့် ဒေါ်ခင်နုနုစိတ်ပူနေတာ ဆောက်တည်ရာမရဖြစ်လာခဲ့၏။ တိုက်ဆိုင်လိုက်တာဒီရက်ကျမှ ရထားနှစ်စင်းဝင်မည်တဲ့၊ ပြီးတော့ နှစ်ရက်ဆက်တိုက်ရှိသည်ဆို၏။

¤ ¤ ¤ ¤



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၉)

"ပပ နင်ပျော်နေတယ်နော်၊ ခုလောက်ဆိုရွာမှာပွက်လောရိုက်နေလောက်ပြီ.."

"ဟုတ်ပါတယ်မေကျော်ရယ်..ငါတော့ခေါင်းကျိုန်းနေပြီသလား၊ ဒေါ်ကြီးနုနုငါ့ကိုတော်တော်စိတ်ဆိုးနေမှာ.."

"ဘာဖြစ်ဖြစ်ဟာ..လုပ်လာပြီရင် ပြန်တွေးမနေနဲ့.."

"မှန်မှန်ပြောပပ.. နင်ဆရာ့ကိုရှဲ့လာတာမို့လား.."

"ဟုတ်တယ်.."

"ဆရာက မမပိုးကိုမကြိုက်ပါဘူး၊ ငါသိတယ်.."

"နင်သိပေမယ့် ငါမှမသိတာ..ထားလိုက်စမ်းပါဟာ၊ ရေတွေဖွေးနေတာပဲနော် ပျော်စရာကြီး.."

လှေကြီးကအကြီးကြီးပဲဖြစ်သည်။ ရေတွေဘောင်လန်နေကာ ရေပြင်တစ်ကြောကဖွေးဖွေးလှုပ်နေခဲ့သည်။ လှေလှော်သည့်လူကြီးက မေးသိုင်းထားသည့်ခမောက်ကြီးကို လျှော့လိုက်ပြီးခေါင်းညိတ်ကာ..။

"ဝါဆိုဝါခေါင်တည်းက ရေကသိပ်မကျသေးဘူး၊ မိုးကမပြတ်သေးတော့ပိုဆိုးတာပေါ့၊ ခုချိန်ခါကတော့ ရာသီဥတုတောင်မှ မှန်းဖို့သိပ်မလွယ်ပါဘူး.."

လှေကကမ်းကပ်လှော်လိုက် ရေလယ်ရောက်သွားလိုက်နှင့်..။





"ဟိုမှာရေစပ်က စင်လေးနဲ့တင်ထားတဲ့အဝတ်တွေက ဘာလုပ်တာလဲဟင်.."

ပပမေးလိုက်တော့ ငွေယုံနဲ့လှေသမားကြီးကရယ်ကြ၏။ မေကျော်ရယ် ဖိုးခွေးရယ် စိမ်းလဲ့နဲ့ဘယ်ကျော်ရယ် သူတို့လည်းဘာမှန်းမသိကြသဖြင့် လှည့်ကြည့်ပြီး စိတ်ဝင်စားသွားကြသည်။

"အဲ့ဒါဘာလဲဟင်..ကြည့်ရတာလူအိပ်နေသလိုပဲ.."

စိမ်းလဲ့ကသေချာကြည့်ပြီးထပ်မေးသည်။ ထိုအခါကျမှ..။

"လူအိပ်နေတာလည်းမဟုတ်ဘူး၊ အဝတ်တွေတင်ထားတာလည်းမဟုတ်ဘူး..အဲ့ဒါအုသုဘစင်.."

"ဟယ်.."

"အဲ့ဒါလူသေကောင်ကြီးလား.."

"ဟုတ်တယ်ပပရဲ့..ငါတို့ဆွေမျိုးတွေထဲမှာ ငါ့အဖေနဲ့အမေပဲ မြို့တက်အခြေချဖို့ ကျားကုတ်ကျားခဲကြိုးစားခဲ့ကြတာ၊ ငါတို့ခုချိန်ထိ မြို့မရောက်သေးဘူးလေ..ရွာမှာဘယ်လောက်ခေါင်လဲစဉ်းစားသာကြည့်.."

"အင်း.."

"ဆွေမျိုးတွေတော့ ကိုယ့်ဒေသကိုယ့်ရွာကိုပဲ ဖက်တွယ်ပြီး ဒီကမခွာကြဘူး.."

"နေပါဦး..ငါမေးတာကအဲ့ဒီမသာ အဲ..အသုဘကိစ္စလေ.."

"အသုဘထားကြတဲ့ မလေ့တစ်ခုကိုပဲပြောပြတာလေ.."

"မလေ့..ဟုတ်လား.."

"အေး..ဒီဘက်တွေမှာအသုဘကို နောက်ဖေးရေစပ်မှာပဲထုတ်ထားကြတယ်၊ သင်္ဂြိုဟ်ရင်လည်း မီးရှို့တာများတယ်.."

"ဒါဆို ငါတို့အပြန်ကျရင် ဒါကြီးနားကဖြတ်ပြန်ရမှာပေါ့.."



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့.."

ဖိုးခွေးက အသုဘစင်ကို မရဲတရဲလှမ်းကြည့်ကာ.. ။

"အိမ်လည်ချင်တာလည်း အိမ်နီးချင်းလည်ပါလား၊ နင်တို့မှာ ..တစ်ဖက်ကမ်းကူးပြီးတော့ အိမ်လည်ရတယ်လို့.."

"ဩော်..လှေစီးချင်လို့ပါဆိုမှ.."

စိမ်းလဲ့လည်းကျောချမ်းနေပေမယ့် ဘယ်ကျော်နဲ့ပပက ပျော်လို့ရွှင်လို့သာ၊ ယောကျ်ားကိုရွံ့သည်ဆိုပြီး ခုကျတော့ ပပတို့ဘာကိုမှ သတိမရတော့တာ ပြုံးရယ်နေသည့် မျက်နှာလေးကသက်သေခံနေ၏။

"ညည့်သည်တွေ ထမင်းစားပြီးမှပြန်ကြနော်.."

အိမ်ရှင်တွေကတော့ ဖော်ရွေပါသည်။ ဒါပေမယ့်ချခင်းကျွေးမွေးတာတွေကို ပပတို့မစားနိုင်ကြပေ၊ ကိုယ်လည်းတောသူပါပဲ၊ ဒါပေမယ့်မြို့နားနီးပြီး ဖွံ့ဖြိုးတဲ့တောရွာဖြစ်သည်။

ထို့ပြင် လူချမ်းသာတွေပေါပြီး ဆန်ရေစပါး ပေါများလိုက်တာပဒေသပင် ရွှေးစားနေကြတဲ့အတိုင်း၊ ဒီမှာတော့ ထမင်းပွဲပြင်ပေးသော်လည်း နှတ်ခမ်းမှာသံပြားတွေပေါ်နေသည့် ကြွေရည်သုတ်သံပန်းကန်ပြားတွေနှင့်.. ။

ဖွန်းတပ်ထားတော့ ဖင်ကပဲ့နေသည်။ ထမင်းဆိုတာက နီရဲနေသောဘယ်လိုအမည်တပ်ရမှန်း မသိသည့်ဆန်အမျိုးအစား၊ ဒါမှမဟုတ် ဆန်ဟုတ်ချင်မှဟုတ်လိမ့်မည်.. ။

"ဒီမှာ ခရုဟင်းချိုလေးချိုနေတာပဲသောက်ကြည့်၊ ငါတို့ကတော့မန်ကျည်းရွက်လေးပစ်ထည့်လိုက်တာပဲ..ပြီးရင်ငရုတ်သီးလေးခါးချိုးထည့်တာပေါ့၊ ညည်းတို့ကတော့ စားနိုင်မှာမဟုတ်လို့ဘူးသီးစိတ်နဲ့ရောလိုက်တာ.."

ကြည့်လိုက်တော့ ခရုတွေကနည်းနည်းနောနော အလုံးကြီး





တွေမဟုတ်၊ ထို့ပြင် ညိုမြည်းရွှဲနေသော အရည်တွေစက်လက်နှင့်.. ။

"ဟိုဘက်က ငါးရှဉ့်ဟင်း..အကောင်တော့သေးတယ်၊ စားကြ.."

ငါးရှဉ့်ကိုရင်ရောခွဲရဲ့လားမသိ.. ။

လက်သန်းလုံးလောက်အကောင်လေးတွေကို လက်တစ်ဆစ်လောက်လေးတွေ ဖြတ်တောက်ပြီးချက်ထားတာဆီကတစ်ပြောက်နှစ်ပြောက်နှင့်.. ။

"ဩော်..အကြီးကလုပ်ပြီး၊ ဒီလာခါနီးမှသမီးတို့က ကညွတ်သုတ်တွေစားလာကြတာ.."

"ဟဲ့..ဟုတ်ရဲ့လား.."

"ဟုတ်တယ်..အကြီးရဲ့၊ ပြီးတော့ အသုတ်စားလိုက် ရေနွေးသောက်လိုက်နဲ့လေ၊ မအေးစန်းတို့အိမ်ကပို့ထားတဲ့လက်ဖက်သုတ်တွေတောင်မစားရသေးဘူး.."

ပပတို့မစားနိုင်မှန်းသိနေသဖြင့် ငွေယုံကအဆင်ပြေအောင်ဝင်ပြောပေးလိုက်သည်၊ ဒေါ်သောင်းဆိုသည့် အမျိုးသမီးကြီးက သူတည်ခင်းထားသည့်ဟင်းတွေကို နမျောတသဖြစ်သွားဟန်နှင့်.. ။

"ဖြစ်ရလေအေ..ငါ့ကိုအားနာလို့များလား၊ တို့ရွာက ညည့်သည်များလည်းမကြောက်ပါဘူးအေ့၊ ညည်းတို့ဘက်လောက်လည်း ဟင်းစားမရှားပါဘူး၊ ချက်ပြုတ်ချိန်တန်ရင် အခင်းထဲသွားလိုက် ချောင်းထဲဆင်းလိုက်ရုံနဲ့ ပါးစပ်ဖိုတာ.."

အရေးထဲမှာ ဟိုဘက်ကမ်း ဒီဘက်ကမ်းရွာချင်းပေါ်များတာတွေပြိုင်နေသောသည်။ ငွေယုံတို့ဆွေမျိုးရင်းတွေရှိကြသည့် ငါးခူရွာမှာတော့ ငါးပိငါးခြောက်တွေပဲစားကြတာများသည်မို့ အူမစိုဘူးပြောချင်တာမျိုး.. ။



www.burmeseclassic.com

www.burmeseclassic.com



"ညည်းကမြို့ကလက်ဆောင်တွေယူလာပြီး ငါကတော့ဘာမှတောင်ပြန်မကျွေးရပါလား.."

"ရပါတယ် အကြီးရယ်..ညှော်သည်တွေက လှေစီးချင်တယ်ပြောလို့လိုက်ပို့လိုက်ဦးမယ်၊ နောက်မှလာခဲ့မယ်နော်.."

"အေး အေး၊ မပြန်ခင်တစ်နပ်တော့ လာစားဦးနော်..ခုလိုပဲရှယ်ပြင်ထားမယ်.."

ငွေယုံက နှုတ်ဆက်ကျန်ခဲ့ပြီး ပပတို့လှေပေါ်လှတက်ကြကာ.. ၊

"ဒီလိုနေရာကိုများ သီတဂူတို့အောင်သန်းတို့ ဘာဖြစ်လို့ပျော်လွန်းလို့တသဲသဲဖြစ်နေလဲမသိဘူး.."

မေကျော် ပွစိပွစိရေရွတ်၏။

"ဟုတ်ပဟယ်..လှေစီးရတော့လည်း ရေစပ်မှာမသာနဲ့.."

"မအူပင်မြို့ပေါ်မှာဆို ပျော်စရာကြီးနော်.."

"အေးလေ..ရန်ကုန်မရောက်ဘူးပေမယ့် မြို့ကြီးပြကြီးရောက်ပြီဆိုပြီး ငါ့မှာတစ်ညလုံးစိတ်ကူးတွေယဉ်လိုက်ရတာ.."

စိမ်းလဲ့ကရှုံ့မဲ့နေ၏။

တောဆိုမှတကယ့်တောခေါင်ခေါင်.. ။

ရွာသားတွေကတော့ သဒ္ဒါစိတ်လည်းရှိကြသည်၊ ဖော်လည်းဖော်ရွေပါသည်။ ဒါပေမယ့် အိမ်ခြေလည်းဘာမှမရှိ၊ စီးပွားရေးလုပ်ငန်းဆိုတာလည်းမမြင်.. ၊

ကလေး၊လူကြီး လုပ်နိုင်ကိုင်နိုင်တွေက မြို့ပေါ်မှာကူလီလုပ်ကြ ကျပန်းအလုပ်တွေလုပ်နှင့် တောကမိသားစုကိုထောက်ပံ့ကြသည်။ တောမှာနေသည့်လူတွေက ချွေတာစားသောက်ရင်းချို့တဲ့ကြရှာ၏။

"ငါပြောသားပဲပပရယ်..ခရီးသွားရတာပျော်ဖို့ကောင်းပေ





မယ့် နင်တို့စိတ်ညစ်မှာပါလို့.."

ငွေယုံကလည်းတောင်းပန်ရှာ၏။

"ဟိုနှစ်တွေတုန်းက ဖိုးတုတ်ကြီးတို့ ကိုသောကြာတို့ယောကျ်ားတွေပဲ လိုက်ကြတာလေ၊ သူတို့ကတော့ပျော်တာပေါ့ ရေငုတ်ကြတောထဲဝင်ကြနဲ့ ကိုယ့်ဘာသာအမဲလိုက်ပြီး ချက်ပြုတ်စားရတာလွတ်လပ်တာကိုး.."

ခုကျတော့မိန်းကလေးတွေများနေသည်။ ငွေယုံရဲ့အစ်ကိုဝမ်းကွဲတွေတောင် ရွာထိမပါဘဲမအူပင်မှာပဲ နေခဲ့ကြ၏။

"ငါလည်း ရွာကညှော်သည်တွေကလက်ဆောင်လေးတွေရပြီး ရွာသားတွေပျော်ရွှင်နေကြတာကို မြင်ချင်လို့ပါဟယ်၊ ခုတော့ ငါ့ရွာကိုထောက်ပံ့စေချင်လို့ လူလဲပြီးခေါ်လာသလိုဖြစ်နေပြီ.."

ပပကရယ်ကာ.. ၊

"မဟုတ်တာမမယုံကလည်း ခုဆိုပရဟိတလုပ်နေကြတဲ့အဖွဲ့တွေ လူငယ်တွေမှအများကြီးပဲ ပပတို့ကလှူဖြစ်လို့ဝမ်းတောင်သာသေးတယ်.."

"ဟုတ်ပါတယ်မယုံရယ်၊ စိမ်းလဲ့တို့ညည်းတာက ရွာမှာဆင်းရဲတာကိုစိတ်ပျက်လို့မဟုတ်ပါဘူး၊ သွားရလာရတာပင်ပန်းလို့ပါ၊ ပြီးတော့..စိမ်းလဲ့တို့ချင်းပြောမနာဆိုမနာသူငယ်ချင်းတွေမို့လို့ အားမနာတမ်းပြောချလိုက်တာ နေရထိုင်ရတာအဆင်မပြေတာ မမယုံနဲ့ဘာမှမဆိုင်ပါဘူး.."

"ကျွန်တော်ကလည်း မမယုံကိုဒီရွာသူလို့ကိုမမှတ်ဘူး၊ ကျွန်တော်တို့တစ်အုပ်စုတည်းလို့သဘောထားပြီး ညည်းမိတာပါ..စိတ်မဆိုးပါနဲ့.."

ပြောချင်ရာတွေပြောပြီးမှ တောင်းပန်ကြရသည်။ ငွေယုံက



www.burmeseclassic.com

www.burmeseclassic.com



လည်းစိတ်ဆိုးလို့မဟုတ်ပါ၊ ထို့ပြင်သူမကလည်း ဒီရွာဇာတိမဟုတ်ပေ.. ၊

မိဘတွေကသားသမီးတွေမရလာခင်တည်းက ဒီလိုခေါင်တဲ့အရပ်မှာတော့ ကလေးတွေကိုမကြီးပြင်းစေချင်ဘူးဆိုပြီး စွန့်စားထွက်ခွာခဲ့ကြတာမို့ ဒီတောရွာကဇာတိချက်မြုပ်ဒေသမဟုတ်.. ၊

"ဟေး..ငွေယုံရေ၊ တို့ဘက်ကိုခေါ်ခဲ့ပါဦးဟ.."

ကမ်းနားစပ်ကနေ တစ်ယောက်ကလှမ်းအော်ခေါ်နေ၏။

"အဲ့ဒါဘယ်သူလဲမမငွေယုံ.."

"အဲ့ဒါတစ်ရွာလား.."

"မဟုတ်ဘူး..အကြီးတို့ရွာပဲ၊ ဒါကအရှေ့ပိုင်းပေါ့၊ သူတို့ဘက်မှာနတ်မိကျောင်းကြီးရှိတယ်၊ ပြိုကျနေတဲ့စေတီဟောင်းကြီးခြေရင်းက ချောင်းဆွယ်အိုင်ကြီးထဲမှာနေတာ.."

"ဟုတ်လား..အကြီးကြီးပဲလား၊ မြင်ရောမြင်ရမှာလား.."

"မြင်ရတယ်၊ အမြဲတမ်းနွံပေါ်မှာအစင်းလိုက်ကြီးနေတာ၊ မသိရင်သစ်တုံးကြီးကျနေတာပဲ.."

"ဘာမှမစားဘူးလား.."

"စားတာပေါ့၊ ဒါပေမယ့် ညမှအစာရှာထွက်တာ..တစ်ခါတလေ သုံးရက်လေးရက်ထိရေထဲမဆင်းဘူးတဲ့.."

"သူ့နားကပ်လို့ရလား.."

ဖိုးခွေးက ယောကျ်ားလေးပီသစွာမေး၏။ ပပက လှည့်ကြည့်ပြီး တခစ်ခစ်ရယ်ကာ.. ၊

"ကပ်ချင်လို့မေးတာလား၊ ပြေးချိန်ရအောင်မေးထားတာလား.."

"ပပနော်..ဖောက်မလာနဲ့.."





"ဟား ဟား ဟား.."

ငွေယုံလည်းရယ်ကာ.. ၊

"သူ့နားထိတော့ ဘယ်သူမှမသွားရဲဘူး..ဒါပေမယ့် ဘယ်သူကမှလည်းသူ့ကို ဒုက္ခမပေးကြဘူး၊ သူကလည်းလူတွေကို အန္တရာယ်ပြုချင်တဲ့ပုံမရှိပါဘူး၊ အရမ်းလည်းကြီးလွန်းလို့ သူ့ကိုနတ်မိကျောင်းလို့ခေါ်တာပေါ့.."

"ဘယ်လောက်တောင်ကြီးလို့လဲ.."

"သူ့ဗိုက်အိုးကြီးကပဲ သုံးပေနီးပါးရှိတယ်တဲ့.."

"ဟင်.."

"အလျားကတော့ သူ့ဖင်မြီးပိုင်းကရေထဲနစ်နေတာများလို့ နောက်ပိုင်းမသိတော့ဘူး..ငယ်ငယ်တုန်းကတောင်ဆယ်ပေကျော်တာ.."

"အယ်.."

ပပ ပခုံးလေးကျုံ့သွားမိသည်.. ၊

"ပပရေ ငါတို့ဟိုတစ်ခါကြည့်လိုက်တဲ့သရဲကားထဲကလို မိကျောင်းကအရိုင်းစိတ်ဝင်ပြီးလူတွေကိုလိုက်စားရင်သွားပြီ..မဝင်နဲ့တော့.."

"ဟာ..ဝင်မှာပဲ.."

"ခစ်..ခစ်၊ ဖိုးခွေးရယ် နင်ပပပြောတော့နာတယ်နော်..ကမ်းတောင်မကပ်ရသေးဘူး လှည့်ပြေးချင်နေပြီ.."

"မဟုတ်ပါဘူး..နင်တို့မိန်းကလေးတွေကြောင့်ပါ.."

"ဟား...ဟား..ဟား.."

"ဘယ်ကျော်.."

"ဘာတုံး.."

"မရယ်နဲ့ မင်းလဲကြောက်နေတာပဲ.."

"မကြောက်ပါဘူး.."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်ကပ်လိုက်စမ်းပါ..သူများတွေနေလာတာနှစ်ပေါင်းမနည်းတော့ဘူး၊ ကြောက်စရာလား.."

ပပဆုံးဖြတ်ချက်ချမှလှေက ကမ်းဘက်ကိုဦးတည်သွားသည်သို့သော်.. ၊

"ရွာကိုဝင်ဦးမှာဆို ဦးကြီး ပြန်မပို့နိုင်တော့ဘူးနော်..အငယ်ကောင်တစ်ယောက်ယောက်ကိုလာခေါ်ခိုင်းလိုက်မယ်.."

"ဟင်..ဘာဖြစ်လို့လဲ.."

"လှေကမအားလို့ပါ. ကုန်တင်ရင်ဒီလှေနဲ့မှဖြစ်မှာ.."

"ဘယ်မှာသွားတင်ရမှာလဲဦးကြီးကလည်း..သမီးတို့ကလည်းလူများတယ်လေ၊ လှေသေးသေးလေးလွှတ်လို့မရဘူး.."

"အော်..မဆုံအင်ကာ ဦးကြီးကလွှတ်ပါ့မလား၊ မပူပါနဲ့..ရွာထဲမှာအေးဆေးလည်ကြ.."

"ဘယ်လောက်တောင်ကြည့်စရာတွေများလို့လဲ.."

လှေသမားကြီးကရယ်ကာ.. ၊

"မင်းတို့မမြင်ဘူးတာတွေတော့အများကြီးရှိမှာပါကွာ.."

လှေသမားဦးကြီးက မြန်မြန်ချပေးချင်လို့ပြောသွားသလားတော့မသိ.. ၊

မိကျောင်းကြီးကလည်းတကယ်ကိုသစ်တုံးကြီးသောင်တင်နေသလိုငြိမ်သက်နေတာကြာတော့ ပျင်းလာခဲ့တဲ့အထိပင်..၊

လယ်ကွင်းတွေထဲမှာ သူတို့မမြင်ဘူးသည့်ခြေတံရှည်ခြေတံတိုနဲ့ ငှက်တွေတော့ရှိသည်။ ထို့ပြင် မြွေနဲ့တူပြီးထိပ်နှစ်ဖက်တုံးနေသောခပ်လုံးလုံးမည်းသည်းနေသည့်တစ်ထွာသာသာလောက်အကောင်တွေလည်းမြင်ခဲ့၏။

လယ်ကွင်းကန်သင်းဘောင်စိုစိစိပေါ်မှာ လောက်သွားသွား





နေကာ မျက်လုံးကြီးတွေက မန်ကျည်းစေ့လောက်ပြူးထွက်နေသေးသည်။

လူကိုမကိုက်ပါဘူးပြောပေမယ့် ပုပုရွရွမကြောက်တတ်သောပပပင်ချက်ချင်းနောက်ပြန်လှည့်ခဲ့ရတဲ့အဖြစ်.. ၊

ရွာတစ်ရွာမှာအိမ်ခြေဆယ်လေးငါးလုံးလောက်နှင့် ရွာဆက်ကလည်းဝေးသည်..၊

ဒါကိုနှစ်ပိုင်းခွဲထားသည့်ရွာကလဲ ရှိသေး၏။

"ပြောရမယ်ဆိုရင်..မအူပင်ကနေစက်လှေစီးလာခဲ့ရတာပဲနှစ်နာရီကျော်ကြာတာလေ၊ ဒါတောင် ဒီဘက်ကိုလှေဆက်စီးရသေးတယ်၊ ဘယ်လိုလုပ်မအူပင်ဖြစ်ရတာလဲ..ဘာမှလည်းမဆိုင်ဘဲနဲ့.."

ဘယ်ကျော်ကစပြီးတွက်ချက်လာ၏၊ ငွေယုံကခေါင်းညိတ်သည်။

"ဟုတ်တယ်..ဒါပေမယ့် မအူပင်အပိုင်မို့လို့ဖြစ်မှာပေါ့၊ တို့ရွာတွေကမျက်နှာငယ်ပါတယ်ဟာ..တိုးတက်တယ်လည်းမရှိဘူးဆုတ်ယုတ်တယ်လည်းမရှိဘူး..မြို့နဲ့အဝေးကြီးရောက်နေတော့ ကိုယ့်နေရာကိုယ်ရှင်းကျော့ခင်းနေကြရတာမျိုး..ဒီချောင်းကြီးသာမရှိရင် ကူးသန်းသွားလာဖို့တောင်မလွယ်ဘူးဟ.."

"အဲ့တာ လူဦးရေတိုးပွားမလာလို့ထင်တယ်နော်..လူတွေပွားလာပေမယ့် မြို့မှာစီးပွားသွားရှာကြတယ်..ထွက်သွားတဲ့လူတွေကပြန်လာတော့ ရောက်လာတဲ့စားစရာတွေကစားလိုက်ရုံပဲရှိတာပေါ့..ငွေကိုင်ပြီးသုံးခွင့်မရတာကိုက တိုးတက်ဖို့မရှိတာပဲ.."

"ဟုတ်ပကွယ် ကလေးတွေထောက်ပြမှပဲ တွေးမိတော့တယ်ဘိုကတော့ ငွေရှိဖို့မလိုဘူးလို့ပဲတွေးပြီးဖြေလိုက်ကြတော့တယ်..ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေလည်း ဝယ်ခြမ်းစားစရာမှမရှိတာ ဘယ်သူမြို့သွားမလဲ နားစွံပြီး ရှိတဲ့ လူကဝယ်ခြမ်းဖို့မှာတယ်..မရှိတဲ့သူက ခေါင်းတောင်ထောင်မကြည့်ဘူး၊ ငပိအိုးထဲမှာငါးပိရှိနေရင်ရပြီ.."

တစ်ချို့အိမ်တွေမှာဆို ဟင်းချိုမှုန့်မလို ဆီမလို၊ ဟင်းရွက်နဲ့ပဲချိုစေသည်။ အသားလေးငါးလေးပစ်ထည့်နိုင်ရင်ပဲ ပြည့်စုံနေ၏၊ တော်တော်ရှားပါးကြရှာပါ၏။

"သမီးမနေနိုင်ပါဘူးကွယ်..ခရီးသွားရတုန်းခဏပဲပျော်မှာ၊ သမီးဖေကြီးက သေချာကြားဖူးထားလို့ သမီးကိုမလွှတ်တာ.." တဲ့..၊

အမေပြောပြခဲ့တုန်းက ပပမယုံခဲ့ပေ.. ။

"စားကြလေကွာလေးတို့၊ ပဲပြုတ်လေးကိုအိုးခင်းပူပြန်လှိမ့်ထားတာမွှေးနေတာပဲ..ပဲညွှတ်ဟင်းချိုလေးနဲ့.."

ပဲထဲကမထွက်ပါလား.. ၊

ဒီမှာတော့အသားငါးမပါပေမယ့် ထမင်းပန်းကန်ထဲမှာ ခင်ညိုညိုဆန်ကွဲကျိုးလေးတွေ ချက်ထားတာတွေ့ရသည်။ ဆန်အမျိုးအစားကို စတင်မြင်ရခြင်း..၊

"ငါတို့ပြန်ရအောင်ပပ..ရွာဆက်ကဝေးတယ်နော်၊ တို့လာတာဘယ်နှစ်ရွာတောင်ကျော်ခဲ့တာလဲ မသိဘူး.."

"အေးပါ.."

ပပကိုယ်တိုင် ထိတ်လန့်စပြုပြီဖြစ်၏။ ငွေယုံတို့က နှစ်တိုင်းဒီကိုလာလျှင် သုံးညလောက်အိပ်ပြီးမှပြန်ကြသည်။

သူမတို့တစ်ညတောင် အိပ်နိုင်ပါ့မလား.. ၊

"အဲ့ဒီဘက်ကမပြန်နဲ့ကလေးတို့၊ ရွှံ့စေးတွေရှိတယ်..မိုးခပြတ်တော့ သိပ်မခြောက်သေးဘူး၊ ဒီဘက်မြေမာမာကိုစမ်းနင်း.."

"ဟုတ်ကဲ့..ဒေါ်လေးရေ၊ ပြန်ပြီနော်.."





"အေး..အေး၊ နင့်အစ်မကြီးလာရင် ငါပြန်ပြောပြလိုက်မယ်သိလား၊ မနက်စောစောနင်တို့ဆီသူပေါက်လာမှာပါ.."

အိမ်ပေါ်ကလှမ်းအော်နေတာကို ပြန်လှည့်ပြောရင်း ငွေယုံက ထုံစံအတိုင်းနောက်ဆုံးမှာကျန်ရစ်ခဲ့၏။

အသံတိတ်သွားသည့်ပပမျက်နှာလေးကို အကဲခတ်ကာ ခမေကျော်နဲ့ဖိုးခွေး ခေါင်းငိုက်စိုက်ကျလေသည်။ပပရဲ့တက်ကြွခြင်းအရာရာသည်သာ သူတို့အတွက်အားဆေးဖြစ်ကာ ပပအင်အားမဲ့နေပြီဆိုရင် သူတို့အတွက် ကူကယ်ရာမရှိတော့သလို.. ၊

"ပပ..နင်စိတ်ညစ်နေတာလားဟင်.."

"ငါညစ်တာထက် နင်တို့ငါ့ကြောင့်ဒုက္ခရောက်နေတာကိုစိတ်ကောင်းတာပါ၊ ငါလည်းဒီလောက်မထင်ဘူးလေ.."

စိမ်းလဲ့က သက်ပြင်းချကာ.. ၊

"အေး..နင့်ကြောင့် မေကျော်တို့ပါလာရသလို ငါ့ကြောင့်ဘယ်ကျော်ကလိုက်လာခဲ့တာပဲ၊ ဘာမှမထူးပါဘူးပပရယ်..နင်နဲ့ငါကဒြသနာရှာဖော်ရှာဘက်တွေပါ.."

"ကဲပါ..ငါတို့ကယောကျ်ားလေးတွေပါ၊ နင်တို့ကငါတို့ကြောင့်စိတ်မကောင်းဖြစ်နေတယ်ဆိုတာ ကြားလို့လည်းမကောင်းပါဘူး..ထားလိုက်စမ်းပါ.."

ဘယ်ကျော်ပြောမှ ဖိုးခွေးက.. ၊

"အေးလေ..ထားလိုက်ပါတော့.."

ဟု တိုးတိုးပြောရှာသည်။ အပြန်လမ်းမှာ ကမ်းနားကနေဆောင့်နေပေမယ့် ပေါ်မလာ၊ နေစောင်းကာမှ.. ၊

"ဟေး..ကောင်လေးတွေ.."

လှေတစ်စင်းနဲ့ အမျိုးသမီးတစ်ယောက်ပေါ်လာကာ.. ၊



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့က ဘကြီးပြောတဲ့ညှိသည်တွေလား.."

"ဟုတ်ပါတယ်.."

"ဟုတ်တယ်..ကျွန်မတို့ပဲ.."

သူတို့ပျာပျာသလဲ ထရပ်လိုက်ပေမယ့် လှေပေါ်ကအမျိုးသမီးမျက်နှာမဲ့သွားလျက်.. ၊

"ထင်သားပဲ၊ လှေရပ်လို့မရတဲ့နေရာမှာထိုင်စောင့်နေရသလားဟဲ့..ငါကဟိုဘက်ကနေသွားစောင့်နေတယ်၊ အံ့ရောဟယ်.."

"အံ့ဩမနေပါနဲ့အစ်မရယ်..ထင်သားပဲဆိုရင်လည်း တစ်ချက်လောက်လာကြည့်လိုက်ပါလား၊ ပပတို့ကညှိသည်တွေဘယ်လိုလုပ်သိမှာလဲ..လှေရပ်လို့မရတဲ့နေရာဆိုတာ.."

ပြောနေရင်းစကားက ဒီမှာတင်ရပ်၏။ ရေတက်နေတာလားအမြဲတမ်းဒီတိုင်းပဲလား မသိသော်လည်း ရေထဲမှာသစ်ပင်တွေဆင်းပေါက်နေတာကို ခုမှသတိထားမိသည်။

ရေပေါ်မှာပေါ်နေတာအမိုက်တွေမှမဟုတ်ဘဲ၊ သစ်ကိုင်းအညွှန့်ဖျားလေးတွေ.. ၊

"ကဲ..ငါ့ကိုရန်ပြန်တွေမနေပါနဲ့၊ ဟိုဘက်ကိုပြန်လျှောက်လာခဲ့ကြ.."

အမျိုးသမီးက မျက်နှာပေါက်ဆိုးသလောက် စကားပြောကလည်းမညင်သာ.. ၊

"ပပရယ်..ငါတောင်းပန်ပါတယ်ဟာ၊ နည်းနည်းတော့သည်းခံလိုက်ပါ.."

ငွေယုံကတောင်းပန်၏။ မကျော်ကလည်းလက်တို့ကာ..

"နင်ကလည်း..ကိုယ့်ရွာမဟုတ်ဘူးဆိုတာ သတိထားဦးလေ ငါတို့ကလည်းဟုတ်တာပဲဟာ.."





"အေးလေ ပပကလည်း..သူများရွာမှာကြက်ဖ ကိုယ့်ရွာမှာကြက်မတဲ့.."

"ဘယ်ကျော်.."

"ဘာတုံး.."

"မှားနေပြီ.."

ဖိုးခွေးစိတ်မရှည်ရတဲ့ကြားထဲ မှားနေတာကို မပြောဘဲလည်း မနေနိုင်.. ။

"ဘာမှားတာလဲ..ငါကပပကိုဆုံးမနေတာ.."

"ဆုံးမချင်လည်း ဆိုရိုးစကားတွေမှန်အောင်ပြောပေါ့ကွ..သူများရွာကျမှကြက်ဖဖြစ်ရမယ်လို့.."

"မဟုတ်ဘူးလား၊ ဒါနဲ့နဂါးမှန်းသိအောင် အမောက်ထောင်ပြရတယ်ဆို.."

"ဒါဆိုပပလက်ထဲ ဓားတစ်လက်လောက်ပါ ထည့်ပေးလိုက်လေ.."

"ဟမ်.."

"ခေတ်ပြောင်းပြန်ဖြစ်နေတာလည်းမပြောနဲ့..အထီးနဲ့အမတောင်နေရာမှားပြောနေတာ.."

"မှားနေရင်လည်းပြောပြလိုက်ပါလားဖိုးခွေးရယ်..လူကလက်သီးလောက် ပြောတဲ့စကားကခေါင်းလုံးလောက်နဲ့.."

"ဟုတ်ပ..ခေတ်နဲ့ပဲချိုပြောရသေးတယ်သူ့မှာ..စိတ်ညစ်ရ တဲ့အထဲ.."

မိန်းကလေးတွေဝင်ပြောမှ ဘယ်ကျော်သူ့စကားမှားနေမှန်းသိကာ.. ၊

"ဘာလဲ..အဲ့ဒါက.."



www.burmeseclassic.com

www.burmeseclassic.com



"သူများရွာမှာကြက်မ..ကိုယ့်ရွာမှာကြက်ဖ.."

"ဟုတ်လား..အဲ့လိုလား၊ ဟီး..ဟီး.."

"အောင်မလေး.."

ပွစိပွစိရေရွတ်လျှောက်နေရင်း ဖိုးခွေးချော်လဲလေသည်။ လှေပေါ်တက်ခါနီးမို့ သူတို့ကိုလှမ်းမြင်နေသည့် အမျိုးသမီးက မျက်မှောင်ကုတ်ကြည့်နေ၏။။

ဒီလိုဖြစ်လျှင်အားပါးတရ ဝိုင်းရယ်နေကျပပတို့လူစု ထိုမျက်နှာကြောင့် ဖိုးခွေးကိုရယ်ဖို့သတိမရကြတော့ပေ..၊

"ဟင်..လှေကသေးသေးလေး.."

"ဟုတ်တယ်..ဇည့်သည်ခြောက်ယောက်ဆိုတော့ ခြောက်ယောက်စာပဲတွက်ခဲ့မိတာ.."

လှေပေါ်တက်စီးရဘဲဖြစ်နေသည့် ဖိုးခွေးသာကျန်ရစ်ခဲ့သဖြင့်..၊

"ပပတို့ကအားလုံးပါမှဖြစ်မှာ.."

"အောင်မလေး ညည်းအသံချည်းပါလား၊ အားလုံးမပါလည်း ဒီညဟိုဘက်ကမ်းပြန်ရောက်စေရမယ်..ပူမနေနဲ့.."

"မဖြစ်ဘူး.."

ကမ်းစပ်မှာတစ်ယောက်တည်းကျန်ရစ်ခဲ့ရမည့် ဖိုးခွေးမျက်နှာစီးရှုက်လောက် ငယ်ကျသွားသဖြင့် ပပကခေါင်းခါ၍..၊

"သွားတာပြန်တာခဏလေးမှမဟုတ်ဘဲ သူတစ်ယောက်တည်းဘယ်လိုနေခဲ့မလဲ.."

"ငါနေခဲ့မယ်လေ.."

ငွေယုံကလှေပေါ်က ပြန်ဆင်းဖို့ပြင်လျှင်..၊

"ဘယ်ဖြစ်မလဲ..မမယုံကအိမ်ရှင်လေ၊ ပပတို့ချည်းပဲသွားလာ





နေစရာလား.."

ငွေယုံထိုင်ရမလို ထရမလိုဖြစ်သွားရင်း ဘာလုပ်ရမှန်းမသိ..။ မေကျော်ကတော့ အစ်ကိုအတွက်စိတ်ပူပြီး ပြောဖို့ကိုသတိမရပေ..၊

အမျိုးသမီးက ဆတ်ခနဲမေးဖျားပင့်ကာ..၊

"ကဲ..အခု ဘာလုပ်နေကြတာလဲ.."

"ပပတို့ အားလုံးပါမှဖြစ်မှာ.."

"လှေနစ်သွားမှာပေါ့..လှေနံ့မှာနိုပါ့မယ်ဆိုရင်တောင်မရဘူး.."

"အဲ့ဒီတော့ အစ်မနေခဲ့လိုက်ပါ၊ ဖိုးခွေးလာ တက်ခဲ့.."

"ဟင်.."

"ဘာ.."

အားလုံးအံ့ဩသွားကာ အမျိုးသမီးတအံ့တဩအကြည့်နှင့်..။

"နင်တို့ကလှေလှော်တတ်လို့လား.."

"ဘာလို့မလှော်တတ်ရမှာလဲ..အိမ်ရှင်ပီသချင်တယ်ဆိုရင်တော့ အစ်မနောက်တစ်စင်းနဲ့လိုက်ခဲ့ပေါ့.."

"ပပ.."

မေကျော်က လက်တို့လျှင် ပပကလက်ကိုပုတ်ချပစ်ကာ..၊

"ဖိုးခွေး..လာလေ.."

ဖိုးခွေးကိုထပ်ခေါ်လိုက်မှ အမျိုးသမီးလှေပေါ်ကနေ ဆင်းသွား၏။ ပပပြုံးသနာရှာလိုက်ပြီကိုသိပေမယ့် ဘယ်သူမှဘာမှမပြောကြတော့ဘဲ ခါးထောက်ကြည့်နေသည့် အမျိုးသမီးဘက်ကိုလည်း မကြည့်မိအောင်နေမိကြသည်။

"လှော်တက်ကတစ်ခုပဲပါတာ တစ်ယောက်တစ်လှည့်လှော်ယ်.."



www.burmeseclassic.com

www.burmeseclassic.com



ပပက တာဝန်ခွဲပြီး လှော်တက်ကိုကောက်ကိုင်လိုက်လျှင်..။

"ပေး..ပေး ငါကပိုကျွမ်းတယ်၊ ဒီမှာနောက်တစ်ခုလည်းပါသေးတယ်၊ ဟိုဘက်ထိပ်ကဘယ်ကျော် လှော်လို့ရတယ်.."

ငွေယုံက ပျာပျာသလဲထုတ်ယူပေးကာ.. ၊

"ပပရယ် ချောင်းရေပြင်ကအကျယ်ကြီးပဲ..တကယ်ဆို ဒါက ရေလက်ကြားကြီးပဲဟ.."

"ငါကအဲ့လိုမလုပ်ရင် ဖိုးခွေးကိုထားခဲ့ရမှာလား.."

"ဟုတ်တယ်..ပပလုပ်တာမှန်တယ်.."

မေကျော်နဲ့ဘယ်ကျော်တို့က ထောက်ခံကာ.. ၊

"ငါတို့လည်းရွာမှာ လှော်ဖူးကြတာပဲဟာ..မရဘူးဆိုတာမရှိဘူး၊ ဒီမိန်းမကြီးနဲ့တစ်လမ်းလုံးအတူ စီးရမယ့်အစား ငါတို့ချည်းပဲ ဘယ်လောက်ပျော်ဖို့ကောင်းလဲ.."

ကမ်းကဲတော်တော်ခွာမိတော့ အမျိုးသမီးမရှိတော့ပေ.. ၊

ဖိုးခွေးက လှမ်းမျှော်ကြည့်ကာ.. ၊

"ငါတို့ကိုလှေတစ်စင်းနဲ့လိုက်ကြည့်မှာလား မသိဘူး.."

"ဖိုးခွေး..မင်းကျမှရေထဲတွန်းချမပစ်ဘူး..ကြောက်မနေနဲ့၊ လှေတစ်စီးတည်းတစ်ခရီးတည်းပဲ..နစ်လည်းအတူတူနစ်ကြမှာ.."

"ဟေ့ကောင်..ခရီးဦး မီးမရှုနဲ့တဲ့ကွ.."

သူတို့လှေလေး ရေလယ်မှာမျောနေရင်းဖြင့် မှောင်ရိပ်သမ်းလာခဲ့လေသည်။

"မယုံ..လှေကလည်နေတာလား.."

တစ်ယောက်မျက်နှာတစ်ယောက်လှမ်းကြည့်နေရင်း ငွေယုံထိတ်လန့်သလိုဖြစ်နေတာကို သတိထားမိလိုက်ကြ၏။ ပပက မှောင်ရိပ်သမ်းနေသည့် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ကာ.. ၊





"ဟုတ်တယ်..ဒီနားကမတက်သလိုပဲ.."

"လည်နေတာတော့မဟုတ်ဘူး..ဒါပေမယ့် ငါတို့.."

ငွေယုံလှေလှော်နေရင်း ပျာတိပျာယာဖြစ်လာလျှင်.. ၊

"ဘာဖြစ်နေတာလဲ..မြန်မြန်ပြောစမ်းပါ.."

"ငါတို့ ဝဲနားရောက်နေတာထင်တယ်.."

"ဝဲ.."

"ချောင်းရေမှာ ဝဲရှိတယ်.."

"ရှိတတ်လို့လား.."

"ဝဲကြီးတော့ မဟုတ်ဘူးဟ..ဒါပေမယ့် ဒီနားမှာဒယ်အိုးတွေရှိတယ်..အဲ့ဒါကြောင့်.."

"ဒယ်အိုးတွေ ရေထဲဘယ်သူကျကျန်ခဲ့တာလဲ.."

"မဟုတ်ပါဘူးဖိုးခွေးရယ်၊ အောက်ခင်းကြမ်းမှာ ဒယ်အိုးဖင်လိုချိုင့်နေတာကိုပြောတာ.."

ပြောပြနေရင်း လှေကသိသာစွာလူးလာသည်။ ပပ ဘယ်ကျော့်နားတို့၍ လှော်တက်ကိုယူလိုက်ကာ.. ၊

"ပေး..ဟိုဘက်ရောက်အောင် ပပတွန်းပေးမယ်၊ မမယုံဆွဲယူ.."

မိန်းမသားနှစ်ယောက်လှော်နေရင်း လှေကကမ်းဘက်ရောက်လာသည်။ သို့သော်.. ၊

"ဝဲနှစ်ခုကြား ရောက်နေပြီ.."

ငွေယုံအသံတွေတုန်နေတာသိသာနေလျက် အားလုံးထိတ်လန့်ကုန်ကြ၏။

"ဟိုမှာ..ဟိုမှာလှေတစ်စီးလာနေတာ၊ လှမ်းအကူအညီတောင်းမလား.."



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တူရူကနေ လှေကြီးတစ်စီးကို တွေ့ပေမယ့်မှောင်ရိပ်သမ်းနေပြီမို့လားမသိ လှမ်းခေါ်လို့လည်း အဆင်ပြေမည့်အကွာအဝေးမဟုတ်ပေ.. ၊

"ဟာ..ဟိုမှာမသာ.. မသာစင်.."

"ဟင်.."

ပပ လှမ်းမြင်လိုက်သည်နှင့် ထိတ်ခနဲဖြစ်သွားကာ.. ၊

"မမယုံ ဒီဘက်ပြန်ကပ်လေ.."

"မရဘူးပပ ဖွတ်မဲလှော်နဲ့ ဒီဘက်ကိုဝဲက ပို့နေတာ.."

"ဘာ..မသာစင်ဘက်ကိုဝဲကပို့နေတယ်၊ ဟုတ်လား.."

ဖိုးခွေးအသံကြီး ကျယ်လောင်နေလျက်.. ၊

"ဟုတ်လား..မယုံ.."

"ဝဲကပို့တာမဟုတ်ပါဘူး..ငါတို့ကမရှောင်တတ်ခဲ့လို့ ဒီဘက်ရောက်လာတာပြောတာ.."

ဒါကြောင့်အလာတုန်းက လှေကကမ်းစပ်ကပ်သွားလိုက် ရေလယ်ကရောက်သွားလိုက် ပုံစံပြောင်းပြီးသွားခဲ့တာကို သတိရမိကြ၏။

ချောင်းဝက ကျဉ်းလာကာ၊ ဘေးကကမ်းပါးခြုံတွေ ထူနေသဖြင့် မှောင်သွားတာနှင့် ချက်ချင်းအုံ့မည်းသွား၏။

သူတို့လှေကို အလောင်းစင်ဘက်မနီးအောင် လှော်ရင်းမိန်းကလေးတွေလက်ပန်းကျကုန်ကြသည်။

"ပေး..ပေး.."

"ပေး..ငါတို့လှော်မယ်.."

"ငြိမ်ငြိမ်နေကြပါ..လှေကဝန်ပိနေသေးတယ်၊ နည်းနည်းလှုပ်တာနဲ့နစ်သွားလိမ့်မယ်.."

"ဘုရား..ဘုရား.."





မေကျော့လှေနံကို ဖိဆုပ်ကိုင်ထားရင်း ဘုရားတမိလေသည်။ စိမ်းလဲ့ ဒီခရီးမှာမှစကားနည်းနေခဲ့လျက် ပြောရတော့လည်း ဘုရားစာရွတ်နေရသည့်အဖြစ်နှင့်.. ၊

"ငါတို့မသာစင်နဲ့ နီးသွားပြန်ပြီ လုပ်ကြပါဦး..သမ္ဗုဒ္ဓေ.."

"ပေးဆိုမှ..ငါလှော်တတ်ပါတယ်.."

ဖိုးခွေးကြောက်စိတ်ဝင်လာပြီဆို ဆင်ခြင်တုံတရားလည်း လွှတ်သွားတတ်သည့်အကျင့်ရှိ၏။ အလောင်းစင်ကြီးနဲ့ ကပ်နေသည့်အဖြစ်ကိုပဲ ထိတ်လန့်လာကာ ထိုင်ရာကနေ ဒူးထောက်ထရပ်ပြီး ပပဆီက လှော်တက်ကိုလှယူလိုက်၏။

"ဟဲ့..ဟဲ့.."

"အောင်မလေး.."

"ဒုန်း.."

လှေသည် အလောင်းစင်၏ဝါးတိုင်တွေကို ဒုန်းခနဲပစ်ဆောင့်၏။

"ဖိုးခွေး..မသာကောင်ရဲ့၊ ငြိမ်ငြိမ်ထိုင်နေဆိုမှ.."

"ပပ..ပပ ဒီဘက်ကိုလှော်ထုတ်ပေး.."

"လှော်နေတယ်..မမယုံဝါးတိုင်ကိုကန်ထားဦး.."

လှော်တက်ကို ဝါးတိုင်ကို ငွေ့ယံ ကထောက်ထား၏။ သို့သော်..၊

"ဒုန်း.."

နောက်ထပ်အလောင်းစင်ကို ဝင်တိုက်လျှင် ဝါးတိုင်လေးတွေ ကမခံနိုင်တော့ပေ.. ၊

ထိပ်တိုင်နှစ်တိုင် ကျိုးသွားကာ.. ၊

"အမလေး..အလောင်းကြီး ငါ့ဆီဇောက်ထိုးဆင်း.."



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးခွေး..ဖိုးခွေး လုပ်ကြပါဦး.."

အလောင်းကြီး ဦးစိုက်လျှောကျလာကာ ဖိုးခွေးသည်အလောင်း၏ခေါင်းကြီးကို ပြန်တွန်းဖယ်ရင်းခေါင်းကိုကိုင်ထားလျက် မေ့မျောသွားလေသည်။

နောက်ထပ်စိတ်များသွားသည့်လှေသည်လည်း.. ။

"အား.."

"ပပရေ.."

"ဖေကြီးရေ..အမေ့ အား..ဝူး.."

လှေမှောက်သွားပြီကို ဂုဏ်လှမ်းမြင်လိုက်၏။ အကွာအဝေးကလိုနေသေးသော်လည်း.. ။

"ဝုန်း.."

"ဟာ..ကောင်လေး.."

"ဆင်းကြစမ်း.."

"ဝုန်း.."

"ဝုန်း.."

ဂုဏ်ရေထဲထိုးဆင်းသွားသည်နှင့် လှေပေါ်ကလူတွေအားလုံးတဝုန်းဝုန်းဆင်းလိုက်ကြလျက်.. ။

ပပတို့နောက်ကလိုက်လာသည့် အမျိုးသမီးနဲ့လှေပေါ်မှာလည်းနောက်တစ်ယောက်ပါသေးရာ လှေနှစ်စီးမှာပါသမျှ လူတွေရေထဲအကုန်ရောက်ကုန်ကြ၏။

"ပပ.."

"အား..ဂူး.."

"ပပ..တောင့်ထား.."

"ကိုကို..အား.."





နောက်ထပ်မြုပ်ဆင်းသွားသည်နှင့် ပပပေါ်မလာတော့ပေ..၊

ဂုဏ်ရေထဲ ငုတ်ဆင်းသွားကာ ပပကိုယ်လေးကို အမိအရချုပ်ဖက် လိုက်ပြီး ရေပေါ်ပြန်ကူးတက်လိုက်၏။

"ပေး ပေး..နှစ်ယောက်ကျန်သေးတယ်.."

တစ်နေရာတည်းမှာ လူများစွာပလုံစီအောင် ကူးခတ်ရှာဖွေနေကြရင်း.. ၊

"ရပြီဟေ့..အားလုံးခြောက်ယောက်.."

¤ ¤ ¤ ¤



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၀)

ရွာမှာအကောင်းဆုံးဆိုသည့် မီးအိမ်တွေကိုထုတ်လာပေးကြ၏။ အားလုံးအကောင်းတိုင်းပြန်ဖြစ်နေကြပေမယ့် ဖိုးခွေးနဲ့ပပက ကြောင်စီစီလေးတွေဖြစ်နေကြဆဲ.. ။

"သက်သာလားပပ.."

"အင်း.."

သူမကိုဂုဏ်က ဖက်ထားတာသိပေမယ့် ရှက်လည်းမရှက်နိုင်တော့ပေ၊ ဂုဏ့်ရင်ခွင်ထဲကိုပဲ မျက်နှာလေးကပ်ကွယ်ပြီး ကြိတ်ငိုမိသည်။

"ဖိုးခွေးဆိုတဲ့ကောင်လေး..ရော့ဟော့၊ သွေးဆေးနဲ့ပျားရည်လေးသောက်လိုက်.."

"ကျုပ်သံပရာသီးလေးပါထည့်ထားတယ်၊ ကောင်လေးအားရှိသွားအောင်လို့.."

ရွာသားတွေကရှိစုမဲ့စုလေးတွေထုတ်လာပေးကြသည်။ ပြီးတော့ ဂုဏ့်ကိုလည်းကျေးဇူးတင်နေကြကာ.. ။

"လူလေးရောက်လာပြီး ချက်ချင်းထွက်လိုက်မယ်ဖြစ်တော့ ကျုပ်တို့ကစိတ်ပူတတ်လိုက်တာလို့တောင် ထင်သေးတာ၊ မင်းကျေးဇူး





ကြောင့်ပေါ့ကွယ်၊ မဟုတ်ရင် ကလေးတွေမသေကောင်း မပျောက်ကောင်း.."

"ဟုတ်ပါ့တော်..ကျုန်မတို့တာဝန်ဘယ်လောက်ကြီးလိုက်လဲ..လေ့ငှားတဲ့ကိုတုတ်ကြီး လာပစေဦး.."

ညဥ့်နက်နက်အထိရွာသားတွေ အိပ်ရာမဝင်နိုင်ကြသေးဘဲ ပပတို့လှုစုကို အရိပ်တကြည့်ကြည့်ဖြစ်နေခဲ့ကြသည်။

"ကျုန်မလည်းလှေပြန်ရှာနေရလို့ပါ..ချက်ချင်းကပ်လိုက်ဖို့ဟာ..နည်းနည်းလေးနောက်ကျသွားတာ.."

မျက်နှာထားတင်းသည့်အမျိုးသမီးက ခုတော့စိတ်မကောင်းဟန်နှင့် ခင်မင်ဖို့ကောင်းသည့်မျက်နှာမျိုး ဖြစ်နေပြန်၏။ အပြောဆိုးသမယ့် စိတ်ရင်းကောင်းတော့ရှိတဲ့ပုံပါ.. ။

ပပ မထိမှဲမြင်လုပ်ခဲ့ပေမယ့် တကယ်ပဲလိုက်လာခဲ့ရှာသည်။ သူမတို့လှုစုကို လူတွေအများကြီးဝိုင်းရှာကြလို့သာ.. ။

မဟုတ်ရင်တကယ်မလွယ်ပေ.. ။

"ကဲ..ကဲ၊ ငွေယုံက ကလေးတွေနဲ့အောက်မှာပဲအိပ်လိုက်၊ မသန်းမြတို့သားအမိစောင့်အိပ်ပေးလိမ့်မယ်၊ ဟိုကောင်လေးတို့လင်မယားကအပေါ်မှာ အိပ်လိုက်နော်၊ သွားကြ..သွားကြ ပြင်ဆင်ထားပြီးပြီ..",

"လာ..ပပ ကိုယ့်ကိုတွဲ.."

သူ ပပ ပခုံးလေးကိုဖက်ထားပြီး အပေါ်တက်လာခဲ့သည်။

ဝါးကြမ်းခင်းနဲ့ အပေါ်ထပ်ဆိုတာမှာ နီးကြောဖျာတွေခင်းထားတာဖြစ်သည်။ ဂုဏ်ကသူ့အိတ်ကြီးက ဗွမ်းကပ်စောင်ထုတ်ရှိခင်းလိုက်ကာ အိတ်လေးနှစ်လုံးထဲက ခေါင်းအုံးနှစ်လုံးကို လက်ဝါးနှစ်ဘက်နဲ့ ရိုက်ချပစ်လိုက်ပြီး ချပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ရပြီ..ဒီမှာလှဲ.."

"ကိုကို ဒါတွေယူလာတာလား.."

"ဟုတ်တယ်လေ..မင်းကိုလိုက်မမီတော့ဘူးဆိုတော့ ဒီထိလိုက်ရတော့မှာသိလို့ ပြန်သယ်ရတာပေါ့၊ ပြောပါဦး..ဒီလိုနေရာမှာ ဘယ်လိုအိပ်ဖို့စီစဉ်ထားခဲ့လဲ.."

ပပက အိပ်ရာထဲမှာမလှဲဘဲ သူ့ရင်ခွင်ထဲတိုးဝင်ကာ.. ၊

"ကိုကို..ပပကိုစိတ်မဆိုးဘူးလား.."

"ဆိုးတာပေါ့..နာရင်းအုပ်ဖို့စိတ်ကူးထားတယ်၊ ဒါပေမယ့် အိမ်ပြန်ရောက်မှ.."

ပြောပြီးမေးဖျားလေးကိုမော့ယူကာ မျက်ရည်တွေသုတ်ပေး၏။ ပြီးတော့ ငိုနေတိုင်းနီရဲနေတတ်သော နှုတ်ခမ်းသားလေးတွေကို လက်မနဲ့ အသာလေးဖိပွတ်လိုက်ရင်း.. ၊

"ဘာဖြစ်လို့ ငိုပဲငိုနေတာလဲ.."

"ကိုကို ရန်ကုန်မသွားဖြစ်ဘူးလား.."

"ခင်ဗျားပဲမသွားဖြစ်အောင် လုပ်ပြီးတော့.."

ပပက မျက်ရည်သုတ်ပေးသည့် ဂုဏ့်လက်ပေါ်ကထပ်အုပ်ကိုင်ကာ.. ၊

"ဒါပေမယ့် ကိုကိုပြန်လှည့်လာမယ်လို့ ပပမထင်ခဲ့ဘူး.."

"အခု ပြန်လှည့်လာတော့ ဘယ်လိုထင်လဲ.."

ပပကမဖြေဘဲ မျက်လွှာချပစ်၏။ ဂုဏ်က ပြုံးလိုက်ပြီးမျက်နှာလေးကိုမော့ယူကာ.. ၊

"ဖြေလေ.."

"ကိုကို..မမပိုးကိုပဲချစ်နေတာလို့ထင်ခဲ့တာ.."

"ခု ထင်သေးလား.."





ပပကခေါင်းလေးခါပြသည်။ ပြီးတော့.. ၊

"ပပ..ပပကိုကို့ကို မြင်လိုက်တော့လေ.."

ရေနစ်နေသည့်အချိန်မှာ ကိုယ့်ရှေ့ရောက်လာသည့်ဂုဏ်ဆိုတာ သူမမယုံနိုင်ခဲ့ပေ.. ၊ ပြီးတော့ခြောက်ခြားတမ်းတစိတ်လား တကယ်လားသေချာအောင် သတိလက်လွှတ်လှမ်းကိုင်လိုက်မိသေးသည်။

ထို့ကြောင့်သူမ ရေကူးတတ်ပေမယ့် စုန်းစုန်းမြုပ်သွားခဲ့ရ၏။

"ပပလေ..ကိုကိုရောက်မလာရင် အဲ့ဒီနားမှာပဲ သေသွားမယ်ထင်တယ်၊ ပြီးတော့ မေကျော်တို့ဖိုးချွေးတို့လည်း ပပကြောင့်.."

"ကဲ..တော်ပါပြီကွာ၊ မပြောနဲ့တော့.."

"ဟင့်အင်း.."

ဂုဏ်ကခေါင်းအုံးနှစ်လုံးဆင့်ပြီး လှဲချလိုက်ကာ၊ ပပလက်လေးကိုဆွဲယူလိုက်၏။ သူမကိုယ်လေးရင်ခွင်တစ်ခြမ်းမှာ မှီကျလာကာမှ.. ၊

"မှတ်ထား..ကိုကို့ဘဝမှာ ဟုတ်တယ်..ဘဝကြီးနဲ့ပြောလို့ရပြီ၊ အဲ့ဒါအခုပိုသေချာသွားတာသိလား..မင်းမရှိလို့မဖြစ်ဘူး၊ မင်းက ကိုယ့်ဘဝပဲပပ..ရာခြားဘယ်မိန်းမမှမရှိဘူး.."

"ကိုကိုက မမပိုးနဲ့.."

"မိတ်ဆွေသူငယ်ချင်းဆိုတာထက်ဘာမှမပိုဘူး၊ အဲ့ဒါကိုမင်းယုံမှဖြစ်မှာ.."

"ဒါပေမယ့်သူက.."

"သူ့ဘက်ကဘာဖြစ်ဖြစ်..မင်းကိုယ့်ကိုမယုံဘူးလား.."

"မသိဘူး.."



www.burmeseclassic.com

www.burmeseclassic.com



"အမေကလည်း နားလည်သွားပါပြီ..မင်းပြန်လာရင် ရန်ကုန်မှာသွားနေဖို့ တိုင်ပင်ကြတဲ့၊ လုပ်ငန်းတစ်ခုတူထောင်ဖို့ ဦးလေးနိုင်တို့နဲ့တိုင်ပင်မယ်တဲ့.."

"ဟင့်အင်း..ပပမသွားပါဘူး၊ ပပ ရွာကလူတွေကိုချစ်တယ်၊ သူငယ်ချင်းတွေကိုရော ဖေကြီးတို့မြေမြတ်တို့ကိုရော မခွဲနိုင်ဘူး၊ ကိုကိုနဲ့ပပက တစ်ဦးတည်းသောသားသမီးတွေလေ.."

"အင်း.."

"ပပတို့ထွက်သွားရင် သူတို့စိတ်ဆင်းရဲကျန်ခဲ့ကြမှာ.."

"သေချာတာပေါ့.."

"ဒါပေမယ့် ပပလေ.."

ပပ ဂုဏ်ရင်ဘက်ပေါ်မှာ ပါးလေးတစ်ဖက်မှေးတင်လိုက်ကာ.. ၊

"အခု အရင်လိုမပျော်တော့ဘူး.."

"ဘာဖြစ်လို့လဲ.."

"ကိုကို့ကို စိတ်ဆိုးနေရလို့ပေါ့.."

"ပြော..ဘာကြောင့်စိတ်ဆိုးတာလဲ.."

"မသိဘူး.."

"တကယ်မပြောဘူးလား.."

ဂုဏ်ကရယ်ပြီး ပပကိုယ်လေးကို ရင်ခွင်အောက်ရောက်အောင်လိုမ့်လိုက်သည်။

ပြီးတော့ လက်မောင်းပေါ်မှာမော့မော့လေး ဖြစ်နေသည့်မျက်နှာလေးကို စိုးမိုးငေးနေရင်း.. ၊

"ကိုကို့ကို သဝန်တိုနေတာလို့ပြော.."

"မပြောပါဘူး.."





"မရဘူး..ခင်ဗျားအပေးအယူမဖြစ်ရရင် ခုချက်ချင်းကောက်ပွေ့ပြီး ချောင်းရေထဲသွားပစ်ချမှာ.."

"ဘာ.."

"ပြီးမှ ကယ်စေချင်ရင်ချစ်တယ်လို့ ပြောဆိုပြီးအပေးအယူပြန်လုပ်မှာ.."

"အဟွန်း.."

ပပက ရယ်လိုက်တော့ ရွာမှာတုန်းကချစ်စရာ့ စံလေး ပြန်ပေါ်လာ၏။ ပြီးတော့ ကော့နက်သည့်မျက်တောင်များလေးတွေ ပြန်ဝင့်လာပြီး သူ့ကိုကြည့်၍.. ၊

"ဘာကြည့်နေတာလဲ..ဖယ်ပေး.."

"ကိုကို့ကိုချစ်လား.."

"မချစ်ပါဘူးဆို.."

"ထပ်ပြော.."

"ကိုကိုနော်.."

ဂုဏ်က ဘေးကစားပွဲခုံသေးသေးလေးပေါ်မှာ တင်ထားသည့်မီးခွက်ကိုလှမ်းယူပြီး မှုတ်ပစ်လိုက်၏။

"ပြောလို့ရပြီ.."

တစ်အိမ်လုံးမှောင်မိုက်သွားသည်နှင့် ဂုဏ့်မျက်နှာသည် သူမမျက်နှာလေးနဲ့ထိကပ်လာကာ.. ၊

"ချစ်လား.."

"ဟာ..ကိုကိုနော်..ဟင့်အင်း.."

"မပြောဘူးလား.."

"အင်း ချစ်..ချစ်တယ်လို့.."

ရင်ခုန်သံတို့ကြောင့် ဖြေသံလေးကအဖျားတိတ်မှာတုန်ယင်



www.burmeseclassic.com

www.burmeseclassic.com



နေလျက် တိုးလျှပျောက်ဆုံးသွားခဲ့၏။

အမှောင်ထုကသိပ်သည်းနေတာလား၊ ရင်ခုန်သံတွေကြောင့် မှောင်မိုက်နေခဲ့သည်လားမသိ.. ။

ပပ ကိုကို့ရင်ခွင်ထဲမှာ ကမ္ဘာကြီးတစ်ခုလုံးပါ ပျောက်ဆုံးနေခဲ့လျက်.. ။

¤ ¤ ¤ ¤

ပရိတ်သတ်အတွက်
ထာဝရ

ပြီး



www.burmeseclassic.com